
www.burmeseclassic.com


www.burmeseclassic.com

ဘိလူးစောင့်ကတာ
နပိုလီယံရဲ့ အဘိဓာန်တစ်အုပ်
ညတိုင်းခြောက်တဲ့ တစ္ဆေတစ်ကောင်နဲ့
ဘဝကို ပန်းသွင်ချင်သူ ကျွန်တော်တစ်ယောက်အကြောင်း



www.burmeseclassic.com

www.burmeseclassic.com

စကြာဝဠာသိပ် ရိုက်နှိပ်ထားတဲ့ ကလေးလေးတစ်ယောက်
လောကကြီးထဲကို ရောက်လာခဲ့တယ်။

သူ့ကိုမွေးချိန်မှာ မိုးမရွာ လေမတိုက်ဘူး။
"ဒိုန်း" ဆိုပြီး မိုးကြိုးမပစ်သလို
သူ့အဖေလက်မောင်းမှာလည်း မီးတောက်မလာဘူး။

ဒါပေမဲ့ သူ့လက်ရုံးမှာ ဘုန်းကံပါပြီး
မျက်လုံးတွေ မီးတောက်နေတယ်။
လက်နှစ်ဖက်ကို ဖြန့်ကားဆန့်မြှောက်ပြီး
ကောင်းကင်မှန်ကိုလည်း ရွတ်ဆိုတတ်တယ်။

သူပါပဲ...
သူ့အနာဂတ်ကို သူကလွဲပြီး ဘယ်သူမှမသိဘူး။
ယုတ်စွအဆုံး ကံကြမ္မာကြီးတောင်မသိဘူး။

ဒီလိုနဲ့ပဲ...
မိုးဦးကျ မနက်ခင်းတစ်ခုမှာ သူ လူဖြစ်လာခဲ့တယ်။



ကျွန်တော်နေတဲ့နေရာကတော့ မိဘမဲ့ ကလေးထိန်းသိမ်းရေးကျောင်းတစ်ကျောင်းပေါ့။ ကျွန်တော် ဒီကနေထွက်သွားဖို့ အကြိမ်ကြိမ်ကြိုးစားခဲ့ဖူးပါတယ်။ ဒါပေမဲ့ တစ်ခါမှ အောင်မြင်ခြင်းမရှိခဲ့ပါဘူး။

အကြောင်းကတော့ ဆယ့်နှစ်နှစ်သား အရွယ်ကလေးနဲ့ လောကကြီးထဲဝင်ပြီး လောကဓံကို စိန်ခေါ်ရဲဖို့ဆိုတာထက် ဒီကထွက်သွားရင် တစ်ချိန်မှာ လာခေါ်ကြလိမ့်ဦးမယ်။ ကျွန်တော့်မိဘတွေနဲ့ လွဲသွားမှာစိုးလို့ပါ။

ကျွန်တော့်မှာ မိသားစုရှိတယ်ဆိုတာ ယုံကြည်နေပါတယ်။ ဘယ်သူတွေ ဘယ်လိုပဲပြောပြော ကစားဖော်သူငယ်ချင်းတွေ ကျွန်တော့်အနားက ဘယ်လိုပဲ ထွက်ခွာသွားကြပါစေ ကျွန်တော်ကတော့ အထီးကျန်ဆန်တဲ့နေ့တွေကို မိသားစုလွမ်းတဲ့စိတ်နဲ့ပဲ ဖြတ်ကျော်လာခဲ့တာ ကြာပါပြီ။

ကျွန်တော့်အဖေနဲ့ အမေ ဘယ်သူလဲ။ ဘယ်လိုရုပ်ရည်တွေ ရှိကြသလဲ မသိပါဘူး။ မြင်လည်း မမြင်ဖူးဘူး။ ဒါပေမဲ့ အဖေနဲ့အမေလို့ ထင်ရတဲ့ အရာတစ်ခုတော့ ကျွန်တော့်မှာ ရှိပါတယ်။ အဲဒါကတော့ လက်စွပ်ကလေးတစ်ကွင်းပါ။ သာမန်လက်စွပ်တစ်ကွင်း ဖြစ်ရုံကလွဲပြီး ဘာမှ မထူးခြားပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ထူးခြားနေတာကတော့ ကျွန်တော်ပါပဲ။ ဒီလို လက်စွပ်မျိုး ကျွန်တော်တို့ကျောင်းမှ တစ်ယောက်ဆီမှာမှ မရှိကြဘူး။ အဲဒါကြောင့် လက်စွပ်လေးကို ကျွန်တော် အမြဲပဲ ဝတ်ထားရပါတယ်။ မဝတ်လို့ မရဘူးလေ။

တာတီးတို့အုပ်စုမြင်ရင် ယူသွားမှာ။ သူတို့က ကျောင်းမှာ တော်တော်ဆိုးတယ်။ သူတို့ထက် ငယ်သူတွေကိုလည်း အနိုင်ကျင့်တယ်။ ရွယ်တူဆိုရင်လည်း အမြဲ ပြဿနာရှာတတ်တယ်။ ကျွန်တော်တောင် တာတီးတို့အုပ်စု အနိုင်ကျင့်တာကို နှစ်ခါလောက် ခံခဲ့ရဖူးတယ်။ အဲဒါကြောင့် ကျွန်တော့်လက်စွပ်လေးကို အမြဲပဲ ဝတ်ထားရတာပါ။

တပ်အပ်သေချာ မပြောနိုင်ပေမဲ့ ကျွန်တော်ကတော့ လက်စွပ်ကလေးကို မေမေကိုယ်တိုင်ပေးခဲ့တာလို့ ယုံကြည်နေပါတယ်။ ပြီးတော့ ဒီလက်စွပ်လေးနဲ့အတူ မေမေ ကျွန်တော့်ကို လာပြန်ခေါ်မယ်လို့လည်း ယုံပါတယ်။

ကျွန်တော်တစ်ယောက်တည်း ရှိနေချိန်မှာတော့ . . .

အမြဲလုပ်ဖြစ်တဲ့ အရာတစ်ခုရှိတယ်။

အဲဒါက . . .

"ပန်းချီဆွဲခြင်းနဲ့ ရုပ်လုံးဖော်ခြင်းပါပဲ"



နောက်ပြီး ကျွန်တော့်မှာ ထူးခြားချက်တွေရှိသေးတယ်။

အဲဒါက ပုံရိပ်တွေကို မြတ်နိုးတယ်။ နောက်ပြီး သစ်သားကို ချစ်တယ်။ တခြားကျောင်းသားတွေ ကစားနေကြချိန်မှာ ကျွန်တော်ကတော့ ဓားလေးတစ်ချောင်းနဲ့ သစ်သားစတွေကို လှီးနေတတ်တယ်။ ပြီးတော့ ကျွန်တော့်စိတ်ကူးကို ကျွန်တော် ပုံဖော်နေမိတယ်။

ကျောင်းသင်ခန်းစာအားချိန်မှာတော့ သစ်ပင်ကြီးတစ်ပင်အောက်မှာ ကျွန်တော်တစ်ယောက်တည်း သွားထိုင်နေတတ်ပါတယ်။ ကျောင်းခြံဝင်းထဲက သစ်ပင်ကြီးတစ်ပင်ပေါ့။ သစ်ပင်ရဲ့ သစ်ကိုင်းတွေကို မော့ကြည့်ပြီးလိုချင်တဲ့ ရုပ်တုတွေကို စိတ်ကူးနဲ့ပဲ ပုံဖော်နေမိတယ်။

ကျွန်တော့်အာရုံမှာတော့ ထိုသစ်ပင်ကြီးရဲ့ သစ်ကိုင်းတွေအားလုံးက အရောင်အသွေးစုံတဲ့ နတ်သမီးတွေ ကကွက်မျိုးစုံနဲ့ ယိမ်းထိုးနေသလိုပါပဲ။ သူတို့ရဲ့ ကဟန်တွေကိုသာ ရုပ်တုထုရင် ဒီသစ်ပင်ကြီး ကုန်သွားနိုင်ပါတယ်။

အဲလိုတွေကြောင့်ပဲ ရုပ်တုဖန်တီးခြင်း အတတ်ပညာက နှလုံးသားထဲမှာ ခိုင်မာလာခဲ့တယ်။

ကျွန်တော်သာ ရုပ်တုတွေကို ဖန်တီးအသက်သွင်းနိုင်မယ်ဆိုရင် ကျွန်တော့်မိဘတွေ ကျွန်တော့်ကို အသိအမှတ်ပြုကြမှာပါ။

ပြီးတော့ သူတို့ရဲ့ ရင်သွေးအဖြစ် လိုက်ရှာကြလိမ့်မယ်။



www.burmeseclassic.com

www.burmeseclassic.com

တစ်ခါတစ်ရံမှာ လောကကြီးရဲ့အလဲထိုးမှုကို ခံရနိုင်ပါတယ်။
အဲဒီအခါမှာ ပြုံးတတ်အောင် လေ့ကျင့်ထားကြပေါ့။
မှိုပြုံးမဟုတ်ပါဘူး။
ရှုံးမစိုက်ဘူးဆိုတဲ့ စိန်ခေါ်ပြုံးပါ။

ဒါပေမဲ့ တချို့တွေကတော့ အိပ်မက်ပုံပြင်တွေကို ယုံကြည်ကြဆဲပါပဲ။
ကျွန်တော်လည်း ယုံကြည်ပါတယ်။

ကျွန်တော့်ရဲ့ အနုပညာကိုပေါ့ . . .



BURMESE CLASSIC .com

"ဟိုကောင်လေး . . . နေရောင် မအိပ်သေးဘူးလား။ အိပ်ချိန်ရောက်နေပြီ။ မီးမှိတ်လေ . . ."

အိပ်ချိန်မှာ လူစုံမစုံလိုက်စစ်သော အဒေါ်ကြီးရဲ့စကားကြောင့် ကျွန်တော် ခေါင်းရင်းမှမီးခလုတ်ကို လက်လှမ်းလိုက်တယ်။ ပြီးတော့-

"ဖျောက် . . ."

မီးမှိတ်သွားတော့ အပေါ်ခုတင်မှ ပိုးတီက အောက်မှာရှိတဲ့ ကျွန်တော့်ကို ငုံ့ပြောတယ်။

"မင်းကို ငါပြောသားပဲ။ အဒေါ်ကြီး ရောက်လာတော့မှာ မီးမှိတ်တော့လို့။ မင်းမှ ငါ့စကားကို နားမထောင်ပဲ"

ဒါနဲ့ပဲ အလွမ်းပြေကြည့်နေတဲ့ လက်စွပ်လေးကို ပြန်သိမ်းထားလိုက်ရပါတယ်။ ရင်ထဲမှာတော့ မမြင်ဘူးလိုက်ရတဲ့ ဖေဖေ၊ မေမေနဲ့ မိသားစုလေးကို လွမ်းလို့ပေါ့။

အပြင်မှာ လသာနေပါတယ်။ ဒါပေမဲ့ ဆီးနှင်းတွေဖုံးလွှမ်းနေတဲ့အတွက် လရောင်က အခန်းထဲကို ထင်သလောက် ရောက်မလာပါဘူး။ အငွေ့ပျံမှုကြောင့် ရေမှုန်ရေမွှားတွေ ဝေသီတွယ်ကပ်နေတဲ့ မှန်ပြတင်းမှာပဲ ကျွန်တော် နာမည်တစ်ခု ရေးမိတယ်။

'မေမေ' တဲ့ . . . ။

လက်နဲ့ရေးတာမို့ ရေငွေ့တွေပေါ်မှာ မေမေဆိုတဲ့စာသားက ထင်ထင်ရှားရှားပေါ်လာတယ်။ ဒီတော့မှ ကောင်းကင်ကလမင်းကြီးကို မေမေဆိုပြီး မြင်လိုက်ရလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

အခန်းတံခါး ဖွင့်ဖွင့်ချင်းမှာပင် အပေါက်ဝမှာရပ်နေတဲ့ ကျွန်တော့်ကို အခန်းထဲမှ မျက်လုံးတစ်စုံက လေ့လာအကဲခတ်ဟန်အပြည့်နဲ့ ဆီးကြိုတယ်။ ကျွန်တော့်ခန္ဓာကိုယ် ထက်အောက်ကို စုန်ချည်ဆန်ချည် ကျေနပ်လောက်အောင်ကြည့်ပြီးမှ သူ့ရှေ့မှထိုင်ခုံကို ညွှန်ပြရင်း . . .

"ထိုင်ပါ"

ကျွန်တော် ဝင်ထိုင်လိုက်ပြီးတော့ . . .

"မင်းနာမည် ဘယ်လိုခေါ်လဲ"

"နေရောင် . . ."

ကျွန်တော့်ဖြေသံစကားကြောင့် ရှေ့မှလူကြီးက ကျွန်တော့်ကို သေချာထပ်ကြည့်တယ်။

"ငါ့နာမည် ထွန်းအောင်ကျော်လို့ခေါ်တယ်။ ငါက ( . . :. ) တက္ကသိုလ် အရည်အချင်းမီ ကျောင်းသားရှာဖွေရေးအသင်းရဲ့ အဖွဲ့ဝင်တစ်ယောက်ပေါ့။ အခု မင်းကိုခေါ်တွေ့ရတဲ့ ရည်ရွယ်ချက်ကိုလည်း မင်းသဘောပေါက်မှာပါ"

ကျွန်တော် သိပါတယ်။ အရင်အခေါက်က လူကြီးတွေလိုပဲ သူတို့ တက္ကသိုလ် ဘယ်လောက်ကောင်းကြောင်း၊ လူတော်တွေ ဘယ်လောက်ဖြစ်ထွန်းကြောင်းပြောပြီး ကျွန်တော့်ကို သူတို့နဲ့လိုက်ခဲ့ဖို့ စည်းရုံးဦးမှာပါ။ ကျွန်တော့်နှုတ်ဆိတ်နေမှုကြောင့် . . .



"မင်း မိသားစုနဲ့ မနေချင်ဘူးလား"

"ကျွန်တော့်မှာ မိသားစုရှိတယ်။ မိဘလည်းရှိတယ်"

"မှန်တယ်လေ။ လူတိုင်းမှာတော့ မိဘဆိုတာ ရှိကြတာပဲ။ ဒါပေမဲ့ မင်းရဲ့မိဘတွေက မင်းနဲ့ အတူလာနေလို့လား"

ထိုစကားကြောင့် ကျွန်တော် မျက်ရည်လည်သွားမိပါတယ်။ ပြီးတော့ နှုတ်ခမ်းကို အားယူဖွင့်ဟရင်း . . .

"မနေပါဘူး"

"မင်းကိုရော လာတွေ့ကြလား"

"မတွေ့ပါဘူး"

ပြောရင်းနဲ့ ကျွန်တော့်အသံတို့ တုန်သွားကြောင်း သတိပြုမိတယ်။ ဒါကို ရှေ့မှလူကြီးက သဘောပေါက်ပြီး စကားမဆက်ပဲ သူ့ရှေ့မှ ကျွန်တော့်ဖိုင်တွဲကို ဟိုလှန်ဒီလှန်ကြည့်ပါတယ်။ တအောင့်ကြာတော့ . . .

"မင်း ဒီကိုရောက်လာတာ ၂၀၀၀ ခုနှစ်ကဆိုတော့ အခု . . ."

"ဆယ့်နှစ်နှစ်နဲ့ ရှစ်ရက်ရှိပါပြီ"

ကျွန်တော့်ကို ဆတ်ခနဲ မျက်လုံးလှန်ကြည့်တယ်။

"ကျွန်တော် သေချာတွက်ထားတာ"

"မင်းအသက်ကရော . . ."

"ကျွန်တော် ဒီကိုစရောက်တဲ့ရက်က မွေးစာရင်းထဲက ကျွန်တော့်မွေးရက်နဲ့ အတူတူပဲ"

ကျွန်တော့်စကားကြောင့် ရှေ့မှလူကြီးက အဓိပ္ပာယ်တစ်ခုဖြင့် ပြုံးပြီး . . .

"ဒါဆို မင်းအသက်ကလည်း ဆယ့်နှစ်နှစ်နဲ့ ရှစ်ရက်ပေါ့"

"ဟုတ်ပါတယ်"

လူကြီးက ခေါင်းတဆတ်ဆတ်ညိတ်ရင်း ကျွန်တော့်ဖိုင်ကို အပ်လှန်တယ်။ နောက် စာရွက်တစ်နေရာကို သေချာကြည့်ရင်း . . .

"ဒီလောက်ဆို မင်းသဘောပေါက်မှာပေါ့ကွာ။ မင်းမိဘတွေက

www.burmeseclassic.com

မင်းကိုမွေးကတည်းက မင်းအတွက် အရွယ်ရောက်တဲ့အချိန်ထိ စောင့်ရှောက်စရိတ် ဘဏ်မှာသွင်းပြီး မင်းကို ဒီကျောင်းမှာ စွန့်ပစ်ထားခဲ့ကြတာ။ ဒါကို မင်းက ပြန်လာခေါ်မလားလို့စောင့်နေတာ ရှုးမိုက်ရာ မကျလွန်းဘူးလား။ သူတို့ကမှ မင်းကို အလိုမရှိတာပဲ"

"မဟုတ်ဘူး"

ကျွန်တော့်အော်သံ နည်းနည်းကျယ်သွားမယ် ထင်ပါတယ်။ ရှေ့မှလူကြီး မျက်လုံးပြူးသွားတယ်။

"တောင်းပန်ပါတယ်"

တိုးရှုဖြင့် ပြီးသွားသော ကျွန်တော့်တောင်းပန်စကားနောက်မှာ မျက်လုံးအိမ်မှ မျက်ရည်တို့ စီးကျလာတယ်။ ရှေ့မှလူကြီးက စိတ်မသက်မသာ ခေါင်းကိုယမ်းရင်း . . .

"ဆောရီးကွာ . . . ကလေးတစ်ယောက်ကို ငါ ဒီလိုစကားမျိုး မပြောသင့်ဘူး။ အခုလိုပြောဖြစ်သွားရတာကလည်း မင်း အရည်အချင်းတွေ ပျောက်ကွယ်သွားမှာစိုးလို့။ မင်း ဒီကျောင်းမှာပဲ ဆက်နေမယ်ဆိုရင်တော့ မင်းအရည်အချင်းတွေ ကြက်ပျောက်ငှက်ပျောက် ပျောက်သွားလိမ့်မယ်။ ဒီမှာ နောက်လေးနှစ် ဆက်တက်ပြီးရင် မင်း မလုပ်မကိုင်ချင်ပေမဲ့ မလုပ်မဖြစ်လုပ်ရမယ့် အလုပ်တွေ လုပ်ပြီးတော့ပဲ မင်းဘဝ အဆုံးသတ်သွားမှာ"

ဒီစကားကတော့ ကျွန်တော့်ရင်ကို တော်တော်ထိသွားတယ်။ ဟုတ်ပါတယ်။ ဒီမှာ နောက်လေးနှစ် ဆက်နေပြီးသွားရင်း ကျွန်တော့်ရှေ့ကလူတွေအတိုင်းပဲ ရွေးချယ်ပိုင်ခွင့်မရှိတဲ့ ကျရောက်ရာ လုပ်ငန်းခွင်တွေကို ဝင်ရောက်လုပ်ကိုင်ရမှာပါ။ ဒါကိုတော့ ကျွန်တော် မလိုလားဘူး"

"ဒီမယ် . . . မင်း ဆေးပညာသင်ချင်လား၊ ဟိုမှာမြင်နေရတဲ့ အဆောက်အဦးတွေကို ဦးစီးဦးဆောင်ဆောက်လုပ်ရတဲ့ ဗိသုကာပညာရှင်ကြီးဖြစ်ချင်လား၊ သိပ္ပံပညာရှင်ဖြစ်ချင်လား၊ ဒါမှမဟုတ် နာမည်ကြီး အနုပညာရှင်ကြီး ဖြစ်ချင်လား"

နောက်ဆုံးစကားကြားရတော့ ကျွန်တော့်ခန္ဓာကိုယ် ဆတ်ခနဲ



တုန်ခါသွားတယ်။ ပြီးတော့ ချက်ချင်းပင် . . .

"ဘယ်လို အနုပညာရှင်မျိုးလဲ"

"ငါတို့ကျောင်းမှာသော နာမည်ကြီးသရုပ်ဆောင် ဖြစ်ခွင့်ရှိတယ်။ ဂီတပညာရှင် ဖြစ်ခွင့်ရှိတယ်။ အကနဲ့ စာပေပညာရှင် ဖြစ်ခွင့်ရှိတယ်"

ကျွန်တော့်ရင်ကိုထိသောစကား တစ်လုံးတစ်လေမျှ ပါမလာပါဘူး။ ဒါပေမဲ့ . . .

"ပန်းချီဆွဲလို့ မရဘူးလား"

ကျွန်တော့်စကားကြောင့် ရှေ့မှပုဂ္ဂိုလ်က မျက်လုံးပြူးနဲ့ ကျွန်တော့်ကိုကြည့်တယ်။ နောက် ကျွန်တော့်မျက်နှာကို သေချာအကဲခတ်ပြီး . . .

"ဘာလဲကွ . . . မင်းက ပီကာဆိုတို့၊ ဒါဗင်ချီတို့၊ ဗန်ဂိုးတို့၊ မိုးနေတို့ကို အားကျလို့လား။ ဒီမှာ . . . သူတို့ခေတ်က သူတို့စုတ်ချက်နဲ့ စကြဝဠာဆက်သွယ်မှုက သူတို့ခေတ်မှာတင် ပြီးသွားပြီကွ။ ဒီခေတ်ကြီးမှာ ကမ္ဘာကျော်ပန်းချီကားတစ်ချပ် ပေါ်ထွက်ဖို့ ဘယ်အနုပညာရှင်ကိုမှ စကြဝဠာကြီးက အနုပညာဝိညာဉ် ပူးကပ်ခွင့်ကို မပေးတော့ဘူး။ အနုပညာပါရမီကို ပြည့်ပြည့်ဝဝ ထည့်သွင်းမပေးတော့ဘူး"

"မဟုတ်ပါဘူး"

ကျွန်တော်၏ အေးစက်စက်စကားကြောင့် ရှေ့မှပုဂ္ဂိုလ်ကြီး စကားရပ်သွားတယ်။

"ကျွန်တော် ပန်းချီဆွဲချင်တာမဟုတ်ဘူး"

"ဒါဖြင့် မင်း ဘာလုပ်ချင်တာလဲ"

အိတ်ကပ်ထဲမှာ အမြဲရှိနေသော လက်ညှိုးသာသာ သစ်သားရုပ်လေးတစ်ရုပ်ကို စားပွဲပေါ် တင်ပြလိုက်တယ်။ ပထမတော့ ကြောင်အမ်းသွားပါတယ်။ နောက်မှ တအံ့တဩအမူအရာဖြင့် . . .

"ဘုရားရေ . . . ဒါဆို မင်းက ဒီလိုရုပ်တုတွေ ဖန်တီးချင်တာပေါ့"



www.burmeseclassic.com

www.burmeseclassic.com

ခေါင်းညိတ်ပြလိုက်တော့ ထိုလူကြီးက ကျွန်တော့်လက်တွင်းမှ ရုပ်တုလေးကို ယူကြည့်တယ်။ အရုပ်လေးကို လှည့်ပတ်ကြည့်ရင်း . .

"တော်တော်ကောင်းတဲ့ လက်ရာပဲ။ နာမည်ဘာတဲ့လဲ"

"စွန့်ပစ်သွားတဲ့ မေမေတဲ့"

အရုပ်လေးကို ကိုင်နေရင်းမှ ကျွန်တော့်ကို လှမ်းကြည့်ပြန်ပါတယ်။

"ကျွန်တော့်မှာ အဲဒီလို အရုပ်လေးတွေ အများကြီးပဲ"

"ဟုတ်လား"

ပြီးတော့ ကျွန်တော့်ရှေ့ကို အရုပ်လေး ပြန်ချပေးတယ်။ နောက် ကတ်ပြားတစ်ခုကို ကျွန်တော့်ရှေ့သို့ထိုးပေးရင်း . . .

"မိုက်ကယ်အိန်ဂျယ်လိုတို့၊ ဟင်နရီမိုးတို့ကိုတော့ ကြားဖူးတယ်။ ဒါပေမဲ့ တို့ကျောင်းမှာ အဲဒီပညာရပ်မရှိဘူး။ ဆောရီးပဲ . . . ကလေးရာ။ မင်းလက်ရာ တော်တော်ကောင်းပါတယ်။ ဒါပေမဲ့ ငါမကူညီနိုင်ဘူး။ ဒီမှာ ငါ့လိပ်စာကတ်။ ငါပြောတဲ့ ပညာရပ်တစ်ခုခုကို စိတ်ဝင်စားတယ်ဆိုရင်တော့ မင်းကို ငါတို့ကျောင်းကြီးက အသင့်ပါပဲ"

ကျွန်တော် ထိုင်နေမိဆဲပါ။ တအောင့်ကြာတော့ . . .

"သွားလို့ရပါပြီ"

ကျွန်တော် နှုတ်ဆက်၍ပဲ ထွက်လာခဲ့လိုက်ပါတယ်။ ဒါပေမဲ့ တံခါးဝရောက်ခါနီးမှာ . . .

"ကောင်လေး . . . "

ကျွန်တော် လှည့်ကြည့်လိုက်တော့ . . .

"မင်း အခုလက်ရှိနေနေတဲ့ ကျောင်းဝင်းရဲ့အပြင်ဘက်မှာတော့ မင်းလိုချင်တဲ့ရုပ်တုတွေ အများကြီးရှိလိမ့်မယ်။ မင်းကြည့်တတ်ရင်ပေါ့"

"ဟုတ်ကဲ့ . . . ။ ကျွန်တော်သိပါတယ်"

* * *



ဒီလိုနဲ့ပဲ ကျွန်တော့်ရဲ့ ညနေချိန်တွေကို မသေချာမရေရာမှုတွေနဲ့ပဲ ကုန်ဆုံးဖြစ်ခဲ့တယ်။ ကျွန်တော်နေထိုင်ရာ ကျောင်းဝင်းရဲ့ အပြင်ဘက်မှာ ဘာတွေရှိနေမှန်း ကျွန်တော်မသိသေးပါဘူး။

သေချာတာကတော့ ကျွန်တော် မဖော်ထုတ်ရသေးတဲ့ ကောက်ကြောင်းနဲ့ ရုပ်တုတွေရှိနေမှာပါ။ ပြီးတော့ ကျွန်တော်ချစ်တဲ့ သစ်သားအမျိုးမျိုးတွေရောပေါ့။ ကျောင်းထဲက သစ်ပင်ရဲ့ရနံ့တွေနဲ့ မြင်နေကျမြင်ကွင်းတွေက ကျွန်တော့်စိတ်အာရုံကို တဖြည်းဖြည်းနဲ့ ဆွဲဆောင်မှုညှိုးဖျင်းလာပါတယ်။

ပြင်ပလောကကြီးရဲ့ အလှတရားတွေကို ကြည့်ချင်မြင်ချင်စိတ်တွေသာ တဖွားဖွားပေါ်လာတယ်။ အဲဒီအခါမျိုးမှာ . . .

"ငါတို့ အခုနေနေတာ ရန်ကုန်မြို့ကွ"

ပိုးတီက ညအိပ်ရာဝင်ချိန်မတိုင်မီ တချို့နေတွေမှာ ကျွန်တော့်ပူဆာလို့ ပြောပြတတ်တယ်။

"ရန်ကုန်မြို့ထဲမှာ ဘာတွေရှိလဲ"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်ကမေးတော့ ပိုးတီက သူ့ခန္ဓာကိုယ်ကို ဆရာကြီးစတိုင်ဖြင့် နောက်သို့ ကျောမှီထိုင်ချရင်း . . .

"လူတွေရှိတာပေါ့ကွ"

ဘာပဲပြောပြော ပိုးတီက အသက် (၅)နှစ်သားလောက်မှ ဒီကျောင်းကိုရောက်လာသူဆိုတော့ ကျွန်တော်နဲ့စာရင် အတွေ့အကြုံအများကြီးရှိပါတယ်။

"လူတွေရှိတာတော့ ငါသိတာပေါ့ကွ။ နောက် ဘာတွေရှိသေးလဲ"

"တိုက်တွေ၊ ကားတွေပေါ့"

"သစ်ပင်တွေရော မရှိဘူးလား"

"ရှိတယ်။ သစ်ပင်တွေလည်း ရှိတယ်"

ထိုစကားကြောင့် ကျွန်တော် ဝမ်းသာသွားမိတယ်။

"ဘယ် . . . ဘယ်လိုသစ်ပင်တွေရှိတာလဲ"

ပိုးတီက လူကြီးပုံစံဖြင့် စဉ်းစားသလို ခေါင်းတဆတ်ဆတ်ညိတ်ပါတယ်။ ရှယ်တူဆိုပေမဲ့ ဒီနေရာမှာ ကျွန်တော်က တပည့်ပေါ့။

"အဲဒါတော့ ငါလည်းမသိဘူးကွ။ ဒါပေမဲ့ ငါငယ်ငယ်တုန်းက ရောက်ခဲ့ဖူးတဲ့ နေရာလောက်တော့ သစ်ပင်တွေမများဘူး"

"ဟုတ်လား။ မင်းရောက်ဖူးတာ ဘယ်နေရာလဲ"

"မသိဘူးကွ။ မေမေနဲ့ရောက်ဖူးတာ။ မေ့တောင်မေ့နေပြီ။ သွားတုန်းက လယ်ကွင်းတွေကို ဖြတ်သွားရတယ်။ အဲဒီမှာ သစ်ပင်တွေ အများကြီးပဲ"

"ဟုတ်လား"

စိတ်ကူးနဲ့ပဲ ကျွန်တော် သွားကြည့်လိုက်တယ်။ နှာခေါင်းထဲမှာ တစ်ခါမှမရရှိခဲ့ဘူးတဲ့ သစ်သားရနံ့တွေကို ရလိုက်သလိုပါပဲ။

"ငါသွားချင်လိုက်တာကွာ"

ကျွန်တော် အံကြိတ်ရင်းပြောတော့ . . .

"သွားချင်သွားပေါ့ကွ"



ပိုးတီပြောတာတော့ ခပ်လွယ်လွယ်ပါပဲ။

"ဒါပေမဲ့ ငါသွားလိုက်လို့ ငါ့အဖေနဲ့ အမေ ငါ့ကိုလာပြန်ခေါ်တာနဲ့လွဲသွားရင် ဘယ်လိုလုပ်မလဲ"

ဒီတစ်ခါတော့ ပိုးတီရဲ့ တုံ့ပြန်စကားကို မကြားရပါဘူး။ ဒါပေမဲ့ တအောင့်ကြာတော့ . . .

"အေးကွ . . . ။ အဲဒါလည်း ဟုတ်တယ်။ ငါ့အမေလည်း ငါ့ကိုလာပြန်ခေါ်မယ်လို့ ပြောတယ်ကွ။ အဲဒါကို စောင့်နေတာ။ သူပြန်မလာသေးဘူးနဲ့တူတယ်။ ပြန်လာရင်တော့ ငါ့ကို လာခေါ်မှာပါ"

"မင်းအမေက ဘယ်သွားတာလဲ"

"နိုင်ငံခြား"

နိုင်ငံခြားဆိုတာ ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ ဆက်လည်းမမေးချင်တော့ဘူး။ ကျွန်တော့်ဘဝက သိတတ်ချိန်မှစပြီး ဒီကျောင်းဝင်းထဲမှာပဲ ကျင်လည်ခဲ့ရတာကိုး။

ဒါပေမဲ့ ကျွန်တော့်စိတ်ထဲမှာ စွဲမြဲနေတဲ့ အရာတစ်ခုတော့ရှိပါတယ်။ အဲဒါက တစ်နေ့မှာ ဒီလောကကြီးထဲမှာရှိတဲ့ ဘယ်သူမှမမြင်သေးတဲ့ ကောက်ကြောင်းတွေကို ကျွန်တော် ဖော်ထုတ်ဦးမှာပါ။

ပြီးတော့ ပုံရိပ်တွေကို ဖန်တီးဦးမှာ။

နောက် ရုပ်တုတွေကို သွန်းလုပ်အသက်သွင်းဦးမှာပါ။

• • •

တစ်ခါတစ်ရံမှာတော့ ကျွန်တော်က လက်ဖွပ်လေးကိုကြည့်ပြီး မမြင်ဖူးလိုက်တဲ့ ဖေဖေနဲ့မေမေ့ရဲ့မျက်နှာကို ပုံဖော်နေမိတယ်။ ဒါပေမဲ့ ဘယ်လိုမှ ပုံဖော်လို့မရခဲ့ပါဘူး။ ကျွန်တော့်အဖေက ဘယ်လိုပုံစံရှိလဲ။ အမေကရော ချောလား၊ ကျွန်တော်နဲ့တူလား တွေးမရနိုင်အောင်ပါပဲ။

ပိုးတီကတော့ နိုင်ငံခြားသွားတယ်ဆိုတဲ့ သူ့အမေဓာတ်ပုံကို လှမ်းရင် ထုတ်ထုတ်ကြည့်တတ်ပါတယ်။ ကျွန်တော့်မှာတော့ ထုတ်



www.burmeseclassic.com

www.burmeseclassic.com

ကြည့်စရာ ဓာတ်ပုံမရှိပါဘူး။ အဲလိုအခါမျိုးမှာ မဖြစ်နိုင်မှန်းသိလျက်နဲ့ ကျွန်တော် တောင့်တမိပါသေးတယ်။ အဲဒါက ကျွန်တော့်ဖေဖေနဲ့မေမေရဲ့ ဓာတ်ပုံကို လိုချင်မိတာပါပဲ။

ပြီးတော့ ထွန်းအောင်ကျော်ဆိုတဲ့လူကြီး ပြောသွားတဲ့စကားတွေ မှန်များမှန်နေပြီလားလို့ တွေးမိပါတယ်။ ဖေဖေနဲ့မေမေက ကျွန်တော့်ကိုမလိုချင်လို့ စွန့်ပယ်သွားခဲ့တယ်ဆိုတာကိုလေ။

အဲဒါဆို ကျွန်တော် ဘာဆက်လုပ်ရမှာလဲ။

သေချာတာကတော့ တကယ်လို့သာ စွန့်ပစ်သွားတာမှန်ရင် ကျွန်တော့်ကို လာခေါ်မှာမဟုတ်ပါဘူး။

ဒါဆို ကျွန်တော်လုပ်စရာ တစ်ခုပဲရှိပါတော့တယ်။

အဲဒါက လိုက်ရှာဖို့ပါ။

ဟုတ်ပါတယ်။ သူတို့လာမခေါ်လည်း ကျွန်တော်လိုက်ရှာရင် ရနိုင်တာပဲလေ။ ဒါပေမဲ့ ဝိုးတဝါးပါပဲ။ သေချာရေရာတဲ့ ဆုံးဖြတ်ချက်တစ်ခုကို ကျွန်တော် မပြုလုပ်နိုင်သေးပါဘူး။ သို့သော်လည်း စကားတစ်ခွန်းကတော့ ကျွန်တော့်နှလုံးသားထဲမှာ နေရာတော်တော်ယူလာတယ်။ ပြီးတော့ ထိုစကားကပဲ ကျွန်တော် လောကကြီးထဲကို ထွက်သွားပါလို့ တွန်းလှတ်နေပါတော့တယ်။ အဲဒါက . . .

'မင်း အခုလက်ရှိနေနေတဲ့ ကျောင်းဝင်းအပြင်ဘက်မှာတော့ မင်းလိုချင်တဲ့ရုပ်တုတွေ အများကြီးရှိလိမ့်မယ်' ဆိုတဲ့စကား။ ဟုတ်ပါတယ်။ မွေးကတည်းက မြင်လာတဲ့ ပတ်ဝန်းကျင်က ကျွန်တော့်ကို ပုံရိပ်သစ်တွေ မပေးနိုင်တော့ပါဘူး။

နောက်နေ့တွေမှာတော့ တမှိုင်မှိုင်တတွေတွေနဲ့ပဲ ဆုံးဖြတ်ချက်တစ်ခုကို တိတ်တဆိတ် ချနေမိတော့တယ်။ ကျွန်တော့်နှလုံးသားမှာ ကောက်ကြောင်းသစ်တွေ လိုနေပြီ။ ပြီးတော့ ကျွန်တော် မခံစားရသေးတဲ့ အရောင်တွေ၊ အထိအတွေ့တွေကိုလည်း တို့ထိချင်လာတယ်။ ဒီထက် ပိုမိုပြည့်စုံနက်ရှိုင်းတဲ့ ရုပ်တုတွေကို ဖန်တီးချင်လာတယ်။ အဲလိုဖန်တီးနိုင်တဲ့တစ်နေ့ ကျွန်တော့်မိဘတွေနဲ့ ကျွန်တော် ပြန်ဆုံစည်းမယ်ဆိုတဲ့



အသိကလည်း နှလုံးသားထဲမှ တဆစ်ဆစ် ခိုင်မာလာတယ်။

ဒီလိုနဲ့ နေ့သစ်တစ်ခုမစခင် မှောင်ရီပိုးတဝါး မနက်ခင်းတစ်ခုမှာတော့ ကျွန်တော် . . .

ပုံရိပ်တွေခေါ်ဆောင်ရာနောက် လိုက်သွားမိပါတော့တယ်။

အဲဒီနေ့ဟာ . . .

ကျွန်တော်နဲ့လောကကြီး ပထမဆုံးအကြိမ် လက်ဆွဲနှုတ်ဆက်တဲ့နေ့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

နေရောင်ခြည်နွေးနွေးရဲ့ လက်ဖြာမှုအောက်မှာ ကျွန်တော် ကျောက်ဆစ်ရုပ်တစ်ခုလို ငြိမ်ကာရပ်နေမိတယ်။ ကျွန်တော့်ဘေးမှာ ကား တွေ တဝီဝီဖြတ်သန်းသွားနေကြတယ်။ သူတို့တွေရဲ့ တစ်ဖက်မှာတော့ ကျွန်တော် တစ်မျှော်တစ်ခေါ် မော့ကြည့်ရတဲ့ အထပ်မြင့် တိုက်တာ အဆောက်အအုံကြီးတွေပါ။

ကျွန်တော့်တစ်သက်မှာ ပထမဦးဆုံးအကြိမ် မြင်ခွင့်ရတဲ့ မြင် ကွင်းဖြစ်ပေမဲ့ ဒီအရာတွေအပေါ်မှာ အာရုံမရောက်မိပါဘူး။ အာရုံရောက် နေတာက နေရောင်ပျပျအောက်မှာ ဆေးသုတ်အခြောက်ခံထားတဲ့ သစ် သားရုပ်လေးတစ်ခုပေါ်ကိုပါပဲ။

ခုံတစ်လုံးနဲ့ လမ်းဘေးပလက်ဖောင်းပေါ်မှာ ချထားတာပါ။ ဆေးသုတ်ထားတဲ့အတွက် ဆေးနံ့ကို အရင်ဆုံး ရှူရှိုက်မိပေမဲ့ အောက် က သစ်သားရဲ့ရနံ့ကိုတော့ ခဏချင်းပင် ကျွန်တော် ခွဲခြားသိမိလိုက်ပါ တယ်။

ဒါ ကျွန်တော် ခံစားဖူးနေကျ သစ်သားရနံ့ မဟုတ်ပါဘူး။ ကျောင်းဝန်းထဲက သစ်ပင်တွေမှာ တစ်ခါမှမရှိဖူးတဲ့ ရနံ့တစ်ခုပါ။ ထူးဆန်းတဲ့ ရနံ့တစ်မျိုးကို အနံ့ခံရှူရှိုက်ရင်း ရုပ်တုလေးကို လှည့်ပတ် ကြည့်နေမိတယ်။

မိန်းကလေးပုံ။ လက်ကိုအပေါ်မြှောက်ပြီး ရေအိုးရွက်ထားတယ်။ ပြီးတော့ အမူအရာတစ်မျိုးနဲ့ လမ်းလျှောက်နေဟန်ရုပ်တု။ အရွယ်အစား က ကျွန်တော့်မှာရှိတဲ့ အရုပ်သေးသေးလေးတွေထက်တော့ တော်တော် ကြီးပါတယ်။ ကျွန်တော့်လက်တစ်ဆန့်လောက် ရှိမယ်ထင်တာပဲ။



အနောက်ဘက်အိမ်ထဲမှာလည်း ထုရိုက်နေသံ တဒုတ်ဒုတ်ကို ကြားနေရတယ်။ အပေါ်ကိုမော့ကြည့်မိတော့ 'ပန်းပုဆရာကြီး ဦးငွေဆိုင်' ဆိုတဲ့ ဆိုင်းဘုတ်တပ်ထားတာကို တွေ့ရလို့ ကျွန်တော် စိတ်ဝင်စားသွား မိတယ်။

အမှန်အတိုင်းပြောရရင် 'ပန်းပု' ဆိုတဲ့စာသားကိုပါ။ ပန်းပုဆို တာ ဘာကိုပြောတာလဲ။ အဲဒီသိချင်မှုနဲ့ပဲ ကျွန်တော် အိမ်ထဲဝင်သွား လိုက်ပါတယ်။ အိမ်ထဲမှာ တဒုတ်ဒုတ်ထုရိုက်သံကိုတော့ ကြားနေရဆဲ။

အိမ်ထဲမှာလည်း ကျွန်တော့်အာရုံကို စူးနစ်ဆွဲခေါ်ထားတဲ့ ရုပ်တု တွေ အများကြီးပါပဲ။ ပြီးတော့ ရုပ်တုမဟုတ်တဲ့ အနွယ်အခက်တွေကို လည်း တွေ့ရတယ်။ တစ်နေရာမှာတော့ ကျွန်တော်တို့ကျောင်းအုပ်ဆရာ ကြီးအရွယ် ဦးလေးကြီးတစ်ယောက် ခုံတစ်လုံးကို မကုန်းမကွထိုင်ရင်း သစ်သားတုံးကြီးတစ်ခုကို တဆတ်ဆတ် ထုရိုက်နေတယ်။

ချွန်ထက်တဲ့အရာရဲ့ ဖဲ့ထွင်မှုကြောင့် သူ့ရှေ့မှာရှိနေတဲ့ သစ်သား တုံးမှာ သစ်စတွေ တဖွားဖွားလွင့်ကျလို့၊ ကျွန်တော်ရပ်ကြည့်တဲ့ ခဏမှာ ပဲ ထိုဦးလေးကြီးက ကျွန်တော့်ကို သတိပြုမိပြီး လှည့်မေးတယ်။

"ကောင်လေး . . . ဘာလဲ"

ကျွန်တော် ခေါင်းယမ်းပြရင်း . . .

"ဟို . . . ဦးလေးအရုပ်လုပ်တာကို ကြည့်ချင်လို့"

ဦးလေးကြီးက ကျွန်တော့်ကို သေချာကြည့်တယ်။ ပြီးတော့ အနီး ရောက်လာတဲ့ ကျွန်တော့်ခေါင်းကိုပွတ်ပြီး ရယ်တယ်။

"အရုပ်လုပ်တာ မဟုတ်ပါဘူးကွ။ ပန်းပုထုတာပါ"

"ပန်းပု . . ."

ကျွန်တော် တိုးတိုးလေး ရေရွတ်မိတော့ . . .

"ဟုတ်တယ်ကွ။ ဒီလို သစ်သားနဲ့ အရုပ်တွေလုပ်တာကို ပန်းပု လို့ခေါ်တယ်။ ပန်းပုထုတဲ့လူတွေကိုတော့ ပန်းပုဆရာပေါ့"

"ဒါဆို ဦးလေးက ပန်းပုဆရာပေါ့"

"အေးပေါ့ကွ"



www.burmeseclassic.com

www.burmeseclassic.com

"ကျွန်တော်လည်း ပန်းပုဆရာပဲ"

"ဟော . . . "

ထိုဦးလေးကြီး အံ့သြသွားပုံရပါတယ်။ နောက် ကျွန်တော့်ကို ခပ်ပြုံးပြုံးကြည့်ရင်း . . .

"မင်းက ပန်းပုဆရာ။ ဟုတ်လား"

"ဟုတ်တယ်လေ။ ဦးလေးပဲ အရုပ်တွေလုပ်တဲ့လူက ပန်းပုဆရာဆို"

"အေးလေ . . ."

"ဒီမှာကြည့်ပါလား။ ကျွန်တော်လည်း အရုပ်တွေလုပ်ထားတာ အများကြီးပဲ။ ဦးလေးထက်တောင် များဦးမယ်"

ပြောရင်း ကျွန်တော် အင်္ကျီအိတ်ထဲက အရုပ်သေးသေးလေးတွေကို ထုတ်ပြတော့ ဦးလေးကြီးက မယုံသင်္ကာဟန်နဲ့ အရုပ်တစ်ခုကို ယူကြည့်တယ်။ အကြာကြီးပါပဲ။ ပြီးတော့ တစ်ခါက ကျွန်တော့်တို့ ကျောင်းကိုရောက်လာတဲ့ ဦးထွန်းအောင်ကျော်ရဲ့မျက်နှာလို တဖြည်းဖြည်း အံ့သြဟန်တို့ ကြီးစိုးလာတယ်။ ကြည့်နေရင်းနဲ့ တအောင့်ကြာတော့ . .

"ဒါ မင်းလုပ်ထားတာ ဟုတ်လို့လား"

"ဟုတ်တယ်။ ဒီမှာ ကျွန်တော့်လက်ကို ကြည့်ပါလား။ ဓားရှထားတဲ့အရာတွေ"

ရှရာ၊ ခြစ်ရာတွေနဲ့။ အမာရွတ်တက်နေတဲ့ ကျွန်တော့်လက်ကို ကိုင်ကြည့်ရင်း ဦးလေးကြီး တော်တော်အံ့သြသွားပါတယ်။ ပြီးတော့ မယုံနိုင်လည်း ဖြစ်သွားပုံရတယ်။ အဲဒီနောက်တော့ ဘာမှမပြောတော့ပါဘူး။ သူ့အလုပ်ပဲ ဆက်လုပ်နေတယ်။ ကျွန်တော်ကလည်း သူပန်းပုထုနေတဲ့ ဆားမှာ ငုတ်တုတ်လေးထိုင်ရင်း ကြည့်နေမိတယ်။ အကြာကြီးပါ။

ဦးလေးကြီးလက်မှာကိုင်ထားတဲ့ ပစ္စည်းတွေကို ဘာတွေမှန်း ကျွန်တော်မသိပါဘူး။ ဒါပေမဲ့ ကျွန်တော့်လို ဓားနဲ့ထွင်းတာထက်စာရင် အများကြီးမြန်ဆန်တာတော့ သေချာပါတယ်။ ဦးလေးကြီးဆားမှာလည်း အဲလိုပစ္စည်းတွေ အများကြီးပဲ။ ကြည့်ကောင်းကောင်းနဲ့ ကြည့်နေလိုက်



မိတာ ဘယ်လောက်ကြာသွားတယ်မသိဘူး။

ဦးလေးကြီးက ရုပ်တုတင်ထားတဲ့ ဆုံလည်ခုံကို တစ်ပတ်ပြည့်အောင်လှည့်ကာ မျက်မှန်ကိုချွတ်တော့ နဖူးမှာချွေးတွေသီးနေပါပြီ။ ပခုံးပေါ်တင်ထားတဲ့ သဘက်နဲ့ တစ်ချက်သုတ်ပြီးတော့မှ ကျွန်တော်ရှိနေတာကို အမှတ်ရသွားသလိုမျိုး။

"ကောင်လေး . . . မပြန်သေးဘူးလားကွ"

ကျွန်တော် ခေါင်းယမ်းပြလိုက်တော့ ဘာမှမပြောပါဘူး။ ဒါပေမဲ့ ထိုင်နေရာခုံပုလေးကထပြီး ကုလားထိုင်ပေါ် ပြောင်းထိုင်တယ်။ အနားယူတာလို့ ကျွန်တော်ထင်မိပြီ။ တအောင့်ကြာတော့ ဦးလေးကြီး မျက်လုံးမှိတ်ဆင်းသွားပါတယ်။

ဒီတော့မှ ကျွန်တော် ကိုင်တွယ်ကြည့်ချင်တဲ့ ဝက်အူလှည့်လိုလို လက်ကိုင်ပါပြီး အသွားထက်တဲ့ သံပြားထုတွေ၊ လခြမ်းကွေးသဏ္ဍာန် သံပြားတွေ၊ နောက် ရေတလျှောက် 'V'ပုံစံ သံချောင်းလေးတွေကို ကိုင်ကြည့်လိုက်မိတော့ . . .

"အဲဒါ ဆောက်လို့ခေါ်တယ်ကွ"

အသံကြားလို့ လန့်သွားမိပေမဲ့ ကျွန်တော့်လက်ထဲက ပစ္စည်းတွေကို ပြန်မချမိပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်မှာမရှိဖူးတဲ့ မောင်နှမတစ်ယောက် ရလိုက်သလို ခံစားတွယ်တာမိသွားလို့ပါ။ ကျွန်တော် တယုတယကိုင်တွယ်ရင်းနဲ့ပဲ ခုနဦးလေးကြီးလို သစ်သားမှာ ထွင်းထုချင်စိတ်တွေ တဖွားဖွားပေါ်လာရတယ်။

ပြီးတော့ ရှေ့မှ ထွင်းထုလက်စရုပ်ပုံကိုကြည့်ရင်း ကျွန်တော် တစ်စုံတစ်ရာကို သတိရမိသွားလေရဲ့။

အဲဒါက . . .

မမြင်လိုက်ရတဲ့ မိဘတွေကို သတိရလေတိုင်း ကျွန်တော် လှီးခြစ်ထားတဲ့ 'စွန့်ပစ်သွားတဲ့မေမေ' ဆိုသော သစ်သားရုပ်လေးကိုပါ။



www.burmeseclassic.com

www.burmeseclassic.com

"ကောင်လေး . . . မပြန်သေးဘူးလားကွ။ မိုးချုပ်တော့မယ်"

ဦးလေးကြီးက ပြန့်ကျဲနေတဲ့ပစ္စည်းတွေကို လိုက်သိမ်းရင်း ပြောပါတယ်။ ခေါင်းယမ်းတာကလွဲပြီး ကျွန်တော့်မှာ ပြောစရာစကား မရှိပါဘူး။ ထို့အတွက်ကြောင့် . . .

"မင်းမိဘတွေ စိတ်ပူနေလိမ့်မယ်။ သွား . . . ပြန်တော့"

ကျွန်တော် ခေါင်းယမ်းမြဲ ယမ်းလျက်ပါပဲ။ သူ့ရဲ့အလုပ်ခန်းလေးထဲမှာ အချိန်အကြာကြီး ငုတ်တုတ်ထိုင်နေမိတဲ့ ကျွန်တော့်ကို ဦးလေးကြီးက ပြန်စေချင်နေပါပြီ။ ဒါပေမဲ့ ကျွန်တော့်မှာ ပြန်စရာမရှိပါဘူး။ အဲဒါကြောင့် . . .

"ကျွန်တော် ဘယ်ကိုပြန်ရမှန်း မသိဘူး"

"ဟေ . . ."

ကျွန်တော့်စကားကြောင့် ဦးလေးကြီးက မျက်မှန်အောက်က မျက်လုံးတွေနဲ့ မျက်မှောင်ကြုတ်ပြီး ကြည့်တယ်။

"မင်း ဘယ်ကလာတာလဲ"

"မိဘမဲ့ကလေး ထိန်းသိမ်းရေးကျောင်းက"



ကျွန်တော် နာမည်ပြောပြတော့ ဦးလေးကြီးက အကြာကြီးငြိမ်ပြီး စဉ်းစားတယ်။ ပြီးတော့ ကျွန်တော့်ကို အကဲခတ်သလို ကြည့်ပါတယ်။ ကျွန်တော်လိမ်ပြောတာ ဟုတ်မဟုတ် ဝေခွဲနေပုံပါပဲ။

"မင်းပြန်မလာရင် သူတို့ မင်းကို လိုက်ရှာကြမှာပေါ့"

"ဟုတ်ကဲ့ . . . ရှာကြမှာပါ။ ဒါပေမဲ့ ကျွန်တော် ပြန်မသွားချင်တော့ဘူး"

"ဟ . . . မသွားတော့ မင်းက ဘယ်လိုလုပ်မှာလဲ"

"ကျွန်တော် ဦးလေးနဲ့နေပြီး ဒီလိုအရုပ်တွေ လုပ်ချင်တယ်"

ထိုစကားက ဦးလေးကြီးကို တော်တော် ချောက်ချားသွားစေခဲ့ပါတယ်။ ပျာပျာသလဲဖြစ်သွားပြီး . . .

"ဟာ . . . မဖြစ်ဘူး၊ မဖြစ်ဘူး။ မင်းပြန်တော့ . . . မင်းပြန်တော့"

ပြောပြောဆိုဆို ကျွန်တော့်လက်ကိုဆွဲပြီး အိမ်အပြင်ဘက်ကို ခေါ်ထုတ်သွားတယ်။ ပြီးတော့ ကျွန်တော့်ကို အပြင်မှာထားခဲ့ပြီး အိမ်တံခါးကြီးကို ပိတ်ပစ်လိုက်လေရဲ့။

"ဝုန်း . . ."

• • •

ဗိုက်က တချုတ်ချုတ်ဆာနေပြီ။ ဒါပေမဲ့ ကျွန်တော် နေနိုင်သေးပါတယ်။ ဖြတ်သွားဖြတ်လာတွေက ကျွန်တော့်လိုကလေးလေးတစ်ယောက် ဗိုက်ဆာနေတာကို သတိမထားမိကြပေမဲ့ အိမ်ထဲကဦးလေးကြီးကတော့ ရိပ်မိနေတယ်ဆိုတာ ကျွန်တော်သိတယ်။

ကျွန်တော်လည်း 'ပန်းပုဆရာကြီး ဦးငွေဆိုင်' ဆိုတဲ့ ဆိုင်းဘုတ်ရှေ့တည့်တည့်မှ နည်းနည်းလေးမျှ မရွေ့သေးသလို အိမ်ထဲမှ ဦးလေးကြီးကလည်း ကျွန်တော် ရှိနေသေးတယ်ဆိုတာကို နည်းနည်းလေးမျှ သတိမထားမိမှာ မဟုတ်ပါဘူး။ ဘာဖြစ်လို့လည်းဆိုတော့ အိမ်ဘေး

www.burmeseclassic.com

www.burmeseclassic.com

မှန်တံခါးထဲက ကျွန်တော့်ကို ခဏခဏ ရပ်ကြည့် အကဲခတ်နေတယ်ဆို တာ ကျွန်တော် ရိပ်မိနေလို့ပါ။

ခြေထောက်တွေ တဆစ်ဆစ်နာလာပေမဲ့ ကျွန်တော် မဖြစ်မနေ မတ်တတ်ရပ်လို့ထားတယ်။ အခုဆို ကျွန်တော် မတ်တတ်ရပ်နေတာ သုံးနာရီကျော်သွားပါပြီ။ သဘာဝအလင်းရောင်နေရာမှာ မီးချောင်း၊ မီးလုံး တွေနဲ့ ဝါကျင်ကျင်အလင်းရောင်တွေက မင်းမူလာပြီ။ ပတ်ဝန်းကျင်က တစ်စထက်တစ်စ မှောင်မိုက်လာတယ်။

ကျွန်တော်ကတော့ ရပ်နေတုန်းပါပဲ။ လမ်းဘေးမီးတိုင်ရဲ့ အလင်းရောင်က ကျွန်တော့်ပေါ်ထိုးကျနေလို့ အင်္ဂတေရောင်ကြမ်းခင်း ပေါ်မှာ ကျွန်တော့်အရိပ်က လဲလျောင်းနေတယ်။ ထိုအရိပ်လေးကို ငေး ကြည့်ရင်းနဲ့ပဲ ကောက်ကြောင်းအချို့ကို စိတ်ထဲမှာ ရေးခြစ်ဖြစ်တယ်။ ဒါပေမဲ့ အကြာကြီးမဟုတ်ပါဘူး။

ကျွန်တော့်ခန္ဓာကိုယ်ကို သေးကျုံ့ပစ်ရလောက်အောင် တငွေ့ ငွေ့အေးလာလို့ပါ။ အပေါ်အင်္ကျီက ခေါင်းစွပ်လေးကိုစောင်းပြီး လက်ဝါး နှစ်ဖက်ကို ခဏခဏ ပွတ်နေမိတယ်။ ကျွန်တော်ရပ်နေရာ ပလက်ဖောင်း မှာတော့ လူတွေ . . . လူတွေ ဦးတည်ရာအမျိုးမျိုးကို သွားလာလှုပ်ရှား နေကြပါတယ်။ ဒါပေမဲ့ သူတို့မှာ နေစရာအိမ်နဲ့၊ မိသားစုနဲ့၊ အသိုက် အမြုံနဲ့ပါ။

ကျွန်တော်ကတော့ ခိုကိုးရာမဲ့ တစ်ကောင်ကြွက်ပေါ့။ အခုအချိန် မှာ ကျွန်တော်လုပ်ချင်နေတာက ကျွန်တော့်စိတ်ကို တစ်နည်းနည်းနဲ့ ဖွင့် ချလိုက်ချင်စိတ်ပါ။ ဒီအခါမှာတော့ ကျွန်တော့်လက်ရာ ရုပ်တုတွေမှာ အချိုးအစားကျနလှပမှုဆိုတာထက် အထီးကျန်အားငယ်စိတ်ကို ပရိသတ် ကြီး ခံစားရပါလိမ့်မယ်။ ပြီးတော့ ကျွန်တော့်လိုပဲ အထီးကျန်ဆန်မှုကို သူတို့ လိုက်ခံစားရမယ်။ နောက် ကျွန်တော်ဝမ်းနည်းသလို သူတို့ လိုက် ဝမ်းနည်းရမယ်။

ကျွန်တော်ထင်ပါတယ်။ အနုပညာဆိုတာ လူတစ်ဦးနဲ့တစ်ဦး ကို စိတ်ခံစားချင်း ဆက်သွယ်ပေးတဲ့ အနူးညံ့ဆုံး ကြားခံပစ္စည်းဆိုတာ



ကိုပေါ့။

ငုတ်တုတ်ပြန်ထိုင်ရင်း ဒူးနှစ်ဖက်ကို ခပ်တင်းတင်းပိုက်ထားမိ တယ်။ အအေးဒဏ်က ကျွန်တော့်ခံနိုင်ရည်ကို တစ်စထက်တစ်စ ဖြိုခွင်း လာပါပြီ။ ခြေထောက်တွေထုံပြီး အားနဲ့ပိုက်ထားရလို့ လက်မောင်းတွေ ကျင်လာတယ်။ ကျွန်တော့်မြင်ကွင်းမှာလည်း လူတွေ တစ်စထက်တစ်စ နည်းပါးလာပါပြီ။

အအေးဒဏ်ကို အန်တုနိုင်တဲ့ ကျွန်တော့်စွမ်းအားတွေလည်း တစ်စထက်တစ်စ ယုတ်လျော့လာသလိုပါပဲ။ ဒီအတိုင်းသာဆက်သွားရင် မကြာခင်အချိန်အတွင်း ကျွန်တော် လဲကျသွားတော့မှာပါ။

ထိုအချိန်မှာပဲ ကျွန်တော်စောင့်ဆိုင်းနေတဲ့ တံခါးကြီးနှစ်ချပ်က မြို့တစ်မြို့ရဲ့ ပင်မတံခါးကြီးလို တကျွီကျွီမြည်ရင်း ပွင့်သွားတယ်။ ဖော် မပြနိုင်လောက်အောင် ဝမ်းသာစိတ်တွေနဲ့ ကျွန်တော် မော့ကြည့်လိုက်မိ တော့ . . .

“လာ . . . ကောင်လေး . . . အထဲဝင်တော့”

အားငယ်စိတ်တွေ လွင့်ပျောက်၊ အထီးကျန်ဆန် ဝမ်းနည်းမှု တွေ တရွေ့ရွေ့ထွက်ခွာရင်း အိမ်ထဲကို အလျင်စလို ပြေးဝင်သွားလိုက် တော့ . . .

မီးလင်းဖိုတစ်ဖိုရဲ့ အနွေးဓာတ်က ကျွန်တော့်ကို လှိုက်လှိုက် လှဲလှဲ ဆီးကြိုနေလေရဲ့။



www.burmeseclassic.com

www.burmeseclassic.com

ဒီလိုနဲ့ပဲ ကျွန်တော့်ဘဝတစ်ဆစ်ချိုးဟာ ပြောင်းလဲသွားခဲ့ပါတယ်။ မိဘမဲ့ကလေး ထိန်းသိမ်းရေးကျောင်းက ဆွေမရှိ၊ မျိုးမရှိ၊ လာရောက်ကြည့်ရှုသူမရှိ ဘဝကနေ မိသားစုတစ်ခု ရလာခဲ့တယ်။ အဖေ၊ အမေ မောင်နှမတွေနဲ့ သိုက်သိုက်ဝန်းဝန်းမဟုတ်ပေမဲ့ ကျွန်တော် ကျေနပ်ပါတယ်။ ပြီးတော့ ပျော်တယ်။

ကျွန်တော်မခံစားရသေးတဲ့ သစ်သားရနံ့ပေါင်းများစွာကို ရှူရှိုက်ရင်း ကျွန်တော်ဖန်တီးချင်တဲ့ ရုပ်တုတွေကို ဦးလေးဇွေဆီက စနစ်တကျ သင်ယူတည်ဆောက်ရင်း အသားကျလာပါပြီ။

အချိန်တစ်ခုကို ဖြတ်သန်းကျော်လွန်လာတာနဲ့အမျှ ကျွန်တော့် အသက်အရွယ်နဲ့ ကိုယ်ရည်ကိုယ်သွေးဟာလည်း ကျွန်တော်ဖန်တီးနေကျ ရုပ်တုလေးတွေလို ပထမအရိုင်းတုံး။ ပြီးတော့ အကြမ်းထည်။ နောက် ရုပ်လုံးပေါ်ပြီ အချောကိုင်အဆင့်ရောက်အောင် တဖြည်းဖြည်း ဖြတ်ကူးလာခဲ့တယ်။

ဘယ်လိုပဲ ဖြတ်သန်းရာ ပတ်ဝန်းကျင်တွေ နှစ်တွေ ပြောင်းလဲသွားပေမဲ့ ပြောင်းလဲမသွားတဲ့ အရာတစ်ခုကတော့ ကျွန်တော့်ရင်ထဲမှာ ယနေ့တိုင် ရှိနေပါသေးတယ်။

အဲဒါက ကျွန်တော့်အဖေနဲ့အမေကို ရှာဖို့ပါပဲ။

* * *



# I

ကျွန်တော့်လက်တွေ သေအံ့မူးမူးဖြစ်နေတယ်။ ဒါပေမဲ့ လက်ထဲက ဆောက်နဲ့ လက်ရိုက်ကို မချသေးပါဘူး။ ကျွန်တော့် အသက်ဝိညာဉ်အားလုံး ခိုတွဲပျော်ဝင်ပြီး ရှိုင်းရှိုင်းနက်နက် ထုဆစ်ပုံဖော်နေတဲ့ ရုပ်တုဆီက ခွာလို့မရသေးဘူး။

ရုပ်တုက ပြီးဖို့ အဝေးကြီးလိုသေးတယ်။ ကျွန်တော့်အနုပညာကို ဒီရုပ်တုထဲမှာ နေ့ပေါင်းများစွာ၊ ညပေါင်းများစွာ ထည့်သွင်းပူဇော်ရဦးမယ်။ ရင်ထဲမှာ တလှပ်လှပ်ဖြစ်နေတယ်။ ဆာလောင်မှုကြောင့်လား၊ မောဟိုက်မှုကြောင့်လားတော့ မသိဘူး။ ဒါပေမဲ့ ဒီရုပ်တုနားက ကျွန်တော် ဘယ်လိုမှ ခွာလို့မရသေးဘူးဆိုတာတော့ သေချာတယ်။

ကျွန်တော့်သွေးသား၊ အသက်ဝိညာဉ်အားလုံးက အနုပညာကလွဲပြီး ကျန်တာအားလုံးကို မက်မက်မောမော မရှိတော့ဘူး။ ကိုယ်ထဲက သွေးတွေက အစဉ်သဖြင့် အနုပညာကို ဆာနေကြတယ်။ ခေါင်းထဲ တရိပ်ရိပ် ဝေလာတာကို သတိထားမိပေမဲ့ ကျွန်တော့်လက်က ရုပ်တုရဲ့ ကိုယ်ထည်ပေါ်မှာ တဒေါက်ဒေါက် တပ်မက်နေတုန်းပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် စတင်ထုလုပ်တုန်းကတော့ မနက်ခင်းပါ။ နေခြည်က ပြုးဖျော့ဖျော့ရောင်ဝါနဲ့ ညင်ညင်လေး ထိုးကျနေတယ်။ ပြီးတော့ မနက်ခင်းလေတချို့ကလည်း လတ်လတ်ဆတ်ဆတ် တိုက်ခတ်ပေးထားတယ်။ ကျွန်တော့် အနုပညာဝိညာဉ် စတင်ပူးကပ်ရာအချိန်က မနက်ခင်း ဆိုပေမယ့် ယခု ဘယ်အချိန်မှန်းမသိတော့ဘူး။

နောက်ဆုံးတစ်ချက် ထုရိုက်ပြီးချိန်မှာ ကျွန်တော် လက်ကို အောက်ချပြီး ခြေငါးလှမ်းလောက် နောက်ဆုတ်လိုက်တယ်။ ပြီးတော့ ထုလုပ်ဆဲရုပ်တုကို အတန်ကြာ ရပ်ကြည့်နေလိုက်တယ်။ ကြည့်နေရင်းနဲ့ ပန်းပုနဲ့ပတ်သက်တဲ့ အတွေးအခေါ်တစ်ရပ် ခေါင်းထဲ အလိုလိုဝင်ရောက်လာတယ်။

"ဟာ . . ."

ဝမ်းသာပျော်ရွှင်မှုနဲ့ အသံတစ်ချက်ပြုပြီး ရုပ်တုဆီ ပြန်သွားလိုက်တယ်။ ခဏတွင်းမှာပဲ သစ်သားစတွေ ဖွားခနဲဖွားခနဲ လွင့်ကျလာပါတယ်။

"ဒီလောက်ဆိုရပြီ"

ခြေတစ်လှမ်းနောက်ဆုတ်ရင်း နောက်တစ်ချက်ကြည့်လိုက်တော့ . . .

ကျွန်တော့်မျက်လုံးတွေ ဝင်းလက်လို့ သွားပါပြီ။

"ဟား . . . ဟား . . . ဟား . . . "

ကျွန်တော် အကျယ်ကြီး အော်ရယ်လိုက်တော့ . . .

"အဟွတ် . . . အဟွတ် . . . အဟွတ် . . . "

လည်ချောင်းတွေကွဲထွက်မတတ် ချောင်းတဟွတ်ဟွတ် ဆိုးသွားပါတယ်။ ထိုဒဏ်ကြောင့်ပဲ ချောင်းဆိုးရပ်ရပ်ချင်း ကျွန်တော် ဖင်ထိုင်ကျသွားတယ်။ ရင်ထဲမှာ မိုင်ထောင်ချီ ဖြတ်သန်းပြေးလွှားလာရသူတစ်ယောက်လို ရှုးရှုးရှားရှား မောဟိုက်လို့ အသက်ကိုတောင် အသည်းအသန် ရှူနေရတယ်။ ရင်ဘတ်တစ်ခုလုံးလည်း မို့မောက်လိုက်၊ နိမ့်ကျလိုက်ပေါ့။



ကျွန်တော် ဖင်ဒရွတ်ဆွဲပြီး ဇရပ်နဲ့ အနီးဆုံးတိုင်လေးဆီ တရွေ့ရွေ့ တိုးသွားလိုက်ကာ တိုင်ကိုမှီရင်း အမောဖြေနေမိတယ်။ မျက်လုံးကို မှိတ်ပြီး အသက်ကို မှျင်းရှူနေတာကြောင့် ပတ်ဝန်းကျင်ပြောင်းလဲသွားတာကို သတိမထားမိလိုက်ဘူး။ ကျွန်တော့်စိတ်ထင် အချိန်တော်တော်ကြာသွားတယ်ထင်တာပဲ။

"ဒေါက် . . . ဒေါက် . . ."

"ရှပ် . . . ရှပ် . . ."

တောင်ဝှေးထောက်သံကို အရင်ကြားရပြီး ဖိနပ်သံတရှပ်ရှပ်က နောက်မှပါလာတယ်။ ဘရသေ့ ပြန်လာပြီထင်တယ်။ ခြေသံက ကျွန်တော်ထိုင်နေရာနဲ့ တဖြည်းဖြည်း နီးကပ်လာပြီး ကျွန်တော့်နံဘေးမှာ ရပ်သွားတယ်။ သေချာပါတယ် ဘရသေ့ပါ။ မျက်လုံးဖွင့်မကြည့်ပေမဲ့ စိတ်က အလိုလိုသိနေတယ်။ တအောင့်ကြာတော့ ဘရသေ့ ကျွန်တော့်နားက ထွက်သွားပါတယ်။ ဒါပေမဲ့ ချက်ချင်းပဲ ပြန်ရောက်လာကာ . . .

"ထမင်းတွေလည်း ကုန်အောင်မစားပါလား နေရောင်"

မျက်လုံးကို ခပ်ဖြည်းဖြည်း ဖွင့်ကြည့်လိုက်တော့ အေးချမ်းတည်ငြိမ်နေတဲ့ ဘရသေ့မျက်လုံးနဲ့ဆုံတယ်။

"ကျွန်တော် စားချင်စိတ် မရှိလို့ပါ"

ကရုဏာသက်သော မျက်လုံးတွေ ဘရသေ့ဆီက လျှံကျလာတယ်လို့ထင်ရပြီး ခေါင်းကို ခပ်လေးလေးယမ်းကာ . . .

"မင်းနဲ့တော့ ခက်နေပါပြီကွာ"

တိုးတိုးဖွဖွပြောရင်းနဲ့ပဲ သက်ပြင်းကိုချရင်း လှည့်ထွက်သွားပါတယ်။ ဘရသေ့ဦးတည်ရာက နံရံသစ်သားချပ်တွေ ကွာကျပျက်စီးနေသော ဇရပ်သာသာ ကျောင်းအိုလေး တစ်လုံးဆီကိုပါ။ တောင်ဝှေးကို တဒေါက်ဒေါက်ချရင်း တစ်လှမ်းချင်း လျှောက်ကာသွားတဲ့ ဘရသေ့ကျောပြင်ကို ကြည့်ပြီးတော့ပဲ ကျွန်တော် ပင့်သက်တစ်ချက် ရှိုက်မိတယ်။

တစ်ခါတလေမှာတော့ ဘရသေ့လို အေးချမ်းမှုမျိုး ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com

မက်မက်မောမော လိုချင်မိပါတယ်။

ဒါပေမဲ့ ကျွန်တော့်အတွက် မဟုတ်ပါဘူး။

အတွေးနဲ့ ရှေ့တည့်တည့်က ပန်းပုရုပ်ကြီးကိုကြည့်မိတော့ လရောင်နွေးနွေးမှာ သူမက အေးချမ်းလက်ဖြာလို့။

• • •

လရောင်ဝါဝါက ရွာလေးပေါ်ကို အုပ်မိုးလို့ ပြန့်ပြန့်ဖြူးဖြူး သာယာနေတယ်။ ညဥ့်တော်တော်နက်ပြီမို့ အသံဗလံတွေ မကြားရတော့ပါဘူး။ ကျွန်တော်နဲ့ ဘရသေ့ကတော့ ပြတင်းပေါက်တစ်ခုအောက်မှာ မျက်နှာချင်းဆိုင်ထိုင်ရင်း စကားပြောနေကြတယ်။

"နေရောင် . . . မင်းရဲ့ဇာတာက ထူးခြားတဲ့ နက္ခတ်ခွင်တစ်ခုထဲကို ရောက်နေပြီ။ ဇာတာအကူးမှာ မင်းအတွက် ထူးဆန်းတာတွေ အများကြီးဖြစ်လာလိမ့်မယ်။ သတိထားပြီးနေပါ"

ပြောပြီး ဘရသေ့ အတန်ကြာအောင် ငြိမ်သက်လို့သွားတယ်။ ကျွန်တော့်ရဲ့ တုံ့ပြန်မှုကို စောင့်နေပုံပါပဲ။

"အညံ့တွေကုန်လို့ ဇာတာက လွတ်ပြီဆိုရင်တော့ မင်းဆီကို အလင်းရောင်နက္ခတ်တွေပဲ ရောက်လာမှာပါ"

ယခုထိ ကျွန်တော် ငြိမ်နေတုန်းပါပဲ။ ကြားရတဲ့ စကားတွေအတွက် တုန်လှုပ်မှုမရှိသလို မျှော်မှန်းဝမ်းသာစိတ်လည်း မရှိဘူး။ ဒါပေမဲ့ စိတ်ထဲက အမှန်တရားတစ်ခုကိုတော့ ပြောပြလိုက်တယ်။

"ဘာတွေပဲဖြစ်လာဖြစ်လာ ကျွန်တော် ဂရုစိုက်ပါဘူး။ ကောင်းတာပဲလာလာ၊ ဆိုးတာပဲလာလာ ကျွန်တော် ရင်ဆိုင်ဖို့အသင့်ပါပဲ။ ဒါပေမဲ့ တစ်ခုပဲ ဟောဒီရုပ်တုကြီးကို အပြီးမသတ်နိုင်ခင် ကျွန်တော်သေသွားမှာ ကိုဆိုးတာ"

ဒါကိုကြားတော့ ဘရသေ့ ရယ်ပါတယ်။ ရယ်နေရင်းနဲ့မှ . . .

"မင်း ရုပ်တုကြီး အပြီးမသတ်နိုင်မှာကိုတော့ မစိုးရိမ်ပါနဲ့ကွာ။



တကယ်လို့ ရုပ်တုမပြီးခင် မင်းသေသွားလည်း ဝိညာဉ်ဘဝနဲ့ပဲ မင်းဆက်ထုနေဦးမှာပဲမလား။ မင်းစိတ်ကို ငါသိပါတယ်"

ဘရသေ့စကားကြောင့် ကျွန်တော် အသက်ကို တစ်ချက်ပင့်ရှူရင်း နံရံကပြက္ခဒိန်နွမ်းနွမ်းလေးကို ကြည့်နေမိတယ်။ ပြက္ခဒိန်ပေါ်မှာက ရက်စွဲတစ်ခုကို ဝိုင်းပြီး ကြက်ခြေခတ်ထားတယ်။

ဇွန်လ ၁၅ ရက်နေ့။

ကျွန်တော့်မွေးနေ့။ ပြီးတော့ ကောင်းကင်မှာ ကြယ်တစ်ပွင့်အဖြစ် ကိုယ့်ကိုယ်ကိုယ် ပွင့်ပြရမယ့်နေ့။

ထိုစဉ်မှာပဲ မွေးနေ့နဲ့ပတ်သက်ပြီး ကျွန်တော့်စိတ်က တစ်စုံတစ်ယောက်ကို ဆွတ်ဆွတ်ငေးငေး လွမ်းမိတယ်။

လွမ်းလျှင် လုပ်နေကျအတိုင်းပဲ ကျွန်တော့်လက်က လည်ပင်းဆီ ရောက်သွားပါတယ်။ လည်ပင်းမှာက ကြိုးမျှင်မျှင်ကလေးနဲ့ တွဲချည်ထားတဲ့ ပုလင်းသေးသေးလေးတစ်လုံး။ ထိုပုလင်းလေးကို ကိုင်ပြီး ကျွန်တော် သက်ပြင်းအကြိမ်ကြိမ် ချမိတယ်။

အခုချိန်ဆို သူမ ဘာလုပ်နေမှာလဲ။ ကျွန်တော့်လိုပဲ လွမ်းနေမှာလား။ ဒါမှမဟုတ် ကျွန်တော့်ကိုမတွေ့ရလို့ ငိုနေမှာလား။ ထိန်ထိန်သာတဲ့လမင်းကြီးကိုကြည့်ပြီး ကျွန်တော့်ကို သတိရတဲ့အကြောင်း စကားတွေပြောနေမှာလား။ ဒါမှမဟုတ် ကျွန်တော့်အတွက်နဲ့ သူ့အုပ်ထိန်းသူအားလုံးကို အတိုက်အခံလုပ်နေမှာလား။

အတွေးနဲ့တင် ရင်ထဲမှာ မောလာရတယ်။

"ငါစိုးရိမ်တာ အဲဒါပဲ"

ဘရသေ့ရဲ့ အဆုံးအစမရှိစကားကြောင့် ကျွန်တော် ကြောင်ငေးငေး မော့ကြည့်မိတယ်။

"မင်းတို့ အဲလောက်တောင် ချစ်ကြတယ်လား"

ပင့်ကိုင်ထားတဲ့ ကျွန်တော့်လည်ပင်းက ပုလင်းလေးကိုကြည့်ပြီး ဘရသေ့မေးတော့ . . .

အဖြေ ပြန်မပေးမိပါဘူး။ အဖြေပေးဖို့ မလိုဘူးလို့လည်း ထင်



www.burmeseclassic.com

www.burmeseclassic.com

ပါတယ်။ ဒီပုလင်းလေးက အဖြေပေးတာထက် တိတကျတဲ့ သက်သေပဲလေ။

"ငါ အပြစ်မပြောပါဘူး။ လူတိုင်းမှာတော့ ပါရမီဖြည့်ဘက်ဆိုတာ ရှိကြတာပဲလေ။ မင်းရဲ့ချစ်သူ မိန်းကလေးကလည်း မင်းအတွက် ပါရမီဖြည့်ဘက်ကောင်းတစ်ယောက် ဖြစ်လာမှာပါ"

ကျွန်တော် ငြိမ်၍ပဲ နားထောင်နေမိတယ်။ လရောင်က အပေါ်တည့်တည့်ကို အုပ်မိုးနေပြီမို့ ပတ်ဝန်းကျင်က ခုနထက် ပိုလင်းချင်းလာတယ်။ ခပ်လှမ်းလှမ်း ရွာပြင်သချိုင်းက အုတ်ဂူဖြူဖြူလေးတွေတောင် ဟိုတစ်ကွက် ဒီတစ်ကွက်နဲ့ သံဝေဂတရားတစ်ခုကို ရွတ်ပြနေသလိုပါပဲ။

ကျွန်တော်တို့ရှိနေရာ ကျောင်းအိုစုတ်လေးက ရွာပြင်မှာဖြစ်ပြီး သချိုင်းက ကျွန်တော်တို့နဲ့ ရွာကြားမှာ နေရာယူထားတယ်။

"အခုချိန်ဆို မင်းအဖေလည်း မင်းကို လိုက်ရှာနေမှာပဲနော်"

"လိုက်ရှာမှာတော့ မဟုတ်ပါဘူး။ ဒါပေမဲ့ ကျွန်တော့်ကိုတော့ စက္ကန့်မလပ် သတိရနေလိမ့်မယ်"

"ဘာလို့ လိုက်မရှာတာလဲ။ အဖေရင်း မဟုတ်လို့လား"

ကျွန်တော် ခေါင်းယမ်းလိုက်ပါတယ်။

"ကျွန်တော်ရှိမယ့်နေရာကိုမှ မသိတာပဲ။ လိုက်မရှာနိုင်ပါဘူး။ ဒါပေမဲ့ တစ်ခုပဲ။ ကျွန်တော့်အခန်းကို ဖွင့်ကြည့်ရင်တော့ ကျွန်တော် ဘယ်မှာရှိမယ်ဆိုတာ သူတွေးမိလိမ့်မယ်"

"ဩော် . . . မင်း စာရေးခဲ့တယ်လား"

"မဟုတ်ဘူး"

အကြည့်တစ်ခု ကျွန်တော့်ထံရောက်လာတယ်။

"ပန်းပုရုပ်တစ်ခု ထုခဲ့လို့"

"ဟေ . . ."

အံ့ဩဟန်ပေါ်သွားပြီး ချက်ချင်းပင် . . .

"ပန်းပုရုပ်တစ်ခုက မင်း အခုရှိနေတဲ့ နေရာအတိအကျကို ပုံ



ဖော်နိုင်လို့လား"

ဆတ်ခနဲ ခေါင်းညိတ်မှုနှင့်အတူ ကိုယ်ထဲမှာ နွေးသွားတယ်။

"အခု ကျွန်တော်ထုနေတဲ့ ရုပ်တုကို ဘရသေ့ ဘယ်လိုသဘောရလဲ"

"ကောင်းတယ် . . . တော်တော်ကောင်းတယ်။ တော်တော်လည်း ဆန်းကြယ်တယ်။ ငါတွေ့ဖူးတဲ့ ပန်းပုရုပ်တုတွေနဲ့ လုံးဝမတူဘူး"

ကျွန်တော် ပြုံးလိုက်ရင်း . . .

သက္ကရာဇ်တွေ ကူးပြောင်းလာတာနဲ့အမျှ အနုပညာပုံစံတွေ ပြောင်းလာကြပြီ။ ၂၁ ရာစုနောက်ပိုင်းကစပြီး အနုပညာပုံစံသစ် သဘောတရားအသစ်တွေ ပေါ်လာတယ်။ အဲဒီထဲမှာ ကျွန်တော်တို့ ပန်းပုပညာလည်း အပါအဝင်ပေါ့။

အရင်ကတော့ ရုပ်တုတစ်ခု ထုတော့မယ်ဆို ပကတိနဲ့တူအောင် ကြိုးစားကြတယ်။ အခုတော့ မဟုတ်တော့ဘူး။ ရုပ်ပိုင်းထက် စိတ်ပိုင်းကို ဦးစားပေးလာကြတယ်။ အထိန်းအကွပ်မရှိ ဟိုဟိုသည်သည် လွင့်ပါးနေတဲ့ စိတ်ကူးဉာဏ်တွေနဲ့ ရုပ်တုကို ပုံဖော်ကြတယ်။

ဆိုလိုတာက ပုံတူထုလို့ လက်ရာမြောက်တယ်ဆိုတာထက် ကျွန်တော်တို့ထွင်းထုလိုက်တဲ့ ရုပ်တုတွေနောက်ကို ကြည့်ရှုသူပရိသတ်တွေ လိုက်ပါခံစားသွားရမယ်။ ရုပ်တုထဲမှာ မြစ်ရေတွေ စီးဆင်းနေမယ်။ ကမ်းစပ်လို လှိုင်းတွေ ရိုက်ခတ်နေမယ်။ ငှက်ကလေးတွေ ပျံဝဲနေကြမယ်။ အဲလိုမျိုး"

ဘရသေ့ နှုတ်ခမ်းကိုကိုက်ရင်း ခေါင်းတဆတ်ဆတ်ညိတ်တယ်။

"ဒါဆို ပုံစံသစ်နဲ့ ပုံစံဟောင်း ကွာခြားမှုကရော ဘာလဲ"

"အနီးစပ်ဆုံး ပြောရရင်တော့ ကြည်နူးမှုနဲ့ နှက်နဲမှုပေါ့။ သဘာဝအရ လူတွေဟာ အချိုးအစားပြေပြစ်လှပတဲ့ အရာဝတ္ထုကို မြတ်နိုးတတ်ကြတယ်။ အဲဒီအချိုးအစားလှပမှုကို ကြည့်ပြီး ကြည်နူးတတ်ကြတယ်။ ကျွန်တော်ခံ့မင်တဲ့ အယူအဆသစ်မှာ အဲလိုမဟုတ်ဘူး။ ကျွန်တော်တို့



www.burmeseclassic.com

www.burmeseclassic.com

မှာ အချိုးအစားမရှိဘူး။

ဒါပေမဲ့ ထွင်းထုထွက်ပေါ်လာတဲ့ ရုပ်တုတွေက နက်နဲမယ်။ လျှို့ဝှက်မှုတွေ ဆန်းကျယ်မှုတွေပါမယ်။ လူတွေရဲ့ စိတ်အာရုံကို ပြင်းထန်စွာ ဆွဲဆောင်နေရမယ်။ ပုံသဏ္ဍာန်တစ်ခုကို မိတ္တူကူးတာထက် အနက်ကောက်ခြင်း၊ သဘောဖွင့်ခြင်းလို့ ပြောရလိမ့်မယ်"

ကျွန်တော့်ပါးစပ်ကထွက်လာပေမဲ့ ကျွန်တော်ပြောတဲ့စကားတွေလို့တောင် မထင်မိပါဘူး။ တစ်စုံတစ်ခုသော အနုပညာဝိညာဉ်က ပူးကပ်ပြီး ပြောနေသလိုပါပဲ။ ဘရသေ့ကတော့ စကားကို နားထောင်ရင်း လရောင်ထိုးကျနေတဲ့ သင်္ချိုင်းဆီ ကြည့်လို့နေပါတယ်။ ပြီးတော့ သူသိလိုသမျှကိုလည်း တစ်ချက်တစ်ချက်မေးတယ်။

"မင်း ရုပ်တုတစ်ခုကို အချိန်ဘယ်လောက်ယူရသလဲ"

"အကန့်အသတ်မရှိဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ပုံတူထုတာမဟုတ်လို့ပဲ။ နောက်ပြီး ကျွန်တော်တို့မွေးထုတ်လိုက်တဲ့ ရုပ်ပုံတွေကိုလည်း ဘယ်သူမျှ ပုံတူကူးလို့မရဘူး။ စိတ်ကိုအခြေခံတဲ့ လက်ရာဆိုတာ တစ်ကြိမ်ပဲ"

ထိုစကားကြောင့် ဘရသေ့က ပြက္ခဒိန် နွမ်းနွမ်းလေးကို ခဏ ကျွန်တော်ကြည့်သလိုမျိုးပဲ တစ်ချက်လှမ်းကြည့်လိုက်ပြီး . . .

"ဒါဆို မင်း အချိန်လောက်ငပါ့မလား"

"အနုပညာကို ဆောင်ခတ်လို့မရဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ဆောင်ခတ်ခံရတဲ့ အနုပညာတိုင်းဟာ ဂန္ထဝင် ဖြစ်မလာလို့ပဲ။ အနုပညာဆိုတာ အရမ်း သိမ်မွေ့လွတ်လပ်တဲ့ ဖန်တီးမှုတစ်မျိုးပါ။ ဒါကိုမှ ထိန်းချုပ်ရင်၊ စည်းတားရင် အဲဒီအနုပညာကိုရော အနုပညာရှင်ကိုရော သတ်ပစ်လိုက်တာနဲ့ အတူတူပဲ။ ကျွန်တော့်ကိုယ်ကျွန်တော် ဘယ်တော့မှ မသတ်ဘူး။ သူများသတ်တာလည်း မခံဘူး။ ဒီရုပ်တုမှာ ပြီးဆုံးတဲ့အချိန် မရှိဘူး။ ကျွန်တော့်လက်နဲ့ ထုရိုက်တဲ့ ဆောက်ချက်တွေ ရပ်သွားတဲ့နေ့ဟာ ဟောဒီရုပ်တု အပြီးသတ်သွားတဲ့နေ့ပါပဲ"

"ဒါဆို ပြက္ခဒိန်မှာ ဝိုင်းထားတဲ့ ဇွန်(၁၅)ရက်နေ့ဆိုတာက.."



"ကျွန်တော့်မွေးနေ့ပါ။ ဒါပေမဲ့ အဲဒီနေ့အမီ ရုပ်တုအပြီးသတ်နိုင်ဖို့ ကျွန်တော် အတတ်နိုင်ဆုံး ကြိုးစားမှာပါ"

ထိုစကားကြားရတော့မှ ဘရသေ့မျက်နှာမှာ စိုးရိမ်ပူပန်မှုတို့ လျော့ကျပျောက်ကွယ်သွားတယ်။ ဒါပေ့ ကျွန်တော်လည်း ယတိပြတ် မပြောရဲသေးပါဘူး။ အနုပညာမှာ အနားကွပ်မှုမရှိတာပဲ။

လာမယ့် (၁၅) ရက်နေ့ကတော့ ကျွန်တော့်ဘဝအတွက် အရေးအကြီးဆုံး နေ့တစ်နေ့ဆိုတာ သေချာပါတယ်။ ကျွန်တော်တင်မဟုတ်ဘူး ကျွန်တော်တို့ လောကတစ်ခုလုံးအတွက် အသက်တမျှ တန်ဖိုးကြီးမယ့်နေ့။

ဒါပေမဲ့ . . .

"စိတ်တော့ မပူပါဘူး။ (၁၅)ရက်နားနီးလို့မှ မင်းသတင်းမထူးရင် သူတို့ မင်းအခန်းကို ဖွင့်ကြလိမ့်မယ်။ ပြီးတော့ မင်းကို ဝိုင်းရှာကြလိမ့်မယ်"

"ဟင့်အင်း . . . "

" . . . . . . "

"ကျွန်တော်ရှိနိုင်မယ့်နေရာကို ကျွန်တော့်မွေးစားအဖေကလွဲပြီး ဘယ်သူမျှ တွေးနိုင်မှာမဟုတ်ဘူး"

"ငါလည်း ယုံပါတယ်။ ဒါပေမဲ့ မင်းအဖေကိုယ်တိုင် ပါလာမှာပါ"



www.burmeseclassic.com

www.burmeseclassic.com

( ၁ )

အဲဒီနေ့က ကိုယ်ဘယ်လိုမှ အလုပ်လုပ်လို့ မရခဲ့ပါဘူးချစ်သူ။ တစ်နေ့လုံး ကိုယ့်ဝိညာဉ် ကိုယ်ပြန်နိုးပေမဲ့ အနုပညာဝိညာဉ်က နိုးမလာခဲ့ဘူး။ စိတ်ထဲမှာလည်း ကောက်ကြောင်းတွေ၊ မျဉ်းမာမျဉ်းပျော့တွေ၊ ဆောက်ချက်တွေနဲ့ ရှုပ်ယှက်ခတ်နေတယ်။ ဒါနဲ့ပဲ ကိုယ် အားလုံးကို ပစ်ချပြီး အိမ်ထဲက ထွက်ခဲ့ပါတယ်။

အဲဒီမှာပဲ ကိုယ့်နှလုံးသားကို လှုရှုပ်ရှုပ်ပန်းချီအရောင်းပွဲတစ်ခုမှာ ပြန်ရှာတွေ့ခဲ့တာပေါ့။

ညနေ တစ်ခုပေးဖို့ မြို့လယ်လမ်းမထက်မှာ လူတွေ ပျားပန်းခတ် လှုပ်ရှားသွားလာနေကြတယ်။ လမ်းဘေးလက်ဖက်ရည်ဆိုင်နဲ့ အာဟာရဆိုင်တွေ၊ လက်ဖက်သုပ်၊ ချင်းသုပ်ဆိုင်တွေ၊ ဝက်သားတုတ်ထိုးဗန်းတွေနဲ့ ညနေတစ်ခုက မထုဆစ်ရပါပဲ ကဗျာဆန်ကာ လှလို့နေပါတယ်။ အဲဒီလမ်းပေါ်မှ ကိုယ်တစ်ယောက်တည်း လျှောက်လို့နေခဲ့တာပေါ့။



ဒီမှာတင် ကျွန်တော်တို့ ရန်ကုန်မြို့လယ်ခေါင် ဆူးလေဘုရားကြီးရဲ့ အဝိုင်းပတ်တစ်နေရာမှာ လူတွေဝိုင်းအုံနေတဲ့ မြင်ကွင်းတစ်ခုကို တွေ့ရတယ်။ ပုံမှန်အတိုင်းတော့ ဒါဟာ လမ်းဘေးမျက်လှည့်ပွဲတစ်ခုဟုတ်ရင်ဟုတ်၊ မဟုတ်ရင် ရှားပါးဆေးဖက်ဝင်ပစ္စည်းတွေ ရောင်းချတဲ့ဆိုင်တစ်ခုပါပဲ။

သွားကြည့်လိုက်တော့ အထင်နဲ့အမြင် တက်တက်စင်အောင် လွဲသွားပါတယ်။ ကျွန်တော်ထင်တာ တစ်ခုမှမဟုတ်ဘဲ ချက်ချင်းဆွဲချက်ချင်းရောင်းတဲ့ ပန်းချီအရောင်းဆိုင်လေးတစ်ခုပါ။ သာမန်အားဖြင့်တော့ ဘာမှ ထူးထူးခြားခြား လူအုံစရာမရှိပါဘူး။ ဒါပေမဲ့ အသင့်အတင့် ဈေးနှုန်းနဲ့ ဆွဲသားသူ ပန်းချီဆရာလေးကြောင့် လူတွေ ဝိုင်းအုံကြည့်နေကြတာပါပဲ။

အလွန်ဆုံးရှိမှ ဆယ်နှစ်ပေါ့။ ဒါပေမဲ့ မထင်ရလောက်အောင် လက်ရာတွေက ပြောင်မြောက်နေတယ်။ ကျွန်တော် ဝင်တိုးကြည့်မိတော့ ကျွန်တော်တို့ မြို့သူမြို့သားတွေပင် မဟုတ်ပါဘူး။ နိုင်ငံခြားသားအချို့တောင် တအံ့တဩ ကြည့်ရှုလို့နေပါတယ်။ လက်ထဲမှာလည်း ဝယ်ယူဂုဏ်ပြုထားတယ်ထင်ရတဲ့ ပန်းချီကားလိပ်တွေနဲ့ပေါ့။

ဖြန့်ခင်းထားတဲ့ ပန်းချီတွေကိုကြည့်မိတော့ စေတီပုံ၊ ရှုခင်းပုံ၊ တိရစ္ဆာန်အလှပုံအချို့နဲ့ တောင်ကုန်းမြင့်လေးတွေပေါ်မှ ခပ်လှလှနေချင်စဖွယ် အိမ်ပုံစံမျိုးစုံကို စိတ်ကူးဉာဏ်ကွန့်ပြီး ရေးဆွဲထားတာ တွေ့ရတယ်။ ကြည့်နေမိရင်းနဲ့ တစ်နေရာမှာတော့ ကျွန်တော့်အာရုံကို ပန်းချီကားတစ်ချပ်က ညို့ငင်ဆွဲခေါ်သွားခဲ့ပါတယ်။

အဲဒါက မီးပြတိုက်တစ်ခုပုံကို ရေးဆွဲထားတဲ့ ပန်းချီကားပါ။ ဘေးမှာ ပင်လယ်လှိုင်းလုံးတွေ၊ ကျောက်ဆောင်တွေ၊ သစ်ပင်တွေပုံကို မထင်မရှား ရေးဆွဲထားပြီး မီးပြတိုက်က ထိုအရာအားလုံးအပေါ်ကိုမိုးကာ အလင်းရောင် ဖြန့်ကျက်ပေးထားတဲ့ပုံ။ ထူးခြားသွားတာကတော့ ညမှောင်မှောင်ကို နောက်ခံယူထားတဲ့ အချက်ပါပဲ။ ညမှောင်မှောင်အောက်မှာ ပင်လယ်၊ ကျောက်ဆောင်နဲ့ သစ်ပင်တွေက အရောင်ကွဲပြီး ရှင်းလင်း



www.burmeseclassic.com

www.burmeseclassic.com

နေတယ်။

ပြီးတော့ ထိုအပေါ်ကို မီးပြတိုက်ရဲ့ အလင်းရောင်က တစ်ပိုင်းတစ်စ ကျရောက်ပေးထားတယ်။ ဆေးဆက်စပ်သုံးစွဲမှု အရမ်းအသက်ပါပါတယ်။ ကြည့်နေရင်းနဲ့ ကျွန်တော် ကြက်သီးဖြိုင်းဖြိုင်း ထသွားမိတယ်။

ပန်းချီအခြေခံရှိသူတွေသာ သိရှိနိုင်တဲ့ အယူအဆတစ်ရပ်ဖြစ်ပေမဲ့ ရေးဆွဲသူဆရာလေးရဲ့ ပါရမီကတော့ နည်းနည်းနောနော မဟုတ်ပါဘူး။

ချက်ချင်းပဲ ကျွန်တော် ထိုပန်းချီပုံကို ကောက်ကိုင်လိုက်တယ်။

"ဒီပုံယူမယ်"

"ဒီပုံယူမယ်"

ကျွန်တော် နှစ်ခါမပြောလိုက်တာ သေချာပါတယ်။ ပြီးတော့ မိန်းကလေးအသံနဲ့လည်း လုပ်မပြောတတ်ပါဘူး။ ဒါဆို . . .

ပန်းချီပုံလေးက လေထဲမှာ လက်နှစ်ချောင်းနဲ့ တန့်နေတယ်။ တစ်ဖက်စွန်းက ကျွန်တော့်လက်ဖြစ်ပြီး အခြားတစ်ဖက်ကတော့ မိန်းကလေးတစ်ယောက်ရဲ့လက်ပါ။ ဒီလိုနေရာမျိုးမှာ လူများစုကတော့ ချက်ချင်းပဲ တစ်ဖက်လူကို စူးစမ်းမိကြမှာဖြစ်ပေမဲ့ ကျွန်တော်ကတော့ ပန်းချီလေးရဲ့ တစ်ဖက်စွန်းနဲ့တင် အသက်ရှူမှားသွားရပါပြီ။

လက်လေးတစ်ဖက်။ သွယ်ဉဖွေးဖြူတဲ့ လက်ချောင်းဖောင်းဖောင်းလေးတွေ။ ချက်ချင်းပဲ ကျွန်တော့်အပေါ်ကို နှင်းတွေ ဖွဲခနဲကျလာသလိုပါပဲ။ ရင်ထဲမှာ အေးစိမ့်သွားတယ်။ ပြီးတော့ ပတ်ဝန်းကျင်က ရေခဲရိုက်ခံလိုက်ရသလို လှုပ်ရှားမှုတွေအားလုံး ရပ်သွားတယ်လို့ ထင်မိတယ်။

မောင်းနေတဲ့ကားတွေ၊ သွားလာလှုပ်ရှားနေကြသူတွေ၊ အော်ရောင်းနေတဲ့ ဈေးသည်တွေ၊ မုန့်စားနေကြသူတွေအားလုံး လုပ်လက်စအလုပ်တွေ ခဏရပ်တန့်ပြီး ဒီအတိုင်း ကျောက်ရုပ်တွေလို ငြိမ်သက်သွားတယ်လို့ ထင်မိတယ်။

ညာဘက်လက်ချောင်းလေးတွေရဲ့ သွေးလည်ပတ်မှုအရ ကျွန်



တော့်လက်ချောင်းတွေကိုလည်း အကြည့်တစ်ခု စူးစူးနစ်နစ် စိုက်ကြည့်နေကြောင်း ခံစားမိတယ်။ ထိုအတိုင်းလေးပဲ ကျွန်တော့်တို့အကြည့်တွေ တဖြည်းဖြည်း မြင့်တက်သွားကြပါတယ်။

ဒါပေမဲ့ နေရာတစ်ခုအရောက်မှာတော့ . . .

"အို . . . "

ရက်သွေးနဲ့ ငုံ့သွားတဲ့ သူမရဲ့ အလှတစ်ခုအောက်မှာ . . .

"မင်းယူလိုက်ပါ"

ပန်းချီကားကို ကိုင်ထားဆဲလက်တစ်ဖက်ကို လွှတ်ချလိုက်တယ်။ ထိုတော့မှ ပတ်ဝန်းကျင်မှ လေတိုးသံတွေ၊ ကားဟွန်းသံတွေ၊ လူသူလှုပ်ရှားသံတွေကို ပြန်ကြားရတယ်။ ကမ္ဘာကြီး အခိုက်အတန့်ရပ်တန့်သွားရာမှာ ပြန်လည်ပတ်သွားပါပြီ။

ကျွန်တော်ကတော့ လည်ပြန်လှည့်ကြည့်ရင်း လျှောက်လှမ်းသွားတဲ့ ချစ်သူရဲ့ပုံရိပ်ကိုကြည့်ကာ စိတ်ကူးထဲမှာ ရုပ်ပုံတစ်ခု ဖန်တီးမိလေရဲ့။

ပြီးတော့ နာမည်တစ်ခုကိုလည်း ချက်ချင်းပေးမိတယ်။

**"Snow's Finger"**

* * *



www.burmeseclassic.com

www.burmeseclassic.com

## ( ၆ )

"သား . . . မအိပ်သေးဘူးလား"

"ဟုတ်ကဲ့ ဦးလေးငွေ။ အိပ်မပျော်တာနဲ့ ပန်းပုထထုနေတာ"

ဦးလေးငွေက အနားရောက်လာရင်း ကျွန်တော်ထုလုပ်တဲ့ ရုပ်ပုံကိုကြည့်ပါတယ်။ ပြီးတော့ . . .

"snow's finger လေးပဲလား"

"ဟုတ်တယ်။ အဲဒီအရုပ်လေးကို မြန်မြန်အပြီးသတ်ချင်နေပြီ။ ဒါပေမဲ့ စိတ်တိုင်းမကျသေးတာနဲ့ ကြာနေတာ"

"နို့ . . . မင်းဟာက တော်တော်ပြည့်စုံနေပြီပဲ။ ရုပ်လို့တောင်ရနေပြီ"

ကျွန်တော် အရုပ်လေးဆီးမှခွာရင်း အတန်ကြာ ရုပ်ကြည့်နေမိတယ်။

"ဒါပေမဲ့ တစ်ခုခုလိုနေသလိုပဲ . . . "



ကျွန်တော့်ကိုကြည့်၍ ဦးလေးငွေ အတန်ကြာ ရယ်ပါတယ်။

"ဟုတ်တာပေါ့ကွာ။ အပြင်မှာလည်း တစ်ခုခု လိုနေတာပဲဥစ္စာ။ အပြင်မှာလည်း မင်း အဆုံးသတ်နိုင်သေးလို့လား"

ထိုစကားက ကျွန်တော့်နှလုံးသားကို တိုက်ရိုက်ထိသွားပါတယ်။ ဟုတ်တာပဲ။ အပြင်မှာတောင် ကျွန်တော် အဆုံးမသတ်နိုင်သေးတဲ့ဥစ္စာ။ ထုလုပ်တဲ့ရုပ်ပုံမှာလည်း တစ်ခုခုလိုနေမှာပေါ့။

"တော်တော်ချောလား"

ကျွန်တော် နှုတ်ခမ်းနှစ်လွှာကို တင်းတင်းစေ့၍ ခေါင်းညိတ်ရင်း . . .

"ချောတယ်"

ဦးလေးငွေက ကျွန်တော့်မျက်လုံးထဲမှ အဖြေမှန်တွေကို နှိုက်ထုတ်သလို သေချာကြည့်တယ်။ နောက် . . . တစ်ခုခုကို ကျေနပ်သလို ခေါင်းတဆတ်ဆတ်ညိတ်ကာ . . .

"သား . . . ဒါဆို မင်းအချစ်ကို ရှာတွေ့ခဲ့ပြီပေါ့"

ကျွန်တော် အဖြေမပေးမိပါဘူး။ ဦးလေးငွေကပင် ဆက်၍ . .

"အချစ်ကို ရှာတွေ့တယ်ဆိုတာမှာလည်း အမျိုးမျိုးရှိတယ်ကွ။ တချို့က ရုပ်ချောတဲ့မိန်းကလေးတွေမှာပဲ တို့ယောကျ်ားလေးတွေ စိတ်ဝင်စားနိုင်တဲ့ အလှရှိတယ်ထင်ကြတာ။

ရုပ်ဆိုးတဲ့ မိန်းကလေးတစ်ယောက်ပဲ ဖြစ်နေပါစေနော် သူ့မှာလည်း သူ့ကိုယ်ပိုင်အလှတစ်ကွက်ဆိုတာရှိတယ်။ အဲဒီအလှတစ်ကွက်ကို မြင်အောင်ကြည့်နိုင်ဖို့ပဲလိုတာ။ မြင်သွားပြီဆိုရင်တော့ အဲဒီအလှဟာ တို့ယောကျ်ားလေးတွေအတွက် အချစ်တစ်ခုဖြစ်သွားလို့ရတယ်"

ဦးလေးငွေရဲ့ အချစ်နဲ့ပတ်သက်သော ဒဿနတွေက တစ်ခါတစ်ရံမှာ အသုံးတည့်လှပါတယ်။ ဒါကြောင့်လည်း ရုပ်ဆိုးတဲ့မိန်းကလေးတွေရဲ့ ကိုယ်ပိုင်အလှတစ်ကွက်ကို လိုက်ရှာရင်း လူပျိုကြီးဖြစ်လာတာ။

"မင်းရဲ့ . . . snow's finger လေးကိုရော သူ့ရဲ့ဘယ်အစိတ်အပိုင်းနဲ့ စိတ်ဝင်စားသွားတာလဲ"



www.burmeseclassic.com

www.burmeseclassic.com

“လက်ချောင်းလေးတွေ။ ဟုတ်တယ် . . . သူ့ရဲ့လက်ချောင်းလေးတွေကို စိတ်ဝင်စားသွားတာ”

ကျွန်တော့်စကားဆုံးတော့ ဦးလေးငွေက ထုလုပ်ဆဲရုပ်ပုံကို တစ်ချက်လှမ်းကြည့်ကာ . . .

“ဟုတ်မှာပါ။ ဒီပုံမှာရှာရင်တောင် တွေ့နိုင်တာပဲ။ မင်းဖွက်ထားပေမဲ့ ငါမြင်နေရတယ်။ မင်းရဲ့ snow's finger လေးတွေက ဆံပင်ထဲမှာ။ ဒါပေမဲ့ ရောနေတယ်”

ပန်းပုဆရာဆိုတာ ရုပ်တုတစ်ခုရဲ့ လျှို့ဝှက်ချက်ကို သာမန်လူတွေထက်တော့ ရှာတွေ့နိုင်တာပဲလေ။ ဒါ မဆန်းပါဘူး။

“ဟုတ်တယ်”

“ဒီရုပ်တုပြီးသွားရင်တော့ မင်း ပြပွဲတင်ဦးမှာလား”

ဒီတစ်ခါတော့ ခပ်သွက်သွက်ကို ကျွန်တော် ခေါင်းယမ်းပြလိုက်ပါတယ်။

“မတင်ပါဘူး။ ဒါ ကျွန်တော့်ကိုယ်ပိုင်ပြခန်းအတွက် ရည်ရွယ်ပြီးထုထားတာ”

ကျွန်တော့်စကားကြောင့် ဦးလေးငွေ မျက်မှောင်တစ်ချက်ကြုတ်သွားတယ်။ ထူးဆန်းသွားတဲ့ စကားအသွားအလာကြောင့် အတန်ငယ် အံ့သြသွားပုံရလေရဲ့။ ပြီးတော့ တစ်ခုခုကို သဘောပေါက်သွားသလို ကျွန်တော့်ကို တစ်ချက်လှမ်းကြည့်တယ်။ မျက်ဝန်းနှစ်ခုက အသံမမြည်အောင် ထိသွားပေမဲ့ ထူးခြားသွားတဲ့ အရာတစ်ခုကို ကျွန်တော်တို့နှစ်ယောက်ကလွဲပြီး ဘယ်သူမှ မမြင်လိုက်ပါဘူး။

အကြည့်ချင်း အားပြိုင်သွားတယ်။ တအောင့်ကြာတော့ ဦးလေးငွေရဲ့ အားပေးသံလိုလို၊ အသိအမှတ်ပြုသံလိုလို စကားအချို့က တစ်လုံးချင်း လိမ္မာပါးနပ်စွာ ထွက်ကျလာတယ်။

“မင်းပြခန်းကို ဘယ်သူတွေကို လာခွင့်ပေးမှာလဲ”

“ကမ္ဘာအရပ်ရပ်က အနုပညာချစ်သူတွေကို”

ဦးလေးငွေ ပြုံးသွားတယ်။



“တစ်ချိန်ကျရင်တော့ ကျွန်တော်တို့အားလုံးက လောကကြီးထဲက ထွက်ခွာသွားရမှာပဲလေ။ ဘယ်သူမှ ထာဝရရှင်သန်ဖို့ မဖြစ်နိုင်ဘူး။ အဲဒီအခါမှာ ကမ္ဘာကြီးအတွက် ကျွန်တော့်ကိုယ်စား ထာဝရရှင်သန်နိုင်တဲ့၊ ရှင်သန်ခွင့်ရှိတဲ့ ရုပ်တုတစ်ခု ဖန်တီးပေးခဲ့ချင်တယ်။ အဲဒါဆို ကျွန်တော် သေပျော်ပြီ”

စကားဆုံးသွားတော့ . . .

“ဒါဆိုရင်တော့ မင်းကို တစ်ခုလောက် တောင်းဆိုချင်တယ်သား”

“ဘာလဲ”

ဦးလေးငွေရဲ့ သက်ပြင်းချသံသဲ့သဲ့ကို ကြားရတယ်။

“မင်းရဲ့အုတ်ဂူကိုလည်း ကမ္ဘာ့အရပ်ရပ်က ပြည်သူတွေကို လာခွင့်ပေးလိုက်ပါ”

* * *



www.burmeseclassic.com

www.burmeseclassic.com

ငါ့ကောင်းကင်မှာ မိုးတွေညို့
ငါ့ကမ်းပါးက တစ်ဝက်တိတိ ပြိုကျနေပြီ။
ကူသူမရှိဘူး ကယ်သူမရှိဘူး။
ဒါပေမဲ့ . . .
နှယ်တစ်ချောင်းကို မွေးထုတ်ပေးနိုင်တဲ့
စိတ်တစ်ချက် ငါ့အနုပညာထဲမှာရှိတယ်။
အဲဒီစိတ်နဲ့ ထိုနှယ်ကို အသက်သွင်းမယ်။
ပြီးတော့ ငါ့နှလုံးသားနဲ့ ခိုတက်မယ်။

ငါ အသိခါခါပြောခဲ့ဖူးတဲ့ စကားလိုပေါ့ . . .
အနုပညာဆိုတဲ့ ပင်လယ်ကြီးထဲမှာ
မသေခင်တော့ ကူးခတ်နေဦးမှာပါပဲ။
ကံကောင်းရင် ယေသလာကကယ်မယ်။
ကံမကောင်းလည်း . . .
အဟင်း . . . ရပါတယ်။





( ၄ )

ကျွန်တော်တို့ဆုံနေကျ မြေစိုက်လက်ဖက်ရည်ဆိုင်လေးထဲကို လှမ်းဝင်လိုက်တော့ နန်းဝေက စားပွဲတစ်ဝိုင်းမှ လှမ်းခေါ်တယ်။

"လာကွာ . . . နေရောင် မင်းကိုစောင့်နေကြတာ"

ခရီးရောက်မဆိုက် ကြားလိုက်ရသောစကားကြောင့် ကျွန်တော် အနည်းငယ်ကြောင်သွားတယ်။

"ကျွန်တော့်ကို စောင့်နေတာ"

နားဝေတိမ်တောင် မေးလိုက်တော့ . . .

"အေး . . ."

"အကြောင်းထူးရှိလို့လား"

"မဟုတ်ဘူး။ မင်းကို ညှဉ်းမလို့"

ခုံဆွဲပြီး ဝင်ထိုင်လိုက်စဉ်မှာပဲ ကဗျာဆရာသဲဝေက ကျွန်တော့်ရှေ့ကို အသင့်လှန်ပြီးသား မဂ္ဂဇင်းတစ်အုပ် ထိုးပေးတယ်။ ကြည့်လိုက်မိတော့ . . .

"ဩော် . . ."



www.burmeseclassic.com

www.burmeseclassic.com

၊ ထွက်သွားသော်လည်း ရင်ထဲမှာတော့ အတိုင်း အဆမရှိ ...သွားတယ်။ အကြောင်းကား လူကြိုက်အများဆုံး ပန်းပုရုပ်အဖြစ် ပြခန်းတင်ထားတဲ့ ကျွန်တော့်ရဲ့ 'အမေတစ်ယောက် ဖန်ဆင်းခြင်း' ဆိုတဲ့ ရုပ်တုက နံပတ်နှစ်နေရာမှာ ရောက်လို့နေပါတယ်။ ဒါကို ကြည့်ပြီး ဘော်ဒါတွေက ဝိုင်းညှင်းဖို့ ကြိုးစားနေခြင်းပါ။ နံပါတ်တစ်ကတော့ ထုံးစံအတိုင်းပဲ 'မြစ်တို့ရဲ့သံစဉ်' အမည်နဲ့ သူရိန်ထွန်းပေါ့။

"ဒါများကွာ . . . အထူးအဆန်းလုပ်လို့။ တစ်မှမဟုတ်တာ"

"ဟား . . . ဟား . . . မရဘူးလေ။ မင်းအသက်အရွယ်နဲ့ အခုလို နေရာရတာကို မင်းက နည်းတယ်ထင်လို့လား။ အောက်မှာကြည့်ကြည့်လိုက် . . . ဟောကောင်။ ပန်းပုလောကမှာ ဆယ်စုနှစ်နှစ်ခုမက ကျင်လည်နေ့တဲ့ ဆရာကြီးတွေတောင် မင်းအောက်မှာမနည်းဘူး"

ဟုတ်ပါတယ် . . . ။ ဒါကိုတော့ ငြင်းလို့မရပါဘူး။ ထိုစဉ်မှာပဲ ကျွန်တော်တို့ပြောစကားကို နားထောင်နေဟန်တူတဲ့ တစ်ဖက်ဝိုင်းမှ ပန်းချီဆရာ ဆူးရဲနီက . . .

"ကြိုးစားစမ်းပါကွာ။ မင်းကို ငါတို့အားလုံးက မျှော်လင့်ထားကြတာ။ မင်း ဒီလက်အတိုင်းသာဆက်သွားရင် သူရိန်ထွန်းကိုကျော်ပြီး ခေတ်တစ်ခေတ်ရဲ့ အကောင်းဆုံးပန်းပုဆရာတစ်ယောက်အဖြစ် ပြည်ပကို ထိုးဖောက်နိုင်လိမ့်မယ်"

ဆရာဆူးရဲနီစကားကြောင့် ကျွန်တော့်နှလုံးခုန်သံတို့ နွေးသွားတယ်ထင်တာပဲ။ ပြီးတော့ လက်ထဲမှ စာအုပ်ကိုလည်း နောက်တစ်ကြိမ်ထပ်ကြည့်ဖြစ်တယ်။

သူရိန်ထွန်းဆိုတာ လူငယ်ပန်းပုပညာရှင်တွေထဲမှာ အတော်ဆုံးပန်းပုဆရာပါ။ နိုင်ငံတကာ သံရုံးတွေက ပန်းပုနဲ့ပတ်သက်ရင် မခေါ်မဖြစ် ဖိတ်ခေါ်ဆွေးနွေးရပြီး တဖွဖွ ချီးကျူးဆက်ဆံရတဲ့ လူတစ်ယောက်။ နိုင်ငံတကာ ပန်းပုလောကမှာလည်း သူရိန်ထွန်းဆိုတဲ့ နာမည်က တော်တော်ပေါက်ရောက်ပါတယ်။ သူရိန်ထွန်းလက်မှတ်ပါတဲ့ ရုပ်တုတွေဆိုရင် ဈေးကြီးပေးပြီး ဝယ်ယူချင်ကြသူတွေ ပေါမှပေါပဲ။



နိုင်ငံတွင်း ပန်းချီ၊ ပန်းပုပြပွဲ လုပ်ပြီဆိုရင်လည်း သူ့ရုပ်တုတွေက လူကြိုက်အများဆုံး နံပါတ်တစ်နေရာမှာ အချိန်ပြည့်နီးပါးယူထားတယ်။ ထိုစဉ်မှာပဲ တစ်ချိန်လုံးငြိမ်နေတဲ့ ကိုချိုက . . .

"ဟုတ်တယ်ကွ . . . ။ အခုဆို မင်းက သူရိန်ထွန်းနဲ့ အပြိုင်ဖြစ်လာပြီ။ ပန်းပုအကဲဖြတ် ပညာရှင်တွေအားလုံးကလည်း မင်းလက်ရာတွေကို စောင့်ကြည့်အကဲခတ်လာကြပြီ။ အဲတော့ မင်း မပေါ့နဲ့တော့။ အကောင်းဆုံးလက်ရာတွေ ဖန်တီးနိုင်အောင်သာ ကြိုးစား"

ကျွန်တော် တရိုတသေ ခေါင်းညိတ်မိပါတယ်။ ရှင်းရှင်းပြောရရင် ဒီကိုလာတတ်သူတွေထဲမှာ ကျွန်တော်က အငယ်ဆုံးလိုဖြစ်နေတော့ ကျွန်တော့်ကို အကုန်လုံးက ဝိုင်းချစ်ကြတယ်။

သဲဝေနဲ့ နန်းဝေကတော့ လက်ဖက်သုပ်နဲ့ ဆေးလိပ်တစ်ပွဲ ထပ်မှာတယ်။ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်လေးက လက်ဖက်ရည်နဲ့ လက်ဖက်သုပ်၊ ချင်းသုပ်ကလွဲရင် ဘာမှမရပါဘူး။ အနုပညာကို တစိုက်မတ်မတ် ခုံမင်ပြင်းထန်လွန်းသူ စစ်စစ်တွေသာ အထိုင်များတဲ့ဆိုင်မို့ ဒီလောက်နဲ့ပင် ပြည့်စုံလို့နေပါတယ်။ ဒီထက်ပိုရင်လည်း စားနိုင်ကြမှာမဟုတ်ဘူးလေ။

"မင်း ပြန်ခန်းဘက် ရောက်ဖြစ်သေးလား"

"မရောက်ဖြစ်ဘူး"

ကျွန်တော့်အဖြေကြောင့် နန်းဝေက ခေါင်းညိတ်တယ်။ နန်းဝေလည်း ပန်းပုဆရာတစ်ယောက်ဖြစ်ပြီး သူ့လက်ရာတွေက ပေါ့ပေါ့ပါးပါးနဲ့ လှတယ်။ ဈေးကွက်ရှိတယ်ဆိုတဲ့ သဘောမျိုးပေါ့။

"နေရောင် . . . မင်း 'ရိုဒင်' ရဲ့ အတ္ထုပ္ပတ္တိစာအုပ် ဖတ်ပြီးသွားပြီလား"

"ဖတ်ပြီးသွားပြီ။ ဘာဖြစ်လို့လဲ"

ရိုဒင်ဆိုတာ ကမ္ဘာကျော် ပြင်သစ်ပန်းပုပညာရှင်ကြီးပါ။ နန်းဝေက အတန်ငယ် စဉ်းစားရင်း။

"မဟုတ်ပါဘူး။ သူ့အတွေးအမြင်တွေနဲ့ ပတ်သက်ပြီး မင်း



www.burmeseclassic.com

www.burmeseclassic.com

ဘယ်လိုသဘောရလဲ သိချင်လို့ပါ”

ကျွန်တော် ငြိမ်သွားမိတယ်။ အခုလို ကမ္ဘာကျော်ပညာရှင်တစ်ယောက်ရဲ့ အတွေးအမြင်ကို ဝေဖန်ဖို့ဆိုတာ မလွယ်ပါဘူး။

“ငါတွေးမိသလောက်ပဲ ပြောပြမယ်နော်။ အမှန်အတိုင်းပြောရရင် ရိုဒင်က သူ့လောကကို သူ အားမရခဲ့ဘူး။ သူတို့ ပြင်သစ်ပန်းပုလောကဟာ ဂရိ၊ အီတလီတို့ကို မယှဉ်နိုင်ဘူးလို့ထင်တယ်။ အဲဒါကြောင့်ပဲလားမသိဘူး။ တချို့ သူ့လက်ရာတွေမှာ စိတ်ဓာတ်အားနည်းနေတာမျိုးကို တွေ့ရတယ်။

ဒါပေမဲ့ သူလည်း စွယ်စုံပညာရှင်ကွ။ ပန်းပုတင်မကဘူး။ ပန်းချီနဲ့ နက္ခတ်ဗေဒပညာရပ်တွေမှာလည်း ပေါက်ရောက်တယ်။ တချို့ သူပြောသွားတာတွေကို ကြည့်ပါလား။ ၂၀ ရာစုနောက်ပိုင်း ကမ္ဘာနဲ့အဝှမ်းပြောင်းလဲလာမယ့် အနုပညာသဘောတရားသစ်တွေကို မီးမောင်းထိုးပြသွားသလိုပဲ”

စကားဆုံးတော့ နန်းဝေတစ်ယောက် တဆတ်ဆတ် ခေါင်းညိတ်ပါတယ်။ ကိုချိုကလည်း သူ့အမြင်ကို ဝင်ပြောတယ်။

“ဒီလိုပါပဲ ကမ္ဘာတုန်စေတဲ့ ပုဂ္ဂိုလ်တော်တော်များများရဲ့ တချို့စကားတွေဟာ အနာဂတ်မှာ မှန်လာတာများတယ်”

ဒီစကားကတော့ ကန့်ကွက်စရာ တစ်လုံးမျှမရှိပါဘူး။ ကျွန်တော်အပါအဝင် ဝိုင်းထဲမှာရှိနေသူတွေအားလုံး ထောက်ခံကြတယ်။

“နေရောင် . . . မနက်က မင်းကို လူလေးယောက် လာရှာသွားတယ်ကွ”

ဆိုင်ပိုင်ရှင်လူဝကြီးက အထဲမှ သုတ်သုတ်သုတ်သုတ်ထွက်လာရင်းပြောတော့ ကျွန်တော် မျက်မှောင်ကြုတ်မိသွားတယ်။

“ယူနီဖောင်းတွေ၊ စတီးကွင်းတွေနဲ့လား ဦးလေ”

သဲဝေက ရယ်ကျဲကျဲဝင်နောက်တော့ . . .

“မဟုတ်ပါဘူးကွ။ ဖော်ရိန်နာတစ်ယောက်၊ စကားပြန်တစ်ယောက်နဲ့ မိန်းကလေးနှစ်ယောက်ပါ။ ဖော်ရိန်နာနဲ့ စကားပြန်ကတော့



ပြခန်းတင်ထားတဲ့ မင်းရုပ်တုကို စိတ်ဝင်စားလို့ ဖြစ်လိမ့်မယ်ကွ။ ငါ့ဆီက မင်းလိပ်စာ အတိအကျ စုံစမ်းသွားတယ်။ မိန်းကလေးနှစ်ယောက်ကတော့ ဘာကြောင့်ရယ်မသိဘူး . . . ”

ပြောနေစဉ်မှာပဲ ဆိုင်ထဲမှ အော်ခေါ်သံကြောင့် လူဝကြီး သုတ်သုတ်သုတ်နဲ့ ပြန်ဝင်သွားပါတယ်။

“စိတ်ဝင်စားသွားပြီကွာ။ နေရောင် . . . မင်းညီမတွေများလားမသိဘူး”

ညီမ မရှိမှန်းသိပေမဲ့ နန်းဝေက ဝင်နှောက်တယ်။

“ငါ့မှာ ညီမမှမရှိတာ”

“ဒါဆို ဘယ်သူတွေဖြစ်မလဲ”

စဉ်းစားကြည့်ရသလောက် ကျွန်တော့်ပတ်သက်သူတွေထဲမှာ မိန်းကလေးနည်းပါတယ်။ လာရှာဖို့လောက်ထိလည်း မဖြစ်နိုင်ပါဘူး။ ထို့ကြောင့် . . .

“ငါလည်းမသိဘူး”

စကားဝိုင်း ခဏတာငြိမ်သက်သွားပေမဲ့ မကြာပါဘူး။ ထိုကိစ္စကို မေ့မေ့ပျောက်ပျောက်ဖြစ်ပြီး ဆူဆူညံညံနဲ့ ပြန်လည်အသက်ဝင်လာတယ်။

ကျွန်တော်တို့နည်းတူပဲ တခြားဝိုင်းတွေလည်း ကိုယ့်လေနဲ့ကိုယ်၊ ကိုယ့်ဦးတည်ရာနဲ့ကိုယ် လွင့်မျောလိုက်ခါနေကြတယ်။ တစ်ညနေလုံး လေခန်းမတတ် ပြောဝပြီးသွားပြီဆိုရင်တော့ လမ်းစရိတ်ချေးသူကချေး၊ ရှိသူက မရှိသူကိုပေး၊ စားသောက်ထားတာတွေကို အကြွေးမှတ် စသည်ဖြင့် ကျွန်တော်တို့လောကရဲ့ ညနေခင်းလေးက သူ့ဟာနဲ့သူ ပျော်စရာကောင်းလို့နေပါတယ်။

“နေရောင် . . . မင်း မပြန်သေးဘူးလား”

“ပြန်ချင်စိတ် မရှိသေးဘူးကွာ။ မင်းတို့ပြန်ရင် ပြန်နှင့်ကြ”

ဒီလိုနဲ့ မြေစိုက်လက်ဖက်ရည်ဆိုင်လေးထဲမှာ လူတွေ တဖြည်းဖြည်းနဲ့ ကျဲပါးလွင့်ခါကုန်ကြတယ်။ စားပွဲမှာ ကျွန်တော်တစ်ယောက်ထဲပဲ ကျန်ခဲ့တော့တယ်။ ကိုဆူးရဲနီတို့ ပန်းချီဝိုင်းကတော့ ယခုထိ အရှိန်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းတုန်းပါ။ တခြားဝိုင်းတွေမှာလည်း တစ်ယောက်စ၊ နှစ်ယောက်စ ကျန်နေသေးပါတယ်။

ထိုအခိုက် . . .

ရှန်ပူနံ့လိုလို၊ ဆပ်ပြာနံ့လိုလို သင်းသင်းသက်သက်အနံ့တစ်ခုက ကျွန်တော့်ဘေးနား မထင်မရှားရောက်လာတယ်။ ပထမ တိုက်ဆိုင်မှုလို့ ထင်လိုက်မိပေမဲ့ ကျွန်တော့်နံဘေး အချိန်အတော်ကြာ ဖဲ့ဝိုက်ပွတ်ထိလာချိန်မှာတော့ . . .

လှည့်ကြည့်မိစဉ် . . .

"ခဏထိုင်မယ်နော်"

ကျွန်တော့်ရဲ့ညတွေကို အလင်းရောင်ထွန်းညှိပေးတဲ့ မီးအိမ်လေးတစ်လုံးပါ။ ပြီးတော့ နှင်းကျတဲ့ညနေခင်းမှာ မွေးဖွားဆင်းသက်လာသူလေးလည်း ဖြစ်လေရဲ့။

"snow's finger"

စိတ်ထဲက အသံနဲ့အတူ အိပ်မက်မဟုတ်မှန်း သိလိုက်ပါတယ်။ ထို့ကြောင့် . . .

"ထိုင်လေ"

စကားဆုံးတော့ သူမတို့ ဝင်ထိုင်ပါတယ်။ တစ်ယောက်တည်းမဟုတ်ပါဘူး။ နှစ်ယောက်ပါ။ ပါလာတဲ့အဖော်က ကျွန်တော့် snow's finger လေးနဲ့ ဘယ်လိုမှ နှိုင်းယှဉ်လို့မရအောင် ရုပ်ရည်က ရွက်ကြမ်းရေချိုဆန်တယ်။ ဒါပေမဲ့ လူလည်းပဲ သူ့ဟာနဲ့သူ ကြည့်ကောင်းပါတယ်။

"ကိုနေရောင် ဆိုတာလားမသိဘူး"

snow's finger လေးဆီမှ ထွက်လာတာ မဟုတ်ပါဘူး။ အဖော်မိန်းကလေးက မေးတာပါ။

"ဟုတ်ပါတယ်။ ကျွန်တော် နေရောင်ပါ"

"ဟယ် . . . ဒါဆို တကယ်ပေါ့"

"ဗျာ . . ."

တစ်ယောက်ကိုတစ်ယောက် လက်တို့ရင်း ဝမ်းသာအားရပြော



နေပေမဲ့ ကျွန်တော် နားမလည်ပါဘူး။

"ဒါဆို 'အမေတစ်ယောက်ဖန်ဆင်းခြင်း' က ကိုနေရောင့်လက်ရာပေါ့။ လုံးဝကို ထင်မထားဘူး။ တကယ့် ငယ်ငယ်လေးပဲ"

ဒီတော့မှ သဘောပေါက်ရင်း ကျွန်တော် ပြုံးမိသွားတယ်။

"ဟန်နီတို့နှစ်ယောက်က အဲဒီပန်းပုရုပ်ကို ရုပ်/သံ အစီအစဉ်မှာ တွေ့ကတည်းက စိတ်ဝင်စားနေတာ။ ဒီမနက်ပဲ ပြခန်းကို ကိုယ်တိုင်သွားကြည့်လာတာ။ လက်ရာ အရမ်းမြောက်တာပဲ"

ကြားဖူးနေကျ မှတ်ချက်တွေဖြစ်ပေမဲ့ snow's finger လေးသဘောကျတယ်ဆိုလို့ ကျွန်တော် ဝမ်းသာမိပါတယ်။

"ပြခန်းပိုင်ရှင်က နေရောင်ဆိုတာ အသက်ငယ်ငယ်လေးလို့ပြောတာကို မယုံဘူး။ အခု ကိုယ်တိုင်လာကြည့်မှပဲ ယုံတော့တယ်။ နေ့လယ်ကတောင် သင်တန်းမသွားခင် ဒီကိုဝင်ကြည့်သေးတယ်။ ကိုနေရောင်မလာသေးဘူးဆိုလို့"

ဆိုင်ရှင်ဦးလေးကြီးပြောတဲ့ မိန်းကလေးနှစ်ယောက်ဆိုတာ သဘောပေါက်သွားပါပြီ။ ဣန္ဒြေပဲကြီးတာလား၊ ကျွန်တော့်ကို ရှက်နေတာလားမသိပါဘူး။ အခုအချိန်အထိ snow's finger လေးက ငြိမ်လို့နေပါတယ်။ ဒါကို ကျွန်တော့်အရင်ရိပ်မိသွားတဲ့ ဟန်နီဆိုသော မိန်းကလေးက . . .

"ဟဲ့ . . . စကားပြောဦးလေ။ နင်ပဲ အသည်းအသန် တွေ့ချင်နေပြီးတော့"

သူမမျက်နှာ နှင်းဆီရောင်ရဲသွားပြီး ဘေးမှအဖော်ဖြစ်သူကို မျက်စောင်းထိုးကြည့်တယ်။ နောက်ပြီး ကျွန်တော့်ကိုပါ မလုံသလို မော့ကြည့်ကာ ခေါင်းငုံ့သွားပါတယ်။

ရင်ထဲမှာ ဘယ်လိုဖြစ်သွားမှန်း မသိပါဘူး။ ကျင်စက်နဲ့ အတို့ခံလိုက်ရသလို ရင်အုံအထက်ပိုင်းတွေ ကျင်သွားတယ်။

"အမှန်ဆို ဟန်နီတို့က သင်တန်းပြီးတာနဲ့ ပြန်နေကျ။ မိုးလည်းချုပ်တော့မယ်။ အဲဒါကို ဒီမိန်းမက နောက်တစ်ခေါက် ထပ်ရှာကြည့်



www.burmeseclassic.com

www.burmeseclassic.com

ချင်သေးတယ်ဆိုတာနဲ့ ဒီကိုထပ်ရောက်လာတာ

စကားဆုံးဆုံးချင်း 'အား' ဆိုသောအော်သံနဲ့ ဟန်နီ့မျက်နှာ ရှုံ့မဲ့သွားတယ်။ snow's finger လေးက စားပွဲအောက်မှ တစ်ခုခု လုပ်လိုက်ပုံပါပဲ။

"မိန်းမ . . . ဘာလုပ်တာလဲ။ ငါပြောတာ မဟုတ်လို့လား"

ကျွန်တော် ကြည့်လိုက်မိတော့ နှုတ်ခမ်းတစ်ဖက်ကိုက်ရင်း အဖော်ဖြစ်သူကို မျက်စောင်းထိုးနေတာ တွေ့ရတယ်။ 'အရမ်းလှတာပဲ' လို့ ကျွန်တော် မှတ်ချက်ပြုမိစဉ် . . .

"အလကား . . . မယုံနဲ့။ သူလျှောက်ပြောနေတာ"

ရက်အမ်းအမ်းအပြောကြောင့် ကျွန်တော် ပြုံးမိသွားသလားပဲ။ သူမ ရှက်နေပါပြီ။ ထို့ကြောင့် ကျွန်တော်ကပဲ စကားလမ်းကြောင်း ပြောင်းပေးလိုက်တယ်။

"ဟိုပန်းချီပုံလေးက တော်တော်လှတယ်နော်"

"အင်း . . . လှတယ်"

"ကျွန်တော် မြင်မြင်ချင်းပဲ သဘောကျသွားတာ"

"မုယော ရေးပဲ"

ထိုစကားနောက်မှာ ကျွန်တော် ရင်တစ်ချက် နွေးသွားသလို ဟန်နီရဲ့ မကျေမချမ်းစကားကိုလည်း ကြားလိုက်ရတယ်။

"သြော် . . . ရှင်တို့နှစ်ယောက်က အစကတည်းက သိနေကြတာပေါ့"

ကျွန်တော် ခေါင်းညိတ်ပြတော့ သူမကပါ 'အဟဲ' ဟု ရယ်စစပြုရင်း . . .

"အေး . . . "

ဟန်နီက ခါးထောက်ရင်း သူမကို အံကြိတ်ပြတယ်။ ပြီး ကျွန်တော့်ဘက်ကိုလှည့်ကာ . . .

"ဟန်နီ သူနဲ့တွဲလာတာ ကြာပြီ။ ကိုနေရောင်နဲ့ သိပြီးသားဆိုတာ တစ်ခါမှ မပြောဖူးဘူး။ အခု ကိုနေရောင်ပြောမှပဲ သိရတာ။ မုယော



မုယော . . . နင်တော့လား . . . အပြန်ရောက်မှ တွေ့မယ်"

"မဟုတ်ဘူးဟ။ ငါတို့သိတာ မကြာသေးဘူး။ မယုံရင် မေးကြည့်ပါလား"

ကျွန်တော် ဝင်ရပါပြီ။ မဟုတ်ရင် ကျွန်တော့် snow's finger လေးရဲ့ အိမ်အပြန်ခရီးက မသိမသာ ဆိုးရွားသွားနိုင်တယ်လေ။

"ဟုတ်ပါတယ်။ ကျွန်တော်တို့သိတာ မကြာသေးပါဘူး"

"ဒါများ ဒီမိန်းမက အခုမှစတွေ့ရမယ့်သူလိုလို ဘာလိုလိုနဲ့ မဂ္ဂဇင်းစာအုပ်ကြီးကိုင်ပြီး . . . "

"ဟုတ်မဟုတ် မသေချာလို့ပေါ့။ ငါတို့က တစ်ခါပဲဆုံဖူးတာ"

ဟန်နီက စကားဆက်မဆိုပေမဲ့ မျက်နှာကို မဲ့ပြတယ်။ ကျွန်တော်ကတော့ သိချင်မှုတစ်ခုကိုပဲ သွက်သွက်မေးမိပါတယ်။

"နာမည်က . . . မုယောတဲ့လား"

ပြန်ဖြေပုံလေးကလည်း လှပါတယ်။ ကဗျာဆန်တယ်လို့ ပြောရမှာပေါ့။

"အင်း . . . "

တဲ့ . . . ။

✻ ✻ ✻

www.burmeseclassic.com

www.burmeseclassic.com

ပတ်ဝန်းကျင်မှာ မုယောစပါးရနံ့တွေ သင်းသင်း ဖွဲ့ဖွဲ့ မွှေးပျံ့နေတယ်လို့ ကျွန်တော် ခံစားနေရတယ်။ ထိုစဉ်မှာပဲ စပါးလေးတစ်ပင်က ကိုင်းညွှတ်ငုံ့ကျကာ စကားပြောပါတယ်။

"အမေတစ်ယောက်ဖန်ဆင်းခြင်းကို ဘာလို့ NOT FOR SALE လုပ်ထားတာလဲဟင်"

"ကျွန်တော် ရောင်းချင်စိတ် မရှိလို့ပါ။ စကတည်းက ရောင်းဖို့ ရည်ရွယ်ထားတာ မဟုတ်ဘူးလေ"

"ဘာဖြစ်လို့လဲ"

"အဲဒါတော့ ကျွန်တော့်မှာ အဖြေမရှိဘူး။ ကျွန်တော့်ရူးသွပ်မှု တစ်ခုလို့ပဲ ပြောရမှာပေါ့"

စကားဆုံးတော့ ဟန်နီက ဝင်ပြောတယ်။

"ကိုနေရောင့်လက်ရာတွေက သူများနဲ့ မတူဘူးနော်။ တစ်ခုခု ထူးနေသလိုပဲ"



ဒီစကားကိုတော့ သေချာစဉ်းစားပြီးမှ ကျွန်တော် အဖြေပေးမိပါတယ်။

"အဲဒါကတော့ ပန်းပုအတတ်ပညာမှာ အသေအလဲ ကူးလူးနိုင်တတ်တဲ့ ကျွန်တော့်အနုပညာ ဝိညာဉ်ကြောင့် ဖြစ်လိမ့်မယ်ထင်တာပဲ။ ကျွန်တော်က သစ်သားတွေကို အရမ်းချစ်တာ။ တန်ဖိုးလည်းထားတယ်။

ကျွန်တော့်ကိုယ်အင်္ဂါ အစိတ်အပိုင်းတွေ၊ အသက်ဝိညာဉ်တွေ အားလုံးကိုလည်း ပန်းပုရုပ်ထွင်းထုဖို့ မွေးဖွားသက်ဝင်လာတာလို့ ခံယူထားတဲ့အတွက် ပန်းပုရုပ်တွေဟာ ကျွန်တော့်ဘဝပဲ။ ပန်းပုထုပြီဆိုရင် ကျွန်တော် အားလုံးကိုမေ့သွားတယ်။ အဖေ၊ အမေ၊ မိသားစု။ ပြီးတော့ ကျွန်တော်ကိုယ်တိုင်။ ဘာကိုမှ သတိမရတော့ဘူး။

အဲဒီအချိန် တစ်ယောက်ယောက် လာသတ်သွားရင်တောင် ကျွန်တော် သိလိုက်မှာမဟုတ်ဘူး။ အဲလောက်ကို ရူးသွပ်တာ။ အဲဒါကြောင့်ပဲ ကျွန်တော့်လက်ရာတွေ ထူးခြားနေတာ ဖြစ်လိမ့်မယ်"

စကားရှည်ကြီးဆုံးသွားတော့ ဟန်နီရဲ့ ပင့်သက်ချသံကို ကြားရတယ်။ မုယောကတော့ အောက်နှုတ်ခမ်းလေးကို ဖိကိုက်ရင်း ကျွန်တော့် မျက်နှာကို ဝံ့ဝံ့လေး ငေးလို့နေပါတယ်။ ဖျတ်ခနဲ ကျွန်တော်ကြည့်လိုက်တော့ သူခိုးလူမိသွားသလို ယောင်ယောင်မှားမှားနဲ့ ခေါင်းငုံ့သွားတယ်။

ရင်ထဲမှာ ကြည်နူးသွားလိုက်တာ မပြောပါနဲ့။

ကျွန်တော်တို့ကို အကဲခတ်နေတဲ့ ဟန်နီက 'အဟမ်း . . . အဟမ်း' ဆိုပြီးနောက်တော့ သူမ ခေါင်းပိုငုံ့သွားတယ်လို့ ထင်လိုက်မိတယ်။ နောက်ပြီး သုံးယောက်သား တိတ်ဆိတ်သွားကြပါတယ်။ စကားစဖို့ ခက်သွားကြသလိုပါပဲ။

ပတ်ဝန်းကျင်ကလည်း အလင်းရောင်ပျောက်လုလုဖြစ်ပြီး တစ်စထက်တစ်စ မှောင်မိုက်လာတယ်။ ပြန်ရန်သင့်ပြီဖြစ်ကြောင်း ဟန်နီက နာရီပင့်ကြည့်တော့ သူမ ခေါင်းမော့လာတယ်။ ပြီးတော့ ကျွန်တော့်ဘက်ကိုလှည့်ကာ မဝံ့မရဲလေသံဖြင့် . . .

"ကိုနေရောင် . . . "



www.burmeseclassic.com

www.burmeseclassic.com

မျက်လုံးချင်းဆုံသွားတော့ . . .

"မှယောက်ကို ဒီပေါ်မှာ လက်မှတ်လေး ထိုးပေးပါလားဟင်"

ပြောစကားနှင့် သူမထိုးပေးသော မဂ္ဂဇင်းကိုကြည့်၍ ကျွန်တော် ခဏတာ အံ့သြသွားတယ်။ ခဏကြာတော့ ရင်ထဲမှာ အတိုင်းအဆမရှိ ကြည်နူးသွားရပါပြီ။ ကျွန်တော် လုံးလုံးမသိသေးပါဘူး။ ဒီလထုတ် 'သုခမ' မဂ္ဂဇင်းမှာ 'အမေတစ်ယောက်ဖန်ဆင်းခြင်း' ဟူသော ရုပ်တုနဲ့ ကျွန်တော့်ရဲ့ အသေးစားဓာတ်ပုံတစ်ပုံ ပါလာတယ်။ ကိုယ်ရေးအကျဉ်းကိုလည်း အောက်ဖက်ပိုင်းမှာ ဖော်ပြထားတယ်။

ဝမ်းသာကြည်နူးစိတ်တွေနဲ့ မဂ္ဂဇင်းကိုယူပြီး စာမျက်နှာရဲ့ ညာဘက်ထောင့်မှာ လက်မှတ်တစ်ခု ခြစ်ပေးလိုက်တော့ . . .

"ကျေးဇူးပဲနော်"

ဟူသော အသံတိုးတိုးလေးနဲ့ စာအုပ်ကို တယုတယ ပြန်ယူသွားပြီး . . .

"ဒီထဲမှာပါတဲ့ ကိုနေရောင်ရဲ့အိမ်လိပ်စာက အမှန်ပဲလားဟင်"

"ဟုတ်ပါတယ်"

"တစ်ယောက်တည်းနေတာလား"

"မဟုတ်ဘူး။ အဖေနဲ့နေတာ"

"သြော် . . ."

"ဘာဖြစ်လို့လဲ"

"ကိုနေရောင်ရဲ့ ပန်းပုရုပ်တွေကို ကြည့်ချင်လို့ပါ။ အိမ်မှာဆို အများကြီးနေမှာပဲနော်။ ပြခန်းတင်ထားတာက တစ်ရုပ်ထဲဆိုတော့ ကြည့်ရတာ အားမရလို့"

နောက်တော့ သူမတို့ ပြန်ရန်ပြင်ဆင်ကြတယ်။ ထွက်ခွာခါနီး ဟန်နီက . . .

"အားရင်လည်း ဟန်နီတို့သင်တန်းကို လာလည်လို့ရပါတယ်။ ဟန်နီတို့က Art City မှာ ပန်းချီသင်တန်းတက်နေတာ"

တိုက်ဆိုင်မှုမဟုတ်လျှင်တော့ ဒါဟာ လောကကြီးက ကျွန်တော့်



ကို မျက်နှာသာပေးလိုက်တာပါပဲ။ သိတာပေါ့ Art City ဆိုတာ ကိုလူဖော် ဖွင့်ထားတဲ့ ပန်းချီသင်တန်းပဲဥစ္စာ။

သူမတို့ထွက်သွားပြီး တော်တော်ကြာအောင် စားပွဲမှာ တစ်ယောက်တည်း ဆက်ထိုင်နေဖြစ်တယ်။

အမှန်ဆို သူမတို့နဲ့ မရှေးမနှောင်းမှာပဲ ထပြန်မလို့ပါ။ ဒါပေမဲ့ ချက်ချင်းထလို့ မရပါဘူး။ အနီးအနားမှာလည်း ကူမယ့်ကယ်မယ့်လူ သိပ်မတွေ့ရဘူးလေ။

ရင်တွေခုန်နေတယ်။ ပြီးတော့ snow's finger လေးကို ဒုတိယအကြိမ်ထပ်တွေ့ရလို့ ဝမ်းသာနေတယ်။ တော်ကြာ မတ်တတ်ထရပ်လို့ အပျော်တွေလွန်ပြီး ပစ်လဲသွားရင် ဘယ်လိုလုပ်မလဲ။

မဟုတ်ဘူးလား။

ဒါပေမဲ့ သေချာတာတစ်ခုကတော့ ကျွန်တော့်အိမ်ပြန်လမ်းတွေက အရင်ညတွေထက် မီးတွေထိန်နေမှာပါ။



www.burmeseclassic.com

www.burmeseclassic.com

မင်္ဂလာပါချစ်သူ။ မင်းကိုတွေ့သော ဒုတိယညမှာလည်း ကိုယ် အိပ်လို့မရခဲ့ပါဘူး။ ပုံရိပ်တွေ၊ ကောက်ကြောင်းတွေမဟုတ်ပေမဲ့ မင်းနဲ့ စကားပြောခွင့်ရတဲ့ အချိန်ပိုင်းလေးကိုတွေးပြီး ရူးနေမိတယ်။ ပြီးတော့ မုယောဆိုတဲ့ မင်းနာမည်လေးကလည်း ကိုယ့်အတွေးတွေကို ဝုန်းဒိုင်းကြဲ စေလို့ပေါ့။

မင်းကိုပြန်တွေ့ခွင့်ရတဲ့ အထိမ်းအမှတ်အဖြစ် ကိုယ်တစ်ယောက် တည်း ပွဲလေးတစ်ပွဲ ကျင်းပဖြစ်တယ်။ အဲဒါကတော့ ကော်ဖီတစ်ခွက်နဲ့ မင်းအကြောင်းတွေကို တစ်ညလုံး ထိုင်တွေးပစ်လိုက်တာပဲ။

ဒါပေမဲ့ မိုးလင်းပိုင်းရောက်ခါနီးမှ ကိုယ် မှေးခနဲ အိပ်ပျော်သွား တယ်။ အဲဒီမှာ အိပ်မက်တစ်ခု မြင်မက်တယ်။

အိပ်မက်ထဲမှာ တစ်ခါမှ မြင်ဖူးခွင့်မရလိုက်တဲ့ ကိုယ့်မေမေပါ တယ်။ ကိုယ်က မေမေ့ကို . . .

“မေမေ . . . သား ကောင်မလေးတစ်ယောက်ကို အရမ်းချစ်မိ နေပြီ”

လို့ပြောတော့ မေမေက . . .



“မင်းချစ်နေတာ နှင်းမိန်းကလေးလားတဲ့”

ကိုယ်က . . .

“မဟုတ်ပါဘူး။ နှင်းတွေကျတဲ့ ညနေခင်းမှာ သူ့လက်ချောင်း လေးတွေကိုမြင်ပြီး ချစ်မိသွားလို့ snow's finger လို့ နာမည်ပေးထား တာ”

လို့ ပြန်ပြောလိုက်တယ်။ ကိုယ့်စကားလည်းဆုံးရော မေမေ က . . .

“သူနဲ့ဆိုရင်တော့ သဘောမတူဘူးတဲ့”

ကိုယ် အထိတ်တလန့်နဲ့ ‘ဘာဖြစ်လို့လဲ မေမေ’ လို့ ပြန်မေးမိ စဉ်မှာပဲ မေမေက ကိုယ့်မြင်ကွင်းကနေ ပျောက်သွားတယ်။

ကိုယ် မေမေကို သွေးရူးသွေးတန်းနဲ့ တစာစာ အော်ခေါ်မိလိုက် တယ်။ အကျယ်ကြီးပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

( d )

"မေမေ . . . "

ထထိုင်လိုက်တော့ ဦးလေးငွေက ဆေးနားမှာ ခပ်တည်တည်နဲ့ ကျွန်တော့်ကိုကြည့်နေတယ်။ ကျွန်တော့်တစ်ကိုယ်လုံးမှာ ချွေးတွေနဲ့။ ချက်ချင်းပဲ လည်ပင်းကို အလျင်စလို စမ်းမိတော့ လက်စွပ်ကလေးကက်ကောင်းထောက်မစွာ လည်ပင်းမှာ ကြိုးနဲ့ဆွဲလျက်သားရှိနေတယ်။

"အိပ်မက် မက်ပြန်ပြီလား သား"

"ဟုတ်တယ်။ မေမေ့အကြောင်းကို အိပ်မက်မက်လို့"

ဦးလေးငွေ၏ သက်ပြင်းချသံသဲ့သဲ့ကို ကြားရတယ်။

"အေးလေ . . . အသွေးနဲ့အသားနဲ့ တည်ဆောက်ထားတဲ့ လူတွေပဲ။ အချိန်တန်ရင် သွေးက စကားပြောလာတာပေါ့။ မင်း ဒီလိုအိပ်မက်တွေ ခဏခဏမက်ပုံထောက်ရင်တော့ လောကကြီးထဲမှာ မင်းအရမ်းတွေ့ချင်တဲ့ မင်းအမေ ရှိသေးပါတယ်"



သေချာသယောင်ပြောနေသော ဦးလေးငွေစကားကြောင့် နားမလည်စွာ မျက်လုံးပင့်ကြည့်လိုက်တော့ . . .

"ဒီလို ရှိတယ်ကွ။ လူတစ်ယောက်အကြောင်းကို အိပ်မက်မက်ရင် အဲဒီလူ အသက်ရှိစဉ်နဲ့ အသက်သေပြီးအချိန် အချိန်နှစ်ခုမှာ အသက်ရှိစဉ်အချိန်မှာပဲ အခြားတစ်ယောက်က သူ့အကြောင်းကို အိမ်မက်အမက်များတယ်။

ဘာဖြစ်လို့လည်းဆိုတော့ စိတ်ဆိုတဲ့အရာဟာ ဒီလူနှစ်ယောက်ကို ဆက်သွယ်ပေါင်းကူးပေးထားလို့။ အခု အမေ့ကိုသတိရလို့ စိတ်ဆွဲပြီး မင်း အိပ်မက်မက်တယ်။ အိပ်မက်မက်တဲ့အချိန်မှာ မင်းအမေကလည်း မင်းကို သတိရမနေဘူးလို့ ဘယ်သူပြောနိုင်လဲ"

ပြောနိုင်တဲ့လူမရှိပေမဲ့ ကျွန်တော်ကတော့ အဲဒီအတိုင်း တကယ်ဖြစ်ပါစေလို့သာ ဆုတောင်းမိလိုက်ပါတယ်။

"သွေးနီးချိန်တန်လာရင် ဘာမှ အားထုတ်ကြိုးပမ်းစရာမလိုဘဲ လောကကြီးက သူ့အလိုလို ဖန်တီးပေးလိမ့်မယ်။ အဲဒီအချိန်မှာ ဘာမှ တားလို့မရဘူး"

ဒီစကားကတော့ ကျွန်တော် အကြွင်းမဲ့ လက်ခံတဲ့စကားပါ။ သွေးနီးဖို့မှမဟုတ်ပါဘူး အရာရာတိုင်းက သူဖြစ်ချိန်တန်လာရင် ဘာနဲ့တားတား တားလို့မရဘူးဆိုတာ လောကသဘာဝပဲလေ။

"ကဲ . . . ထတော့သား၊ ရေမိုးချိုးတော့။ အဖေထုနေတဲ့ရုပ်တုညက အပြီးသတ်သွားတယ်။ အဲဒါ ဦးကောင်းကင်ဆီကို သားသွားအပ်ပေးဦး"

ဦးကောင်းကင်ဆိုတဲ့ နာမည်ကြောင့် ကျွန်တော် 'ကျွတ်' ခနဲစုတ်တစ်ချက် သပ်လိုက်မိတယ်။ ကျွန်တော်မပတ်သက်ချင်ဆုံး လူတစ်ယောက်က ဦးကောင်းကင်ဖြစ်ပြီး မဖြစ်မနေ ပတ်သက်ရသူကလည်း ဦးကောင်းကင်ပဲဖြစ်ပါတယ်။

ဦးကောင်းကင်ဆိုတာ နာမည်ကြီး ပန်းပုအရောင်းဆိုင်ပိုင်ရှင်ကြီးတစ်ဦးပါ။ ကျွန်တော်တို့လို ကိုယ်ချစ်တဲ့ အနုပညာနဲ့ တဖင်တပန်း



www.burmeseclassic.com

www.burmeseclassic.com

ကျားကန်ရပ်တည်နေသူတွေဆီကနေ မတန်တဆဈေးနဲ့ ရုပ်တုတွေ ခေါင်းပုံဖြတ်ဝယ်တယ်။

ပြီးတော့ နှစ်ဆသုံးဆဈေးတင်ပြီး ဈေးကွက်မှာ ပြန်ရောင်းတယ်။ တချို့ရုပ်တုတွေဆို နိုင်ငံတကာဈေးကွက်ထိ ပေါက်ရောက်တယ်။ ထို့အတူပဲ ဦးကောင်းကင်နာမည်ကလည်း သူ့နယ်ပယ်မှာ ပေါ့သေးသေး မဟုတ်ပါဘူး။

ရှင်းရှင်းပြောရရင် ဈေးကွက်တစ်ခုလုံး အုပ်စိုးထားသူဆိုတော့ ကျွန်တော်တို့ ရပ်တည်မှုအရ မပတ်သက်မဖြစ် ပတ်သက်နေရသူပါ။ ကျွန်တော့်ပုံစံကိုကြည့်၍ ဦးလေးငွေက . . .

"ဘာလဲသား ဦးကောင်းကင်ဆီ မသွားချင်လို့လား"

"မဟုတ်ပါဘူး"

ကျွန်တော့်လိမ်ညာမှုက ဦးလေးငွေကို ယုံကြည်အောင် မစွမ်းဆောင်နိုင်ခဲ့ပါဘူး။ ဦးလေးငွေ ခပ်လေးလေး ခေါင်းယမ်းလိုက်တာကို တွေ့ရတယ်။ ပြီးတော့ . . .

"ဒီမှာသား . . . ရည်ရွယ်ချက်နဲ့ ရှင်သန်နေသူတွေဆိုတာ အဲဒီရည်ရွက်ချက်ကလွဲပြီး ဘာကိုမှမကြည့်ရဘူး။ ကိုယ့်ရည်ရွယ်ချက် မရောက်ခင်စပ်ကြားမှာတော တိုက်ခိုက်မှုတွေ၊ လဲပြိုမှုတွေ၊ စိတ်ပျက်အားငယ်မှုတွေ ကြုံရမှာပဲ။

အခု ငါ့သားက အနုပညာကိုချစ်တယ်။ အနုပညာကို ခုတုံးလုပ်ပြီး စီးပွားရှာသူတွေကို မုန်းတယ်။ ဒါက ဖြေရှင်းလို့မရတဲ့ ပြဿနာ မဟုတ်ပါဘူးသားရဲ့။ ဖြေရှင်းလို့ရပါတယ်။ သားရဲ့အနုပညာကို အခိုက်အတန့်လောက်လေးပဲဖြစ်ဖြစ် ချိုးနှိမ်ထားလိုက်ပေါ့"

ကျွန်တော် ဆတ်ခနဲ ဦးလေးငွေကိုမော့ကြည့်မိတော့ ဦးလေးငွေက သဘောပေါက်စွာ . . .

"အခိုက်အတန့်လေးပဲနော်။ သားကို အခိုက်အတန့်လေးပဲ ချိုးနှိမ်ခိုင်းတာ။ အဲဒါ ဘာဖြစ်လို့လဲ သိလား သား"

" . . . . . . . . . "



"အနုပညာမှာပဲဖြစ်ဖြစ်၊ ဘယ်နယ်ပယ်မှာပဲဖြစ်ဖြစ် ကိုယ့်မှာ အရည်အချင်းတွေ ပြည့်ဝနေရင်တောင် ကိုယ့်ရဲ့အရည်အချင်းကို ပရိသတ်ရှေ့ချပြဖို့၊ ပြည်သူတွေရှေ့ချပြဖို့ ကိုယ့်ဆီမှာ အထောက်အပံ့တစ်ခုလိုတယ်။ အဲဒီအထောက်အပံ့ကြောင့်ပဲ . . . "

ကျွန်တော် နှုတ်ဆိတ်နေဆဲပါ။ ဦးလေးငွေစကားတွေက အတိုင်းအတာတစ်ခုထက်ကျော်အောင် မှန်ကန်နေတယ်လေ။ ဒါပေမဲ့ ရင်ထဲမှာ ဘာကိုမှန်းမသိ နာနာကြည်းကြည်း ခံပြင်းမိနေတယ်။ ထိုစဉ်မှာပဲ ဦးလေးငွေနှုတ်ဖျားမှ ကျွန်တော် လုံးဝထင်မှတ်မထားတဲ့စကားတွေ ထပ်ထွက်လာတယ်။

"တစ်ချိန်မှာ ဦးကောင်းကင်က မင်းရဲ့ အကောင်းဆုံး အထောက်အပံ့တစ်ခု ဖြစ်လာလိမ့်မယ်"

မဖြစ်နိုင်တဲ့စကားမို့ ကျွန်တော် ပြန်လည်ပြောဆိုခြင်း မပြုတော့ပါဘူး။ ဒါပေမဲ့ မွန်းကြပ်ခံပြင်းသွားတဲ့ ကျွန်တော့်စိတ်ကိုတော့ ထွက်ပေါက်တစ်ခုပေးလိုက်မိတယ်။ အဲဒါက . . .

ခေါင်းမာတတ်တဲ့ ကျွန်တော့်ရဲ့ဉာဉ်အတိုင်း . . .

'ဟက်' ခနဲ တစ်ချက်ရယ်လိုက်တာပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

ဆိုင်ထဲကိုရောက်တော့ ခပ်လှမ်းလှမ်း စားပွဲမှာထိုင်နေတဲ့ ဦးကောင်းကင်က ခဏထိုင်ဦးဆိုတဲ့သဘော လက်ကာပြတယ်။ ထို့ကြောင့် ကျွန်တော်နဲ့ရဲဝင်း နီးစပ်ရာစားပွဲမှာပဲ ဝင်ထိုင်လိုက်ပါတယ်။ ကျွန်တော့်လက်ထဲမှာ ပန်းပုရုပ်တုထည့်ထားတဲ့ သားရေအိတ်ကြီးနဲ့ပါ။

ဦးကောင်းကင်က လူတစ်ယောက်နဲ့ မျက်နှာချင်းဆိုင် စကားပြောနေပြီး ကျောပေးထားတဲ့အတွက် အဲဒီလူ ဘယ်သူဆိုတာ မသိရပါဘူး။ တအောင့်နေတော့ စားပွဲထိုးရောက်လာလို့ ကျွန်တော်တို့ ကော်ဖီတစ်ယောက်တစ်ခွက်စီ မှာလိုက်ကြတယ်။ ကော်ဖီစောင့်ရင်း ဆိုင်မှာဖွင့်ထားတဲ့ အင်္ဂလိပ်သီချင်းတစ်ပုဒ်အား လိုက်ညည်းမိစဉ်မှာပဲ ရဲဝင်းက ..

“ဒီသီချင်းလေး တော်တော်ကောင်းတယ်ကွ။ ကမ္ဘာမှာ လူဖြူလူမည်းခွဲခြားတဲ့ ပြဿနာကို ဦးတည်ပြီးဆိုထားတာ။ အဲဒီသီချင်းရေးဆရာရော၊ ဆိုတဲ့အဆိုတော်ရောကို ဂရမ်မီပေးထားတယ်”

ကျွန်တော်သိပါတယ်။ ကမ္ဘာကျော်အဆိုတော်တစ်ယောက်ရဲ့ ဂန္ထဝင်မြောက်သီချင်းတစ်ပုဒ်ပါ။ ကျွန်တော့်ရဲ့ ဟိုးအတိတ် မိဘမဲ့ကျောင်းမှာကတည်းက အလွတ်ရနေတဲ့ သီချင်းလေးတစ်ပုဒ်ဖြစ်ပြီး ယခုအချိန်အထိ ဘယ်အချိန်နားထောင်နားထောင် မရိုးတဲ့ သီချင်းလေးတစ်ပုဒ်လည်း ဖြစ်ပါတယ်။



ခုံကို တခေါက်ခေါက်ခေါက်ရင်း စည်းချက်လိုက်နေတာကြောင့် ရဲဝင်းက ကျွန်တော့်လက်ချောင်းများကိုကြည့်ကာ . . .

“မင်းလက်လေးတွေက တော်တော်လှတာပဲကွ။ မိန်းကလေးလက် ကျနေတာပဲ”

အင်း . . . ”

ပြောပြောဆိုဆို ရဲဝင်းက ကျွန်တော့်လက်ကို ဆွဲယူကြည့်ပါတယ်။ နောက် လက်ဖဝါးကို သေချာပွတ်ထိကြည့်ပြီး . . .

“ဟော့ကောင် . . . ဟုတ်ရော ဟုတ်သေးရဲ့လား”

“ဘာလဲ . . . ”

“လက်ဖဝါးက ချောလှချည်လား။ မင်း ပန်းပုထုတာရော ဟုတ်လို့လား။ ပန်းချီဆွဲတာလား”

ကျွန်တော် ခပ်ဝါးဝါးပြုံးလိုက်ပြီးနောက် . . .

“ပန်းချီဆွဲတာတော့ ဆွဲရတာပေါ့ကွာ။ ပန်းချီက ပန်းပုရဲ့အခြေခံပဲ။ ဒါပေမဲ့ ငါကတော့ ပန်းချီဆွဲဖို့ဆိုတာထက် ငါ့စိတ်ထဲမှာ ခံစားရသမျှကို သစ်သားပေါ်မှာ ကောက်ချက်တွေနဲ့ ဖော်ကျူးပစ်ဖို့ပဲ ပိုအားသန်တယ်”

“ဒါနဲ့များတောင် ဆောက်ကိုင်တဲ့မင်းလက်က ဘာလို့ အဲလောက်ညက်နေရတာလဲ”

“အဲဒါတော့ ငါလည်းမသိဘူး”

ထိုစဉ်မှာပဲ စားပွဲထိုးရောက်လာတဲ့အတွက် ကျွန်တော်တို့ စကားစပြတ်သွားတယ်။ ကော်ဖီခွက်ရှေ့ရောက်လာတော့ ပန်းပုဆရာညဉ်အတိုင်း ကော်ဖီခွက်ကို သေချာကြည့်မိတယ်။ တော်တော်လှတယ်။ အရွယ်အစားနဲ့ အချိုးစားကျနမှုက မျက်စိအမြင်ကို ကောင်းကောင်းဆွဲဆောင်နိုင်တယ်လို့ ဆိုရမှာပဲ။

“အခု နောက်ပိုင်းလူတွေက ရုပ်ဝတ္ထုပစ္စည်းတွေရဲ့ အလှအပကို ပိုစိတ်ဝင်စားလာကြတယ်ကွ နော်”

“အင်း . . . ဟုတ်တယ်။ ပစ္စည်းထုတ်လုပ်သူတွေကလည်း



www.burmeseclassic.com

www.burmeseclassic.com

သူတို့ထုတ်ကုန်ပစ္စည်းတွေမှာ အနုပညာပါအောင် ထည့်သွင်းလာကြတယ်"

ကျွန်တော့်စကားကို ရဲဝင်းက ခေါင်းညိတ်ထောက်ခံတယ်။

"ဟုတ်တယ်ကွ။ လူတွေကလည်း အနုပညာမြောက်တဲ့ ပစ္စည်းဆို ဈေးကြီးပေးဝယ်ကြတယ်"

စကားကောင်းနေစဉ်မှာပဲ ကျွန်တော် တစ်စုံတစ်ခုကို သတိပြုမိလိုက်တယ်။ အဲဒါက ကျွန်တော်တို့စားပွဲနဲ့ နှစ်ခုံကျော်မှာရှိတဲ့ နံရံချိတ်ပန်းချီကားကြီးတစ်ချပ်ပါ။ တခြားပန်းချီကားတွေ ဆိုင်တွင်းမှာ အများအပြား ချိတ်ဆွဲထားပေမဲ့ ထိုပန်းချီကားက ကျွန်တော့်အာရုံကို ထူးထူးခြားခြား ဆွဲဆောင်သွားပါတယ်။

"ရဲဝင်း . . . မင်းမှာ ပေတံပါလား"

ကောက်ခါငင်ကာဆိုသော ကျွန်တော့်စကားကြောင့် ပထမတော့ ရဲဝင်း ကြောင်သွားတယ်။ ရဲဝင်းက မဂ္ဂဇင်းတိုက်တွေမှာ ဒီဇိုင်းလုပ်သူဆိုတော့ သူ့မှာ ပေတံပါမှာ သေချာပါတယ်။

"အေး . . . ပါတယ်လေ။ ဘာဖြစ်လို့လဲ"

"ငါ့ကို ခဏပေးစမ်းပါ"

လက်ထဲကို ပေတံရောက်လာတော့ ချက်ချင်းပဲ ထိုပန်းချီကားဆီ ထသွားလိုက်တယ်။ ကျွန်တော့်အပြုအမူကြောင့် ရဲဝင်းအပါအဝင် အနီးအနားမှ စားပွဲထိုးတွေရော၊ ဦးကောင်းကင်တို့ပါ စူးစူးစမ်းစမ်းကြည့်နေကြတယ်။ ဂရုမစိုက်မိပါဘူး။ ဒါ ကြုံတောင့်ကြုံခဲ အခွင့်အရေးပါ။

အနားရောက်သွားတော့ ပန်းချီကားကို ကျွန်တော်လိုချင်တဲ့ ထောင့်ပေါင်းစုံမှ တိုင်းလိုက်တယ်။ အလျား၊ အနံ၊ အချိုးတွေ၊ ထောင့်ဖြတ်မျဉ်းတွေ၊ စတုဂံဖြတ်ပိုင်းတွေ။

စိတ်ကြိုက်တိုင်းပြီးတော့မှ စားပွဲဆီပြန်လာရင်း စာရွက်တစ်ရွက်မှာ ချတွက်ကြည့်လိုက်တော့ . . .

ပုံတူဆွဲထားတာဖြစ်တဲ့အတွက် မူရင်းလောက်တော့ တိကျမှုမရှိပါဘူး။ ဒါပေမဲ့ အနီးစပ်ဆုံးအဖြေတော့ ထွက်လာတယ်။ ကျွန်တော့်



လုပ်ပုံကိုကြည့်၍ ရဲဝင်းက . . .

"နေရောင် . . . ဘာတွေလဲ"

"မင်း ဒီပန်းချီကားကို ဘယ်လိုမြင်လဲ"

ရဲဝင်းက လှည့်ပြန်လှည့်ပြီး သေချာထပ်ကြည့်ကာ . . .

"ကောင်းတယ် . . . ။ တော်တော်လက်ရာမြောက်တယ်။ ပန်းချီကားရဲ့အရွယ်အစား၊ အနားသတ်လိုင်းတွေ၊ သရုပ်ဖော်ပုံတွေက သူ့နေရာနဲ့သူ စနစ်ကျနေသလိုပဲ။ ကြည့်လို့ တော်တော်ကောင်းတယ်"

ဒီဇိုင်းလုပ်သူတစ်ယောက်မို့ ရဲဝင်းစကားတွေက ပန်းချီကားရဲ့ ထူးခြားချက်ကို သေချာမြင်လို့နေပါတယ်။

"ဟုတ်တယ် . . . ။ အဲဒါ ဂရိလက်ရာ ပါသီနွန် (Parthenon) အဆောက်အအုံရဲ့ပုံတူပဲ"

"ဩော် . . . "

ဟု ရဲဝင်းက မှတ်ချက်ပြုကာ . . .

"ထူးခြားချက်တွေ တွေ့လို့လား"

ကျွန်တော် ခေါင်းညိတ်ရင်း . . .

"အခုမှတွေ့တာမဟုတ်ဘူး။ အရင်ကတည်းက ထူးခြားချက်တွေရှိနေတာ။ ဒါ ကမ္ဘာကျော် သမိုင်းဝင် အဆောက်အအုံတစ်ခုလေ။ အဲဒီအဆောက်အအုံကို ဆောက်တဲ့ ပညာရှင်က ရွှေဂဏန်း(Golden Number) လို့ခေါ်တဲ့ ဂဏန်းလေးလုံးကို အခြေခံပြီး အချိုးကျအောင် ဆောက်ထားတာ။ သင့်တင့်ပြေပြစ်မှုအရှိဆုံး ရုပ်ဝတ္ထုတွေမှာရှိတတ်တဲ့ အချိုးအစားလို့ သူတို့က သတ်မှတ်ထားတယ်။ ငါ အခုသွားတိုင်းကြည့်တာလဲ အဲဒီအချိုး ဟုတ်မဟုတ်သိချင်လို့"

"ဟုတ်လား"

"ပုံတူဆွဲတဲ့ပန်းချီဆရာ တော်တယ်ကွ။ ပန်းချီကားပေမဲ့ အဲဒီအချိုးနဲ့ အနီးစပ်ဆုံး တူအောင်ဆွဲထားတယ်။ တို့နိုင်ငံက ပန်းချီတော့ မဟုတ်ဘူး။ ပြင်သစ်ကလာတာ။ ပန်းချီကားအောက်မှာ ပြင်သစ်နာမည်နဲ့ ဆိုင်းတစ်ခုတွေ့တယ်"



www.burmeseclassic.com

www.burmeseclassic.com

ထိုအချိန်မှာပဲ . . .

"မောင်နေရောင် . . . "

ဩဇာသံအပြည့်ပါသော ခေါ်သံတစ်ခုကြောင့် ကျွန်တော် မော့ကြည့်လိုက်တော့ တစ်ဖက်ဝိုင်းမှ ဦးကောင်းကင်ပါ။ လာခဲ့ဖို့ လက်လှမ်းပြတယ်။ ဒါနဲ့ပဲ လက်ဆွဲအိတ်ကိုဆွဲရင်း သူတို့ဝိုင်းဘက် ကူးသွားလိုက်မိတယ်။ စားပွဲအောက်မှာရပ်မိတော့ . . .

အကြည့်နှစ်ခုက ကျွန်တော့်လက်ထဲမှ သားရေအိတ်ကို ထက်အောက် ဝဲသွားတယ်။ ဦးကောင်းကင်နဲ့ ထိုင်နေသူကို မသိပါဘူး။ ဒါပေမဲ့ ကျွန်တော့်ထက်တော့ အသက်ကြီးလိမ့်မယ်"

"ပြပါဦး"

ထိုသို့ဆိုတော့ လက်ဆွဲအိတ်ကို ဖွင့်ပြရမှာ မဝံ့မရဲပါ။ ဘယ်လောက်ပဲ ကြိုးစားထုထားတဲ့ ရုပ်တုတွေဖြစ်နေပါစေ ဦးကောင်းကင်က အပြစ်ရအောင်ရှာပြီး ပြောတတ်တယ်။ ပြီးတော့ မတန်တဆဈေးနှိမ်တတ်ပါတယ်။ အခုလည်း မဝံ့မရဲနဲ့ပင် ကျွန်တော် ဖွင့်ပြလိုက်တော့ . . .

အတန်ကြာအောင် ဝိုင်းလေးက တိတ်ဆိတ်သွားတယ်။ ရုပ်တုကို စားပွဲပေါ်တင်ပြီး ဦးကောင်းကင် လှည့်ပတ်စစ်ဆေးနေတယ်။ ဘယ်နေရာမှာဖြင့်လိုနေတယ်၊ ဘယ်နေရာက ဘာဖြစ်နေတယ် စသည်ဖြင့် ကြားနေကျအတိုင်း ကြားရမယ့်စကားကို နားစွင့်နေလိုက်တော့ . . .

"ဟုတ်ပြီလေ . . . ထားခဲ့လိုက်။ ပိုက်ဆံကိုတော့ ရုံးခန်းမှာပဲလာထုတ်ချည်။ ဟုတ်လား . . . "

အတန်ငယ်တော့ အံ့ဩသွားသလိုပဲ။ ဒီတစ်ခါ ကြားနေကျအသံတွေ မကြားရပါဘူး။ ဆေးမှာ ချေ့သည်ရှိနေလို့ထင်ပါရဲ့။ ဒါနဲ့ပဲ ခေါင်းညိတ်ရင်း ကျွန်တော် လှည့်ထွက်ခဲ့လိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်အား ဦးတည်တယ်ထင်ရတဲ့ စကားတစ်ခုက နောက်ဝိုင်းမှာ . . .

"ပါသီနွန်ရဲ့ ရွှေအချိုးကို သွားတိုင်းကြည့်နေလို့ အဟုတ်အောက်မေ့နေတာ။ လက်ရာကြည့်တော့လည်း ဒါပါပဲ။ ဘာမှမဟုတ်ပါဘူး"



ဖျင်းခနဲထသွားသော ကြက်သီးတို့နှင့်အတူ ကျွန်တော် ဆတ်ခနဲလှည့်ကြည့်လိုက်တော့ . . .

ရှူးချင်ယောင်ဆောင်တဲ့ပုံစံနဲ့ သူကောင်းသားက လှည့်မကြည့်ပါဘူး။ ဦးကောင်းကင်ကတော့ မျက်နှာမှာ အားနာဟန်တွေပေါ်သွားပြီး ကျွန်တော့်ကို လက်ကာပြတယ်။

"နေရောင် . . . လျှော့လိုက် . . . လာသွားမယ်"

ကျွန်တော့်စိတ်ကိုသိတဲ့ ရဲဝင်းက ချက်ချင်းပဲ အနားရောက်လာကာ ဆွဲခေါ်တယ်။ အစော်ကားခံရမှု၊ ခံပြင်းမှု၊ တုံ့ပြန်လိုမှုတွေနဲ့ စကားလုံးတွေ ရင်ထဲမှာ ပြွတ်သိပ်နေစဉ်မှာပဲ ရဲဝင်းဆွဲခေါ်မှုကြောင့် လူက အလိုလို အပြင်ပါသွားတယ်။ အပြင်ရောက်ရောက်ချင်းမှာပဲ . . .

"တောက် . . . တော်တော်မောက်မာတဲ့ကောင်ကွာ။ ငယ်ငယ်ရွယ်ရွယ်နဲ့ အောင်မြင်နေလို့ သွေးနားထင်ရောက်နေတာ"

ရဲဝင်းစကားတို့က ကျွန်တော့်တုံ့ပြန်လိုမှုတွေကို ခဏတုံ့ဆိုင်းသွားစေပြီး . . .

"မင်း သူ့ကိုသိတယ်လား"

"သိတာပေါ့။ မင်းရော မသိဘူးလား"

"ဟင့်အင်း . . . ဘယ်သူမို့လဲ"

"သူရိန်ထွန်း . . . ဆိုတာ သူပေါ့"



www.burmeseclassic.com

www.burmeseclassic.com

## ( ၉ )

အိမ်ပြန်ရောက်သည့်တိုင်အောင် ကျွန်တော့်စိတ်တွေ တအုံ့အုံ့မှိုင်းဝေနေတယ်။ ဘာကြောင့်ဆိုတာ အဖြေရှာလို့ မရခဲ့ဘူး။ ဒါပေမဲ့ အိမ်ထဲဝင်ဝင်ချင်းမှာပဲ အုံ့မည်းမှိုင်းဝေနေတဲ့ ကျွန်တော့်စိတ်ကို အလင်းရောင်ထွန်းညှိပေးဖို့ တစ်စုံတစ်ယောက်က စောင့်နေတယ်။

"ကိုနေ . . . ပြန်လာပြီလား"

"ဗျာ . . . "

ထူးထူးဆန်းဆန်း ကြားလိုက်ရတဲ့ ကျွန်တော့်နာမည်ခေါ်သံကြောင့် 'ဗျာ' သွားမိတယ်။ ဦးလေးငွေပါ။ ကျွန်တော့်ကို တစ်ခါမှ အဲလို မခေါ်ဖူးပါဘူး။ ဦးလေးငွေကိုကြည့်မိတော့ မျက်နှာက မချိုမချဉ်ပြုံးနေတယ်။

"ဘာလဲ . . . ကိုနေ . . . "

နားမလည်သလို ကျွန်တော်မေးလိုက်တော့ ဦးလေးငွေက တစ်ယောက်တည်း ပြုံးတုံ့တုံ့လုပ်နေရာမှ . . .

"နေ့လယ်က အိမ်ကို ကောင်မလေးနှစ်ယောက် လာသွားတယ်ကွ။ ကိုနေရောင်နဲ့ တွေ့ချင်လို့ဆိုပြီးတော့ . . . "

"ဟုတ်လား . . . ဘယ်သူတွေလဲ"



အလျင်စလို အံ့ဩမှုတွေဖြင့် ကျွန်တော်ပြန်မေးလိုက်တော့ . .

"အဲဒါတော့ ငါလည်းမသိဘူး။ ဒါပေမဲ့ တစ်ယောက်ကတော့ တော်တော်လှသကွာ"

နောက်နေ့ပုံတော့ မပေါ်ပါဘူး။

"ရော့ . . . ဒီမှာ မင်းကို စာရေးပေးသွားတယ်။ ငါ့အထင်တော့ အင်း . . . "

ကျွန်တော့်လက်ထဲ စာထည့်မပေးသေးဘဲ ဦးလေးငွေက စဉ်းစားသလို အိုက်တင်ခံနေသေးတယ်။ ပြီးတော့မှ . . .

"အင်း . . . ငါ့အထင် . . . မင်းရဲ့ snow's finger လေး ဖြစ်မယ်ထင်တယ်"

လှိုက်ခနဲတက်လာသော ဝမ်းသာစိတ်တို့နဲ့အတူ ဦးလေးငွေပေးသောစာအား ဆွဲယူဖွင့်ကြည့်လိုက်စဉ်မှာပဲ . . .

**ကိုနေ . . .**

*မုယောနဲ့ဟန်နီ လာသွားတယ်။ ကိုနေ့ကို စောင့်ဦးမလို့ပဲ။ ဒါပေမဲ့ မအားတော့တာနဲ့ ပြန်သွားလိုက်တာ။ ကိုနေ့ကို မုယော တစ်ခုမေးချင်တယ်။ ကိုနေ မကွယ်မဝှက်တမ်း ဖြေပေးနော်။*

*စားပွဲပေါ်မှာရှိနေတဲ့ snow's finger ဆိုတဲ့ ရုပ်တုလေးက ဘယ်သူ့အတွက်လဲ။ ရုပ်တုပေါ်မှာရေးထားတဲ့ (OLLAND) ဆိုတာကရော ဘာအဓိပ္ပာယ်လဲ။*

*မုယော အရမ်းသိချင်တယ်။*

**မုယော**

ဦးလေးငွေရဲ့ တဟားဟားအော်ရယ်သံကို ကြားရတယ်။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ( f )

ကျွန်တော့်ကိုမြင်တော့ ကိုလူဖော်က လက်လှမ်းပြတယ်။ အမှန်အတိုင်းပြောရရင် ကိုလူဖော့်ဆီလာတာ မဟုတ်ပါဘူး။ သူ့သင်တန်းက သူ့တပည့်မလေးတစ်ယောက်ဆီ လာတာပါ။

အပေါက်ဝက ရပ်ငေးရုံနဲ့တင် ရင်ထဲမှာ နွေးပျပျလှုပ်စီးကြောင်းတစ်ခု ဝင်းခနဲလက်သွားတယ်။ ပထမ ကျွန်တော့်ကို မမြင်သေးဘူး။ ဆောမှာရှိနေတဲ့ ဟန်နီက တံတောင်နဲ့တို့ပြီးပြမှ သူမမျက်လုံးတွေ ကျွန်တော်ရှိရာဘက် ရောက်လာတယ်။ ကျွန်တော့်ကိုတွေ့တော့ ပထမ အံ့သြ ရိပ်တွေ မျက်နှာမှာ စွန်းသွားတယ်။ ပြီးတော့ ရှက်အမ်းအမ်းမျက်နှာလေးနဲ့ နှုတ်ခမ်းကိုကိုက်ပြီး ခေါင်းငုံ့သွားပါတယ်။

သင်တန်းပြီးကာနီးပြီလား၊ လောလောဆယ် အရေးကြီးတာတွေ သင်နေလား ကျွန်တော် မတွေးမိတော့ဘူး။ အမှန်အတိုင်းပြောရရင် သင်တန်းပြီးတဲ့အထိ ကျွန်တော် မစောင့်နိုင်တော့ဘူး။ ဒါကြောင့် . . .



ခပ်တည်တည်နဲ့ပဲ အခန်းထဲဝင်သွားလိုက်တော့ အားလုံးရဲ့ မျက်လုံးအကြည့်တွေက ကျွန်တော့်ဆီမှာ။ ဒါပေမဲ့ ကျွန်တော့်မျက်လုံးတွေကတော့ သူမဆီကလွဲပြီး ဘယ်မှ စွန်းဖိတ်ပြိုကျမနေဘူး။ အမှန်ကတော့ ကိုလူဖော်ကို မကြည့်ရဲတာပါ။ အနားရောက်အောင်သွားပြီး သူမရှေ့တည့်တည့်ခုံပေါ်ကို စာရွက်ခေါက်တစ်ရွက် တင်ပေးလိုက်တော့ မဝံ့မရဲမော့ကြည့်လာပါတယ်။

"ကို ဘယ်လိုမှ နေလို့မရတော့လို့ သင်တန်းထိလိုက်လာတာ။ ဒီထဲမှာ မုယောသိချင်တာတွေ အားလုံးပါတယ်။ အောက်မှာစောင့်နေမယ်နော်"

ပြောပြီး ကျွန်တော် ချာခနဲလှည့်ထွက်ခဲ့လိုက်ပါတယ်။ အထဲမှာ ဘာတွေဖြစ်ကျန်ခဲ့လည်း မသိချင်တော့ဘူး။ အဓိက ကတော့ ကိုလူဖော့်ကို အားနာနေလို့ပါ။

**မုယော . . .**

*snow's finger ဆိုတဲ့ ရုပ်တုလေးက နှင်းကျတဲ့ ညနေခင်းတစ်ခုမှာတွေ့ခဲ့တဲ့ လက်ချောင်းလှလှပိုင်ရှင် မိန်းကလေးတစ်ယောက်အတွက် ရည်ရွယ်ပြီး ထုလုပ်ထားတာပါ။ အဲဒီထဲမှာ ကိုယ့်အသက်ဝိညာဉ်တွေပါတယ်။ ပြီးတော့ ကိုယ့်နှလုံးသားတွေ ကိန်းဝပ်နေတယ်။*

*OLLAND ဆိုတဲ့ စကားရဲ့ အဓိပ္ပာယ်ကတော့ . . .*

| | | |
|---|---|---|
| O (our) | = | တို့ရဲ့ |
| L (love) | = | အချစ်ဟာ |
| L (live) | = | ရှင်သန်နေ |
| A (and) | = | ပြီး |
| N (never) | = | ဘယ်တော့မှ |
| D (die) | = | သေဆုံးသွားမှာမဟုတ်ဘူး . . . |



www.burmeseclassic.com

www.burmeseclassic.com

ကိုယ် တကယ်ပြောတာပါ။ မုယောကို ကိုယ့်အသွေးအသား တွေအားလုံးထက် ပိုချစ်တယ်။

နေရောင်

• • •

"တကယ်လား"

"ကိုယ် မဖြေဘူး။ ဘာဖြစ်လို့လည်းဆိုတော့ စာထဲမှာရေးထား တာတွေအားလုံးက ကိုယ့်နှလုံးသားရဲ့ ပြောစကားတွေဖြစ်နေလို့ပဲ"

ထိုစကားကြောင့် ရက်ပြုံးလေးနဲ့ အောက်နှုတ်ခမ်းကိုဖိကိုက်ရင်း ကျွန်တော့်ကို ကြည်ကြည်တောက်တောက်ကြည့်တယ်။ သူမမျက်ဝန်း တွေက အရည်လဲ့နေပြီး တစ်စုံတစ်ရာသော ကြည်နူးစိတ်တွေနဲ့ ဖိတ် ဖိတ်လက်နေတယ် ထင်တာပဲ။

"အဲဒီဘက်မှာ အတွေ့အကြုံမရှိလို့ ကိုယ့်ပြောစကားတွေ၊ အပြု အမူတွေအားလုံးက ကြောင်တောင်တောင်နိုင်ရင် နိုင်နေမယ်။ ကပေါက် တိကပေါက်ချာ ဖြစ်ရင် ဖြစ်နေမယ်။ ဒါပေမဲ့ ကိုယ် မလိမ်ညာတတ် ပါဘူး။ မုယောလည်း ကိုယ်ထုထားတဲ့ရုပ်တုကို ကြည့်ပြီးသွားပြီပဲ။ အဲလောက်ဆို ကိုယ် မုယောကို ဘယ်လောက်ထိ စွဲလမ်းနေတယ်ဆို တာ ရိပ်မိမှာပေါ့"

သူမဘက်က ဘာတုံ့ပြန်သံကိုမှ မကြားရဘူး။ ဖြတ်သွားဖြတ် လာအချို့ကတော့ ကျွန်တော်တို့နှစ်ယောက်ကို ကွက်ကြည့်ကွက်ကြည့် လုပ်သွားကြတယ်။

ခေတ်ဆန်ပြီး အရမ်းလှတဲ့ မိန်းကလေးတစ်ယောက်ဘေးမှာ စကားတွေ တတွတ်တွတ်ဆိုရင်း ပါလာတဲ့ ကျွန်တော့်ပုံစံနွမ်းနွမ်းက မြင်ရသူတွေအဖို့တော့ ဆန့်ကျင်ဘက်ဖြစ်နေမှာ သေချာပါတယ်။ ဒါပေမဲ့ မုယောပုံစံက အဲဒါတွေကို နည်းနည်းမှ ဂရုစိုက်မယ့်ပုံ မပေါ်ပါဘူး။ အေးလူနှုတ်ဆိတ်စွာနဲ့ ကျွန်တော့်ဘေးမှာ ငြိမ်ငြိမ်လေး ပါလာတယ်။



"မုယောနဲ့ကိုယ်နဲ့ အခြေအနေတွေ အများကြီး ကွာခြားမှန်း လည်း သိပါတယ်။ ဒါပေမဲ့ ကိုယ့်နှလုံးသားကို ကိုယ်မညာရက်လို့ အခု လို ဖွင့်ပြောရတာပါ။ ဒီလိုမှမပြောရင်လည်း ကိုယ်ဘာအလုပ်မှ ဆက် လုပ်လို့ရမှာ မဟုတ်တော့ဘူး"

စကားဆုံးသွားတော့ မုယောအကြည့်အချို့ ကျွန်တော့်ထံ ဒုတိယ အကြိမ် ရောက်လာတယ်။ တစ်ကိုယ်လုံး နွေးသွားသလိုပါပဲ။ သင်တန်း ဆင်းဆင်းချင်း လျှောက်လာလိုက်ကြတာ ဘယ်ရောက်လို့ ရောက်နေမှန်း တောင် မသိတော့ဘူး။ ဟန်နီက ပါးနပ်စွာ လူခွဲသွားတာမို့ ကျွန်တော် တို့နှစ်ယောက်ပဲရှိနေတယ်။

ဘေးမှာ ကားတွေ တဝီဝီဖြတ်သွားနေကြပြီး ပလက်ဖောင်းပေါ် မှာလည်း သွားလာနေကြသူတွေ မနည်းပါဘူး။ ထိုစဉ်မှာပဲ . . .

"ဟင် . . ."

ဆိုသော အာမေဋိတ်သံတစ်ခုနဲ့အတူ မုယောအကြည့်တွေက ခပ်ဝေးဝေးလမ်းမပေါ်ကို မျှော်ငေးရင်း ခြေလှမ်းတို့ရပ်သွားတယ်။ ချက် ချင်းပါပဲ စိုးရိမ်ထိတ်လန့်ဟန်တွေ တစ်မုဟုတ်ချင်း ပေါ်သွားကာ . . .

"လာ . . . ကိုနေ . . . မြန်မြန်"

ကျွန်တော့်လက်အားဆုပ်ကိုင်ရင်း နီးစပ်ရာ ကုန်တိုက်တစ်ခု ထဲသို့ ဦးဆောင်ပြေးဝင်သွားတော့ . . .

ဘာရယ်ညာရယ်မသိ ကျွန်တော်လည်း ကြောင်တောင်တောင် ပြေးလိုက်သွားလိုက်ရတယ်။ ကုန်တိုက်ထဲက ထွက်လာသူတွေ၊ ရှေ့က သွားနေသူတွေကို တိုးတိုက်မိသွားကြပေမဲ့ တောင်းပန်ချိန် မရလိုက်ပါ ဘူး။ မုယောပုံစံက အရေးတကြီး အလျင်လိုနေလို့ ဘာကြောင့်ဆိုတာ လည်း ချက်ချင်း မမေးမိဘူး။ ဒါပေမဲ့ အတွင်းရောက်ရောက်ချင်းမှာပဲ ကျွန်တော် သဘောပေါက်လိုက်ရတယ်။

ကုန်တိုက်ရှေ့ တဝီဝီ ဖြတ်သန်းမောင်းနှင်သွားကြတဲ့ ကားတွေ ထဲမှာ မုယောက ကားအကောင်းစားကြီးတစ်စီးကို မျက်တောင်မခတ် ငေးကြည့်နေတယ်။ ထိုကားကြီး မြင်ကွင်းက ပျောက်ကွယ်သွားတော့



www.burmeseclassic.com

www.burmeseclassic.com

မှ သက်ပြင်းကို အထပ်ထပ်ချရင်း . . .

"အဲဒါ ဖေဖေ့ကားလေ။ တော်သေးတာပေါ့ မုယောတို့ကို မမြင်လိုက်လို့"

သူမက စိတ်သာသာရာရသွားပေမဲ့ ကျွန်တော်ကတော့ ယခုမှ ရင်မောလာသလိုပါပဲ။ အခြေအနေက မတွေးရဲလောက်အောင် ကွာဟ လွန်းနေသည်လေ။ ထိုစဉ်မှာပဲ . . .

"ကိုနေပြောတဲ့စကားတွေကို မုယော ယုံပါတယ်။ ကိုနေ လိမ် မပြောတတ်တာကိုလည်း ယုံတယ်။ ကိုနေ့အိမ်မှာတွေ့ခဲ့ရတဲ့ ရုပ်တုကို မြင်ကတည်းက ထိုက်သင့်သလောက်တော့ မုယောလည်း ရိပ်မိထားပါ တယ်။ အဲဒါကြောင့်မလို့လည်း မုယော အခု ပြောမထွက်တာပေါ့"

မုယောစကားနဲ့ဟန်ပန်က ကျွန်တော့်စိတ်တွေကို ယောက်ယက် ခတ်သွားစေတယ်။ ဘာတွေလဲ . . . ။ ထိုစဉ်မှာပဲ စိတ်မကောင်းမှုတို့ ဖြင့် ဆွတ်ရည်နေသော မုယောအသံကို ထပ်ကြားရတယ်။

"ဒါပေမဲ့ မပြောလို့ကလည်း ပြီးမှာမဟုတ်တော့ . . . "

ရုပ်သည်ဆိုရုံလောက်လေး ခဏခြားပြီး . . .

"မုယောမှာ အရမ်းချစ်ရတဲ့ ချစ်သူရှိတယ်"

ချည့်နဲ့မေ့မျောနေသူ အကျဉ်းသားတစ်ယောက်ကို သေဒဏ်ပေး လိုက်သလိုမျိုးပါပဲ။ ကမ္ဘာကြီးပြိုကျ၊ ပက်ကြားအက် မြေပြင်ထဲ အစမှ အဆုံးတိုင် ညပ်မိသွားသလို တုံ့ပြန်မှုအားလုံးက တားဆီးပိတ်ဆို့မှုများ စွာနဲ့ မှုမ်းကြပ်ကုန်တယ်။

ကောင်မလေးရယ်။ ကိုယ်ဟာ မြားချွန်ဖို့ မေ့နေသူတစ်ယောက် မဟုတ်ခဲ့ပါဘူး။ မြားဆွဲခါနီးမှ လေးကြိုးပြတ်သွားခဲ့တာပါ။

ရှိသမျှစွမ်းအားတွေကို တစ်စုံတစ်ရာက လွန်လွန်ကျူးကျူး စုတ် ယူသွားသလို ခေါင်းငိုက်စိုက်ကျသွားတယ်။ ပြီးတော့ မဖြစ်နိုင်ဘူးဟု လည်း စိတ်ထဲမှာ အကြိမ်ကြိမ် အော်မိတယ်။

ကျွန်တော့်အော်သံကို ကြားသွားတယ်ထင်ပါရဲ့။



"ကိုနေ လက်မခံနိုင်ဘူး ဖြစ်နေတယ်မလား"

ပြောပြောဆိုဆို မုယောက သူမလွယ်ထားတဲ့ ဆားလွယ်အိတ် လေးထဲက တစ်စုံတစ်ရာကို နှိုက်လိုက်တယ်။ အပြာရောင် စာအိတ်လေး။

"ဒါ မုယောချစ်သူကိုယ်တိုင် ပေးထားတဲ့စာ။ အထဲမှာ သူ့ ဓာတ်ပုံလည်းပါတယ်။ ရော့ . . . အိမ်ရောက်မှ ဖွင့်ကြည့်နော်"

ပြောပြီး ကုန်တိုက်ထဲက အပြေးတစ်ပိုင်းနဲ့ ထွက်သွားပါတယ်။ သူမမျက်လုံးတွေဆီမှ တိကျတဲ့ အဓိပ္ပာယ်တစ်စုံတစ်ရာ ဖော်ထုတ်ဖို့ ညှံ့ဖျင်းစွာနဲ့ပဲ ကျွန်တော် ကျန်နေခဲ့တော့တယ်။ သူမကတော့ သွေးအေး ပေါ့ပါးစွာ လှည့်ထွက်သွားခဲ့ပါပြီ။

ကျန်ခဲ့တဲ့ ကျွန်တော့်မှာတော့ . . .



www.burmeseclassic.com

www.burmeseclassic.com

ပြောစကားနားမထောင်လို့ ငယ်ငယ်တုန်းကလို အရိုက်ခံရမယ်ဆိုရင်လည်း ကျေကျေနပ်နပ်ပါပဲ။ မုယောချစ်သူ ဘယ်သူဆိုတာကို ကျွန်တော့်ရပ်တည်မှုအားလုံးက တမေ့တမော သိချင်နေကြတယ်။ ရင်ထဲမှာ ဘာကိုမှန်းမသိ တဆတ်ဆတ်နာကျင်လို့။

သွေးအေးအေး အသတ်ခံလိုက်ရပေမဲ့ သေဆုံးသူတစ်ယောက်မှာလည်း သူ့ဇီဝိန်နှုတ်ယူသွားတဲ့ လက်နက်ပစ္စည်းကို မသေခင်လေးတော့ မြင်တွေ့သွားချင်ကြတာပဲလေ။ စာအိတ်ကိုင်ထားတဲ့ ကျွန်တော့်လက်တွေက ရင်ထဲမှာ ရှိုက်သံတွေနဲ့ပေါင်းပြီး တုန်မောလှိုက်ရီနေတယ်။ စာအိတ်ပေါ်မှာတော့ ဘာမှုရေးမထားပါဘူး။

ဒါက ကျွန်တော့်မျက်ဝန်းတွေ ဝေဝါးနေတဲ့အတွက်ကြောင့်လည်း ဖြစ်နိုင်ပါတယ်။ ဒါမှမဟုတ် ကျွန်တော့်အမြင်အာရုံတွေ အားပျော့ပျက်စီးသွားမှုကြောင့်လည်း ဖြစ်နိုင်ပါတယ်။ တစ်ခါမှ ရှုးရှုးမှုးမှုး မချစ်ခဲ့ဖူးတဲ့ လူသားတစ်ယောက်ကိုမှ ကံကြမ္မာက ဘာလို့ ငဲ့ညှာစိတ်မထားရတာလဲ။ နွေးနွေးထွေးထွေး မကြိုဆိုရတာလဲ။

စာအိတ်ကိုဖောက်တော့ ရင်ထဲမှာ နာကျင်နေတယ်။ ပြီးတော့ ကျွန်တော့် ကျွန်တော့်လက်ချောင်းတွေ အားလုံးက ဝမ်းနည်းစိတ်တွေနဲ့ တုန်ခါနေကြတယ်။ snow's finger လေးရေလို့တောင် အကျယ်ကြီး အော်လိုက်သလားပဲ။

စာအိတ်ကို ခေါက်ချလိုက်တော့ စာရွက်ခေါက်နှစ်ခုက လက်ပေါ်ကျလာတယ်။ မြင်ဖူးသလိုလိုရှိတာကြောင့် ပထမစာရွက်ကို ဆွဲယူဖွင့်ကြည့်လိုက်စဉ်မှာပဲ . . .



"ဟင် . . . "

တရိပ်ရိပ်ပြေးနေသော အံ့သြမှုလှိုင်းတွေနဲ့အတူ ကျွန်တော့်ရင်ထဲမှာ ခံစားမှုတစ်ခု ဖြစ်ထွန်းသွားတယ်။ ဘာအဓိပ္ပာယ်လဲ။

လက်ထဲမှာရှိနေတာက မကြာခင်လေးကမှ မုယောကိုပေးခဲ့မိသော ကျွန်တော်ကိုယ်တိုင်ရေးထားသည့် ကျွန်တော့်လက်ရေးများ။

ဒါ . . . ဒါဆို နောက်တစ်ရွက်က . . .

ချက်ချင်းပင် နောက်တစ်ရွက်က ကျွန်တော့်ရှေ့သို့ ပြန့်လျက်သားကျသွားစဉ်မှာပဲ တစ်စုံတစ်ရာကို သဘောပေါက်စပြုသွားခဲ့ပြီ၊ မြင်တွေ့ရသည်က ကျွန်တော်ကိုယ်တိုင် လက်မှတ်ထိုးပေးထားခဲ့သော ကျွန်တော့်ရုပ်ပုံပါ မဂ္ဂဇင်းစာမျက်နှာတစ်ခု။

"ဟာ . . . "

ချက်ချင်းပဲ စကားသံအချို့ကို အလိုလို ကြားယောင်သွားတော့ . . .

"ဒါ မုယောချစ်သူကိုယ်တိုင် ပေးထားတဲ့စာ။ အထဲမှာ သူ့ဓာတ်ပုံလည်းပါတယ်"

ကျွန်တော့်အသိမှာ ကြယ်တွေတလက်လက် ပွင့်သွားခဲ့ပြီ၊ လုံးဝထင်မှတ်မထားသော လှည့်ကွက်တစ်ခုဖြစ်ပေမယ့် ထိုလှည့်ကွက်ကပင် ကျွန်တော့်အား အလင်းပြတိုက်ထဲသို့ ခေါ်သွားခဲ့ပါပြီ။ ဒါက ကျွန်တော် တမ်းတမ်းတတမက်ခဲ့ဖူးတဲ့ ဒုတိယအိပ်မက်ပါပဲ။

ပထမအိပ်မက် ဘယ်တော့မှဖြစ်လာမယ်မသိပေမဲ့ ကျွန်တော့်မှာ အားဖော်ရှိနေပါပြီ။

သူမလက်ကိုဆွဲပြီးတော့ပဲ ပထမအိပ်မက် မက်ခွင့်ကို လိုလိုလားလား တောင့်တနေဦးမှာပါ။

ဘယ်လိုပဲပြောပြော . . .

အဲဒီနေ့ဟာ ကျွန်တော်နဲ့သူမ ချစ်သူတွေ စဖြစ်သွားတဲ့နေ့ပါပဲ။



www.burmeseclassic.com

www.burmeseclassic.com

II

အလျှံညီးညီး တောက်လောင်နေသော နေမင်းရဲ့ အပူရှိန်အောက်မှာ ကျွန်တော့်ကျောပြင်ကို ထီးအဖြစ်ပမာပြုရင်း အနုပညာခြေလှမ်းတွေနဲ့ ဒယိမ်းဒယိုင် လျှောက်နေမိတယ်။ အမိုးအကာမပါတဲ့ခေါင်းက လှောင်ချိုင့်ထဲထည့်ပြီး သော့ခတ်ခံထားရသလို တင်းရင်းပိတ်လှောင်လို့။

အပူဒဏ်ကို အကာအကွယ်မဲ့ အန်တုနေရမှုကြောင့် ခန္ဓာကိုယ်အရေပြားတွေ တဖွေ့ဖွေ့လောင်မြိုက်ရင်း တဆစ်ဆစ် နာကျင်နေပေမဲ့ ကျွန်တော်ခြေလှမ်းတို့ကို မရိုပ်မိပါဘူး။

အိမ်ကထွက်လာခဲ့တာ အခုဆို နေ့တွေညတွေ ဘယ်နကြိမ်ကူးပြီး ဘယ်နကြိမ် ဖြတ်ကျော်ပြီးသွားပြီလဲ ဆိုတာကိုတောင် မသိတော့ဘူး။ ရေကလွဲပြီး ဘာမှမစားရသေးတဲ့ ဝမ်းဗိုက်ကို ထောက်ချင့်မည်ဆိုလျှင် အိမ်ကထွက်လာခဲ့တာ ရက်တော်တော် ကြာနေပါပြီ။



ဦးလေးငွေ၏မျက်နှာ၊ ဦးကောင်းကင်၏မျက်နှာ၊ ပြီးတော့ အနုပညာအသိုင်းအဝိုင်းက ကျွန်တော့်ကို မျှော်လင့်တောင့်တနေကြသူများရဲ့ မျက်နှာကို မြင်ယောင်မိတော့ နဖူးမှချွေးကိုသုတ်ရင်း ခေါင်းတစ်ချက်ယမ်းမိသွားတယ်။

ကိုယ် အားလုံးကို မေ့ထားလိုက်တော့မယ်ကွယ်။

အခုလောလောဆယ် ကျွန်တော့်ရင်ထဲမှာ ရက်ဆွဲတစ်ခုနဲ့ သတင်းတစ်ပုဒ်ပဲ ရှိတော့တယ်။ လက်မှာကိုင်ဆွဲလာတဲ့ ပစ္စည်းပစ္စယတွေက လေးလံလွန်းလှပေမယ့် အဲဒါနဲ့ပတ်သက်လို့တော့ ကျွန်တော်စိတ်ကူးနဲ့တောင် မညည်းညူမိပါဘူး။ ဒါတွေသာ ကျွန်တော့်ဘဝ၊ ဒါတွေသာ ကျွန်တော့်ထွက်ပေါက်။

ဒီလက်နက်ပစ္စည်းတွေနဲ့ပဲ နေရောင်ဆိုတဲ့ ကမ္ဘည်းတစ်ခုကို ကောင်းကင်နံရံမှာ ရေးထွင်းရမှာပါ။ ပြီးတော့ မကြာခင်ရောက်လာတော့မယ့် ရက်ဆွဲတစ်ခုမှာ အမေက မွေးဖွားခြင်းမဟုတ်ဘဲ ကိုယ့်ကိုယ်ကိုယ် မွေးဖွားခြင်းနည်းနဲ့ လောကကြီးထဲမှာ ကိုယ့်ကိုယ်ကိုယ် မွေးဖွားပစ်ရမယ်။

လောကဇာတ်ခုံ အမြင့်တစ်နေရာမှာ ကိုယ့်မှတ်တိုင်ကို ကိုယ်ကိုတိုင် ရဲရဲဝံ့ဝံ့ စိုက်ရမယ်။ နေရောင်ဆိုတဲ့အလံကို အမြင့်ဆုံးမှာ လွှင့်ထူနိုင်ရမယ်။

ဒီစိတ်ဓာတ်တွေနဲ့ပဲ ကျွန်တော် အခုလို လမ်းတကာ၊ နယ်တကာ လွှင့်ပါးနေခဲ့တာပေါ့။

ဒါပေမဲ့ စိတ်ဓာတ်မကျပါဘူး။ စိတ်ပျက်အားငယ်ခြင်းလည်း ရှိခဲ့ဘူး။ ဘာဖြစ်လို့လည်းဆိုတော့ ကျွန်တော့်အနာဂတ်ကို ကျွန်တော်ကိုယ်တိုင် ယုံနေတယ်လေ။

ထိုအချိန်မှာပဲ လေတစ်ချက်က နှုတ်ဆက်သလို စပါးရနံ့တွေနဲ့ ဝေ့ဝဲရောက်ရှိလာတယ်။ ကျွန်တော် တစ်ဝကြီးရှူသွင်းလိုက်တယ် ထင်တာပဲ။ စပါးနံ့ရတော့ ဆာလောက်မွတ်သိပ်နေတဲ့ဝမ်းက တကြုတ်ကြုတ် ဆာလောင်လာပြန်တယ်။ ခွင့်လွှတ်ပါဆိုတဲ့ စကားကလွဲပြီး တောလော



www.burmeseclassic.com

www.burmeseclassic.com

ဆယ်မှာ ကျွန်တော့်အတွက် ပြောစရာမရှိဘူး။ ဟိုက်မောယိမ်းယိုင်ပြီး အားအင်ပြတ်လပ်ခါနီး ခန္ဓာကိုယ်အတွက်လည်း လောလောဆယ်မှာ ကျွန်တော် ဘာမှ လုပ်မပေးနိုင်ဘူး။

ကျွန်တော့်ခြေထောက်တွေက ဖုန်အလိမ်းလိမ်းနဲ့ အနားယူချင်ပြီဖြစ်ကြောင်း ပြောနေတာကြာလှပြီ။ ဒါပေမဲ့ . . .

မီးတောက်တွေ ကျောပေါ်တင်ထားရသလို နေမင်းရဲ့ ထိုးနှက်မှုက အရေပြားတွေ လောင်မြိုက်ကုန်ပြီ ထင်တာပဲ။ တစ်ခါတစ်ရံမှာ ကျွန်တော် နေမင်းကြီးကို ရက်ရက်စက်စက်မုန်းမိတယ်။ သူ့ကြောင့် ဖြစ်တည်လာတဲ့ အကျိုးကျေးဇူးတွေရှိပေမဲ့ အခုနောက်ပိုင်း သူ့ကြောင့် ဒုက္ခရောက်ရတဲ့လူတွေ မနည်းပါဘူး။

အချိန်ကြာလာလေ လူပါးဝလာလေလို့ ထင်မိတယ်။ လိုအပ်တာထက် ပူပြင်းနေတဲ့ သူ့စွမ်းအားကို ကျွန်တော် ဘယ်တော့မှ ချီးကျူးမိမှာမဟုတ်သလို စွမ်းအားကြီးမားသူအဖြစ် ဘယ်တော့မှလည်း အသိအမှတ်ပြုမှာ မဟုတ်ပါဘူး။

အရင်ကတည်းက လူ့ဘဝဆိုတာ ပူလောင်ပြီးသားတွေပါ။ ဒါကိုမှ ထပ်ပြီး အပူတိုက်မယ်ဆိုရင်တော့ ကျွန်တော်တို့ လူဖြစ်လာရတာ အပူလာခံတာနဲ့ ဘာထူးတော့မှာလဲ။

ဟင့်အင်း . . . ကျွန်တော် အပူမခံချင်ပါဘူး။ ကျွန်တော့်လိုပဲ ကမ္ဘာသူကမ္ဘာသားအားလုံးကို အေးမြစေချင်တယ်။ ဒါဟာ ကျွန်တော့်ရဲ့ စေတနာမှန်ဆိုရင်တော့ အဲဒီစေတနာဟာ အနုပညာက ဆင့်ပွားပေါက်ရောက်လာတဲ့ အကိုင်းအခက်တစ်ခုပဲ ဖြစ်ပါလိမ့်မယ်။

ခပ်လှမ်းလှမ်းမှာ သစ်ပင်ရိပ်တစ်ခုတွေ့တာကြောင့် ဒယိမ်းဒယိုင်ခြေလှမ်းတွေနဲ့ပဲ ရောက်အောင် ကြိုးစားသွားလိုက်တယ်။ ရင်ထဲမှာ တလှပ်လှပ်မောနေပါပြီ။ တင်းထားတဲ့စိတ်တွေကြောင့်သာ အခုထိ ရှင်သန်နေနိုင်တာ။ စိတ်ကိုသာလျှော့ချလိုက်ရင် သေချာတယ် ကျွန်တော် ချက်ချင်းခွေလဲကျသွားလိမ့်မယ်။

နေရိပ်ကိုရောက်တော့ ပခုံးနဲ့လက်မောင်းတွေမှာ ချိုပိုးထားတဲ့



ပစ္စည်းပစ္စယတွေကိုချရင်း ကျွန်တော် ထိုင်ချလိုက်မိတယ်။ အာဟာရခမ်းခြောက်နေမှုကြောင့် ခြေထောက်တွေက ခန္ဓာကိုယ်ကို မြေပေါ်သို့ အလိုက်သင့်ချမပေးနိုင်ဘဲ လမ်းတစ်ဝက်နဲ့ အရုပ်ကြိုးပြတ် ပစ်ကျသွားတယ်။

တင်ပါးဆီမှ စူးအောင့်သွားသော ခံစားမှုက ရင်ဝအထိရောက်အောင် တလိုက်လိုက် စို့တက်သွားတယ်။ အရိုးထိအောင် အောင့်တက်သွားတာပါ။ ကျွန်တော့်အသားတွေက ခပ်ကြမ်းကြမ်းပွတ်တိုက် လေတိုးမှုကိုတောင် မခံနိုင်တော့ဘူး။ စပ်ပြီး နာလာသလိုပဲ။ မျက်လုံးကိုစုံမှိတ်ရင်း အမောဖြေနေမိတယ်။ ဘယ်လောက်ကြာသွားတယ် မသိပါဘူး။ မျက်လုံးပြန်ဖွင့်တော့ အရာရာက မှုန်ဝါးနေတယ်။ ပြီးတော့မှ တဖြည်းဖြည်း ပြန်ကြည်လင်လာတယ်။

ရှေ့အတန်ငယ် ခပ်လှမ်းလှမ်းမှာက သစ်ပင်အစုအအုံများစွာနဲ့ ရွာလေးတစ်ရွာ။ ရွာအဝင်လမ်းလေက ပြန့်ပြန့်ပြူးပြူး အသက်ပါနေတယ်။ ကျွန်တော့်ကိုလာခဲ့ဖို့ ဖိတ်ခေါ်နေသလိုပါပဲ။ ရွာအဝင်လမ်းနံဘေးက အုတ်ဂူဖြူဖြူလေးတွေကိုတောင် လှမ်းမြင်နေရတယ်။ ဟုတ်ပါတယ်။ ရွာပြင်သင်္ချိုင်းလေးပါ။ လူ့လောကရဲ့ မရှိမဖြစ် နောက်ဆုံးအိမ်ပြန်ချိန် အဆောက်အဦလေးတွေပေါ့။

မျက်လုံးကို ပြန်လည်မှေးစင်းရင်း ဒုတိယအကြိမ် ရှုရှိုက်ကြည့်တော့ ကျွန်တော်လိုချင်တဲ့ အနံ့အသက်တွေ ဒီပတ်ဝန်းကျင်မှာ မရှိဘူး။ ဟုတ်ပါတယ်။

အဲဒီအနံ့နောက်ကို လိုက်ရင်းနဲ့ နေ့တွေ၊ ညတွေ အကြိမ်ကြိမ်ပြောင်းလာခဲ့တာပါ။ ဘယ်ရောက်လို့ ဘယ်ပေါက်မှန်းလည်းမသိဘူး။ လိုချင်တဲ့အနံ့အသက်ကိုလည်း ယခုအချိန်ထိ ရှုရှိုက်ခွင့်မရသေးဘူး။ ရှာမတွေ့သေးဘူး။

သက်ပြင်းကိုချရင်း မျက်လုံးပြန်ဖွင့်လိုက်ပါတယ်။ ပြီးတော့ ကုန်ခမ်းလုလု အားအင်အကြွင်းအကျန်တွေနဲ့ အနိုင်နိုင် မတ်တတ်ထရပ်လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ခရီး မဆုံးသေးပါဘူး။

ရည်ရွယ်ချက်တစ်ခုနဲ့ ရှင်သန်နေသူတစ်ယောက်ဟာ ခရီးမဆုံးမချင်း ရပ်နားပိုင်ခွင့်မရှိဘူး။ နောက်ပြန်လှည့်ခွင့်မရှိဘူး။

ပြီးတော့ ပန်းတိုင်မရောက်ခင် သေဆုံးခွင့်လည်းမရှိဘူး။

• • •

ရွာအဝင်အဝမှာ ဇရပ်လေးတစ်လုံး။

ထိုဇရပ်လေးဆီကမှ လမ်းနှစ်သွယ် ခွဲထွက်နေတယ်။ တစ်လမ်းက ရွာအဝင်လမ်းဖြစ်ပြီး၊ နောက်တစ်လမ်းကတော့ ရွာပြင်သင်္ချိုင်းကို သွားရာလမ်း။ ကျွန်တော် ဇရပ်လေးအောက်မှာရပ်ရင်း ပတ်ဝန်းကျင်ကို ဝေ့ဝဲအကဲခတ်ကြည့်လိုက်တော့ ရွာက သိပ်အကြီးကြီး ဖြစ်ပုံမရပါဘူး။ ဒါပေမဲ့ သစ်ဝါးပေါများလို့ စိမ်းစိမ်းစိုစိုရှိလှတယ်။

နောက်တစ်လမ်းဆီ ဦးတည်လိုက်ပြန်တော့ အုတ်ဂူများ၊ မြေပုံအစုအဝေးများနဲ့ လွင့်လွင့်ငေးငေး တိတ်ဆိတ်နေတဲ့ သံဝေဂဆန်ဆန် ရပ်ဝန်းလေး။ ထိုရပ်ဝန်းလေးနောက်မှာတော့ စိမ်းစိမ်းစိုစို သစ်တောတန်းနဲ့ ရိုးမဆန်ဆန် တောင်ကုန်းမြင့်တွေရှိတယ်။ ကျွန်တော် အလုပ်သင့်ဆုံးအလုပ်တစ်ခုကို စတင်ပြုလုပ်လိုက်တယ်။

အဲဒါက မွေးကတည်းကပါလာတဲ့ အနံ့ခံအာရုံနဲ့ပတ်သက်တဲ့ ကျွန်တော့်ပါရမီပါပဲ။ ရွာလေးဆီမှာ ကျွန်တော်လိုချင်တဲ့ အငွေ့အသက်တွေ ရှိပုံမရဘူး။ အချိန်အတန်ငယ် ကြာသွားတာတောင် သာမန်အငွေ့အသက်တွေကိုသာ ခံစားရတယ်။

ဒီတော့ ကျွန်တော့်အာရုံကို သင်္ချိုင်းနဲ့ တောတန်းဆီ ရွေ့ကြည့်လိုက်တယ်။ ပထမဆုံး မြက်ရိုင်းနဲ့၊ နောက် စိုစွတ်စွတ်မြေသား။ အုတ်သားနံ့ရံ။ ပြီးတော့ သစ်ပင်တွေ . . .

သစ်ပင်တွေ . . .

သစ်သားတွေ . . . အမျိုးမျိုးပဲ . . . အနံ့မျိုးစုံပဲ။



“ဟင် . . . ”

ခန္ဓာကိုယ်က ဆတ်ခနဲတုန်သွားပြီး ခပ်ပြင်းပြင်း ထပ်ရှူလိုက်တော့ . . .

“ဟာ . . . ”

နှလုံးခုန်သံတွေ တော်တော်ဝေးဝေး ပြေးသွားကြပြီ၊ အနံ့တစ်ခု။ ကျွန်တော်လိုချင်တဲ့ သာမန်ထက်ထူးခြားသောရနံ့။ အားပြတ်ချည့်နဲ့မှုများစွာနဲ့ ကျွန်တော်ရှာနေတာ ဒီရနံ့ပါ။ ခံစားမှုအကွာအဝေးအရ သုသာန်ကိုကျော်ပြီး ဟိုဘက်တောတန်းလေးဘက်မှာဖြစ်နိုင်တယ်။

“ဟား . . . ဟား . . . ဟား . . . ဟား . . . ”

ကျွန်တော် အကျယ်ကြီး အော်ရယ်မိလိုက်တယ်။ တွေ့ပါပြီ။ နောက်ဆုံးတော့ ကျွန်တော်လိုချင်တဲ့ရနံ့ကို ရှာတွေ့ပြီ။ ချက်ချင်းပဲ ခန္ဓာကိုယ်သွေးကြောတွေက အသစ်တစ်ဖန် ပြန်လည်စီးဆင်းသွားကြတယ်လို့ ထင်မိတယ်။ အားအင်ပြတ်လတ်မှု၊ မောပန်းချည့်နဲ့မှုတွေ အားလုံးကလည်း ကြက်ပျောက်၊ ငှက်ပျောက်ပါပဲ။

ချက်ချင်းပဲ လမ်းသွယ်တစ်ခုပေါ် ရဲရဲဝံ့ဝံ့ ခြေချလိုက်တယ်။ ဒီတစ်ခါမှာတော့ ခြေလှမ်းတွေက ပန်းဝင်ဆဲဆဲ အပြေးသမားတစ်ယောက်လို အောင်ပွဲရနံ့တွေနဲ့ သွက်လက်နေကြပြီ။

အုတ်ဂူများ၊ မြေပုံအစုအဝေးများကို ကွေ့ဝိုက်ကျော်ဖြတ်ပြီး ခပ်သွက်သွက်လှမ်းသွားလိုက်တော့ အမြင်အာရုံနဲ့ အနည်းငယ် ကွဲလွဲမှုတစ်ခုကို သတိပြုမိလိုက်တယ်။ အဲဒါက သစ်တောတန်းလေးထဲသို့ ခြေလှမ်းအနည်းငယ်ဝင်ပြီးသွားချိန်မှာပါ။

ဆွေးမြည့်ပြိုကျနေသော သစ်သားအဆောက်အဦလေးတစ်ခု။ ပုံစံအရတော့ ဘုန်းကြီးကျောင်းတစ်ကျောင်း ဖြစ်လိမ့်မယ်။ အနည်းငယ်ဆက်သွားတော့ ထိုအဆောက်အဦလေးအောက်မှာ ဝါးလုံးလျှိုပြီး လှမ်းထားတဲ့ သင်္ကန်းနှစ်ထည်ကို တွေ့တာကြောင့် ဘုန်းကြီးကျောင်းဆိုတာ သေချာသွားပြီ။ ဒါပေမဲ့ တစ်စုံတစ်ရာသော အရိပ်အယောင်ကို မတွေ့ပါဘူး။

ကျောင်းလေးက ကွာကျပေါက်ပြဲနေသော အကာအရံများနဲ့



www.burmeseclassic.com

www.burmeseclassic.com

ပြိုလဲလုလုပင် ဖြစ်နေပါပြီ။

ဒါပေမဲ့ ကျွန်တော်ရှာနေတာ ဒါမဟုတ်ဘူး။

လှမ်းနေဆဲ . . .

အရွယ်အစားမျိုးစုံ အုံမှိုင်းမှိုင်းသစ်ပင်တွေအောက်မှာ ခြေလှမ်းတွေက ဦးတည်ချက်တစ်ခုကို ဖွေရှာလို့နေတယ်။ အနံ့ခံအာရုံရဲ့ အထောက်အပံ့ကို အပြည့်အဝယူလို့ပေါ့။

"ဟော . . . "

တိခနဲရပ်သွားသော ခြေလှမ်းတို့နဲ့အတူ အသက်ရှူဖို့ပင် မေ့သွားလားမသိတော့။ လူတစ်ကိုယ်စာ သစ်တစ်ပင်။

ပင်စည်က ထူးကဲနက်ပြောင်နေတယ်။

ပြီးတော့ စူးရှရှသစ်ပင်ရနံ့က ကျွန်တော့်နှလုံးသွေးကြောကို တဆစ်ဆစ်လာထိုးနေတယ်။ အကိုင်းအခက်၊ အပွင့်အလက်တွေ အားလုံးက ပင့်သက်ပြိုင်းပြိုင်းရှိုက်ရလောက်အောင် ပင်စည်မှာ ရှိမနေကြဘူး။

ဟုတ်ပါတယ်။ ဒါဟာ သေအုံဆဲဆဲ အပင်အိုကြီးပါ။ ကျွန်တော်အရပ်တကာ နယ်တကာလှည့်ပြီး ရှူးရှူးနှမ်းနှမ်းရှာဖွေနေတဲ့ သစ်သားရနံ့ဟာလည်း ဒီပင်အိုကြီးရဲ့ ရနံ့ပါပဲ။ အပင်ကြီးရဲ့ကိုယ်ထည်မှာ ကျွန်တော်လိုချင်တဲ့ သစ်ရနံ့တွေ တငွေ့ငွေ့ လွင့်ပါးနေကြတယ်။

လက်မှာဆွဲထားတဲ့ အထုပ်အပိုးတွေ၊ ကျောကုန်းက ဝန်စည်စလယ်တွေ အလိုလိုပြုတ်ကျ၊ ခရီးဆုံး အထိမ်းအမှတ်အဖြစ် ကြည်နူးမှုတွေတောင် ဝေကျသွားတယ်။ အိမ်မက်တစ်ဝက်၊ နိုးတစ်ဝက်နဲ့ ကျွန်တော် ရင်အကြိမ်ကြိမ် ခုန်နေပါပြီ။

ဒါပေမဲ့ ရင်ထဲကထွက်လာတဲ့ နှလုံးခုန်သံမဟုတ်ဘူး။ ကောင်းကင်ပက်ကြားအက်ထဲက ထွက်လာတဲ့အသံ။ ဒီအသံကြောင့်ပဲ ကောင်းကင်မျက်နှာကြက်တွေ ကွဲကုန်ရတာပါ။

ပြေးထွက်သွားတဲ့ ကျွန်တော့်ခြေလှမ်းတွေကိုတားဖို့ လူမရှိဘူး။ ကျွန်တော်နဲ့ သစ်ပင်တွေ့ဆုံမှုကို တောအုပ်ကြီးက လက်ခုပ်တီးပေးလိမ့်



မယ်။ သစ်ရွက်တွေ ယိမ်းကကြလိမ့်မယ်။

ထိုခဏမှာပဲ ကျွန်တော်နဲ့ သစ်ပင် ပွေ့ဖက်မိသွားကြပါပြီ။

လေတွေ ဝေါခနဲ တိုက်လာတယ်။ သစ်ကိုင်းအချင်းချင်း ပွတ်တိုက်ကုန်တယ်။ သစ်ရွက်တွေ မြေခကုန်တယ်။

ကျွန်တော်ကတော့ အရာအားလုံးမေ့ပျောက်ပြီး တရှိုက်မက်မက်ပါပဲ။

အပင်အိုအား တယုတယကို နမ်းရှုံ့ပစ်လိုက်မိတယ်။

ဒါဟာ ချစ်သူရဲ့ ပါးတစ်ဖက်မဟုတ်ပါဘူး။

ပွေးခေါက်ထူထူနဲ့ ပင်စည်ကြမ်းကြမ်းပါ။

ထိုအရာကပဲ ကျွန်တော့်နှလုံးသား မြင်နေသည်လေ။

ထိုအခိုက်မှာပဲ ခေါင်းတွေ တရိပ်ရိပ် မူးလာတယ်။ မျက်လုံးတွေ ပြာလာတယ်။ အသက်ရှူကြပ်ပြီး မောလာတယ်။ မြင်မြင်သမျှ အရာရာတိုင်းက ရဟတ်တစ်စင်းပေါ်က မြင်ကွင်းလို ချာချာလည်နေတယ်။

ပြီးတော့ . . .

ပြီးတော့ . . .

ကျွန်တော် အရုပ်ကြိုးပြတ် ခွေလဲသွားပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com

"စောစောစီးစီး ငိုင်လှချည်လားကွ။ ဘာတွေ တွေးနေတာလဲ"

ဘရသေ့အသံ ကြားကာမှ ကိုယ့်ကိုယ်ကိုယ် သတိထားမိလိုက်တယ်။ ကျွန်တော့်အတွေးတွေ အတိတ်ကအရိပ်တချို့ဆီ ပြန်ငေးသွားတာပါ။ ဘရသေ့က ကျောပေါ်က ထင်းစည်းကိုပစ်ချရင်း . . .

"နိုးတာကြာပြီလား"

"သိပ်မကြာသေးဘူး"

"သတိရနေပြန်ပြီပေါ့"

အရယ်တစ်ဝက်နဲ့ဆိုသော ဘရသေ့စကားကို ကျွန်တော် ခေါင်းရမ်းဆန့်ကျင်လိုက်ရင်း . . .

"မဟုတ်ပါဘူး။ ကျွန်တော် ဒီကို ဘယ်လိုရောက်လာခဲ့တယ်ဆိုတာ စဉ်းစားရင်း အံ့ဩလွန်းလို့ အထပ်ထပ် တွေးကြည့်နေတာ"

ဘရသေ့က မျက်နှာကိုတည်ရင်း . . .

"ဘာအံ့ဩစရာရှိလို့လဲကွ။ ဒီမှာရော့ . . . ဒါ ဘာသားလဲ"

ပြောပြောဆိုဆို ပစ်ချထားတဲ့ ထင်းစည်းထဲက ထင်းချောင်းတစ်ချောင်းကို ဆွဲထုတ်ရင်း ကျွန်တော့်ဆီ ပစ်ပေးတယ်။ ဖမ်းယူတိုးကပ်ကြည့်လိုက်တော့ . . .

"ကုက္ကိုသား"

"ဒါကရော . . . "

"ပိတောက်သား"



"ရော့ . . . ဒီတစ်ခုက . . . "

"ကျွန်း"

" . . . . . . "

"ရင်းတိုက်"

ကျွန်တော့်ကို စူးစူးရှရှကြည့်ရင်း ခေါင်းတညိတ်ညိတ်လုပ်နေတယ်။ ပြီးတော့ လျော့ရဲရဲသက်န်းကို ပခုံးပေါ်ပြန်တင်ရင်း . . .

"ဒါပဲပေါ့ကွ။ ဘာစဉ်းစားစရာရှိလို့လဲ။ မင်းမှာ သူများထက်ထူးခြားတဲ့ ပါရမီတစ်ခုရှိနေတယ်။ အဲဒီပါရမီကြောင့် မင်း ငါ့ဆီကို ရောက်လာတာ"

ပြန်လည်အဖြေပေးရန် စကားလုံး ရှာမတွေ့တာကြောင့်ပဲ ကျွန်တော် ဆက်လက်ငြိမ်သက်နေမိတယ်။ အပြင်မှာ နှင်းတွေက မှုန်မှုန်မွဲမွဲ ဝေသီနေတယ်။ သစ်ရွက်တွေပေါ် တွဲခိုဆော့ကစားနေတဲ့ နှင်းစက်လေးတွေကိုတောင် လှမ်းမြင်နေရတယ်။

ဒါ မနက်ခင်းတစ်ခုပါ။ ဘရသေ့ ဘယ်အချိန်ထပြီးနောက် တောတန်းဘက် ထင်းခွေသွားကြောင်း မသိရပေမဲ့ ကျွန်တော်နိုးနေတာတော့ တော်တော်ကြာနေပါပြီ။ ထိုအချိန်မှာပဲ ဘရသေ့က ထင်းစည်းကို နေရာချရင်း ကျောင်းပေါ်တက်သွားတယ်။ ကျွန်တော်ကတော့ ကျောင်းရှေ့သစ်ပင်အောက် သစ်သားတန်းလျားတိုတိုလေးမှာ တစ်ယောက်တည်း ဆက်လက်ထိုင်နေမိတယ်။

တအောင့်ကြာတော့ ဘရသေ့ပြန်ဆင်းလာပြီး . . .

"ကောင်လေး . . . ငါသွားတော့မယ်။ ဒီနေ့ နည်းနည်းမိုးချုပ်ရင် ချုပ်လိမ့်မယ်"

"ဟုတ်ကဲ့"

ဒေါက်ချာဆောင်းပြီး တောင်ဝှေးတစ်ဖက်၊ လွယ်အိတ်တစ်လုံးနဲ့ အရပ်တကာ၊ ရွာတကာလှည့် တရားဟောသွားတော့မှာပါ။ တောင်ဝှေးကို တဒေါက်ဒေါက်ထောက်ရင်း ကျောင်းအိုလေးရှေ့မှ တစ်လှမ်းချင်းလှမ်းထွက်သွားပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ ခေါင်းလှမ်းတောင် ပြည့်မယ်မထင်ပါဘူး။

"ဩော် . . . ဒါနဲ့ . . . "

ကျွန်တော့်ကိုလှည့်ကြည့်ပြီး တစ်ခုခုပြောဖို့ပြင်တယ်။

"မင်း ထမင်းတော့စားဦးနော်"

ခေါင်းညိတ်ပြမိလား၊ ငြိမ်ပဲနေမိလား မသိပါဘူး။ ဘာရသေ့က တော့ တည်ငြိမ်သောခြေလှမ်းတွေနဲ့ အေးအေးချမ်းချမ်း ထွက်ခွာသွားပါ ပြီ။

တအောင့်ကြာတော့ မတ်တတ်ရပ်ရင်း ကျောင်းထဲကိုဝင်သွား လိုက်တယ်။ ခြေလှမ်းမှန်မှန်ဖြင့်ဝင်လာတဲ့ ကျွန်တော့်ကို ပြက္ခဒိန်နွမ်းနွမ်း လေးတစ်ရွက်က ဆီးကြိုနေတယ်။

ဘာလိုလိုနဲ့ တစ်ရက်ကုန်လို့ နောက်တစ်ရက်ပင် အစပြုနေပါ ပြီ။ ပြက္ခဒိန်ပေါ်က ရက်စွဲတစ်ခုကို ကြက်ခြေခတ်ပစ်လိုက်တော့ ကျွန် တော့်သွေးတွေ နွေးသွားသလိုပဲ။ အသက်ရှင်ရပ်တည်မှု၏ အဓိကရေ သောက်မြစ်က လှုပ်ရှားအသက်ဝင်စပြုလာနေပြီ။

ဟုတ်တယ် . . . ။ ကျွန်တော့်လက်တွေ ဆောက်ခုံး၊ ဆောက် ပြားတွေနဲ့ ထိတွေ့ချင်လှပြီ။



( ၁ )

"မောင့်ကိုလွမ်းရင် မယော ဘာလုပ်ရမလဲဟင်"

"ပန်းချီဆွဲနေပေါ့"

"မရပါဘူး။ မယောကတော့ ငိုမှာပဲ"

" . . . . . . "

"မောင်နဲ့သာ အခုလို တွေ့ခွင့်မရတော့ဘူးဆိုရင် မယောလေ ထမင်းလည်း မစားတော့ဘူး၊ ပန်းချီလည်းမဆွဲတော့ဘူး၊ အိပ်လည်း မအိပ် တော့ဘူး။ မောင့်အကြောင်းတွေပဲ တစ်နေကုန် ထိုင်တွေးနေမှာ . . . သိလား"

" . . . . . . "

"နောက်ပြီး မောင်နဲ့မတွေ့ရမချင်း ငိုနေမှာ"



www.burmeseclassic.com

www.burmeseclassic.com

( ၆ )

"မယောလက်မောင်းလေးတွေက သေးသေးလေးတွေနော်"

ကျွန်တော့်စကားကြောင့် သူမလက်မောင်းလေးများအား လက်ဖဝါးသေးသေးလေးဖြင့် ရှက်အမ်းအမ်းဆုပ်ကိုင်ရင်း . . .

"မောင်နော် . . . ဘာလို့လိုက်ကြည့်နေတာလဲ"

နှုတ်ခမ်းကိုကိုက်ရင်း အရှက်သည်းစွာဆိုသော သူမကိုကြည့်၍ ကျွန်တော် ရယ်မိတယ်။

"တွေ့လား . . . သူများကို စိတ်ထဲကနေ အတင်းပြောနေတာ မသိဘူးမှတ်လို့လား"

"ဟောဗျာ . . . "

သူမက ကိုယ့်ဘာသာပြောရင်း စိတ်ကောက်သွားလေပြီ။ ကျွန်တော်ကတော့ နှုတ်ခမ်းသေးသေး ချွန်ချွန်လေးနှင့် စိတ်ကောက်ပြနေသော သူမကိုကြည့်၍သာ ရယ်နေမိတယ်။



"မောင်နော် . . ဘာလို့အဲလောက် ရယ်နေတာလဲ။ လက်မောင်းသေးတာ သဘောမကျရင် အရင်ကတည်းက လက်မောင်းကြီးတဲ့ မိန်းကလေးတွေကို ရွေးကြိုက်ပါလား။ ဘာလို့ မယောကို လာကြိုက်လဲ"

ကျွန်တော် အရယ်ကိုရပ်လိုက်ရတယ်။ ဆက်ရယ်နေရင် ရှားရှားပါးပါး တွေ့ရတဲ့အချိန်လေးက စိတ်ကောက်လိုက် ပြန်ချော့လိုက်နဲ့ လုံးပါး ပါးသွားနိုင်တယ်လေ။

ပန်းချီသင်တန်းအပြီး အအေးဆိုင်ထိုင်ရင်း စကားပြောနေကြတာပါ။ ဒီနေ့မှ သူမက လက်ပြတ်အင်္ကျီအဖြူရောင်လေး ဝတ်လာသည်မို့ ပါးပါးလျလျခန္ဓာကိုယ်အတိုင်း လက်မောင်းသားဖွေးဖွေးက သွယ်သွယ်ဝင်းဝင်း ပေါ်နေတယ်။

တကယ်တော့ ထင်သလောက် သေးလှတယ်လည်း မဟုတ်ပါဘူး။ သူမခန္ဓာကိုယ် အချိုးအစားနဲ့တော့ အနေတော်ပါပဲ။ အသားက ဆွတ်ဆွတ်ဖြူနေတဲ့အတွက် သူမလက်မောင်းသားလေးတွေက အစိမ်းရောင်တောင်သမ်းလို့နေပါတယ်။ ကိုယ့်ချစ်သူမို့ ကိုယ်ကြွားပြောတာမဟုတ်ဘူး။ သူမ တော်တော်လှနေတယ်။

"မဟုတ်ပါဘူး။ မယောက မောင်လက်ထပ်မယ့် မိန်းကလေးတစ်ယောက်ရဲ့ စံနဲ့ ညီမညီ လေ့လာနေတာ"

ဒီစကားက သူမကို လှုပ်လှုပ်ရှားရှား ဖြစ်သွားစေပါတယ်။ ခေခွဲမရတဲ့ပုံစံနဲ့ ကျွန်တော့်ကိုကြည့်တယ်။ ပြီးတော့ သူမလက်မောင်းကို သူမပြန်ကြည့်ပြီး အနည်းငယ်စိုးရိမ်စိတ်ဝင်သွားသလိုပဲ။

"ဘာဖြစ်တယ် . . . မောင်။ မောင်လက်ထပ်မယ့်မိန်းကလေးတစ်ယောက်ရဲ့စံ ဟုတ်လား"

ကျွန်တော် ခေါင်းညိတ်ပြလိုက်တော့ ချက်ချင်းပဲ ကျွန်တော့်အနားကို တိုးလာကာ စိုးရိမ်စိတ်ရောသောလေသံဖြင့် . . .

"မယောမှာ မောင်သဘောမကျတဲ့အချက်တွေ ရှိနေလို့လားဟင်"

တကယ့်ကို တိုးတိုးပျော့ပျော့လေးပါ။ ခွင့်လွှတ်မရတဲ့ အမှား



www.burmeseclassic.com

www.burmeseclassic.com

တစ်စုံတစ်ရာရှိနေမှာကို လွန်လွန်ကျူးကျူး ထိတ်လန့်နေသလိုမျိုး။ ခုန
ကလို ကျွန်တော့်အား စိတ်ဆိုးနေတဲ့အမူအရာ လုံးဝမရှိတော့ဘူး။

"အင် . . . "

စဉ်းစားသလိုပြုတော့ ကျွန်တော်ပြောမယ့်စကားကို ငြိမ်ကာ နား
ထောင်နေတယ်။ သူမလက်မောင်းလေးအား နောက်တစ်ကြိမ် ထပ်ကြည့်
လိုက်၍ . . .

"ဒီလောက်ဆိုရင်တော့ ဖြစ်နိုင်ပါတယ်"

ကျွန်တော့်စကားကြောင့် သူမ ကြောင်ကာသွားတယ်။ ပြီးမှ
နားမလည်သလို အမူအရာဖြင့် . . .

"မောင်လက်ထပ်မယ့် မိန်းကလေးမှာ လက်မောင်းကြီးတာ၊
သေး တာလည်း စံတစ်ခုပဲလား"

ထိန်းထားတာမဟုတ်ရင် ကျွန်တော် ခွီးခနဲရယ်မိမှာပါ။ ဒါပေမဲ့
သူမကတော့ တကယ်သိချင်ဟန် အမူအရာလေးနှင့်မို့ သနားသလိုတောင်
ဖြစ်သွားရတယ်။

"မောင်သတ်မှတ်ထားတာတော့ မဟုတ်ပါဘူး။ ရှေးတုန်းက
လူတွေ သတ်မှတ်ခဲ့ဖူးလို့ မောင်လည်း ကောင်း၏၊ မကောင်း၏ တွေးနေ
တာ"

စိတ်ဝင်စားသွားတဲ့ အမူအရာတစ်ခုကြောင့် ကျွန်တော် ရှင်းပြ
ရန် ပြင်ဆင်လိုက်တယ်။

"ရှေးတုန်းက ဂျာမနီနိုင်ငံ စကယ်လဆွစ်ဒေသမှာ သတို့သမီး
တစ်ယောက်ဟာ လက်ထပ်တော့မယ်ဆိုရင် သူမလက်ထပ်မယ့်
သတို့သားလောင်းကို သူမ ကြံ့ခိုင်မှုဘယ်လောက်ရှိကြောင်း၊ လက်ထပ်ဖို့
အတွက် ကျန်းမာကြံ့ခိုင်ကြောင်း လက်တွေ့လုပ်ပြရတဲ့ အလုပ်တစ်ခုရှိ
တယ်"

"ဘာလဲဟင်"

"အဲဒါကတော့ အတော်အသင့်ကျယ်တဲ့ စမ်းချောင်းလေးတစ်ခု
ကို ဝါးလုံးထောက်ပြီး ခုန်ကျော်ပြရတာပဲ"



ဟယ် . . . တကယ်"

ခေါင်းညိတ်ပြလိုက်တော့ သူမလက်မောင်း သူမပြန်ငုံ့ကြည့်ရင်း
မျက်နှာညှိုးသွားတယ်။

"မယောဆိုရင်တော့ သေချာတယ်။ တစ်ဖက်ကမ်းမရောက်ဘဲ
စမ်းချောင်းလေးထဲကို ပြုတ်ကျမှာ"

ထိုစကားကြောင့် သူမအား ဆက်လက်စနောက်လိုစိတ် ပေါ်
သွားပြီး . . .

"နောက်တစ်ခုရှိသေးတယ်"

" . . . . . . "

"ပေါ်တူဂီနိုင်ငံ၊ ဂီနီ၊ ဘီနာဒေသက အမျိုးသမီးတွေဟာ နှစ်စဉ်
နှစ်တိုင်း ကပွဲတစ်ခု ကျင်းပကြတယ်။ အဲဒီကပွဲက သူတို့တွေရဲ့ခေါင်း
ပေါ်မှာခြင်းတောင်းကြီးတစ်ခုစီကို ရွက်ထားရတယ်။ အဲဒီခြင်းတောင်း
ထဲမှာ သူတို့တွေရဲ့ခင်ပွန်း၊ ဒါမှမဟုတ် ချစ်သူကိုထည့်ပြီး ခြင်းတောင်း
ကို ငြိမ်အောင် ဟန်ချက်ညီညီထိန်းပြီး ကရတဲ့ကပွဲပဲ"

"အလေးကြီးနေမှာပဲနော်"

ကျွန်တော် ခေါင်းညိတ်ရင်း . . .

"ဒါပေမဲ့ သူတို့ကတော့ အဲဒီကပွဲကို အမြတ်တနိုးနဲ့ သူ့ထက်
ငါ ကြာအောင် ကြိုးစားပမ်းစားကကြတယ်။ ဘာဖြစ်လို့လည်းဆိုတော့
ကပွဲဆိုတာထက် သူတို့ဓလေ့မှာ ကိုယ့်ချစ်သူအပေါ်ကို ဘယ်လောက်
ထိ မေတ္တာထားနိုင်ကြောင်း၊ သူများတွေထက် ဘယ်လိုသာအောင် ချစ်
ပြနိုင်ကြောင်း ပြသရာရောက်တဲ့ စိတ်ခံစားမှုပွဲတစ်ပွဲဖြစ်နေလို့ပဲ"

ကျွန်တော့်စကားဆုံးတော့ မယော အကြာကြီး အပြင်ကိုငေး
သွားပါတယ်။ ပြီးတော့ နှုတ်ခမ်းချင်း ထက်အောက်ကိုက်နေတာကို
လည်းတွေ့ရတယ်။ အတော်ကြီးကြာသွားတော့မှ ဆုံးဖြတ်ချက်တစ်ခု
ချပြီးသွားသလို မျက်နှာထားနှင့် ကျွန်တော့်အားကြည့်ရင်း . . .

"ကိုယ့်ချစ်သူကို ဘယ်လောက်ထိချစ်ကြောင်း ဖော်ပြရာရောက်
တဲ့ ကပွဲသာမှန်ရင်တော့ . . . "



www.burmeseclassic.com

www.burmeseclassic.com

သူမရဲ့မျက်ဝန်းတွေက အဓိပ္ပာယ်တစ်စုံတစ်ရာနဲ့ လက်ဝင်းနေတယ်။

"သူတို့တွေလိုပဲ မှယောလည်း မောင့်ကို ရွက်ထားရဲပါတယ်"

ကြည့်စမ်းပါဦး။ ဘယ်လောက်များ ချစ်စရာကောင်းတဲ့ ကျွန်တော့် snow's finger လေးလဲ။ ရင်ထဲမှာ အတိုင်းအဆမရှိ ကြည်နူးမှုတွေက ဒီရေတက်သလို တရိပ်ရိပ် တိုးတက်မြင့်မားလာပြီး . . .

"မှယောရယ်"

တိုးဖွဖွဆိုရင်း လက်ဖဝါးလေးကို ဆုပ်ကိုင်လိုက်တော့ သူမကလည်း ပြန်လည်ဖျစ်ညှစ်တယ်။ ထိုလက်ဖဝါးတွေကတစ်ဆင့် တစ်ဦးနဲ့တစ်ဦး ချစ်တတ်မှုတွေ ကူးလျှောက်သွားနေသလိုပါပဲ။

အမှန်က သူမကို စနောက်နေခြင်းပါ။ ဒါပေမဲ့ ကျွန်တော်ပြန်ရလိုက်သည်ကတော့ . . . ကျွန်တော်တို့နှစ်ယောက် တစ်ယောက်ကိုတစ်ယောက် လွတ်ထွက်သွားမှာ စိုးသည့်အလား ခပ်တင်းတင်း ဆုပ်ကိုင်ထားမိကြတယ်။

"မှယော . . . နောက်အပတ်ထဲမှာ ပန်းပုအရောင်းပွဲတော် ဖွင့်ပွဲရှိတယ်။ လာခဲ့ပါ့လား"

"ဘယ်မှာလဲ . . . "

ကျွန်တော်က ဟိုတယ်တစ်ခုရဲ့နာမည်ကို ရွတ်ပြတော့ သူမစဉ်းစားသလို မျက်မှောင်ကြုတ်သွားပြီး . . .

"တစ်နိုင်ငံလုံးမှာရှိတဲ့ ပန်းပုပညာရှင်တွေအားလုံးကို ဖိတ်ခေါ်ပြီး လုပ်တဲ့ပြပွဲမလား။ အဲဒီပြပွဲမှာ အကောင်းဆုံးလက်ရာရှင် ဆယ်ဦးကို ရွေးလိမ့်မယ်"

ထိုစကားကြောင့် ကျွန်တော် အံ့သြသွားကာ . . .

"မှယောက အဲဒါကို ဘယ်လိုလုပ်သိတာလဲ"

"ဆရာ့ဆီကသိတာလေ။ မနေ့က ဆရာပြောပြထားလို့"

"သြော် . . . "

ဟုတ်နိုင်ပါတယ်။ ဒီသတင်းကို ကိုလူဖော်လည်း သိပြီးရောပေါ့။

"သူတို့က အကောင်းဆုံးဆယ်ယောက်ကိုရွေးပြီး ဘာလုပ်ကြမှာလဲ ဟင်"

ကျွန်တော်တို့အားလုံး သိချင်နေတာလည်း အဲဒါပါပဲ။ တစ်နိုင်ငံလုံးက ပညာရှင်အားလုံးကိုဖိတ်ခေါ်ပြီး ပြပွဲလုပ်တယ်ဆိုကတည်းက ပေါ့သေးသေးမဟုတ်ပါဘူး။ ကိစ္စတစ်ခု ကြီးကြီးမားမား ရှိနေမှာပါ။ ပြီးတော့ အကောင်းဆုံးဆယ်ဦးကို ရွေးမယ်။

ဒါပါပဲ။ ဒီထက်လည်း ဘယ်သူမှ ပိုမသိကြဘူး"

"အကြောင်းတစ်ခုခုတော့ ရှိမှာပေါ့"

ခေါင်းညိတ်မိတယ်။ ပြီးတော့ ကျွန်တော့်အားကြည့်ကာ . . .

"မောင် အဆင်သင့်ဖြစ်နေပြီလား"

"အေးဆေးပဲ။ စိတ်ကြိုက်ဖြစ်တာတွေများနေလို့ ဘယ်ရုပ်တုတင်ရမှန်းတောင် မသိဘူး"

"မောင့်ကိုတော့ ယုံပါတယ်။ ဒါပေမဲ့ မောင်ဆက်ပြီး ကြိုးစားနော်"

ကျွန်တော် သက်ပြင်းတစ်ချက်ကို ခပ်လေးလေးပင့်ရှိုက်၍ . .

"စိတ်ချပါ"

"မှယောကတော့ လာဖြစ်မယ်မထင်ဘူး။ မောင့်သတင်းကိုပဲ နားထောင်နေတော့မယ်နော်"

ဒီလောက်နဲ့ပဲ ကျေနပ်ပါတယ်။ ကျွန်တော့်ချစ်သူလေးက ပန်းချီသင်တန်းတစ်ခုကလွဲပြီး အပြင်ထွက်ခွင့်ရတာ မဟုတ်ဘူးလေ။

"နောက်ပြီး မှယောနားမလည်တာတစ်ခုကို မေးရဦးမယ်။ မောင့်ရုပ်တုတွေက ဘာဖြစ်လို့ (Not for sale)တွေ များရတာလဲ။ မောင့်ရုပ်တုတွေ လူကြိုက်များပါတယ်။ ဝယ်ချင်သူတွေလည်း ပေါမှာပါ။ အဲဒါဘာလို့ မရောင်းတာလဲ ဟင်"

ဒီမေးခွန်းကို ကျွန်တော် အတန်ကြာ စဉ်းစားငြိမ်သက်ပြီးမှ အဖြေပေးမိတယ်။



www.burmeseclassic.com

www.burmeseclassic.com

"မရောင်းတာမဟုတ်ပါဘူး။ ကိုယ့်တန်ဖိုးကို ကိုယ်မသတ်မှတ်ချင်တာ"

သူမ စဉ်းစားသလို ငြိမ်သွားသေးတယ်။ ဒါပေမဲ့ . . .

"မှယော နားမလည်ဘူး"

"မောင်ရှင်းပြမယ်။ ဥပမာ မောင့်ရဲ့ရုပ်တုတစ်ခုကို ရောင်းဖို့ ဈေးသတ်မှတ်လိုက်ပြီဆိုပါစို့။ အဲဒီဈေးက မောင်ကိုယ်တိုင်သတ်မှတ်တဲ့ မောင့်ရဲ့တန်ဖိုးဖြစ်သွားပြီ။ မောင်ဟာ အဲဒီဈေးပဲတန်တဲ့ လူတစ်ယောက်။ အဲဒီထက် တစ်ပြားသားမှ ပိုမတန်တော့ဘူး။ မောင့်ရဲ့တန်ဖိုးဟာ အဲဒီဈေးမှာ ဂိတ်ဆုံးပဲ။ အဲလိုဖြစ်မသွားဘူးလား"

နားထောင်နေရာမှ သူမ ခေါင်းတဆတ်ဆတ်ညိတ်တယ်။

"ဟုတ်တယ်နော်။ ကိုယ်ဟာ ဒီဈေး၊ ဒီဈေးပဲ တန်တော့သလို ဖြစ်သွားတာပေါ့"

"ဟုတ်တယ်။ တစ်နည်းအားဖြင့် အဲဒါ ကိုယ့်တန်ဖိုးကို ကိုယ်ကိုယ်တိုင် ဆောင်ခတ်လိုက်တာပဲ။ အဲဒါကြောင့်မလို့ မောင့်ရုပ်တုအများစုက (Not for sale) တွေများတယ်။ မရောင်းဘူးတော့ မဟုတ်ပါဘူး။ တချို့တလေလည်း ရောင်းပါတယ်။ ဒါပေမဲ့ မောင်ကိုယ်တိုင်ရောင်းတာတော့ မဟုတ်ဘူး"

နားမလည်မှုနှင့် ဆက်လက်နားစွင့်လိုမှုရောကာ ကျွန်တော့်ကို ကြည့်တယ်။

"ပန်းပုထုရင် မောင်က ကိုယ့်အခန်းလေးထဲမှာပဲ ကိုယ်ထုတာ။ ပြီးသွားလို့ ရောင်းဖို့စိတ်ပါရင် အခန်းပြင်ထုတ်ပေးတယ်။ စိတ်မပါရင်တော့ အခန်းလေးမှာပဲထားတယ်။ မောင့်အခန်းကို ဘယ်သူမှပေးမဝင်ဘူး။ အပြင်သွားရင် သော့ခတ်သွားတယ်။ ရောင်းဖို့ကိစ္စအားလုံးကိုတော့ မောင့်အဖေပဲ စီစဉ်တာ။ ဘယ်သူ့ဆီရောင်းတာလဲ မမေးဘူး။ ဘယ်လောက်နဲ့ရောင်းလိုက်တယ်ဆိုတာကိုလည်း မသိချင်ဘူး။ မောင်က အဲလိုမျိုး"

ဝှဝှစားစား နားထောင်နေရာမှ သူမရဲ့ သက်ပြင်းချသံလိုလိုကို



ကြားရတယ်။ အပြင်မှာ နေရောင်က ကျဲပါးစပြုလာပါပြီ။ အိမ်ပြန်ချိန်နီးလာပြီဆိုပေမယ့် ကျွန်တော်တို့ တစ်ယောက်လက်ကိုတစ်ယောက် ယခုအချိန်အထိ ဆုပ်ကိုင်ထားတုန်းပါ။

"ဒါ အနုပညာနဲ့ပတ်သက်တဲ့ မောင့်ရဲ့မာနပေါ့။ အတ္တလို့ပြောရင်လည်း မငြင်းပါဘူး။ မှယောကရော မောင့်ကို ဘယ်လိုမြင်လဲ"

သူမ ကျွန်တော့်ကို ရွှန်းရွှန်းစားစားကြည့်ပါတယ်။ ပြီးတော့ သူမရဲ့ ထင်မြင်ယူဆချက်ကို တစ်လုံးချင်းပြောတယ်။

"မောင်ဟာ တစ်ချိန်မှာ အနုပညာနဲ့ပတ်သက်ပြီး ထင်မှတ်မထားတာတွေအားလုံးထက်ကို ကျော်လွှန်အောင်မြင်မယ့် လူတစ်ယောက်ဖြစ်လာလိမ့်မယ်"

ဒါဟာ ဆုတစ်ခုဆိုရင်တော့ ထိုဆုကို ကျွန်တော် တမ်းတမ်းတတ တောင်းဆိုမိမှာမဟုတ်ပါဘူး။

ဆုတောင်းတယ်ဆိုတာ ကိုယ့်ကိုယ်ကိုယ် မယုံကြည်သူတွေရဲ့ အလုပ်လို့ ကျွန်တော် ခံယူထားတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com

( ၄ )

ညရဲ့အချိန်တစ်ဝက်မှာ ကျွန်တော် ဖျတ်ခနဲ လန့်နိုးလာတယ်။ နိုးနိုးချင်းပဲ မျက်လုံးဖွင့်ကြည့်လိုက်တော့ မှောင်နဲ့မည်းမည်း အခန်းကျဉ်းလေးက သစ်သားရနံ့ပေါင်းစုံနဲ့ ထုံမွှမ်းပျံ့လွင်းနေတယ်။ ကျောပြင်နဲ့ ရင်ဘတ်မှာ ချွေးတွေ စီးစီးပိုင်ပိုင်စို့ရွှဲလို့။

လည်ချောင်းတွေ ခြောက်ကပ်နေပေမဲ့ ကျွန်တော် ရေမဆာမိဘူး။ ဒါပေမဲ့ ရင်ထဲမှာတော့ တလှပ်လှပ်နဲ့ တစ်စုံတစ်ရာကို ဆာလောင်မွတ်သိပ်နေတယ်။ နှလုံးခုန်သံအတိုင်း ခန္ဓာကိုယ်ကပါ လိုက်ပြီး ခုန်နေသလို ခံစားရတယ်။

"ချောက် . . . "

မီးဖွင့်လိုက်တော့ ကျွန်တော့်အခန်းကျဉ်းလေးက မညီမညာ အချိုးတွေနဲ့ လင်းချင်းသွားပါတယ်။ ကျွန်တော် တယုတယပွတ်သပ်ထွင်းထုခဲ့တဲ့ အနုစ်နုစ်အလလက ရုပ်တုတွေ၊ စိတ်ဆက်အပိုင်းအစတွေ၊ အတွေးအခေါ်နဲ့ သစ်လွင်ဆန်းပြားမှုတွေ။ ဆောက်ချက်တစ်ချက် ချလိုက်တိုင်း လိုက်ပါမျောလွင့် ခံစားမှုတွေ။



ဒါတွေအားလုံးရဲ့ ပြယုဂ်တွေက အခန်းကျဉ်းလေးရဲ့ ဟိုနေရာ၊ ဒီနေရာမှာ စနစ်မရှိစွာနဲ့ တင်းတင်းအက်အက် အချိုးကျလို့နေတယ်။ ကျွန်တော် ဆက်အိပ်လို့ မရတော့ပါဘူး။ ကျွန်တော့်လက်ချောင်းတွေ တဆတ်ဆတ်တုန်နေသလို ခံစားရတယ်။

ပန်းပုထုမှဖြစ်တော့မယ်။

ထွင်းထုလက်စရုပ်တုလေးဆီ အကြည့်ရောက်မိတော့ ကြက်သီးတွေ ဖျိုးဖျိုးဖျင်းဖျင်းထသွားတယ်။

'ပင်လယ်အော်ချိန်' လို့ အမည်ပေးထားတဲ့ ရုပ်တုလေးပါ။ ထိုင်နေရာက ထလိုက်တော့ ဘေးက စားပွဲကို တိုက်မိသွားလို့ အပေါ်က ပန်းပုရုပ်လေးလဲမသွားအောင် အသည်းအသန် ထိန်းလိုက်ရတယ်။ ရုပ်တုလေးရဲ့လည်ပင်းမှာက လက်စွပ်လေးတစ်ကွင်း။

ကျွန်တော့်လက်စွပ်လေးပေါ့။ မိဘပေးခဲ့တဲ့ တစ်ခုတည်းသောပစ္စည်းဆိုရင်လည်း မမှားပါဘူး။ ထိုလက်စွပ်လေးဆွဲထားမှ ပိုပြီး အသက်ဝင်သွားတယ်ထင်လို့ ကျွန်တော် ဆွဲပေးထားတာပါ။ ရုပ်တုလေးနာမည်က . . .

'မေမေ့ကို တွေ့မယ့်နေ့' တဲ့။

ဟန်အမူအရာမျိုးစုံနဲ့ ဒီလိုရုပ်တုမျိုးတွေ ကျွန်တော့်အခန်းကျဉ်းလေးထဲမှာ မနည်းပါဘူး။ ခြေသံတရုပ်ရုပ်က အခန်းထဲမှာ မတိုးမကျယ်ပျံ့လွင့်သွားတယ်။ ဦးလေးငွေအခန်းဘက်ကတော့ ဘာသံမှ မကြားရဘူး။ အိပ်ပျော်နေပြီထင်ပါရဲ့။

ထွင်းထုလက်စ ရုပ်ပုံဆီရောက်တော့ အနားမှာ ဆောက်တွေ၊ ပေတံတွေ၊ လက်သဲစောင်းတွေ၊ စာအုပ်စာတမ်းတွေနဲ့ ရှုပ်ယှက်ခတ်နေတယ်။

ပီကာဆိုရဲ့ အတ္ထုပ္ပတ္တိစာအုပ်၊ ဘားလပ်စ်၊ ဟင်နရီမိုးတို့ရဲ့ ပန်းပုပညာအပေါ် သုံးသပ်ချက်စာတမ်းတွေ စတာတွေကိုစုပြီး ကျွန်တော့် စာဖတ်စားပွဲပေါ် တင်ထားလိုက်တယ်။

ပြီးတော့ အင်္ဂလိပ်ဘာသာနဲ့ ပန်းချီသဘောတရား စာအုပ်တစ်



www.burmeseclassic.com

www.burmeseclassic.com

အုပ်ကိုလည်း ထိုအပေါ်မှာပဲ ထပ်တင်ထားလိုက်ပါတယ်။

ထိုအချိန်မှာပဲ ကျွန်တော့်သွေးတွေ ပူနွေးလာတာကို သတိပြုမိတယ်။ လက်နှစ်ဖက်စလုံးက ဆောက်နဲ့လက်ရိုက်ကို မက်မက်မောမော ဆုပ်ကိုင်ပြီးနေပါပြီ။

ပြီးတော့ . . .

သစ်မှုန်သစ်စတွေ တဝဲဝဲ လွင့်ကျလာတယ်။

နေရောင်ဆိုတဲ့ လူတစ်ယောက်ရဲ့ ရုပ်ပိုင်းရော၊ စိတ်ပိုင်းဟာ ထိုခဏမှာပဲ ကြည်စင်ကာ သွားပါတော့တယ်။



( d )

ထိုင်နေကျ လက်ဖက်ရည်ဆိုင်လေးကိုရောက်တော့ အပေါင်းအသင်းတွေ တစ်ယောက်မျှ မရောက်သေးဘူး။ နာရီကိုကြည့်မိတော့ ကျွန်တော် သံသယစိတ် နည်းနည်းဝင်သွားတယ်။

ဒီအချိန်ဆို ရောက်ဖို့ကောင်းပါပြီ။ ဘာလို့ တစ်ယောက်မျှ ရှိမနေတာပါလိမ့်။ ချိန်းထားတာမဟုတ်ပေမဲ့ ဒီလိုနေ့မှာ ဆုံနေကျပါ။ ကျွန်တော်တို့ လက်ဖက်ရည်ဆိုင်လေးမှာ (ဂါ၊ တေး၊ နေ) နဲ့ (လာ၊ ဟူး၊ ကြာ) ဆိုပြီးတော့ ဘယ်သူမျှမသတ်မှတ်ဘဲ သတ်မှတ်သယောင် ပြုထားတဲ့ သတ်မှတ်ချက်တစ်ခုရှိတယ်။

အဲဒါက အင်္ဂါ၊ ကြာသပတေး၊ စနေ နေ့မှာ ဆိုင်လာတတ်တဲ့ လူတွေနဲ့ တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနေ့မှာ လာတတ်တဲ့ လူတွေဆိုပြီး ရှိတယ်။ နေ့တိုင်းလာတတ်ကြတဲ့ တကယ့်အနုပညာခံ့မင်သူ ဆရာသမားကြီးများလည်းရှိသလို ကဗျာဆရာယောင်ယောင်၊ စာရေးဆရာယောင်ယောင်၊ ပန်းချီဆရာယောင်ယောင်နဲ့ ကိုယ့်ကိုယ်ကိုယ် အနုပညာသမားလို့ နာမည်တပ်ပြီး ဟိုဝိုင်းဝင်အာချောင်၊ ဒီဝိုင်းဝင်အာချောင် ပုဂ္ဂိုလ်တွေလည်းရှိပါတယ်။

ထွေထွေထူးထူး အကြောင်းအရာမရှိပေမဲ့ ကိုယ့်ဘေးကရဲ့ သတင်းကို စုံစုံလင်လင်သိရတယ်။ ဒီနေ့က သောကြာနေ့ဖြစ်လေတော့



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့ ဆုံနေကျပါ။ ဒါပေမဲ့ ယခုအချိန်အထိ တစ်စုံတစ်ယောက်ရဲ့အရိပ်အယောင်ကိုမျှ မမြင်ရသေးဘူး။ ဘာများဖြစ်နေကြလို့လဲ။

ဒါမှမဟုတ် တစ်နေရာရာကိုများ သွားနေကြတာလား။

ထိုအချိန်မှာပဲ ဂျာနယ်လစ်တစ်ယောက်က ပျာပျာသလဲနဲ့ ရောက်လာတယ်။ မျက်မှန်းတမ်းမိနေတာမို့ ကျွန်တော်ပြုံးပြတော့ သူကလည်း ပြန်လည်ပြုံးပြရင်း ဆိုင်ထဲကို ဒိုက်စိုက်ဒိုက်စိုက်နဲ့ ဝင်သွားတယ်။

ကျွန်တော်ကတော့ ရေနွေးကြမ်းကိုသာ ဇိမ်ဆွဲသောက်ရင်း တစ်ယောက်တည်း ပျင်းပျင်းရှိနေစဉ် . . .

"ကိုနေရောင် . . . ခင်ဗျား လိုက်မသွားဘူးလား"

နောက်ဘက်မှအသံကြောင့် ကျွန်တော် လှည့်ကြည့်လိုက်တော့ ခုနဂျာနယ်လစ်ပါ။

"ဘယ်ကိုလဲ။ ဘယ်ကို လိုက်သွားရမှာလဲ"

ဂျာနယ်လစ်မျက်နှာမှာ အံ့သြဟန်တို့ပေါ်သွားပြီး . . .

"ဟာ . . . ခင်ဗျားမသိသေးဘူးလား။ ဆရာခေါင်းလှူ အသည်းအသန်ဖြစ်လို့ အကုန်လုံး ဆရာခေါင်းလှူအိမ်ကို သွားကြတယ်။ ခင်ဗျားသူငယ်ချင်းတွေရောပဲ"

"ဘာ . . . "

အနည်းငယ် ကျသွားသလားပဲ။ ဆရာခေါင်းလှူဆိုတာ အသက်ခြောက်ဆယ်ကျော်နေပြီဖြစ်တဲ့ ပန်းချီ၊ ပန်းပုဆရာကြီးတစ်ယောက်ပါ။ ကျွန်တော်လေးစားရတဲ့ ဆရာကြီးတစ်ယောက်ဖြစ်သလို အကုန်လုံးကလည်း ခင်မင်ကြတယ်။

တစ်ဆိုင်လုံး ငြိမ်သက်နေရတဲ့ အကြောင်းရင်းကိုလည်း ကျွန်တော် ချက်ချင်းပဲ သဘောပေါက်သွားတယ်။ ပြီးတော့ ဆုံးဖြတ်ချက်တစ်ခုကိုလည်း ချက်ချင်း ချမိသွားပါတယ်။

မဖြစ်ပါဘူး ကျွန်တော် လိုက်သွားမှဖြစ်တော့မယ်။

• • •



အိမ်ထဲဝင်ဝင်ချင်းမှာပဲ ဆရာခေါင်းလှူဇနီးဖြစ်သူရဲ့ ငိုရှိုက်သံသဲ့သဲ့ကို အရင်ဆုံးကြားရတယ်။ ဆရာခေါင်းလှူသားမှာက နန်းဝေနဲ့ ကိုချိုတို့ ထိုင်နေပြီး ဆရာခေါင်းလှူကတော့ ပက်လက်အနေအထားနဲ့ လဲလျောင်းလို့နေပါတယ်။

အိမ်အောက်ဆင့်မှာက ပန်းချီဆရာအချို့နဲ့ ကဗျာဆရာ တစ်ယောက် နှစ်ယောက်ကိုလည်း တွေ့ရတယ်။ အကုန်လုံး မျက်နှာမကောင်းကြပါဘူး။ ပြီးတော့ တစ်စုံတစ်ယောက်ကိုလည်း မျှော်နေပုံရတယ်။

ကျွန်တော့်ကိုတွေ့တော့ . . .

"လာကွာ"

ဟု ကိုချိုက ခပ်သဲ့သဲ့အသံပြုတယ်။ ကျွန်တော် လွယ်အိတ်လေးကို ရှိရှိပိုက်ရင်း ကိုချိုတို့နားသွားလိုက်တော့ မြင်နေတဲ့ မြင်ကွင်းက ဘယ်လိုမျှ စိတ်မကောင်းပါဘူး။ ဆရာခေါင်းလှူမှာမတွေ့ရတဲ့ လေးငါးဆယ်ရက်အတွင်းပဲ တော်တော်ပိန်ကျသွားတယ်။ မျက်နှာမှာ ဖြူရော်ပြီး နှုတ်ခမ်းတွေက ပြာနှမ်းနေတယ်။

မျက်လုံးကို စင်းစင်းမှိတ်ရင်း အသက်ရှူနေပုံက လှိုက်လှိုက်မောမောရှိလှတယ်။ တော်တော်ကို ပင်ပင်ပန်းပန်း ရှူရနေပုံပါပဲ။ ကျွန်တော်ရောက်နေတာ မသိသလို၊ ဘယ်သူ့ကိုမျှလည်း သိမှာမဟုတ်တော့ဘူး။

"ခုနလေးတင်ပဲ အိပ်ပျော်သွားတာ"

ကိုချို့အသံက တမင်ထိန်းပြီးပြောနေရမှန်း သိသာတယ်။

"ဆေးရုံမတင်ဘူလား ကိုချို"

သဘောရိုးနဲ့မေးတာဖြစ်ပေမဲ့ ဆရာခေါင်းလှူဇနီးသည် မျက်နှာပျက်သွားပြီး ကိုချိုကတော့ ခေါင်းယမ်းပြတယ်။ မေးပြီးမှ မှားပြီဆိုတာ သိလိုက်ပေမဲ့ ကျွန်တော် ဘယ်လိုမျှ မတတ်နိုင်တော့ဘူး။ ယခုမှ အိမ်အတွင်းကို မျက်လုံးဝေ့ကြည့်မိတော့ . . .

ထရံမှာချိတ်ထားတဲ့ ပန်းချီကားတချို့နဲ့ ခေါင်းရင်းက မည်းနက်နေတဲ့ ဆင်တစ်ကောင်ရဲ့ ပန်းပုရုပ်တုလေးကလွဲပြီး တခြားမရှိသောက



www.burmeseclassic.com

www.burmeseclassic.com

ဘာမှမရှိဘူး။ အဝတ်ကြိုးတန်းမှာတော့ လုံချည်ခပ်နွမ်းနွမ်းတစ်ထည်နဲ့ ပေါက်ပြဲနေတဲ့ စွတ်ကျယ်တစ်ထည်ကို သစ်သားချိတ်လေးနဲ့ချိတ်ပြီး လွှားထားတယ်။

ဘဝကို ချည့်နဲ့ကြမ်းတမ်းစွာ အချိန်အကြာကြီး ကျော်ဖြတ်ခဲ့ရပုံပါပဲ။ ဆရာဒေါင်းလူဇနီးသည်မှာလည်း ဘဝရဲ့ရိုက်ချက်တွေကြောင့် အရွယ်နဲ့မလိုက်အောင် အိုမင်းမစွမ်းဖြစ်နေပြီ။

ထိုအရာတွေကို ကြည့်ပြီးတော့ ရင်ထဲမှာ တဆစ်ဆစ်နာလာတယ်။ 'အနုပညာသမားတစ်ယောက်ရဲ့ ဘဝနိဂုံးက ဒါလား' ဆိုတဲ့ မေးခွန်းက ရင်ထဲမှာ တပြန်တလဲလဲ ပဲ့တင်ထပ်ကာ အော်မြည်နေတယ်။

ထိုစဉ်မှာပဲ အိမ်ထဲကို လူတစ်ယောက်ဝင်လာမှုကြောင့် အကုန်လုံးအာရုံက ထိုသူ့ဆီရောက်သွားတယ်။

"ရခဲ့လား သား"

ဆရာဒေါင်းလူရဲ့ဇနီးသည်က လှမ်းမေးလိုက်တာပါ။

အခြေအနေအရ ဆရာဒေါင်းလူရဲ့သားဖြစ်မယ်မှန်း တွေးမိလိုက်တယ်။

ရှိလှမှ ဆယ့်ငါးနှစ်သာသာ ဆယ့်ခြောက်နှစ်။ ဒါပေမဲ့ ပျက်ယွင်းသောမျက်နှာနှင့် ခေါင်းယမ်းပြလိုက်သည့် သူ၏အမူအရာနောက်မှာတော့ . . .

ဆရာဒေါင်းလူ ဇနီးသည်မှာ သည်းသည်းသန်သန်ငိုလေပြီ။ ကျွန်တော် တွေတွေငေးငေးရှိနေစဉ်မှာပဲ ကိုချိုက ကျွန်တော့်လက်ကိုဆွဲကာ အပြင်ခေါ်ထုတ်လာတယ်။ တစ်ခုခု သဘောပေါက်သလိုရှိပေမဲ့ ကိုချိုကို ကျွန်တော်မေးမထွက်ဘူး။

"ငါတို့ တစ်ခုခုလုပ်ပေးမှ ဖြစ်တော့မယ်"

စိတ်မကောင်းမှုကြောင့် ရဲနေသောမျက်နှာနှင့် ကိုချိုကဆိုတော့ . . .

"ဘာကိုပြောတာလဲ။ ကျွန်တော် သဘောမပေါက်ဘူး"

ထိုစဉ်မှာပဲ သဲဝေပါ အိမ်ပြင်ထွက်လာပြီး ကျွန်တော်တို့နားရောက်လာတယ်။

"ခုနဝင်လာတာ ဆရာဒေါင်းလူရဲ့သား"

"အင်း . . . ကျွန်တော် ရိပ်မိတယ်"

"ရှင်းအောင်ပြောရရင်တော့ ဦးကောင်းကင်ကို အကျိုးအကြောင်းပြောပြီး ပိုက်ဆံသွားချေးတာပဲ။ ဒါပေမဲ့ ရမလာဘူး"

ကျွန်တော် ဖျင်းခနဲ ဖြစ်သွားမိတယ်။ ဦးကောင်းကင် ဒီလောက်ထိ လူမှုရေး မခေါင်းပါးသင့်ဘူးလို့လည်း တွေးမိသွားတယ်။

"မင်းမြင်တဲ့အတိုင်းပဲလေ။ သူတို့အခြေအနေက စားဖို့တောင်အနိုင်နိုင်ရုန်းကန်နေရတာ။ အဲတော့ ဆရာဒေါင်းလူ ဒီလောက်ထိဖြစ်နေလည်း ဆေးရုံဆေးခန်း ဘယ်ပြနိုင်မှာလဲ။ အမှန်တော့ ဆရာဒေါင်းလူမှာ ရောဂါကြီးကြီးမားမား ရှိတာမဟုတ်ဘူး။ အသက်အရွယ်နဲ့မလိုက်အောင် ပင်ပန်းတာရယ်၊ အာဟာရချို့တဲ့တာရယ်ကြောင့် အခုလို မဖြစ်သင့်ပဲ ဖြစ်သွားရတာပဲ"

စကားတွေက နားထဲကို ဆောက်နဲ့ထွင်းထည့်နေသလိုပါပဲ။ ဘာကိုမှန်းမသိ ခံပြင်းစိတ်တွေ ဖြစ်နေမိတယ်။ ပြီးတော့ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိတယ်။

"ငါတို့အားလုံးလည်း ဦးကောင်းကင်ဆီက ပိုက်ဆံများရလာရင်ဆိုတဲ့ မျှော်လင့်ချက်နဲ့ စောင့်နေကြတာ။ ဒါပေမဲ့ . . . "

ကိုချို့စကားက တစ်ဝက်တစ်ပျက် ဝါကျတွေနဲ့ ဆို့ဆို့နင့်နင့်ရပ်တန့်သွားတော့ . . .

"ဆရာဒေါင်းလူ တစ်သက်လုံး ဦးကောင်းကင်ဆီမှာပဲ ပန်းပုတွေအပ်လာတာပဲကွာ အခုလိုအခြေအနေမှာတော့ အကူအညီပေးသင့်ပါတယ်။ တောက် . . . တော်တော်လူမဆန်တဲ့ အယုတ်တမာကြီး"

သဲဝေက မခံရပ်နိုင်စွာ တောက်တစ်ချက် ခေါက်ပါတယ်။

"တောက် . . . "

အားရပါးရ ကျွန်တော့်ရဲ့တောက်ခေါက်သံကြောင့် အိမ်ထဲကလူတွေပါ လှမ်းကြည့်ကြပေမဲ့ မလိုတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော့်အတွက် လုပ်စရာတစ်ခုပဲ ရှိတော့တယ်။

"ကိုချို . . . ကျွန်တော်ပြန်လာတဲ့အထိ ခဏစောင့်ပေး။ သဲဝေ ငါနဲ့ခဏလိုက်ခဲ့ကွာ"

ᅎ ᅎ ᅎ



( ၉ )

"ဦးကောင်းကင်နဲ့ တွေ့ချင်လို့ပါ"

အတွင်းရေးမှူးဖြစ်ဟန်တူသူ စာရေးမက ကျွန်တော်တို့ကို သေချာကြည့်တယ်။

"ဘယ်သူလို့ ပြောပေးရမလဲ"

"နေရောင်"

"ဟုတ်ကဲ့ . . . ခဏလေးစောင့်ပါနော်"

ထိုသို့ပြောပြီး အတွင်းသို့ ပျာပျာပျာပျာနှင့် ဝင်သွားတယ်။ ကျွန်တော်နဲ့ သဲဝေကတော့ အပြင်မှာရပ်ရင်း ထိုစာရေးမ ပြန်ထွက်လာမယ့်အချိန်ကိုသာ မောမောလျလျ စောင့်နေမိတယ်။ မကြာပါဘူး။ သုတ်သုတ်သုတ်သုတ်နဲ့ ပြန်ထွက်လာပြီး . . .

"ကိုနေရောင်တစ်ဦးတည်းပဲ ဝင်ခဲ့ပါတဲ့"

သဲဝေကိုကြည့်လိုက်တော့ ဝင်သွားဆိုတဲ့သဘော ခေါင်းညိတ်ပြတယ်။

"ဟိုအစ်ကိုတစ်ယောက်က ဒီမှာပဲ ထိုင်နေပေးပါနော်"



www.burmeseclassic.com

www.burmeseclassic.com

စာရေးမစကားဆုံးတော့ သဲဝေက ညွှန်ပြတဲ့ထိုင်ခုံကို ဦးတည်သွားပြီး ကျွန်တော်ကတော့ ဦးကောင်းကင်ရုံးခန်းဆီ ဦးတည်လိုက်တယ်။ အခန်းထဲမှာ တန်ဖိုးကြီးအလှဆင် ပစ္စည်းတွေနဲ့ ထည်ဝါနေပြီး လေအေးပေးစက်အရှိန်နဲ့ တငွေ့ငွေ့အေးနေတယ်။ ဒါပေမဲ့ ကျွန်တော့်ရင်ထဲမှာတော့ မီးတောက်တစ်ခုမျိုထားရသလို ပူလောင်စပ်ဖျင်းလို့။

"ထိုင် . . . "

အမိန့်သံဆန်လွန်းပေမဲ့ ခံပြင်းမှုကို မျိုသိပ်ရင်း ရှေ့တည့်တည့်ခုံမှာ ဝင်ထိုင်လိုက်တော့ . . .

"မင်းအဖေ လွှတ်လိုက်တာလား"

"မဟုတ်ဘူး"

မာထန်သလိုရှိတဲ့ ကျွန်တော့်လေသံကြောင့် ဦးကောင်းကင် ဆတ်ခနဲ လှမ်းကြည့်ပါတယ်။ ကျွန်တော် ဣန္ဒြေပျက်မသွားသလို ဦးကောင်းကင်လည်း ဘာမှုဖြစ်မသွားဘူး။ ဒါပေမဲ့ ကျွန်တော်တို့နှစ်ယောက်ကြားမှာတော့ အနည်းငယ် အေးစက်သွားသလိုပါပဲ။

"ဒါဆို မင်းအကြောင်းကိစ္စနဲ့ မင်းရောက်လာတာပေါ့"

"ဟုတ်တယ်"

ဖြေသံဆုံးတော့ ဦးကောင်းကင် မျက်ခုံးတို့ပင့်တက်သွားပြီး ..

"အထူးအဆန်းပါလား။ ဆိုစမ်းပါဦး ဘာကိစ္စလဲ။

ချက်ချင်းမဖြေသေးဘဲ စိတ်ထဲမှာ အသင့်လျော်ဆုံးစကားတွေကို အရင်ရွေးလိုက်တယ်။ ပြီးတော့မှ . . .

"ကျွန်တော့်အတွက်တော့ မဟုတ်ဘူး။ ဆရာခေါင်းလူအတွက်ရောက်လာတာ"

ဦးကောင်းကင် မျက်နှာပျက်သွားမလား သတိထားကြည့်ပေမဲ့ ထူးထူးခြားခြား ဘာမှုပြောင်းလဲသွားတာကိုလည်း မတွေ့ရဘူး။ ဒါကြောင့် ကျွန်တော်ကပဲ လိုရင်းကိုနောက်တစ်ဆင့်တက်ပြီး ပြောလိုက်တယ်။

"ဆရာခေါင်းလူ အသည်းအသန်ဖြစ်နေလို့ အသက်အန္တရာယ်စိုးရိမ်ရတယ်"



ဒီအထိ အေးအေးဆေးဆေးပါပဲ။ ပြီးတော့ ဘာမှုမဖြစ်သလို ခပ်အေးပေးပင်။

"ငါကြားပြီးပါပြီ။ မင်းမလာခင်ကပဲ ငါ့ဆီကို သူ့သားလာသွားတယ်"

ထိုစကားနဲ့ ထိုလေသံကတော့ ကျွန်တော့်သည်းခံနိုင်မှုကို အဆုံးစွန် ဖောက်ခွဲပစ်လိုက်ပါပြီ။ မခံမရပ်နိုင်စွာ ကျွန်တော် 'ကျွတ်' ခနဲ စုတ်တစ်ချက်သပ်ရင်း . . .

"ဒါနဲ့များတောင်ဗျာ"

ခံပြင်းမှုဒေါသကို အနိုင်နိုင်မျိုသိပ်ထားရမှုကြောင့် ကျွန်တော့်စကားသံက တုန်ယင်နေတယ်။ ကျွန်တော့်ပုံစံကိုကြည့်၍ ဦးကောင်းကင်က ဖြေးအေးပေါ့ပါးစွာ နောက်ကိုကျောမှီချရင်း . . .

"ဘာလဲ . . . မင်းက ငါပိုက်ဆံမပေးလိုက်လို့ အပြစ်တင်နေတာလား"

ပုံစံကြည့်ရတာ တကယ့် ပေါ့ပေါ့ပါးပါးပါပဲ။ လူတစ်ယောက်ရဲ့အသက်ဆိုတာ သူ့ခေါင်းထဲမှာ ရှိပုံမရဘူး။

"စကားမစပ်ပေါ့ကွာ။ ပြိုင်ဘက်ဆိုတာကို မင်း ဘယ်လိုမြင်လဲ"

သီးသီးခြားခြား ခွဲထွက်သွားတဲ့စကားကြောင့် အနည်းငယ်တော့ ကျွန်တော် ကြောင်သွားရတယ်။ သူမေးတဲ့စကားနောက်ကွယ်က အဓိပ္ပာယ်ကို ကျွန်တော်မသိဘူး။ ကျွန်တော့်ပုံစံကိုကြည့်၍ ဦးကောင်းကင်က သဘောပေါက်ပုံရကာ . . .

"ဆိုလိုတာက အခုလောလောဆယ် မင်းရဲ့ပြိုင်ဘက်အဖြစ် ဘယ်သူ့ကို သတ်မှတ်ထားလဲ။ သူရိန်ထွန်းလား"

ဖျတ်ခနဲမော့ကြည့်တော့ လူတစ်ယောက်ရဲ့ အတွင်းစိတ်ကို နှိုက်ထုတ်နိုင်တဲ့မျက်လုံးတွေနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။ မျက်လုံးမလွှဲမိပါဘူး။ အကြည့်ချင်း တော်တော်ကြာကြာ ဆုံသွားကြတယ်။ ပြီးတော့မှ တစ်လုံးချင်း ပြန်ပြောလိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com

"မဟုတ်ဘူး။ ကျွန်တော့်ရဲ့ပြိုင်ဘက်က ကျွန်တော်ကိုယ်တိုင်ပဲ"

"အိုကေ"

'ဖျောက်' ခနဲ လက်ဖျောက်တီးသံနဲ့အတူ ဦးကောင်းကင်မျက်လုံးတို့ ဝင်းသွားတယ်။ ပြီး . . .

"မင်းကိုယ်မင်း ဘယ်နကြိမ်လောက် ရှုံးဘူးလဲ"

"ရေတွက်မထားမိဘူး။ ကိုယ့်ကိုယ်ကိုယ် ပထမဦးဆုံးအကြိမ် အနိုင်မရခင်ကထိ ကျွန်တော် အကြိမ်ကြိမ်ရှုံးဖူးပါတယ်"

ဦးကောင်းကင် ကျွန်တော့်ကို သေချာစိုက်ကြည့်နေတယ်။ သူ့ရဲ့မျက်လုံးထဲမှာ အဓိပ္ပာယ်တွေနဲ့ပေါ့။

"ဟုတ်ပါပြီ။ အဲဒါဆို ကိုဒေါင်းလူကို မင်း ဘယ်လိုမြင်လဲ။ ရှုံးနိမ့်သူလား၊ အနိုင်ရသူလား"

ကျွန်တော် စဉ်းစားသွားတယ်။ မျက်လုံးထဲမှာ ဆရာဒေါင်းလူရဲ့ရုပ်ပုံလွှာ၊ တအိအိငိုရှိုက်နေတဲ့ သူ့ဇနီး။ ချွတ်ခြုံနွမ်းပါးလွန်းလှတဲ့ သေးသေးလှီလှီအိမ်ကလေး။ စိတ်ဓာတ်ခန်းခြောက်မှု၊ အာဟာရပြတ်လပ်မှုတွေနဲ့ ဆေးဖိုးဝါးခ။

"ကျွန်တော် မပြောတတ်ဘူး"

ဦးကောင်းကင်က ခြောက်ကပ်ကပ်ရယ်ပါတယ်။ ပြီးတော့ . .

"မပြောတတ်တာလား၊ မပြောချင်တာလား"

ကျွန်တော့်အဖြေကို စောင့်သလိုရှိပေမဲ့ ကျွန်တော် အဖြေပြန်မပေးမိဘူး။ ဒီတော့ . . .

"တစ်ချိန်တုန်းက ကိုဒေါင်းလူဆီကို အခွင့်အရေးပေါင်း မြောက်မြားစွာ ရောက်လာခဲ့ဖူးတယ်။ ဒါပေမဲ့ သူ ဖမ်းဆုပ်မယူနိုင်ခဲ့ဘူး။ အဲဒါကြောင့်ပဲ သူ အခုလိုဘဝနဲ့ နေနေရတာ။ အဲဒီအခွင့်အရေးတွေကတော့ ဖမ်းဆုပ်ယူနိုင်တဲ့ အခြားတစ်ယောက်ဆီ ပါသွားတာပေါ့။ လောကကြီးက ဒါပဲကွ။

ဘယ်နယ်ပယ်၊ ဘယ်လောကမှာပဲဖြစ်ဖြစ် စိတ်ဓာတ်အင်အား



ကြီးမားသူကိုပဲ နေရာပေးတာ။ ပျော့ညံ့တွန့်ဆုတ်နေသူအတွက် နေရာမရှိဘူး။ နေရာဖယ်ခိုင်းတာ မဟုတ်ဘူးနော်။ သူ့အတွက် နေရာမရှိတော့လို့ သူ့အလိုလိုကို သက်ဆိုင်ရာနယ်ပယ်ထဲကနေ ထွက်ပေးရတာ"

ကျွန်တော် ငြိမ်ကာ နားထောင်နေမိတယ်။ ဦးကောင်းကင် ဘာကြောင့် ဒီစကားတွေ ပြောနေရတာလဲဆိုတာ စဉ်းစားလို့မရပါဘူး။ ဒါပေမဲ့ ပြောသမျှစကားတွေ အားလုံးက ကြီးမားတဲ့အရှိန်အဝါတွေ ခိုဝင်လို့။

"မင်း . . . မိုးဇက်ကို ကြားဖူးတယ်မလား"

မကြားဖူးမရှိပါဘူး။ ပီယာနိုဆိုနာတာတွေ၊ ဆင်ဖိုနီတွေနဲ့ ကျော်ကြားခဲ့တဲ့ ကမ္ဘာကျော်ဂန္ထဝင် ဂီတပညာရှင်ကြီးတစ်ဦးပါ။ ကျွန်တော် ခေါင်းညိတ်ပြတော့ . . .

"မိုးဇက်ရဲ့ တရားကျစရာအကောင်းဆုံး အဖြစ်အပျက်တစ်ခုက သူသေတော့ အသုဘလိုက်ပို့သူဆိုလို့ တစိမ့်စိမ့်အေးနေတဲ့ မိုးဖွဲဖွဲအောက်မှာ ခွေးကလေးတစ်ကောင်ပဲရှိတယ်"

ဘာကြောင့်မှန်းမသိပါဘူး။ ကျွန်တော့်ရင်ထဲမှာ ဆွေးမြေ့သွားတယ်။

"ဒါပေမဲ့ သူကတော့ ကမ္ဘာကျော်ပုဂ္ဂိုလ်တစ်ယောက်။ မိုးဇက်ဆိုတဲ့နာမည်က အခုအချိန်ထိ မင်းတို့ငါတို့တွေရဲ့နားမှာ ယဉ်ပါးနေတုန်းပဲ။ သူ့ကိုလည်း တခမ်းတနားချီးမွမ်းစပ်ဆို ဂုဏ်ပြုကြတဲ့ ကဗျာလင်္ကာတွေ၊ စာပေ၊ ဂီတတွေ ရှိနေတုန်းပဲ။ ကမ္ဘာ့ဂန္ထဝင်လောကမှာ သူ့နာမည်က အရှိန်အဝါ ကြီးနေတုန်းပဲ။ အဲဒါ ဘာဖြစ်လို့လည်း သိလား။ သူ့သမိုင်းကိုသူ အကောင်းဆုံး ရေးထိုးခဲ့လို့"

ထိုစကားက ကျွန်တော့်ရင်ထဲကို ရှိုင်းရှိုင်းနက်နက် ထိုးထွင်းဝင်ရောက်သွားတယ်။ ကျွန်တော် ဦးကောင်းကင်ကို တအံ့တသြကြည့်နေမိတာပါ။ ဒါပေမဲ့ ဦးကောင်းကင်ကတော့ ဂရုမစိုက်တဲ့အလား စကားကို ထပ်ဆက်တယ်။

"နှိုင်းတော့ မနှိုင်းသင့်ဘူးပေါ့ကွာ။ ဒါပေမဲ့ ကိုဒေါင်းလူနဲ့ မိုးဇက်



www.burmeseclassic.com

www.burmeseclassic.com

ကို ခဏ နှိုင်းယှဉ်ကြည့်လိုက်။ အကယ်၍ ကိုဒေါင်းလူ သေသွားပြီပဲ ထား။ မြန်မာနိုင်ငံကို ထည့်မတွက်နဲ့ဦး။ တို့လောကမှာတင် ကိုဒေါင်းလူ နာမည်က ဘယ်လောက်ကြာကြာခံနိုင်မလဲ"

ကျွန်တော် မဖြေနိုင်ပါဘူး။ မဖြေနိုင်ဘူးဆိုတာထက် မဖြေရဲဘူးဆိုရင် ပိုမှန်ပါလိမ့်မယ်။ ဒါကို ရိပ်မိသည့်အလား ဦးကောင်းကင်က . . .

"မင်းမဖြေရဲဘူးမလား။ အဲဒါ ဘာဖြစ်လို့လဲ သိလား။ သူ့သမိုင်းကို သူ အကောင်းဆုံး မရေးခဲ့လို့ပဲ။ အကောင်းဆုံးလုပ်နိုင်ရဲ့သားနဲ့ ငွေအရလွယ်မှုအတွက် သူ့လက်ရာတွေကို ပေါ့ပါးပစ်ခဲ့တယ်။ အရည်အချင်းနေရာမှာ အရေအတွက်ကို အစားထိုးခဲ့တယ်။ အဲဒါကြောင့်ပဲ နာမည်တစ်လုံးက ဝေဝါးမှေးမှိန်လာခဲ့တယ်။

အခုမှ အကောင်းဆုံးလုပ်ပြချင်လို့ မရတော့ဘူး။ အရှိန်သေသွားခဲ့ပြီ။ သူလုပ်နိုင်တာဆိုလို့ ငါတစ်ချိန်က အကောင်းဆုံးလုပ်နိုင်ရဲ့သားနဲ့ မလုပ်ဖြစ်ခဲ့ပါလားဆိုပြီး အတိတ်ကို နောင်တရဖို့ပဲရှိတော့တယ်"

မှန်နေပါတယ်။ ဦးကောင်းကင်စကားတွေက ဆရာဒေါင်းလူအတွက် ငြင်းကွက်မရှိအောင်ကို မှန်နေပါတယ်။

"ငါထင်ပါတယ်။ သူ့ရဲ့ရှာပန စည်ကားမှုကလည်း မိုးဇက်နဲ့ သိပ်ထူးမှာမဟုတ်ပါဘူး။ ဒါပေမဲ့ အရှိန်အဝါချင်းတော့ နှိုင်းမရအောင် ကွာသွားခဲ့ပြီ။ သူ့နာမည်လည်း ကျန်မှာမဟုတ်သလို၊ သူ့အုတ်ဂူကိုလည်း ဘယ်သူမှ တခုတ်တရ လာရောက်လည်ပတ်ကြမှာ မဟုတ်ဘူး"

ကြက်သီးတို့ပင် သီးသွားခဲ့ရတယ်။ တော်တော်ကို ထာသွားတဲ့ စကားပါ။

'သူ့အုတ်ဂူကိုလည်း ဘယ်သူမှ တခုတ်တရ လာရောက်လည်ပတ်ကြမှာ မဟုတ်ဘူး' တဲ့။

ထိုစဉ်မှာပဲ ကျွန်တော်မျိုသိပ်ထားခဲ့တဲ့ သိချင်မှုတစ်ခုကို ဦးကောင်းကင်က အစဖော်လိုက်တယ်။

"ငါဘာဖြစ်လို့ မင်းကို ဒီစကားတွေ ပြောနေရတာလဲ သိလား"



ခပ်သွက်သွက်ပင် ကျွန်တော် ခေါင်းယမ်းပြလိုက်တော့ . . .

"ပန်းပုလောကထဲကို အခုမှတိုးဝင်လာသူ တစ်ယောက်ဖြစ်ပေမဲ့ မင်းရဲ့လက်ရာတွေက ကြောက်ခမန်းလိလိ ဆွဲဆောင်နိုင်နေတယ်။ အရိုးစွဲလာတဲ့ အယူအဆအဟောင်းတွေပေါ်မှာ မင်းရဲ့အယူအဆသစ်တွေက အားနဲ့အင်နဲ့ ဖုံးလွှမ်းပစ်ဖို့ ကြိုးစားနေတယ်။ မင်းဟာ ကမ္ဘာကို ရင်ဘောင်တန်းနိုင်လောက်အောင် အရမ်းအလားကောင်းနေတဲ့ လူငယ်ပန်းပုဆရာတစ်ယောက် ဖြစ်နေလို့ပဲ"

ကျွန်တော် လုံးဝ ထင်မှတ်မထားပါဘူး။ ဒါ ကျွန်တော့်ကို တကယ့်စေတနာမှန်နဲ့ ပြောနေတာလား၊ ကျွန်တော့်အားလုံး ယူဆထားကြသည်က ဦးကောင်းကင်သည် အနုပညာကိုခုတုံးလုပ်၍ စီးပွားရှာနေသော စီးပွားရေးသမားကြီး။ ဒါပေမဲ့ ယခုပြောသည့် စကားတွေကတော့ . . .

"အခု ငါပြောတဲ့စကားတွေကို မင်း လုံးဝမေ့မပစ်လိုက်နဲ့။ အထူးသဖြင့် မင်းရဲ့အုတ်ဂူကို တခုတ်တရ လာရောက်လည်ပတ်ချင်သူတွေအတွက် တံခါးဖွင့်ပေးနိုင်အောင် ကြိုးစား"

အခန်းထဲမှာဆိုပေမဲ့ ကြယ်တွေရဲ့ လက်ခုပ်တီးသံလိုလိုကို ကြားလိုက်ရတယ်။ ကျွန်တော့်သွေးတွေ တဝုန်းဝုန်းထကြွနေကြပြီ၊ သွေးကြောတွေတောင် ဖျင်းခနဲ ဖျင်းခနဲ ခုန်ပေါက်သွားသလားပဲ။

"ကဲ . . . အခုလောက်ဆိုရင်တော့ ငါပို့နိုင်လိုက်တဲ့ ပိုက်ဆံလည်း ကိုဒေါင်းလူအိမ်ကို ရောက်လုနေပါပြီ။

ထင်မှတ်မထားမှုတွေနဲ့ ကျွန်တော်မော့ကြည့်မိတော့ ဦးကောင်းကင်က ခန့်ခန့်ထည်ထည်ပြုံးတယ်။ ပြီးတော့ . . .

"ငါ လူမှုရေး အဲလောက် မခေါင်းပါးပါဘူးကွာ။ အရင်ကတည်းက ကူညီဖို့ တွေးထားပြီးသားပါ"

"ဒါဆို ဘာဖြစ်လို့ . . . "

ကျွန်တော့်စကား မဆုံးလိုက်ပါဘူး။

"တမင် စိတ်ဓာတ်ကိုစမ်းလိုက်တာ။ ငါမပေးဘူးလို့ပြောရင်



www.burmeseclassic.com

www.burmeseclassic.com

သူဘာဆက်လုပ်မလဲလို့။ စိတ်ဓာတ် အရမ်းပျော့တယ်ကွ။ နောက်တစ်နည်းထပ်မစဉ်းစားပဲ လှည့်ပြန်သွားတယ်။ မရရအောင်ဆိုတဲ့စိတ်ဓာတ် မရှိသေးဘူး။ ငယ်သေးတာလည်း ပါမှာပေါ့လေ"

သေချာပါတယ်။ ဦးကောင်းကင် ယခုပြောနေတဲ့ စကားတွေသာ တကယ်စိတ်ရင်းအမှန်ဆိုရင်တော့ ကျွန်တော် လေးစားမိသွားတာပါ။ အရင် သူ့အပေါ်ထင်ထားတဲ့ အတွေးအမြင်တွေတောင် ပြောင်းလဲသွားသလားပဲ။

ဘာပဲပြောပြော ဦးကောင်းကင် စကားပြောအတတ်ပညာမှာတော့ အရမ်းတော်တယ်။ လူတစ်ယောက်ကို နှုတ်ထွက်စကားလေး အနည်းငယ်နဲ့ ကောင်းကောင်းထိန်းကျောင်းနိုင်တယ်။

"ကဲ . . . ငါလည်း အလုပ်ရှိသေးတယ်။ မင်းတို့လည်း ပြန်ပြီး ကိုဒေါင်းလူအတွက် အကောင်းဆုံး စီစဉ်ပေးလိုက်ကြပါကွာ"

• • •

အိမ်ပြန်ရောက်တော့ ဆေးရုံတင်ဖို့ပင် အဆင်သင့်ဖြစ်နေပါပြီ။



BURMESE CLASSIC .com

( f )

"မောင် . . . "

"ပြောလေ"

"မုယောကို မောင်းအကြောင်းပြောပြ"

ပန်းကိုမှီရင်း ခပ်နွဲ့နွဲ့ဆိုသော သူမစကားကြောင့် ကျွန်တော့်စိတ်တွေ မွှမ်းကြပ်သွားပါတယ်။ လူတစ်ယောက်အတွက် ကိုယ့်အကြောင်း ကိုယ်ပြန်ပြောပြရတာ လွယ်မယောင်နှင့် ခက်သောအလုပ်တစ်ခုပင် မဟုတ်ပါလား။

"မသိချင်ပါနဲ့ မုယောရယ်။ မောင်အတိတ်ကို ပြန်မသွားချင်ဘူး"

"ဟာ . . . မရဘူး၊ မရဘူး . . . ပြောပြ။ မုယောသိချင်တယ်"

ကျွန်တော့် snow's finger လေးက တစ်ခါတလေ ဒီလိုပါပဲ။ သူမ စိတ်လိုလက်ရ ရှိတဲ့အခါမျိုးမှာ လူကြီးဆန်ဆန် လေးနက်တတ်ပြီး ကလေးဆန်ချင်တဲ့အခါမျိုးမှာ ချွဲချွဲနွဲ့နွဲ့ ပေါ့ပါးပစ်တတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်တို့နှစ်ယောက် ပန်းခြံလေးတစ်ခုရဲ့ သစ်ပင်ရိပ် အုတ်ခုံတန်းလေးပေါ်မှာ ထိုင်နေကြတာပါ။ မလှမ်းမကမ်းမှာက ဆွဲလက်စ ပန်းချီကားတစ်ချပ်နဲ့ ထိုပန်းချီကားပေါ်မှာ ဆေးစက်တချို့ တစ်ပိုင်းတစ်စ ကွန့်မြူးနေတယ်။

ပန်းချီသင်တန်းရဲ့ ထုံးစံအတိုင်း Outdoor ထွက်ဆွဲခြင်းဖြစ်ပေမဲ့ သူမကတော့ ပန်းချီဆွဲဖို့ထက် ကျွန်တော့်ပခုံးပေါ် ခေါင်းမှီအိပ်ဖို့ကိုသာ ပိုအားသန်နေပါတယ်။

"မောင် . . . ပြောပြဆို"

ကျွန်တော် သက်ပြင်းချမိတယ်။ မုယော ဒီလိုမေးတိုင်း ဝေ့လည်ကြောင်ပတ်လုပ်ပြီး ရှောင်နေခဲ့တာ တော်တော်များပါပြီ။ အမှန်အတိုင်းပြောရရင် ချစ်သူချင်း တစ်ဦးအကြောင်းတစ်ဦး စေ့စေ့ငငသိထားသင့်တာမှန်ပေမဲ့ ကိုယ့်အကြောင်း ကိုယ်ပြောပြဖို့ မဝံ့မရဲဖြစ်နေမိတယ်။ အဓိကကတော့ မိမရှိ ဖမရှိ ကျွန်တော့်အတွက် မုယော သနားစိတ်ဝင်ပြီး ဂရုဏာသက်သွားမှာစိုးလို့ပါ။

ဟင့်အင်း . . . ကျွန်တော် ဘယ်သူသနားတာကိုမှ မခံချင်ပါဘူး။ အဲဒါကြောင့်ပဲလားမသိဘူး ကျွန်တော်လည်း မုယောနဲ့ပတ်သက်တဲ့ နောက်ကြောင်း တစ်စုံတစ်ရာကို တစ်ခါမှ မမေးမိဖူးဘူး။

"မောင်က မုယောကိုတောင် ပြောမပြချင်ဘူးလား ဟင်"

သနားဖွယ်လေသံနှင့် ဖြစ်သော်လည်း ကျွန်တော် နှုတ်ဆိတ်လျက်ပင် ရှိနေသေးတယ်။

"မုယော အရမ်းငိုချင်တာပဲ"

တကယ်ပင် ငိုမဲ့မဲ့လေသံနှင့်ပြောတော့ ကျွန်တော် ဂရုဏာသက်သွားမိတယ်။ သူမပုံစံက ကျွန်တော် ဂရုမစိုက်မှုကြောင့် ကိုယ့်ကိုယ်ကိုယ် အားငယ်သွားသလိုပါပဲ။ မဖြစ်တော့ပါဘူး။ ပျော့အိဖြောင့်စင်းနေသော ဆံနွယ်စလေးများအား ကျွန်တော် လက်ဖြင့်ပွတ်သပ်ရင်း သက်ပြင်းတစ်ချက် ချလိုက်မိတယ်။

"စိတ်မကောင်းမဖြစ်ပါနဲ့ မုယောရယ်။ မုယော အရမ်းသိချင်



နေရင် မောင်ပြောပြမှာပါ"

မဝံ့မရဲမော့ကြည့်လာပေမဲ့ ကျွန်တော်ကတော့ အကြည့်တွေကို ခပ်ဝေးဝေး ပို့ပစ်လိုက်တယ်။ ရင်ထဲမှာ အတိတ်ရဲ့ပုံရိပ်တွေ ထင်ဟပ်လာကြပြီ။

"မောင်က မွေးကင်းစအရွယ်ကတည်းက မိဘမဲ့ကလေးကျောင်းတစ်ကျောင်းမှာ လာရောက်စွန့်ပစ်ခြင်းခံရတဲ့ ကလေးတစ်ယောက်။ မောင့်မှာ အဖေ၊ အမေမရှိဘူး။ မရှိဘူးဆိုတာထက် ကိုယ့်မိဘတွေကို ကိုယ်သိခွင့်မရခဲ့တာ"

သူမ မျက်လုံးတို့ ပြူးကျယ်ဝိုင်းစက်သွားတယ်။

"ဟင် . . . ဒါဆို ဦးလေးငွေက . . . "

"မောင့်ရဲ့ မွေးစားအဖေ"

"အို . . . "

သူမနှုတ်မှ ထင်မှတ်မထားသော အံ့ဩမှုတွေ ယိုဖိတ်သွားတယ်။ မယုံကြည်နိုင်သော အကြည့်တွေ ရောက်လာသော်လည်း ကျွန်တော့်မျက်နှာ တည်နေမှုကြောင့် နှိုင်းဆဆဖြစ်သွားပုံရတယ်။

"မောင်က မိမရှိ ဖမရှိ တစ်ကောင်ကြွက်။ ကလေးဘဝတစ်လျှောက်လုံး မိဘတွေ ကိုယ့်ကိုလာပြန်ခေါ်နိုးနဲ့ မိဘမဲ့ကျောင်းမှာ အချိန်အများကြီးစောင့်ခဲ့ရတယ်။ သူများတွေကို သူတို့မိသားစုတွေက လာပြန်ခေါ်ကြရင် ငါ့ကိုလည်း လာပြန်ခေါ်ကြမှာပဲလေဆိုပြီး နေ့ပေါင်းရက်ပေါင်းများစွာ ကုန်ဆုံးခဲ့ရတယ်။

ဒါပေမဲ့ မောင်ထင်သလို ဖြစ်မလာပါဘူး"

ဆို့နင့်သွားသလိုရှိတာကြောင့် ကျွန်တော် စကားကို ခဏနားလိုက်ရတယ်။

"ဆယ်နှစ်နှစ်ကျော် စောင့်ခဲ့ပြီးတော့မှ ငါ့ကို လာခေါ်မှာမဟုတ်တော့ဘူးဆိုတာ သဘောပေါက်ပြီး အဲဒီနေ့မှာပဲ မောင် ဆုံးဖြတ်ချက်တစ်ခု ချခဲ့တယ်။ အဲဒါက လာပြန်မခေါ်တဲ့ မိဘတွေကို မောင်ကလိုက်ရှာဖို့။ တစ်ရက်မှာ ကျောင်းကနေ ဘယ်သူမှမသိအောင် တစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com

တည်း ထွက်လာခဲ့တယ်။ အဲဒီအချိန်ကစပြီး ဘဝသစ်တစ်ခု စတင်ခဲ့တာပေါ့။

အဲဒီနောက်ပိုင်း ဦးလေးငွေနဲ့တွေ့တယ်။ ဦးလေးငွေရဲ့ ကျေးမွေးစောင့်ရှောက်မှုနဲ့ ဟောဒီအရွယ်ရောက်လာခဲ့တယ်။ ပြီးတော့ မောင်အရမ်းမြတ်နိုးတဲ့ ရုပ်တုပန်းပုပညာကို ဦးလေးငွေဆီက စနစ်တကျ သင်ယူခွင့်ရခဲ့တယ်။ ဒါပါပဲ"

သူမကိုကြည့်တော့ နက်ရှိုင်းသောအဓိပ္ပာယ်များစွာနဲ့ ကျွန်တော့်ကို စိုက်ကြည့်နေတယ်။

"အဲဒါတွေကို မယောဘာကြောင့် အစောကြီးကတည်းက ကြိုသိခွင့်မရခဲ့တာလဲဟင်"

"မောင်မှ ပြောမပြခဲ့တာပဲ။ ပြောပြရင် မယောစိတ်မကောင်းဖြစ်သွားမှာစိုးလို့"

ကျွန်တော် အဓိပ္ပာယ်ဖော်လို့မရတဲ့ အရိပ်ငွေ့တစ်ခု သူမမျက်ဝန်းမှာ ထင်ဟပ်သွားတယ်။

"မောင်ပြောနေတာတွေ အားလုံးက အမှန်တွေပဲပေါ့"

"ကိုယ့်ဘဝကိုယ် လိမ်ညာရဲတဲ့အထိ မောင် သူရဲဘောမကြောင်ဘူး"

ထိုစကားနောက်မှာတော့ . . .

'မောင်ရယ်' ဟုဆိုကာ ကျွန်တော့်လည်ပင်းကို သိုင်းဖက်တယ်။ သူမမျက်ဝန်းမှာ စိတ်မကောင်းမှု အပိုင်းအစတချို့ ခိုသီနေတာကို တွေ့ရတယ်။ ဒါကြောင့်ပဲ ကျွန်တော် စကားလမ်းကြောင်း ပြောင်းလိုက်တယ်။

"မောင့်အကြောင်းတော့ ပြောပြီးသွားပြီ။ မယောအကြောင်းလည်း မောင့်ကိုပြောပြဦးလေ"

"မယောက ရန်ကုန်သူမဟုတ်ဘူး၊ ပြင်ဦးလွင်ဘက်က။ ဖေဖေက ကော်ဖီခြံတွေ၊ လိမ္မော်ခြံတွေပိုင်တယ်။ မေမေတော့ မရှိတော့ဘူး။ မယောငယ်ငယ်ကတည်းက ဆုံးသွားတာ။ မယောမှာ အစ်ကိုတစ်ယောက်ရှိတယ်"



ထိုစကားပြောပြီး ကျွန်တော့်ကို လှမ်းကြည့်သည်ကြောင့် ပြုံးလိုက်မိသေးတယ်။ အစ်ကိုရှိတာ ကျွတ်ကျဲသွားရလောက်တဲ့ ကိစ္စတစ်ခု မဟုတ်ပါဘူး။ နောက်တော့ သူမပြောနေတာတွေ ကျွန်တော့်နားထဲမှာ ကြားတစ်ချက်၊ မကြားတစ်ချက်ပါပဲ။

အမှန်အတိုင်းပြောရရင် ကျွန်တော် မယောကလွဲပြီး သူမနဲ့ပတ်သက်သမျှ ဘာကိုမှ စိတ်မဝင်စားပါဘူး။ မလိုဘူးလို့လည်း ထင်တယ်လေ။

ထိုစဉ်မှာပဲ ငြိမ်နေသော ကျွန်တော့်ကို ရိပ်မိသွားပြီး . . .

"မောင် . . . ဘာတွေ တွေးနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး။ ဒီလိုပါပဲ"

"မဟုတ်ဘူး။ မောင် တစ်ခုခုတွေးနေတာ မယောသိတယ်။ ဘာလဲ မယောကိုပြောပြ"

တစ်ခါတလေမှာတော့ snow's finger လေးက ကျွန်တော့်ကို အကဲခတ်တဲ့နေရာမှာ သူမတူအောင် တော်လွန်းပါတယ်။

"မယောကို မယောအဖေက အရမ်းချစ်မှာပဲလို့ တွေးနေတာ"

ထိုစကားကိုနားထောင်ပြီး သူမရဲ့ပါးနပ်မှုက လွန်လွန်းတယ်။

"ဘာလဲ . . . မောင်က မယောကို မယုံလို့လား" တဲ့။

"ယုံပါတယ်"

ဒါတောင် ကျွန်တော့်ကို သေချာကြည့်နေပါသေးတယ်။ စိတ်ကျေနပ်လောက်အောင် အကဲခတ်ပြီးတော့မှ 'ပြီးတာပဲ' ဟုဆိုပြီး မတ်တတ်ထရပ်ကာ . . .

"မောင် . . . ထိုင်ရတာ ညောင်းလာပြီ။ လမ်းလျှောက်ရအောင်"

ကျွန်တော် မငြင်းမိပါဘူး။ မတ်တတ်ထရပ်တော့ ကျွန်တော့်လက်မောင်းကို မှီနိုပြီး . . .

"ဟိုမှာမြင်နေရတဲ့ အပြာရောင်အမိုးတဲလေးဆီကို သွားမယ်။ အဲဒီအောက်မှာ ပန်းပင်လေးတွေရှိတယ်"

ဒီလိုနဲ့ လျှောက်သွားလိုက်ကြတော့ ပထမဦးဆုံး အဝင်မှာတပ်



www.burmeseclassic.com

www.burmeseclassic.com

ထားတဲ့ ဆိုင်းဘုတ်တစ်ခုကို တွေ့ရတယ်။ 'ဒေါက်တာဘုန်းဖေ" ဆိုသော နာမည်နဲ့ ရက္ခဗေဒနဲ့ပတ်သက်သော ဘွဲ့တစ်ခုကို ရေးထားတယ်။

အမိုးတဲအောက်ဝင်သွားလိုက်တော့ ထင်သည့်အတိုင်းပါပဲ။

ပျိုးထားတဲ့ သစ်စေ့တွေ၊ ပန်းပင်ငယ်လေးတွေ၊ ပျိုးပင်ငယ်လေးတွေနဲ့ အမြင့်မှာချိတ်ဆွဲထားတဲ့ သစ်ခွပန်းမျိုးစုံကိုလည်း တွေ့ရတယ်။

ခပ်လှမ်းလှမ်းမှာတော့ မုတ်ဆိတ်မွေးဖြူဖြူနဲ့ အဘိုးကြီးတစ်ယောက်ထိုင်နေတယ်။ ဘာရယ်မဟုတ်ပါဘူး။ ပန်းပင်လေးတွေကို လိုက်ကြည့်ရင်း အနားရောက်သွားတော့ . . .

အဘိုးကြီးက ကျွန်တော်တို့ကို တစ်ချက်မော့ကြည့်ပြီး သူ့အလုပ်သူ ဆက်လုပ်နေပါတယ်။ သူ့ဘေးပတ်ပတ်လည်မှာလည်း ဆေးပုလင်းမြောက်မြားစွာနဲ့။

ကြည့်နေစဉ်မှာပဲ အဘိုးကြီးက ပုလင်းသေးသေးလေးတစ်လုံးကို လက်လှမ်းတယ်။ ခဲတံလုံးပင်မပြည့်ချင်တဲ့ အရွယ်အစားနဲ့ လက်တစ်ဆစ်သာသာ ပုလင်းလေးတစ်လုံးပါ။ ကြည့်လိုက်မိတော့ အဆိပ်ဟူသောတံဆိပ်နဲ့ ပုလင်းလေး။

အဘိုးကြီးက ထိုပုလင်းလေးရဲ့ ထိပ်တည့်တည့်ကနေ ဆေးထိုးအပ်နဲ့ ဖောက်ဆုပ်တယ်။

ဒါကို မလှမ်းမကမ်းကကြည့်နေတဲ့ မုယောက စိုးရိမ်တကြီးလေးသံနဲ့ . . .

"ဒေါက်တာ . . . ပန်းပင်လေးတွေကို သတ်ပစ်မလို့လားဟင်"

အဘိုးကြီးက မော့ကြည့်ပြီး . . .

"မဟုတ်ပါဘူးကွ။ ဟိုဘက်ခြမ်းမှာ ပိုးတွေကျနေလို့ ဆေးဖျန်းမလို့ပါ"

ခပ်အုပ်အုပ်လေသံနဲ့ ပြောပြီး အခွံပဲကျန်တော့တဲ့ ပုလင်းလေးကို ချတယ်။ ပြီးတော့ ဆေးဖျန်းဘူးထဲသို့ ဆေးထိုးအပ်ကို ညှစ်ထည့်ကာ တစ်ချက်နှစ်ချက် လှုပ်ရင်း ထသွားပါတော့တယ်။

ဆေးသွားဖျန်းသည် ထင်ပါရဲ့။



ဒါနဲ့ပဲ ကျွန်တော်တို့ အတန်ကြာအောင် လျှောက်ကြည့်ပြီး ပြန်ထွက်လာခဲ့လိုက်တယ်။ အိမ်ပြန်ချိန် ရောက်နေပါပြီ။

လမ်းခွဲတော့ မုယောက ကျွန်တော့်လက်မောင်းအား ဆုပ်ကိုင်ရင်း တစ်ခွန်းပြောလေရဲ့။

"အတိတ်မှာ ဘာတွေပဲဖြစ်ခဲ့ဖြစ်ခဲ့ မုယော တစ်သက်လုံး မောင့်ဘက်မှာပဲ ရှိနေမှာပါ။ မောင်ယုံအောင် မုယော သက်သေတစ်ခုပြမယ်။ မနက်ဖြန် ဒီပန်းခြံလေးထဲမှာပဲ စောင့်နေ" တဲ့။



www.burmeseclassic.com

www.burmeseclassic.com

## ( ၉ )

ဒီနေ့ဟာ သာမန်ထက်ထူးခြားတဲ့ နေ့လေးတစ်ရက် မဟုတ်ပါဘူး။ အရင်နေ့တွေအတိုင်းပဲ မနက်မှာနေထွက်ပြီး ညနေမှာ နေဝင်တဲ့ သဘာဝနဲ့ (၂၄) နာရီလည်ပတ်တတ်တဲ့ နေ့လေးတစ်ရက်ပါ။ ဒါပေမဲ့ ထိုနေ့လေးကပဲ ကျွန်တော့်အတွက် ထူးခြားလို့နေပါတယ်။

အဲဒါက ကျွန်တော် မနေ့ကရောက်ခဲ့တဲ့ ပန်းခြံလေးထဲကို ဒီနေ့ တစ်ခေါက် ထပ်ရောက်တဲ့အချိန်မှာပေါ့ . . .

ကျွန်တော်ရောက်သွားတော့ မယောက ကြိုရောက်နှင့်လို့နေပါပြီ။ ဒါပေမဲ့ တစ်ယောက်တည်းမဟုတ်ဘူး။ စိမ်းဖန့်ဖန့် ပုလင်းသေးသေးလေးနှစ်လုံးနဲ့၊ မြင်ရုံနှင့်ပင် ကျွန်တော် ခွဲခြားသိလိုက်တယ်။ မှတ်ဉာဏ် ကောင်းဦးမည်ဆိုပါက သတိရသင့်ပါတယ်။ ဒါဟာ မနေ့က အပြာရောင်ခေါင်မိုးအောက်မှာ ကျွန်တော်တို့တွေ့ခဲ့သော အဆိပ်ဟူသည့် ခေါင်းစဉ်နဲ့ ပုလင်းသေးသေးလေးတွေပါ။

သူ့ချည်းပဲ မဟုတ်ဘူး။ ပုလင်းရဲ့လည်ပင်း သွယ်သွယ်လေးမှာ ကြိုးမျှင်မျှင်လေးတွေ ချည်ထားသေးတယ်။



"မယော . . . ဒါတွေက . . . "

စကားမဆုံးလိုက်။

"ရော့ . . . ဒါက မောင့်အတွက်။ ဒါက မယောအတွက်"

ကျွန်တော် ကြောင်အသွားပြီး . . .

"ဘာ . . . ဘာလုပ်ဖို့လဲ မယောရဲ့"

"သောက်ဖို့ပေါ့"

"ဟင်"

သူမပုံစံ အေးဆေးပါပဲ။ ကျွန်တော့်ရှေ့ကို ပုလင်းလေးတစ်လုံး ထိုးပေးပြီး အေးအေးသက်သာပြောတယ်။ ပြီးတော့ သူမရဲ့အောက်နှုတ်ခမ်းကို သွားဖြင့်ဖိကိုက်ရင်း . . .

"ဟုတ်တယ် . . . ။ လောကကြီးက အကယ်၍များ မောင်နဲ့ မယောကို ဆုံဆည်းခွင့်မပေးခဲ့ရင် မယော ဟောဒီပုလင်းထဲက အဆိပ်ကိုသောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မှာ။ ပြီးတော့ မောင့်ကိုလည်း တစ်ယောက်တည်း မထားခဲ့နိုင်ဘူး။ မောင်လည်း သောက်ရမယ်။ ဒီတော့မှ တို့နှစ်ယောက် နောက်ဘဝမှာ အတူတူ လူဖြစ်ခွင့်ရပြီး ဆုံဆည်းရမှာလေ"

ကျွန်တော် ကြက်သီးတွေတောင် ထသွားမိသလားပဲ။ သူမရဲ့မျက်နှာကတော့ ဆုံးဖြတ်ချက်တစ်ခုအတွက် လုံးဝ ခိုင်မာလို့နေပါတယ်။ ကျွန်တော် ထင်မှတ်မထားမိပါဘူး။ snow's finger လေး ဤမျှလောက် သတ္တိရှိလိမ့်မယ်လို့။

ကျွန်တော်သိထားသည်က သူမသည် ပျောင်းအိညင်သာသူ၊ အနုပညာကို မြတ်နိုးသူ၊ တစ်ခါတစ်ရံမှာ ကလေးဆန်တတ်ပြီး တစ်ခါတစ်ရံ အရွယ်နှင့်မလိုက်အောင် တည်ငြိမ်ရင့်ကျက်သူ။ ဒါပေမဲ့ အခုလို နှလုံးသားရေးရာတွင် ဤမျှလောက် တင်းစေ့ပြတ်သားသူဖြစ်လိမ့်မည်မှန်း လုံးဝထင်မထားခဲ့။

ရင်ထဲမှာ ကြည်နူးသွားတာလား၊ ကျေနပ်သွားတာလား၊ ဒါမှ မဟုတ် သူမရဲ့စိတ်ဓာတ်ကိုပဲ အထင်ကြီးသွားတာလားမသိ။ ရှိုက်မော



www.burmeseclassic.com

www.burmeseclassic.com

ငြိမ်းအေးသွားမိစဉ် . . .

"ဘာလဲ . . . မောင်က မသောက်ရဲလို့လား"

ကျွန်တော် ဟက်ခနဲ တစ်ချက်ရယ်လိုက်ပါတယ်။ ပြီးတော့ ရှုးလက်လက်အကြည့်တစ်ချက်ကို သူမဆီပို့လွှတ်ရင်း . . .

"သိပ်သောက်ရဲတာပေါ့"

အဲဒီနေ့ အိမ်ပြန်ချိန်မှာ ငှက်တွေ တစာစာအော်နေကြတယ်။ ပြီးတော့ ကျွန်တော့်ကိုကြည့်ပြီး လှောင်ပြောင်နေတယ်လို့လည်း ထင်မိတယ်။

ဒါပေမဲ့ ဂရုမစိုက်မိပါဘူး။

ကျွန်တော့်လည်ပင်းမှာ စိမ်းဖန့်ဖန့်ပုလင်းလေးက ကြိုးလေးတစ်ချောင်းနဲ့ ကပ်ငြိပါလာသလို . . .

သူမလည်ပင်းမှာလည်း . . .

ဘဘဘ



ကျွန်တော့်ပျော်ရွှင်မှုက နာရီပိုင်းထက် ကျော်လွန်မသွားခဲ့ပါဘူး။ အိမ်ပြန်ရောက်ရောက်ချင်းပင် စကားတစ်ခွန်းက မလှမပ ထုပ်ပိုးပြင်ဆင်မှုတွေနဲ့ ကျွန်တော်ပြန်အလာကို စောင့်နေတယ်။

"နေရောင် . . . ဆရာဒေါင်းလှ ဆုံးသွားပြီတဲ့"

ဘဘဘ



www.burmeseclassic.com

www.burmeseclassic.com

## III

ကြေးစည်သံ နှောင်ဝေဝေကို ခပ်ဝေးဝေးကတည်းက ကြားနေရတယ်။ ပြီးတော့ ခွေးဟောင်သံတွေကိုလည်း ဆူဆူညံညံ ကြားလိုက်ရတယ်။ လောကကြီးထဲ အလည်ရောက်လာခဲ့သူ တစ်ယောက်အတွက် ပြန်လည်ထွက်ခွာသွားချိန်မှာ လိုက်ပို့နှုတ်ဆက်ကြသော အခမ်းအနားတစ်ခုရဲ့ ကြေးစည်သံလေးပါ။

တစ်စထက်တစ်စ နီးကပ်လာသော အသံတွေကြောင့် လုပ်လက်စအလုပ်မှ အာရုံခဏရွှေ့ထားလိုက်တယ်။ နေက ကျဲကျဲပူနေပြီး ထိုနေပူကျဲကျဲအောက်မှာပင် ရွာပြင်သုသာန်လေးက ဣန္ဒြေရရတည်ငြိမ်လို့။ သူ့ရင်ဘတ်ကို ခြောက်ပေအနက်ကြွင်းတစ်ခု တူးထားတာတောင် စိတ်ဆိုးမှုအလျဉ်းမရှိပဲ တစ်စုံတစ်ရာကို အေးအေးချမ်းချမ်း စောင့်မျှော်နေတယ်။

ဒါပေမဲ့ တကယ်တမ်းရောက်လာတော့ ပူလောင်လွန်းလှပါတယ်။ ကျွန်တော် ပန်းပုထုနေရာက ရှင်းရှင်းလင်းလင်း မြင်နေရတာမို့ အလုပ်ကို ခဏနားရင်းကြည့်နေမိတယ်။ (အာရုံမရအောင် ဆူညံမှုတွေ တိုးဝင်လာတာကြောင့်လည်း ပါပါတယ်)



ပူလောင်လွန်းလှသော နေပူရှိန်အောက်မှာ လူတစ်စု အော်ဟစ်ငိုယိုမှုတွေနဲ့ ဈာပနတစ်ခုကို ပင့်ဆောင်လာတယ်။ ရှေ့ဆုံးက ကြေးစည်တစ်လက်နှင့် လူနှစ်ယောက်၊ ထို့နောက်မှာ ဝါးလုံးလျှိုထမ်းထားသော အဖြူရောင်ခေါင်းတလားတစ်လုံးနှင့် ရွာသားတွေ။ သူတို့နောက်မှာတော့ ပြင်းပြင်းပြပြ တမ်းတပူဆွေးမှုတွေဖြင့် ရှိုက်ကြီးတငင် ငိုယိုလိုက်ပါလာကြသော လူတန်းကြီး။

မြင်မြင်သမျှအရာရာက မတည်မြဲမှုန်းသိလျက်နှင့် ထိုမတည်မြဲမှုကို လျစ်လျူရှုထားသလိုပါပဲ။ နေမွန်းတည့်ချိန်မို့ ပူတာကတစ်ကြောင်း၊ လာသမျှလူအားလုံးက အပူတွေ သယ်ဆောင်လာတာကတစ်ကြောင်းတို့ကြောင့် ကြည့်ရတာ မီးလောင်လွင်ပြင်ကြီးလိုပါပဲ။ မီးတောက်မီးလျှံတွေ မရှိပေမဲ့ အလျှံညီးညီး တောက်လောင်နေကြတယ်။

ကြည့်နေရင်းနဲ့ ကျွန်တော့်အတွေးထဲကို စကားလုံးနှစ်လုံး ဝင်ရောက်လာတယ်။ အဲဒါက မတည်မြဲမှုနှင့် ထာဝရရှင်သန်မှု။

လောကနိယာမအရ ဘယ်အရာမျှ မတည်မြဲပါဘူး။

ဒါဆို ထာဝရရှင်သန်မှုဆိုတာကရော ဘာလဲ။ သူတို့နှစ်ခုက ဆန့်ကျင်ဘက်လား၊ ဒါမှမဟုတ် တစ်သဘောပဲလား။ မတည်မြဲတာကိုပဲ ထာဝရရှင်သန်မှုလို့ ပြောတာလား။ ဒါဆို ထာဝရ ရှင်သန်မှုဆိုတာ လောကကြီးထဲမှာ မရှိနိုင်တော့ဘူးလား။

လူတွေ မွေးဖွားလာကြတယ်။ ပြီးတော့ သေသွားကြတယ်။

ဒီလိုပဲ တိရစ္ဆာန်တွေလည်း မွေးပြီးသေကြတယ်။ ရုပ်ဝတ္ထုပစ္စည်းတွေအားလုံးလည်း ဖြစ်ပြီးရင် ပျက်ကြတယ်။ ဒါက မှန်ကန်တဲ့ နိယာမတစ်ခု၊ မတည်မြဲတဲ့ ဖြစ်စဉ်တစ်ခုဆိုရင် တည်မြဲအောင် ဘယ်လိုလုပ်ရမလဲ။

ထာဝရရှင်သန်အောင် ဘယ်လိုကြိုးစားရမလဲ။

အတွေးဖြင့် ငြိမ်သက်သွားရာမှ ကျွန်တော့်အသိတွေ လက်ခနဲ လျှပ်ပြက်သွားကြတယ်။ နှလုံးသားရဲ့ တစ်ထောင့်တစ်နေရာမှာ အနုပညာယူဆမှုတစ်ခုက ရှင်းခနဲ၊ ထင်းခနဲ။



www.burmeseclassic.com

www.burmeseclassic.com

"ဟာ . . . "

ဆတ်ခနဲ လှုပ်အန္တိုးခံလိုက်ရသလို ခန္ဓာကိုယ် တစ်ချက်တုန်ခါသွားတယ်။ ပြီးတော့ အသိတစ်ခုရဲ့ လှုံ့ဆော်မှုအတိုင်း ခန္ဓာကိုယ်က ရုပ်တုဆီ အပြေးလှမ်းသွားလိုက်တယ်။ ပြီးတော့ . . .

နောက်ပြီးတော့ . . .

ကျွန်တော့်အတွေးအခေါ်နဲ့ ထုရိုက်မှုတွေ လွတ်လပ်ကြီးကျယ်နေပါပြီ။

ᨒ ᨒ ᨒ



"ဒါနဲ့ နေပါဦးကွ။ ဒီလောက်ချစ်ကြတဲ့ ချစ်သူနှစ်ယောက်က ဘာလို့ ကွဲသွားကြတာလဲ"

ကျွန်တော် မဖြေချင်ပေမဲ့ ဘရသေ့သိချင်နေမှုကြောင့် ခပ်လေးလေး ပြောပြလိုက်တယ်။

"ကျွန်တော်တို့နှစ်ယောက်ရဲ့ ကွဲကွာမှုက အပေါ်စားပြဇာတ်ဆန်ပါတယ်။ ထုံးစံအတိုင်းပဲ ကျွန်တော်တို့နှစ်ယောက် ချစ်သူတွေဖြစ်နေတာကို တစ်နေ့ သူ့အဖေသိသွားတယ်။ အဲဒီအခါမှာ ကျွန်တော်နဲ့ ဘယ်လိုမှ သဘောမတူနိုင်ဘူးဆိုပြီး သူ့သမီးကို အဆက်ဖြတ်ခိုင်းတယ်။ နောက်ပြီး မုယောကိုလည်း သင်တန်းပေးမသွားတော့ဘူး။ ပထမတော့ ကျွန်တော်တို့နှစ်ယောက် ဖုန်းအဆက်အသွယ်ရှိသေးတယ်။ ဒါပေမဲ့လည်း . . . "

ရပ်သွားသော ကျွန်တော့်စကားနှင့် ဟန်ပန်ကြောင့် . . .

"သူ့အိမ်က ဖုန်းဆက်ခွင့်ကိုပါ ပိတ်သွားတယ်ဆိုပါတော့"

ခေါင်းပင် ညိတ်ပြလိုက်မိတယ်။ နှုတ်ကပြောထွက်ဖို့ တာဝန်မယူရဲတော့ပါဘူး။

"မင်း ဘာမှ ဆက်မလုပ်ဘူးလား"

ကျွန်တော် ဘရသေ့ကို မော့ကြည့်တော့ . . .



www.burmeseclassic.com

www.burmeseclassic.com

"သူနဲ့တွေ့ရဖို့လေ"

ဘယ်လိုပြောပြရမလဲ။ ကျွန်တော်အရမ်းချစ်တဲ့ ချစ်သူလေးကို တွေ့ရဖို့ ကြိုးစားခဲ့တာပေါ့။

အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။

ဒါပေမဲ့ . . .



အဲဒီညလေးက
ကျွန်တော့်ဘဝအတွက် ရှေ့မတိုးခင်
နောက်တစ်လှမ်းဆုတ်ခဲ့ရတဲ့ ညလေးပေါ့။
ကျွန်တော် လိုလိုလားလားဆုတ်ခဲ့တာ
မဟုတ်ပါဘူး . . .
ကံကြမ္မာကြီးက ဆုတ်ခိုင်းခဲ့တာပါ။



www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

ညလေးတစ်ညက မှုန်ဝါးဆေသီစွာနဲ့ တစ်စထက်တစ်စ မှောင်မိုက်လာတယ်။ လရောင်က မပီပိုးတဝါးထိုးကျပေးနေပေမဲ့ ရှင်းရှင်းလင်းလင်း မဟုတ်ပါဘူး။ ပိုက်ဆံရှိလူတန်းစားတွေသာ အနေများတဲ့ ရပ်ကွက်တစ်ခုမို့ ဆူညံမှုတစ်စုံတစ်ရာမရှိဘဲ ကိုယ့်အဝန်းအဝိုင်းလေးနဲ့ ကိုယ် တိတ်ဆိတ်ငြိမ်သက်နေကြတယ်။

တစ်ခါတစ်ရံ လမ်းထဲဝင်ရောက်လာတဲ့ ကားအကောင်းစားကြီးတွေရဲ့ ပြာလဲ့လဲ့ မီးရောင်မှတစ်ပါး အရာရာက သီးသန့်ဆန်လို့နေပါတယ်။ ကျွန်တော် မိုးမချုပ်ခင်ကတည်းက ဤအရပ်၊ ဤပတ်ဝန်းကျင်မှာ ခြေကုပ်ယူနေတာပါ။ snow's finger နဲ့ မတွေ့ရတာ ရက်လေးဆယ်ကျော်ပြီး စကားမပြောရတာ ဆယ့်ငါးရက်ကျော်သွားပြီ။

မတတ်နိုင်ပါဘူး။ ကျွန်တော် စွန့်စားရတော့မယ်။ ပြီးတော့ ဤအရပ်၊ ဤနေရာက ခဏတာ ခွဲခွာရတော့မယ်။ ဘယ်အရပ်၊ ဘယ်



နေရာ ရောက်မယ်မှန်းမသိပါဘူး။ ကျွန်တော်လိုချင်တဲ့ သစ်သားအမျိုးအစားတစ်ခုအတွက် ဦးတည်ချက်မရှိ လွင့်ပါးရတော့မယ်။ သတ်မှတ်ရက်စွဲတစ်ခုအမီ ထွင်းထုပုံဖော်ရတော့မယ်။

နှုတ်ဆက်ဖို့အတွက် ရောက်လာတာဆိုရင် သူမ စိတ်ဆိုးမှာလား။ ရင်ဘတ်ကိုစမ်းလိုက်တော့ အင်္ကျီအတွင်းအိတ်ထဲက စာအိတ်ထူထူကို ထိတွေ့မိတယ်။ ဒီစာရရချင်း မှယောနဲ့ မရရအောင်တွေ့ဖို့ ဆုံးဖြတ်လိုက်တာပါ။

အချိန်မရှိတော့ဘူး။ နောက်တစ်ကြိမ်တွေ့ရဖို့ဆိုတာ မသေချာတော့ဘူး။ ရှင်းရှင်းပြောရရင် နောက်တစ်ကြိမ် အခုလိုတွေ့ခွင့်ရနိုင်ဖို့ မြေကြီးပေါ်မှာ ကျွန်တော့်ခြေထောက်တွေ ခြေချခွင့်ရနိုင်ဖို့ ကိုယ့်ကိုယ်ကိုယ်တောင် တာဝန်မယူရဲတော့ဘူး။ ရင်ထဲက အနုပညာကို စိတ်ဝိညာဉ်တွေအားလုံးနဲ့ ပုံဖော်ရတော့မယ်။ လိုအပ်ရင် ခန္ဓာကိုယ်ကိုပါ ထည့်သွင်းပုံဖော်ဖို့ အခွင့်အရေးတွေ ကြုံနေပြီ။

ဒါကြောင့် . . .

ယခုနှုတ်ဆက်ခြင်းသည် ခဏတာဝေးကွာမှုအတွက် ဖြစ်နိုင်သလို ထာဝရခွဲခွာမှုအတွက်လည်း ဖြစ်ကောင်းဖြစ်သွားနိုင်ပါတယ်။

ကျွန်တော် မကြောက်ပါဘူး။

ဒါပေမဲ့ သူမကို တစ်ယောက်တည်းထားခဲ့ရမှာကိုတော့ တွေတွေငေးငေးဖြစ်မိတယ်။ ရှင်းရှင်းပြောရရင် မထားခဲ့ရက်နိုင်ဘူး။ အနုပညာနဲ့ ယှဉ်ပြန်တော့လည်း ကောင်းကင်တစ်ခုနဲ့ မြေမှုန်တစ်စလို ဖြစ်နေတယ်။ ဒီတော့ ကျွန်တော့်ရင်ကို ကျွန်တော်ကိုယ်တိုင် ကြိုးပေးသတ်ပစ်ရတော့မယ်။

ပြီးတော့ ခန္ဓာကို လောင်ကျွမ်းပစ်ပြီး ကောင်းကင်တစ်ခုရဲ့ မီးစာကို ထွန်းညှိနိုင်ဖို့ ကြိုးစားရမယ်။

နာရီကို ငုံ့ကြည့်လိုက်တော့ လက်တံတွေက လိုချင်သော အချိန်တစ်ခုကို ညွှန်ပြနေကြပြီး လေ့လာစုံစမ်းထားမှုတွေအရ ဒီအချိန်ဆို ခြံစောင့်မာလီတွေ ထမင်းစားတဲ့အချိန်။ ခြံထဲကိုဝင်ဖို့ဆိုရင်တော့ ဒီအချိန်



www.burmeseclassic.com

www.burmeseclassic.com

ဟာ အကောင်းဆုံးအခွင့်အရေးပဲ။ တွေဝေမနေတော့ပါဘူး။ ကျွန်တော့် ခန္ဓာကိုယ်က မှောင်ရိပ်ကျသော သစ်ပင်အကွယ်တစ်နေရာကနေ ခြံစည်းရိုးအုတ်တံတိုင်းပေါ် မြောက်တက်သွားခဲ့ပြီး ခြံစည်းရိုးပေါ် ခြေခွထိုင်ရင်း အခြေအနေကို ခဏ အကဲခတ်လိုက်တော့ . . .

တွက်ထားတဲ့အတိုင်းပါပဲ။ ခြံစောင့်တွေ၊ မာလီတွေ ရှိမနေကြဘူး။ အိမ်ကြီးဆီလှမ်းကြည့်တော့ အပေါ်ထပ်တစ်ထပ်လုံး မီးရောင်တွေနဲ့ ထိန်ထိန်လင်းနေတယ်။

ဟိုဟာ ဘုရားခန်း၊ အလယ်ကဧည့်ခန်း၊ ဘေးက မုယောအဖေ အိပ်ခန်း၊ အနောက်ဘက်အစွန်းဆုံးမှာ မီးဝါဝါလေး လင်းနေသည်က..

အဲဒီအခန်းပဲ။

ကြိုတင်စုံစမ်းထားမှုတွေအရ အိမ်ကြီးရဲ့ မုယောရှိရာအခန်းကို ရှာဖွေလိုက်ပြီး အကွာအဝေးနဲ့ တက်ရောက်ဖို့ အခွင့်အရေးကို တွက်ဆလိုက်တယ်။ မလွယ်ပါဘူး။

ကျွန်တော့်မှာလည်း အထောက်အကူရရန် တစ်စုံတစ်ရာ ဘာဆိုဘာမျှ မပါဘူး။ တစ်ခုတော့ ကျွန်တော်ကံကောင်းတယ်လို့ ပြောရမယ်။ မုယောအခန်းနဲ့ မလှမ်းမကမ်းမှာ လူတစ်ယောက် ခိုတွယ်တက်လို့ရလောက်တဲ့ သစ်ပင်ကြီးတစ်ပင်ရှိနေတယ်။

မတတ်နိုင်ပါ။ ဒီအပင်ကြီးကိုပဲ အားကိုးရမှာပဲ။

အချိန်က (၆:၄၅)။ အလုပ်သမားတွေ ထမင်းစားပြီးမယ့် အချိန်က (၇:၀၀) နာရီ။ မုယောအဖေ ပြန်လာမယ့်အချိန်က (၈:၀၀) နာရီ။ လေ့လာမှုရဲ့ အကျိုးဆက်အရ မုယောအစ်ကို လွန်ခဲ့တဲ့နှစ်ရက်ကပင် ခရီးတစ်ခုထွက်သွားကြောင်း သိထားတယ်။ ဒါဟာလည်း မင်္ဂလာတစ်ပါးပါပဲ။

မုယောနဲ့ ကျွန်တော် ချစ်သူသက်တမ်းမှာ ကာလတစ်ခုရှည်လျားခဲ့ပေမဲ့ သူမအစ်ကို ဘယ်သူဘယ်ဝါဆိုတာ ပြမထားပါဘူး။ ဒါပေမဲ့ ဘယ်သူဆိုတာကိုတော့ သိထားတယ်။ အပြင်မှာလည်း မြင်ဖူးထားပါတယ်။ ကိစ္စမရှိပါဘူး။



သူမအစ်ကိုက မည်သူပဲဖြစ်နေဖြစ်နေ ကျွန်တော့်အတွက် သိပ်အရေးကြီးတဲ့လူတယ် မဟုတ်ပါဘူး။ အေးဆေးပါပဲ။

ခြံထဲမှာ မီးတိုင်အနည်းငယ် ထွန်းညှိထားပေမဲ့ အရိပ်ကျမယ့်လမ်းကြောင်းတစ်ခုကိုသာ ကျွန်တော် ရွေးလိုက်သည်။ မြေကြီးနဲ့ ခြေထောက်ထိမိပြီးပြီးချင်း ရင်ခွင်ကို အငွေ့အသက်တစ်ခုက လာရိုက်တယ်။ နှင်းကျလာတာ မဟုတ်ရင်တော့ သူမကိုစတွေ့တဲ့ ညနေတစ်ခုရဲ့ အငွေ့အသက်မျိုးပါ။ ပြီးတော့ ထိုအငွေ့အသက်ထဲမှာ ငိုရှိုက်မှုတွေပါနေတယ်။

ခပ်သွက်သွက်ပါပဲ။ ကျွန်တော် အလျင်မြန်ဆုံး ရွေ့လျားပစ်ခဲ့တယ်။ ပန်းပင်လေးတွေရဲ့ အကာအကွယ်တချို့ကြောင့် ကျွန်တော့်လှုပ်ရှားမှုကို မည်သူမျှ မြင်တွေ့လိုက်မှာ မဟုတ်ဘူး။ (ကျွန်တော့်အထင်လည်း ဖြစ်လိမ့်မယ်)။

မကြာခင်အချိန်အတွင်းမှာပဲ သူမအခန်းရဲ့အောက် သစ်ပင်ကြီးတစ်ပင်ရဲ့ ပင်စည်ရိပ်ကို ခိုဝင်ချဉ်းကပ်နိုင်ခဲ့ပြီး နောက်ဖေးဘက်ဆီမှ စကားသံတချို့ကို ကြားရတာကြောင့် ကျွန်တော်ငြိမ်နေမိသေးတယ်။ ထမင်းစားရင်း စကားပြောနေကြတဲ့ အသံမျိုး။ ဒါဆိုလျှင်တော့ ကိစ္စမရှိပါဘူး။

အခန်းဆီမော့ကြည့်တော့ အတွင်းပိုင်း မီးရောင်လဲ့လဲ့မှတစ်ပါး တိတ်ဆိတ်ငြိမ်သက်လျက်ရှိတယ်။ ချက်ချင်းပဲ ကျွန်တော် သစ်ပင်ကြီးကို ကုပ်တွယ်ဖက်တက်ခဲ့ပါတယ်။ တစ်ဝက်လောက်ရောက်မှ ကြည့်မိတော့ သရက်ပင်ကြီးတစ်ပင်ဖြစ်မှန်း သိရတယ်။ အသီးကင်းလေးတွေတောင် ဟိုတစ်စသည်တစ်စ အိတွဲသီးပွင့်လို့။

တွေ့ပြီ။

ထိုသောညမှာပဲ နေ့နေ့ညည မျှော်မှန်းလွမ်းဆွတ်ရသူလေးကို ခုတင်လေးတစ်လုံးရဲ့ ခေါင်းရင်းတစ်နေရာမှာ ပါးလျှဖြူလျော်စွာနဲ့ ကျွန်တော် တွေ့ရှိခဲ့ပြီ။

ပြတင်းမှန်တွေကာထားပေမဲ့ ကျွန်တော် သူမမျက်နှာကို သဲသဲကွဲကွဲ မြင်နေရတယ်။ သက်မဲ့ကျောက်ရုပ်တစ်ခုအလား တောင့်မတ်နေ



www.burmeseclassic.com

www.burmeseclassic.com

မှုကြောင့် စိုးရိမ်စိတ်အချို့တောင် ဖြစ်ထွန်းသွားမိသလိုပဲ။ သူမ တစ်စုံတစ်ခုကို စူးစူးစိုက်စိုက် ကြည့်နေတာပါ။ ထိုအရာက ကျွန်တော်ကိုယ်တိုင် မွေးဖွားပုံဖော်ပေးခဲ့သော snow's finger ဆိုသည့်ရုပ်တုလေး။

ကြည့်နေရင်းနဲ့ ခွဲရတော့မယ်ဆိုတဲ့ အသိက ရင်ဝကို တနင့်နင့် ဆို့တက်လာတယ်။ ကျွန်တော်တို့နှစ်ယောက် ဘာကြောင့်များ တစ်ယောက်ကိုတစ်ယောက် ဤမျှထိ ချစ်မိသွားရတာလဲ။

ခံစားနေရမှုတွေကို ခဏဘေးဖယ်ရင်း အလုပ်သင့်ဆုံးတစ်ခုကို စတင်လိုက်တယ်။ အဲဒါက ဘေးမှာရှိနေတဲ့ သရက်သီးတစ်လုံးကို ခူးခွေရင်း ပြတင်းပေါက်ဆီ ပစ်ပေါက်လိုက်တာပါ။

"ဒေါက် . . . "

ဆတ်ခနဲတုန်သွားပြီး ပြတင်းပေါက်ကို သေချာကြည့်တယ်။ ဒါပေမဲ့ မသိလိုက်မသိဘာသာ ပြန်လည်ငြိမ်သက်သွားတော့ . . .

"ဒေါက် . . . "

"ဒေါက် . . . "

ဆက်တိုက်ပစ်ပေါက်လိုက်မှုနောက်မှာပဲ ကျွန်တော်ဖြစ်စေချင်တာကို သူမ ပြုလုပ်လိုက်ပါပြီ။ အဲဒါက ခုတင်ပေါ်ကထပြီး ပြတင်းတံခါးဆီ လျှောက်လာတာပါ။

ပြတင်းတံခါးကို ဖွင့်ဖွင့်ချင်းမှာပဲ . . .

"မုယော . . . "

ကျွန်တော့်ခေါ်သံအုပ်အုပ်ကြောင့် ပထမ ကြောင်သွားတယ်။ ပြီးတော့ ဘေးဘီထက်အောက်ကို အလျင်စလို ဝေ့ဝဲကြည့်တယ်။

"မုယော . . . "

ဒုတိယခေါ်သံအဆုံးမှာတော့ သူမ မြင်သွားပါပြီ။

"ဟယ် . . . မောင်"

အံ့သြဝမ်းသာ အော်လိုက်ပြီးကာမှ ပါးစပ်ကို လက်ဝါးဖြင့်အုပ်ရင်း နောက်ကို မလုံမလဲ လှည့်ကြည့်တယ်။ ပြီးတော့မှ အသံအုပ်အုပ်ဖြင့် . . .



"မောင် . . . ဘယ်လို . . . "

စကားမဆုံးလိုက်ပါဘူး။ ကျွန်တော် လက်ဟန်ပြ ပြောဆိုမှုကြောင့် သူမ သေချာကြည့်သွားတယ်။ ကျွန်တော် လာခဲ့ချင်တယ်ဆိုသည့်သဘော အမူအရာလုပ်ပြလိုက်တာပါ။ ခဏလောက်ငြိမ်သွားပြီးမှ လှစ်ခနဲ အတွင်းဘက် ပြေးဝင်သွားတယ်။

မကြာပါဘူး။

ပြန်ရောက်လာတော့ လက်ထဲမှာ ကြိုးတစ်ချောင်းပါလာတယ်။ ဒီနေရာမှာ snow's finger လေးရဲ့ ပါးနပ်မှုကို အသိအမှတ်မပြုဘဲ မနေနိုင်တော့ပါဘူး။ သွက်သွက်လက်လက် လှုပ်ရှားမှုတွေကိုငေးကြည့်ရင်း ရင်ထဲမှာ တော်တော်စို့သွားတယ်။ ကျွန်တော့်ကို ဘယ်လောက်များ တွေ့ချင်နေရှာတဲ့ ချစ်သူလေးပါလဲ။

ပြတင်းပေါက်လက်ရမ်းမှာ ကြိုးတစ်စချည်ရင်း ကျန်တစ်စကို ကျွန်တော့်အား ပစ်ပေးတော့ . . .

လက်နဲ့ကြိုး ထိထိချင်းမှာပဲ ကျွန်တော် သွက်လက်ရပါတော့တယ်။ လူတစ်ကိုယ်ခံနိုင်တဲ့ သစ်ကိုင်းမှာ ကြိုးကို တင်းတင်းချည်တယ်။ ပြီးတော့ ခန္ဓာကိုယ်ကို လေဟာနယ်သို့ပစ်ထိုးရင်း ကျွန်တော် တွဲလွဲခိုကာ သူမရှိရာသို့ ကူးသွားလိုက်ပါပြီ။ အခန်းထဲရောက်တော့ . . .

ချက်ချင်း စကားတွေ ပြောမထွက်ကြဘူး။ လက်နှစ်ဖက်ကို တင်းတင်းဆုပ်ကိုင်ရင်း တစ်ဦးကိုတစ်ဦး ရူးရူးမူးမူး ကြည့်နေမိကြတယ်။

"မုယောရယ်"

ချစ်တဲ့ snow's finger လေးရယ်။ သူမမျက်ကွင်းတွေ ညိုနေတယ်။ နားထင်နှစ်ဖက်ချိုင့်ဝင်ပြီး ပါးရိုးလေးတွေ ထင်ထင်ရှားရှား ပေါ်နေကြပြီ။ အရင် ရဲရဲစိုနေတဲ့ နှုတ်ခမ်းနှစ်လွှာက သွေးမရှိတော့သယောင် ဖြူလျော်ခြောက်ကပ်ပြီး တဆတ်ဆတ်တုန်နေတယ်။

မမြင်ရတဲ့ ရက်လေးဆယ်မှာ မထင်ရလောက်အောင် သူမပိန်လှီဖျော့တော့ကာသွားပါတယ်။ လက်ချောင်းလေးတွေကလည်း အရင်လို နွေးနွေးထွေးထွေး မရှိတော့ဘူး။ အေးစက်စက်နဲ့ အသားမရှိတော့သယောင်



www.burmeseclassic.com

www.burmeseclassic.com

ပါပဲ။ အရိုးချောင်းလေးတွေချည်းပဲ စုကိုင်မိထားသလို ခံစားရတယ်။

ဒါပေမဲ့ မျက်လုံးကတော့ အရင်အတိုင်း တောက်ဝင်းနေတုန်းပဲ။ ကြည့်နေရင်းနဲ့ သူမမျက်လုံးမှ မျက်ရည်တွေ တသွင်သွင်စီးကျလာတယ်။ နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်လာပြီး ကျွန်တော့်ကို အားရပါးရ သိမ်းဖက်လိုက်ပါတော့တယ်။ ပခုံးပေါ်ကို မျက်ရည်တွေ တစ်စက်ပြီးတစ်စက်ကျလာကာ သူမရဲ့ ငိုရှိုက်သံတွေ အခန်းကျဉ်းလေးထဲမှာ လွှမ်းသွားတော့ . . .

ထိန်းထားတဲ့ကြားမှ ကျွန်တော့်မျက်လုံးအိမ်မှာလည်း မျက်ရည်တွေ တသွင်သွင် ကျဆင်းလာကြပြီး၊ သူမကို ပြန်လည်သိုင်းဖက်ရင်း ယောက်ျားတန်မဲ့ ကျွန်တော့်နှလုံးသားကို ကျွန်တော် လွတ်လပ်ခွင့်ပေးလိုက်တာပါ။

ဘယ်လောက်ကြာသွားတယ်မသိဘူး။ စိတ်နဲ့ကိုယ်ကပ်မိတော့ ကျွန်တော့်ရင်ခွင်မှာ သူမ မရှိတော့ဘူး။ ဒါပေမဲ့ တစ်ဦးလက်ကိုတော့ တစ်ဦး မြဲမြဲကိုင်ထားဆဲ။

"မောင် ပိန်သွားတယ်နော်။ ညဘက်တွေ အိပ်မပျော်ဘူးလား ဟင်"

ပထမဆုံးကြားရတဲ့ သူမနှုတ်ထွက်စကားပါ။

"မယောရယ်"

ပိုးဟပ်လေးတစ်ကောင်အလား ဉာဏ်မျှလောက် ပိန်ကပ်ဖြူဖျော့နေတာတောင် သူမက ကျွန်တော့်ကို စိုးရိမ်နေပါသေးတယ်။ နှစ်သိမ့်ပြုံးဖြင့် ခေါင်းယမ်းလိုက်ရင်း . . .

"ထင်လို့ပါ . . . မောင်ပိန်မသွားပါဘူး"

"မယောကို မညာပါနဲ့မောင်ရယ်။ မယောသိပါတယ်။ မောင့်မျက်နှာကို မယော စာအုပ်တစ်အုပ်လို ဖတ်တတ်တယ်ဆိုတာ မောင်မေ့သွားပြီလားဟင်"

ကျွန်တော် ဆက်လက်လိမ်ညာဖို့ အင်အားမရှိတော့ပါဘူး။ ဖြစ်နိုင်ရင် သူမကို ရင်ခွင်ထဲထည့်ပြီး သွားလေရာခေါ်သွားလိုက်ချင်ပါတယ်။



"မယောရောပဲ ပိန်သွားတယ်နော်"

"ဟုတ်လား"

နွမ်းနွမ်းဖျော့ဖျော့လေသံနဲ့ပြောတော့ ကျွန်တော် စိတ်မကောင်းဖြစ်သွားပါတယ်။ သူမရဲ့ ပိန်လှီဖျော့တော့မှုကို ကျွန်တော်ပြောမှ သိလိုက်ရသလိုပါပဲ။ မျက်ကွင်းညိုညိုလေးများကို ကျွန်တော် ငေးစိုက်ကြည့်မိရင်း . . .

"မယောရော ညဘက်တွေ အိပ်မပျော်ဘူးလား"

"မယော မသိဘူး။ တစ်ခါတလေကျရင်လည်း မောင့်ကိုလွမ်းလို့ မောင့်အကြောင်းထိုင်တွေးပြီး မအိပ်ရဘဲ မိုးလင်းလင်းသွားတယ်။ တစ်ခါတလေကျတော့လည်း အိပ်ဖြစ်လား၊ မအိပ်ဖြစ်လားတောင် မသိတော့ဘူး မောင်ရယ်။ မောင်နဲ့ အရမ်းတွေ့ချင်နေတာပဲသိတယ်"

သူမစကားတို့က ကျွန်တော့်ကို အတိုင်းအဆမရှိ ဆို့နင့်ကြေကွဲသွားစေပါတယ်။ ဒါက သူမလိမ်ပြောနေတာ မဟုတ်ဘူးဆိုတာတော့ သေချာတယ်။ အိပ်ရေးပျက်မှု၊ တွေဝေငေးမောမှုတွေနဲ့ ဉာဏ်မျှလောက်ရုပ်အဆင်းပျက်သွားတာကို ကြည့်ပါလား။

"ထမင်းရော ပုံမှန်စားရဲ့လား"

"မနေ့ကစားတယ်"

"ဒီနေ့ရော . . . "

အရူးလေးတစ်ယောက်လို ခေါင်းကိုငုံ့စောင်းရင်း စဉ်းစားသယောင်ပြုကာ . . .

"မသိဘူး"

ဘယ်နှကြိမ်မြောက်မှန်းမသိတဲ့ သက်ပြင်းကို ကျွန်တော် ချမိသွားပါတယ်။ ကျွန်တော့်ကို ဘယ်လောက်ထိချစ်ကြောင်း ယခုမှ ပိုမိုသိခွင့်ရလိုက်သလိုပါပဲ။

"မောင်ရော မယောကိုလွမ်းလား ဟင်"

ဘယ်လိုပြောရမလဲ။ ဖြစ်နိုင်ရင် လွမ်းတယ်လို့ အကျယ်ကြီးအော်ပစ်လိုက်ချင်တာ။ ဒါပေမဲ့ . . .



www.burmeseclassic.com

www.burmeseclassic.com

"လွမ်းတာပေါ့"

ကျွန်တော့်မျက်လုံးကို ကြောင်ငေးငေးစိုက်ကြည့်ပြီး . . .

"မယောလေကတော့ မောင် မယောကို မလွမ်းပါဘူး။ မယောလေ မောင့်ကိုသတိရတိုင်း ဒီအရုပ်လေးကိုပဲ ထိုင်ကြည့်ဖြစ်တယ်။ ပြီးတော့ အရုပ်လေးနဲ့ စကားတွေပြောတယ်။ သူကလည်း ပြန်ပြောတယ်သိလား။ အရမ်းလွမ်းတာပဲတဲ့"

ပြောရင်းနဲ့ မျက်ရည်တွေ စီးကျလာပြန်ပါတယ်။

ဒုတိယအကြိမ် ကျွန်တော် ပြန်လည်ပွေ့ဖက်မိစဉ်ခဏမှာပဲ မယောလက်တစ်ဖက်က ကျွန်တော့်လည်တိုင်ဆီကို စမ်းသပ်ကာ . . .

"မယောဆွဲပေးတဲ့ ပုလင်းလေးရောဟင်"

"ဒီမှာလေ . . . "

လက်စွပ်ထည့်ဆွဲထားသည့် ကြိုးလေးနဲ့ရောပြီး နှစ်ကြိုးဖြစ်နေတာကြောင့် ပုလင်းချည်ထားတဲ့ကြိုးလေးကို ကျွန်တော်ကိုင်ကာပြတော့ . . .

"မောင် . . . အမြဲတမ်း ဆွဲထားရမှာနော်။ ဘယ်သွားသွား၊ ဘယ်လာလာ ကိုယ်နဲ့မကွာ ရှိနေရမယ်။ ဒီမှာ မယောလည်း ဆွဲထားတယ်"

ပြောရင်း သူမလည်ပင်းက ပုလင်းလေးကိုကိုင်ကာ ပြပါတယ်။ ပြီးတော့ စကားထပ်ဆက်တယ်။

"ဒီတော့မှ တို့တွေဝေးကြရင် ချက်ချင်းသောက်ပစ်လို့ရမှာ"

ကျွန်တော် စိုးရိမ်တာ အဲဒါပါပဲ။ သတိရစိတ်နဲ့ ဖိစီးမှုတွေများပြီး မယော တစ်စုံတစ်ရာ မဆင်မခြင်လုပ်လိုက်မိမှာကို ကျွန်တော် အရမ်းပဲ စိုးရိမ်နေတယ်။

"မောင် မယောကို စိုးရိမ်နေတာ"

"ဘာကိုလဲ . . . "

"မောင်နဲ့မတွေ့ရတဲ့ ဒီအတောအတွင်း တစ်ခုခုလုပ်လိုက်မိမှာကို"



ကျွန်တော့်စကားကိုမယော သဘောပေါက်သွားပုံရပြီး နှမ်းနှမ်းလျလျပြုံးတယ်။

"စောပါသေးတယ် မောင်ရယ်။ မလိုအပ်သေးပါဘူး။ နောက်ပြီး မောင် မယောကို ခွဲသွားမှာမဟုတ်ဘူးဆိုတာကိုလည်း ယုံထားတယ်"

ကျွန်တော် ဘယ်လိုသတ္တိတွေနဲ့ ထုတ်ပြောရတော့မှာလဲ။ အမှန်က ယခုရောက်လာခြင်းက နှုတ်ဆက်ဖို့ပါ။

"ချစ်တယ် မယောရယ်"

အကြိမ်ကြိမ်ပြောခဲ့ဖူးသော စကားဖြစ်ပေမဲ့ ယခုစကားက မချိုတင်ကဲထွက်လာတဲ့ စကားပါ။ ကျွန်တော်နဲ့ မရှေးမနှောင်းမှာပဲ . . .

"မယောရောပါပဲ" တဲ့။

ကျွန်တော့်အသိတွေ ပြိုပျက်ကုန်ပြီလား။

ဟင့်အင်း . . . မဟုတ်ပါဘူး။ လောကကြီးဆီက တစ်စုံတစ်ရာလိုချင်ရင်တော့ လောကကြီးကို တစ်စုံတစ်ရာ ပြန်လည်ပေးဆပ်ရမှာပဲ။

ကျွန်တော် စိတ်ကို ပြန်လည်တည့်မတ်ထားမိတယ်။ ပြီးတော့ ကိုယ့်ကိုယ်ကိုယ် အားပေးစကားလည်း ပြောမိတယ်။

"ခဏလေးပါကွယ်"

ထိုစဉ်မှာပဲ ကျွန်တော်ပြောမထွက်တဲ့စကားကို မယောက အစဖော်လိုက်ပါတယ်။

"အကဲဖြတ်ပညာရှင်တွေ ရွေးချယ်တဲ့လက်ရာ အကောင်းဆုံးဆယ်ယောက်ထဲမှာ မောင်ပါတယ်ဆို"

"အင်း . . . "

"ဒါဆို မောင်လည်း စိတ်ကြိုက်အဖြစ်ဆုံးရုပ်တုကို ဇွန် (၁၅) ရက်နေ့ အမီတင်ရမှာပေါ့"

"အင်း . . . "

အိမ်ထဲမှာနေပေမဲ့ တိကျသောစကားတွေအတွက် ကျွန်တော် အံ့သြမိသွားပါသေးတယ်။

"အိမ်ထဲမှာနေပြီးတော့ မယော ဒါတွေကို ဘယ်လိုလုပ်သိတာ



www.burmeseclassic.com

www.burmeseclassic.com

လဲ ဟင်"

တစ်ခုခုပြောမလို့ ပြင်ပြီးမှ မပြောဘဲ ခေါင်းယမ်းတယ်။

"ဒီလိုပါပဲ"

သူမ မပြောချင်ပေမဲ့ ကျွန်တော် သဘောပေါက်ပါတယ်။ နောက်ဆုံးမှာတော့ တနုံ့နုံ့နဲ့ပဲ မပြောမဖြစ် ကျွန်တော် ပြောလိုက်ရပါပြီ။

"အဲတော့ . . . မောင် ပန်းပုထုဖို့ ပြင်ဆင်ရတော့မယ်။ မအားတော့ဘူး"

ကျွန်တော့်ကို တွေတွေငေးငေး စိုက်ကြည့်နေတော့ . . .

"ဒါဟာ မောင့်ရည်ရွယ်ချက်၊ မောင့်အိပ်မက်တွေပဲ။ အကြိမ်ကြိမ်မက်ခဲ့ဖူးတဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်နိုင်ဖို့ အခွင့်အရေး မောင့်ရှေ့မှာ ရောက်နေပြီ။ ဒီပွဲဟာ မောင့်ဘဝ၊ မောင့်အသက်ထက်ကို အရေးကြီးနေတယ်"

စကားအများကြီး ပလ္လင်ခံပြီးကာမှ . . .

"ရည်ရွယ်ချက်ပဲပါပြီး ဦးတည်ချက်မရှိတဲ့ခရီးတစ်ခုကို မောင်သွားရလိမ့်မယ်"

"ဟင် . . . "

"ဘယ်ဆီဘယ်ဝယ်မသိဘူး"

". . . . . . "

"အဲဒါ အခု မုယောကို မောင်လာနှုတ်ဆက်တာ"

"ရှင် . . . "

ပြောပြောပြီးချင်းမှာပဲ ဆုံးဖြတ်ချက်တစ်ခုကို အမြန်ဆုံးချလိုက်တယ်။ အဲဒါက မြစ်တစ်ခုလို ကျွန်တော့်မျက်ရည်တွေ စီးကျမလာခင် ထွက်သွားဖို့ပါ။

"မောင် သွားတော့မယ်"

ကျွန်တော်ထရပ်ပြီး ပြတင်းပေါက်ဆီသွားတော့ . . .

"မောင် . . . "

ဟု အကျယ်ကြီးအော်ပြီး ကျွန်တော့်ကို နောက်မှ အပြေးလှမ်းဖက်ပါတယ်။ သူမပါးပြင်နဲ့ ကျောထိပ်ကပ်မိတော့ ပူနွေးနွေးမျက်ရည်တွေက ကျွန်တော့်ကျောမှာ လိုက်လိုက်လှဲလှဲ ငိုရှိုက်လို့။

ပြီးတော့ ဗလုံးဗထွေးပြောတယ်။

"မောင် ပြန်လာမယ်မဟုတ်လားဟင်။ မောင်ပြန်လာမှာမလား။ မောင် မုယောကို ခွဲမသွားဘူးမလား"

မျက်ရည်တစ်စက်က ခြေထောက်ပေါ် ဖုတ်ခနဲပြုတ်ကျတယ်။ စိတ်ရှိလက်ရှိကို ကျွန်တော် အော်ငိုပစ်လိုက်ချင်တာပါ။ ချစ်သူလေး အခုလိုငိုနေတာ မကြည့်ရက်သလို ကျွန်တော်ကိုယ်တိုင်လည်း မျက်ရည်မကျအောင် မတားဆီးနိုင်ဘူး။

သူမကတော့ ကျွန်တော့်ကို နောက်မှသိုင်းဖက်ရင်း ကျုံ့ကျုံ့ပါအောင်ကို ငိုရှိုက်လို့နေပါတယ်။ ကျွန်တော် စိတ်ကိုတင်းလိုက်တယ်။ ပြီးတော့ စကားကို ထိန်းပြီးပြောရတယ်။

"မောင်ပြန်လာမှာပါ။ မုယောဆီကို မောင်ပြန်လာမှာပါ"

ငိုနေရင်းနဲ့ ကျွန်တော့်ပခုံးကို တဘုန်းဘုန်းထုရိုက်ရင်း . . .

"တကယ်နော် မောင်။ မောင် တကယ်ပြောတာနော်"

ကျွန်တော် အဖြေမပေးမိပါဘူး။ တစ်စုံတစ်ရာ ပြောဆိုနိုင်တဲ့ နှုတ်ခမ်းတွေက သွားဖြင့်ဖိကိုက်ထားမှုကြောင့် တဆတ်ဆတ်တုန်နေပြီ။ သိုင်းဖက်ထားတဲ့ သူမလက်ကိုသာ ဖွဖွဆွဲဖယ်ပြီးတော့ ကျွန်တော် ရှေ့တိုးထွက်လိုက်တယ်။ ပြတင်းပေါက်နားရောက်တော့ . . .

ရှိုက်သံတွေကြားမှပင် သူမစကားသံ ထပ်ထွက်လာတယ်။ ကျွန်တော့်နှလုံးသားကို မွမွနင်းခြေပစ်လိုက်တဲ့ စကားတွေပါ။

"မုယောကို ခွဲမသွားပါနဲ့မောင်ရယ်။ မောင်သာ မုယောကိုခွဲသွားရင်လေ မုယော အဆိပ်သောက်စရာမလိုဘဲ သေသွားမှာသိလား"

snow's finger လေးရေလို့ အော်ပြီး နံရံကို လက်သီးနဲ့ သွေးစက်စက်မထွက်မချင်း ထိုးပစ်လိုက်ချင်စိတ်တွေ တဖွားဖွားပေါ်လာတယ်။ ကျွန်တော့် နှုတ်ခမ်းထောင့်စွန်းမှာ သွေးတစ်စ ခိုတွဲနေပါပြီ။ မခံမရပ်နိုင်အောင် နာကျင်နေပေမဲ့ ကျွန်တော်နှုတ်ခမ်းကို ဖိကိုက်ထားတုန်းပဲ။





www.burmeseclassic.com

www.burmeseclassic.com

သွားတွေက အရေပြားကိုဖောက်ပြီး အသားမှာ နက်နက်စူးလို့ မချင့်မရဲဖြစ်မှု၊ အားမလိုအားမရဖြစ်မှုတွေနဲ့ ကြက်သီးတွေ ပြင်းပြင်းထသွားလောက်အောင် လက်သီးကို ညှစ်ဆုပ်ရင်း . . .

ကျွန်တော် စကားတစ်ခွန်း ပြန်ပြောလိုက်တယ်။

"လွမ်းလို့သေကြေးဆို မုယောအရင် မောင်သေသွားမှာပါကွာ။ တမလွန်ကပဲ မုယောရောက်အလာကို မောင်စောင့်နေတော့မယ်"

ᄌ ᄌ ᄌ



ဘရသေ့က မေးတယ်။

"မင်းထက်အရင် မင်းချစ်သူသေသွားရင် ဘယ်လိုလုပ်မလဲတဲ့"

အဲဒီအခါမှာ ကျွန်တော်က . . .

'ချစ်သူသေသွားခဲ့လျှင်' ဆိုတဲ့ကဗျာလေးကို ဘရသေ့ဆီ ပေးဖတ်လိုက်တယ်။

ᄌ ᄌ ᄌ



www.burmeseclassic.com

www.burmeseclassic.com

ချစ်သူ့ရေသွားခဲ့လျှင်...
ကိုယ့်ကိုယ်ကိုယ် အုတ်ဂူအဖြစ် ယုံဆင်ပြီး
ချစ်သူ့ရုပ်ကလာပ်ဝင်အလာကို စောင့်မယ်...
(.......................)
ကိုယ်ကိုယ်တိုင် မြာအိုးဖြစ်စေပြီး
ချစ်သူ့အရိုးစတွေကို မျှော်မယ်...

ချစ်သူ...
အရိုးစွေးခဲ့ရစ်တောင်
မင်းကိုကိုယ်...
မေ့နှင့်မပေးဘူး။



# IV

ကျွန်တော် တင်ပျဉ်ခွေထိုင်ရင်း ခန္ဓာကိုယ်ကို ငှက်မွေးစလေး တစ်ခုအလား အပေါ့ပါးဆုံး လွင့်မြောက်နိုင်းထားတယ်။ ဝင်လေထွက်လေကို တစ်ချက်ချင်း သိမှတ်ခံယူနေမှုကြောင့် ကျွန်တော့်စိတ်တွေအားလုံးက စင်ကြယ်တည်ငြိမ်နေတယ်။

အေးချမ်းလိုက်တာ။

အာရုံမှာ ဘာမျှမရှိဘူး။ ဗလာဟင်းလင်းဖွင့်ထားတဲ့ အမှတ်သညာမှာ ရှုရှိုက်ထိမိတဲ့ မှတ်စိတ်လေးတစ်ခုနဲ့ ကျွန်တော် အေးချမ်းလွန်းလှပါတယ်။ ဒါ ဘာနဲ့မျှ မလဲနိုင်တဲ့ ဘယ်သာယာမှုမျိုးနဲ့မှ နှိုင်းယှဉ်လို့မရတဲ့ အေးချမ်းမှုလေးပါ။

ထိုအေးချမ်းမှုလေးကလွဲပြီး ကျွန်တော့်မှာ ဘာမျှမရှိတော့ဘူး။ စိမ်းအေးတဲ့ တောအုပ်မရှိတော့ဘူး။ ရိုးတန်ရွက်လက်ပေါင်းစုံနဲ့ ကားကားဖွင့်ဖွင့် သစ်ပင်ကြီးတွေ မရှိတော့ဘူး။ ကျွန်တော်ထိုင်နေတဲ့ မြက်ခင်းစိမ်းစိမ်းတွေ မရှိတော့ဘူး။ ခွန်းဆက်တေးဆိုသော ငှက်လေးတွေနဲ့ ကြည်လှဲလှဲရေကန် မရှိတော့ဘူး။ ရှင်းရှင်းပြောရရင် ကျွန်တော့်ကိုယ်တိုင်တောင် ရှိမနေတော့ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com

အရာအားလုံးက စိတ်အေးချမ်းမှုအတွင်းမှာ ပေါင်းစပ်ငြိမ်ဝပ်နေကြပြီ။ ကြာသွားတယ် . . . ။ တော်တော်ကြာသွားတယ်။ အချိန်ဘယ်လောက်ကြာသွားမှန်း ကျွန်တော် သတိမထားမိလိုက်ဘူး။ ဒီလိုနဲ့ ကျွန်တော့်အပူတွေကို ကျွန်တော် အေးချမ်းမှုနဲ့ ရနိုင်သလောက် ငြိမ်းသတ်ပြီးသွားချိန်မှာ စိတ်ကို လျှော့ချလိုက်ပါတယ်။ ပြီးတော့ ထိုအေးချမ်းမှုလေးနဲ့ပဲ ကောင်းကင်ဘုံကို မေတ္တာပို့ဖြစ်တယ်။

ကျွန်တော် သူ့ဆီက တောင်းခံရမှာတွေ အများကြီးပဲ။ မျက်လုံးဖွင့်ကြည့်လိုက်တော့ တွေ့မြင်သမျှ အရာရာတိုင်းက အေးချမ်းနေကြတယ်။ ကျွန်တော့်စိတ်ကြောင့်လည်း ဖြစ်ပါလိမ့်မယ်။ နောက်တော့ မတ်တတ်ရပ်ပြီး အိုနဲ့နဲ့ကျောင်းလေးဆီသို့ပဲ ပြန်လျှောက်လာခဲ့လိုက်တယ်။

ဘရသေ့ ပြန်ရောက်နေပါပြီ။ ရှာတကာလှည့် တရားဟောနေပေမဲ့ ဘရသေ့ကြည့်ရတာ ဘယ်တော့မှ ပင်ပန်းဟန်မပြဘူး။ အမြဲတမ်း တက်ကြွသွက်လက်နေတယ်။ ကျွန်တော့်ကိုမြင်တော့ ခေါင်းညိတ်အသိမှတ်ပြုပြီး စာရွက်တစ်ထပ် ပစ်ပေးတယ်။ ပြီး . . .

"မင်းက နာမည်ကြီးပဲကွ"

ပြောစကားနဲ့ ရှေ့ရောက်လာတဲ့အရာကိုကြည့်ပြီး ပထမနည်းနည်းကြောင်သွားတယ်။ ဘရသေ့ပစ်ပေးတာ အနည်းငယ် ဝါညစ်နေပြီဖြစ်တဲ့ ဂျာနယ်တစ်စောင်ပါ။

"ဒီထဲမှာ မင်းရဲ့ အမေးအဖြေပါတယ်။ မြို့သွားတဲ့ကားဂိတ်မှာ ငါ့ဒကာတစ်ယောက် ဖတ်နေတာတွေ့လို့ ယူလာတာ"

အနည်းငယ် အံ့အားသင့်ရင်း ကျွန်တော် ကောက်ယူလိုက်တော့ . . .

"နောက်ဖက်မှာ . . ."

ဒါနဲ့ပဲ ကျွန်တော် ဂျာနယ်ကို နောက်ဆုံးက စလှန်လိုက်တယ်။ တစ်ရွက် နှစ်ရွက် လှန်အပြီးမှာ ကျွန်တော် တွေ့လိုက်ပါတယ်။ တွေ့တွေ့ချင်းပဲ မှတ်မိလိုက်တယ်။ ဒါ အိမ်ကထွက်မလာခင် ပန်းပုအရောင်းပွဲတော်



ဖွင့်ပွဲနေ့မှာ ကျွန်တော့်ကို အင်တာဗျူးလုပ်ခဲ့တဲ့ အမေးအဖြေ နည်းနည်းပါ။

စဖတ်ကြည့်ကြည့်ချင်းပင် ကျွန်တော့်ကို အသားပေးရေးသားထားတဲ့ စကားလုံးတွေကို တွေ့ရတယ်။

• • •

သူ့အသက်အရွယ်က ငယ်လွန်းအားကြီးပါသည်။ ကျွန်တော် အခုတွေ့နေမြင်နေရတဲ့ ပန်းပုပညာရှင်တွေထဲမှာတော့ သူဟာ အငယ်ဆုံးပင်။ ဒါပေမဲ့ သူ့လက်ရာတွေက သူ့အသက်ထက် အဆပေါင်းများစွာ ကျော်လွန်ထားသည်။

နာမည်က 'နေရောင်'။

သူသည် ယခုမှ မြန်မာသစ်ပန်းပုလောကထဲကို တိုးဝှေ့ဝင်ရောက်လာသူတစ်ယောက်ဖြစ်ပေမဲ့ သူ့ရုပ်တုတွေကတော့ ကြည့်ရှုသူအားလုံး၏ ရင်ကို ပြင်းပြင်းပြပြ ဆွဲဆောင်နိုင်၏။ ကျွန်တော် မြင်မိသည်ကတော့ (Beyond the Future) 'အနာဂတ်အလွန်' လို့ သူနာမည်ပေးထားတဲ့ ရုပ်တုလေးပါ။

ကြောက်ခမန်းလိလိပါပဲ။ ရုပ်တုအောက်မှာ လူတွေဝိုင်းအုံနေတာကို တွေ့ရသည်။ ကြည့်နေသူအားလုံးမှာလည်း စုတ်သပ်သူသပ်၊ တောက်ခတ်သူခတ်၊ အသက်မဲ့သယောင် ကြောင်ငေးရပ်ကြည့်နေသူတွေကိုလည်း ထူးထူးဆန်းဆန်း တွေ့ရသည်။

ကျွန်တော် ပင့်သက်ဖြိုင်းဖြိုင်း ရှိုက်မိသွားရ၏။ ဒီရုပ်တုလေးထဲမှာ ထုလုပ်သူပညာရှင်လေးရဲ့ အနာဂတ် တစ်စုံတစ်ရာ မြင်နေသလို၊ ဒါမှမဟုတ် လူသားအားလုံးရဲ့ အနာဂတ်ကိုပဲ ထည့်သွင်းထွင်းထုထားသလို၊ စိတ်ကို အဓိကပုံဖော်ထားတဲ့ ရုပ်တုလေးပါ။ ကမ္ဘာနဲ့အဝှမ်း ပြောင်းလဲလာကြတဲ့ (Impressionism) စနစ် အမျိုးအစားဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့အနုပညာကို ကမ္ဘာသို့ ဖြန့်ကျက်ပြနိုင်လောက်သည့် အရမ်းအလားအလာကောင်းသော ပါရမီရှင် ပန်းပုဆရာလေးတစ်ဦး ဖြစ်လေသည်။

ထို့ကြောင့် သူနှင့်တွေ့ဆုံရိုက် သူ့အနုပညာနှင့် ပတ်သက်၍ မေးမြန်းခံစားကြည့်ရာ . . .

"ညီလေးရဲ့ အနုပညာအပေါ်အမြင်"

– ကျွန်တော့်ကိုယ်ကျွန်တော် မြင်တဲ့အတိုင်းပဲ။

"ပန်းပုရုပ်တုတွေကို ဘယ်အရွယ်လောက်ကတည်းက စလုပ်တာလဲ"

– ၅ နှစ်။

"အဲဒီအရွယ်ကတည်းက အနုပညာပိုးဝင်နေပြီဆိုတော့ မိဘတွေကရော အားပေးလား"

– ကျွန်တော်က မိဘမဲ့ကလေးကျောင်းရဲ့ကောင်းမှုနဲ့ လူဖြစ်လာရတာပါ။ ကျွန်တော့်မိဘတွေကို အခုအချိန်အထိ မမြင်ဖူးဘူး။

"ဒါဆို မိဘတွေကို တွေ့ချင်မှာပေါ့။ စိတ်ထဲမှာ မိဘတွေနဲ့ ပတ်သက်ပြီး ခံစားရပြီဆို ဘာလုပ်လဲ"

– သူတို့ပေးခဲ့တယ်ထင်ရတဲ့ လက်စွပ်လေးကို ကြည့်တယ်။

"အခုလို အသက်ငယ်ငယ်လေးနဲ့ အနုပညာမှာ ပေါက်ရောက်နေတာ ဘာကြောင့်လို့ထင်လဲ"

– အနုပညာတွေဖန်တီးဖို့ မွေးလာတဲ့လူလို့ ကိုယ့်ကိုယ်ကိုယ် သတ်မှတ်ထားလို့။



"အောင်မြင်တယ်ဆိုရင်ရော ဘာကြောင့်အောင်မြင်တာလို့ ထင်လဲ"

– ကျွန်တော့်လက္ခဏာမှာ အောင်မြင်ရေးလမ်းကြောင်း အကြီးကြီးပါလို့။

"အဖြစ်ချင်ဆုံးဆန္ဒ"

– ကမ္ဘာကြီးကို အန္တရာယ်ကင်းစေချင်တယ်။

"ဘာကြောင့်လဲ"

– အခုနောက်ပိုင်း ကမ္ဘာနေရာအနှံ့အပြားမှာ အပူရှိန်တွေ တိုးလာတယ်။ ရောဂါဆိုးတွေဖြစ်ပြီး သေဆုံးသူဦးရေတွေလည်း ပိုပိုများလာတယ်။ မတော်တဆမှုတွေ၊ သဘာဝဘေးအန္တရာယ်ဆိုးဖြစ်မှု အရေအတွက်တွေလည်း တဖြည်းဖြည်းစိပ်လာတယ်။ အမှန်အတိုင်းပြောရရင် ကမ္ဘာကြီးက မအေးချမ်းတော့ဘူး။

"အကယ်၍ သင်သာ တန်ခိုးရှင်တစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင် ဘာလုပ်ချင်လဲ"

– အခု ကျွန်တော်တို့ လက်ရှိနေနေတဲ့ ကမ္ဘာကြီးထက် ပိုကောင်းတဲ့ နေရာတစ်ခုပြုလုပ်ပြီး ကမ္ဘာသူကမ္ဘာသားတွေကို ထားချင်တယ်။

"အကယ်၍ သင်သာ တရားဟောဆရာတစ်ယောက် ဖြစ်ခဲ့မယ်ဆိုရင်"

– ကမ္ဘာပတ်ပြီး မေတ္တာနဲ့ပတ်သက်တဲ့ တရားတွေ ဟောမယ်။



www.burmeseclassic.com

www.burmeseclassic.com

"အကယ်၍ သင်သာ အမေရိကန်သမ္မတ ဖြစ်ခဲ့မယ်ဆိုရင်"
– စစ်ပွဲတွေ ဘယ်တော့မှုမရှိအောင် ကမ္ဘာအနှံ့ ငြိမ်းချမ်းရေး စာချုပ်တွေ လိုက်ချုပ်မယ်။

"အကယ်၍ သင်သာ ကမ္ဘာကျော် ဂီတပညာရှင်တစ်ဦး ဖြစ်ခဲ့မယ်ဆိုရင်"
– ကမ္ဘာကြီး ပျက်သုဉ်းမယ့်နေ့ကို ပုံဖော်ပြီး ဆင်ဖိုနီတေးသွား တစ်ပုဒ်လောက် နောက်ကမ္ဘာအတွက် ရေးဖွဲ့ခဲ့ချင်တယ်။

"အကယ်၍ မနက်ဖြန် သင်သေရတော့မယ် ဆိုပါစို့"
– သေလို့တော့ မဖြစ်သေးဘူး။ လုပ်စရာတွေ ကျန်သေးတယ်။

"မသေခင် ဘာမှာချင်လဲ"
– ကျွန်တော်သေရင် မငိုရဘူး။ ပြီးတော့ ကျွန်တော့် အလောင်း မြေကျချိန်မှာ လိုက်ပို့သူတွေအားလုံး လက်ခုပ်တီးပေးရမယ်။

"ချစ်သူရှိရင် အပြောချင်ဆုံးစကား"
– ဘယ်တော့မှမခွဲဘူး။

ဒါပါပဲ ကျွန်တော် ဂျာနယ်ကို ပိတ်လိုက်တော့ . . .
"မင်း ရုပ်တုမှာ အဲဒါတွေ အားလုံးပါမှာလား"
အတန်ကြာ ငြိမ်သက်သွားမိတယ်။ ပြီးတော့မှ ခေါင်းကို ဖြည်းဖြည်းအေးအေး ညိတ်ရင်း . . .
"ပါလိမ့်မယ်"



ဘရသေ့မျက်နှာမှာ ကျေနပ်တဲ့အမူအရာတွေ ပေါ်သွားကာ ..
"ကောင်းတယ် . . . အရမ်းကောင်းတယ်"
ခေါင်းတဆတ်ဆတ်ညိတ်ရင်း ပြောပါတယ်။
"ငါရောက်နေတာ နည်းနည်းကြာသွားပြီကွ။ မင်းထိုင်နေတာကို မြင်တယ်။ ဘယ်လိုလဲ အဆင်ပြေတယ်မလား"
"အင်း . . ."
"စိတ်ငြိမ်ဖို့ကတော့ အဓိကပေါ့ကွာ။ ဒါပေမဲ့ ဆက်သွယ်ဖို့ကိုလည်း မမေ့နဲ့ဦး"
ကျွန်တော် ငြိမ်ကာသွားမိတော့ ဘရသေ့စကားသံ ထပ်ထွက်လာတယ်။
"ဒီလိုရှိတယ်ကွ ကောင်လေးရ။ ဟောဒီစကြဝဠာကြီး ပိုပြီးရှင်းအောင်ပြောရရင်တော့ ဟောဒီကောင်းကင်ကြီးမှာပေါ့ကွာ လိုချင်တာအားလုံးရှိနေတယ်။ ကောင်းတာတွေ၊ ဆိုးတာတွေ အားလုံးပဲ။ ကျော်ကြားမှုတွေ၊ အောင်မြင်မှုတွေ၊ ချမ်းသာမှုတွေ၊ စိတ်စွမ်းအားတွေ၊ ဩဇာအာဏာတွေ စတဲ့ ပြောပြမရနိုင်လောက်တဲ့ စွမ်းအင်တွေ အများကြီးပဲ။
အဲဒီစွမ်းအင်တွေထဲကမှ ကိုယ်လိုချင်တာကို တံခါးဖွင့်ပြီး တောင်းယူရုံပဲ။ ငါတို့ နေ့စဉ်ကြုံတွေ့နေရတဲ့ အဖြစ်အပျက်အားလုံးနီးပါးဟာ သာမန်ပါပဲ။ သာမန်လူတစ်ယောက် ပြုလုပ်နိုင်တဲ့ စွမ်းရည်နဲ့သာ ဖြစ်ပျက်နေကြတာ။ သိပ်ပြီး ထူးခြားမှုမရှိဘူး။ အေး . . .စကြဝဠာကြီးရဲ့စွမ်းရည်နဲ့ ချိတ်ဆက်မိပြီး ဖြစ်လာမယ့် အဖြစ်အပျက်တွေကတော့ သေချာပေါက် ထူးပြီပေါ့ကွာ။
ကမ္ဘာမှာ ဟိုးလေးတကျော်ဖြစ်ပျက်သွားကြတဲ့ စစ်ပွဲတွေ၊ အမှုအခင်းတွေ၊ အနုပညာအောင်မြင်မှုကြီးတွေ၊ သိပ္ပံဆိုင်ရာတွေ့ရှိချက်တွေ၊ အဲဒါတွေအားလုံးက စကြာဝဠာနဲ့ ချိတ်ဆက်မိတဲ့အချိန်မှာ ပြုလုပ်ခဲ့ကြလို့ မထင်မှတ်လောက်အောင် ကြီးကျယ်သွားကြတာပဲ။



www.burmeseclassic.com

www.burmeseclassic.com

အနုပညာမှာ မာစတာပီစ် ဖြစ်သွားကြတယ်ဆိုတာလည်း စကြဝဠာနဲ့ ဆက်သွယ်မိချိန်ခဏမှာ ပြုလုပ်ဖန်တီးသိခဲ့ကြလို့ပဲ။ ဒါဗင်ချီရဲ့ မိုနာလီဇာက ဂန္ထဝင်ဖြစ်ပေမယ့် ဒါဗင်ချီဆွဲသမျှ ပန်းချီကားတိုင်းက ဂန္ထဝင်ဖြစ်မသွားဘူးလေ။ ဒါကိုကြည့်ရင် လူက လုပ်တိုင်းမဖြစ်ဘူးဆိုတာ သိသာတယ်။

အဲတော့ ကောင်လေး . . . နှလုံးသားတိုင်းကို ကိုင်လှုပ်ချင်တဲ့ လူတစ်ယောက်ဟာ စကြဝဠာကြီးရဲ့ စွမ်းရည်တွေနဲ့ ဆက်သွယ်မိနေဖို့ လိုတယ်"

ဘရသေ့ရဲ့ စကားအရှည်ကြီးဆုံးတော့ ကျွန်တော် လေးလေးနက်နက် ခေါင်းညိတ်မိတယ်။ ပြီးတော့ အဝတ်အုပ်ထားတဲ့ ထုလုပ်ဆဲရုပ်တုဆီကို မားမားမြင့်မြင့် ကြည့်မိတယ်။ အာရုံမှောက်မှားမှုလားတော့ မပြောတတ်ဘူး။ ကျွန်တော့်နှလုံးသည်းပွတ်ရုပ်တုလေးက အဝတ်ဖြူအုပ်ထားလျက်မှပင် အရောင်ဝါတချို့ အထက်ကို လျှံတက်နေသလိုပါပဲ။ ထိုစဉ်မှာပဲ ဘရသေ့ဆီက အဆုံးအစမရှိ စကားတစ်ခွန်းကိုကြားရတယ်။

"သူတို့ လာကြမှာလား"

"ဘယ်သူတွေလဲ"

"ဂရိတွေလေ"

ကျွန်တော် ခေါင်းညိတ်ပြီး ကိုယ်နဲ့မကွာ အမြဲဆောင်ထားတဲ့ အတွင်းအင်္ကျီထဲက ဖိတ်စာနှစ်စောင်ကို စမ်းလိုက်မိတယ်။

"ဇွန်လ ၁၅ ရက်နေ့နော်"

"ဟုတ်တယ်"

"ပြစမ်းပါဦး"

ကျွန်တော် ထုတ်ပြလိုက်ပါတယ်။ ပထမတစ်စောင်က မြန်မာနိုင်ငံအကဲဖြတ်အဖွဲ့မှ ရွေးချယ်သော အကောင်းဆုံးပန်းပုလက်ရာရှင် ဆယ်ဦး၏ စာရင်းဖြစ်ပြီး . . .



နောက်တစ်စောင်က ယနေ့ပွဲသို့ ကျွန်တော့်အား မဖြစ်မနေ ဝင်ရောက်ယှဉ်ပြိုင်ရန် သံရုံးမှ အထူးဖိတ်ခေါ်စာဖြစ်သည်။ ကျွန်တော်ထုတ်ပြသော စာရွက်နှစ်ရွက်ကိုကြည့်၍ ဘရသေ့က . . .

"နားမလည်ဘူးကွာ။ ငါသဘောပေါက်အောင် ရှင်းပြ"

အင်္ဂလိပ်ဘာသာဖြင့် ရေးထားသည်မို့ ဘရသေ့နားလည်အောင် ကျွန်တော် ရှင်းပြလိုက်ရတယ်။

"လာမယ့် ဇွန် (၁၅)ရက်နေ့မှာ မြန်မာနိုင်ငံကို နိုင်ငံတကာ ပန်းပုအကဲဖြတ်ပညာရှင် အဖွဲ့တစ်ဖွဲ့နဲ့ ဂရိနိုင်ငံက တာဝန်ရှိသူအချို့ ရောက်လာကြလိမ့်မယ်။ ကျွန်တော်တို့တင်သွင်းတဲ့ ရုပ်တုတွေထဲက အကောင်းဆုံးတစ်ခုကို သူတို့လာရွေးမှာ။

အဲဒါ မြန်မာနိုင်ငံတစ်ခုတည်း မဟုတ်ဘူး။ တစ်ကမ္ဘာလုံးမှာ ရှိတဲ့ နိုင်ငံတွေမှာလည်း အဲဒီနေ့၊ အဲဒီရက်မှာ အကောင်းဆုံး ရုပ်တုတစ်ခုစီကို ရွေးကြလိမ့်မယ်။ နောက်ဆုံးအနေနဲ့တော့ ရွေးချယ်ပြီးသားရုပ်တုတွေထဲကမှ အကောင်းဆုံးတစ်ခုပေါ့"

"ရည်ရွယ်ချက်က . . ."

"ဂရိနိုင်ငံ ဆန်တိုရင်ကျွန်း (Santorin) ပေါ်မှာ တစ်ကမ္ဘာလုံးနဲ့သက်ဆိုင်တဲ့ ရောမရုပ်တုကြီးတစ်ခုကို ပုံတူပြုလုပ်ဖို့"

"အဲဒီနေရာကို မင်းသိလား"

"စာအုပ်တွေထဲမှာတော့ တွေ့ဖူးတယ်။ ဆန်တိုရီကျွန်းရဲ့မြို့တော် သီရာ (THERA) ကိုရောက်ဖို့ ပင်လယ်ကနေ လှေကားထစ်ပေါင်း (၁၂၀၀) ရှိတဲ့ မြွေလိမ်မြွေကောက် လှေကားကနေတက်ရတယ်။ အဲဒီကမ်းပါးက ပေ (၆၇၀) မြင့်ပြီး ကျောက်တောင်ကျောက်ခဲတွေနဲ့ ပြည့်နက်နေတာပဲတဲ့။ ရုပ်တုလုပ်မှာက လှေကားထစ် (၁၂၀၀) ရဲ့ နောက်ဆုံးလှေကားထစ် ရှိတဲ့ ကမ်းပါးထိပ်တည့်တည့်မှာ"

"သြော် . . ."



www.burmeseclassic.com

www.burmeseclassic.com

ဒုတိယမြောက် အံ့သြသံပြုပါတယ်။ နောက်ပြီး သူ့အမြင်ကို လည်း တွေးတွေးဆဆ ပြောတယ်။

"တကယ်တော့ ဂရိဆိုတာ ကမ္ဘာဦးအစကတည်းက ယဉ်ကျေးမှု အထွန်းကားဆုံးနိုင်ငံကွ။ သူတို့ရဲ့ လက်မှုအနုပညာတွေ၊ ဗိသုကာ အတတ်တွေကလည်း ကမ္ဘာမှာ တော်တော်ပေါက်ရောက်တယ်။ ဒါကို ဘာကြောင့် သူတို့ပညာရှင်တွေရဲ့လက်ရာကို အမိက မသုံးတာလဲ"

"ဂရိနိုင်ငံကတည်ဆောက်မှာမလို့ သူတို့ပညာရှင်တွေရဲ့ ရုပ်တု ပုံတူကိုပဲ သုံးရမယ်ဆိုရင်တော့ တစ်မျိုးပေါ့။ ဒါပေမဲ့ သူတို့ရည်ရွယ် ချက်က အဲလိုမဟုတ်ဘူးလေ။ ဒီရုပ်တုကြီးက သူတို့နိုင်ငံအတွက်တင် မဟုတ်ဘူး။ တစ်ကမ္ဘာလုံးက လူသားတွေအားလုံးအတွက် တည်ဆောက် မှာ။

သူတို့ဆောက်ခဲ့တဲ့ ရုပ်တုကြီးက သမိုင်းဝင် အမွေတစ်ခုအဖြစ် ကမ္ဘာ့သမိုင်းမှာ ထင်ကျန်နေရမယ်။ အဲဒီရုပ်တုကြီးကပဲ နောင်လာနောက် သားတွေအားလုံးကို ဆုံးမစကားတွေ ပြောနေရမယ်။ အဲလိုမျိုး"

စကားဆုံးတော့ ဘရသေ့က ကျွန်တော့်ကို ကြည်ကြည်တောက် တောက် စိုက်ကြည့်နေတယ်။

"ငါသိတာထက်အောင် အများကြီး ကြီးကျယ်နေပါလား"

"ဟုတ်တယ်"

ဘရသေ့က ခေါင်းတဆတ်ဆတ်ညိတ်ရင်း . . .

"ကြိုးစားစမ်းပါ ကောင်လေးရာ" လို့ပြောတယ်။ ပြီးတော့ တစ်ချက်မျက်နှာပျက်သွားပြီး . . .

"ငါပဲ ကံဆိုးတာလားမသိဘူး။ နောက်တစ်ရက်နေပြီးရင် ငါ ခရီးတစ်ခု သွားစရာရှိတယ်။ သုံးလေးရက်ကြာလိမ့်မယ်။ မင်းရုပ်တု အဆုံး သတ်ပြီးချိန်ကိုတောင် ငါကြည့်ခွင့်မှ ရပါ့မလားပဲ"

ကျွန်တော် တွက်ကြည့်လိုက်တော့ မသေချာပါဘူး။



"အမှန်အတိုင်းပြောရရင် မသွားမဖြစ်လို့သာ သွားရမှာ . . . မင်းကို စိတ်မချဘူး"

'ဘာလို့လဲ' ဟူသည့်သဘော ကျွန်တော်မော့ကြည့်တော့ . . .

"ငါရှိနေတာတောင် မင်း အအိပ်အစားမမှန်ဘူးလေ။ မင်းကိုယ် မင်းလည်း ပြန်ကြည့်ဦး။ အရိုးနဲ့အရေပဲ ရှိတော့တယ်"

ကျွန်တော် ပြုံးမိပါတယ်။ ဒါတွေက ကျွန်တော့်အတွက် အဓိက မဟုတ်ပါဘူး။ ဘာပဲပြောပြော ကျွန်တော် အသက်ရှင်နေသေးပါတယ်။

"နောက်တစ်ခုရှိသေးတယ်"

ဆက်မပြောဘူး။ ကျွန်တော့်ခန္ဓာကိုယ်ရဲ့ တစ်နေရာကိုကြည့် ပြီး ရပ်ထားတယ်။ ပြီးတော့မှ . . .

"ငါခရီးသွားရင် မင်းလည်ပင်းက အဆိပ်ပုလင်း ငါ့ကို ခဏ အပ်လိုက်ကွာ" တဲ့။

✻ ✻ ✻



www.burmeseclassic.com

www.burmeseclassic.com

# V

"ဘယ်လိုလုပ်ကြမလဲ။ နေရောင့်သတင်း အခုထိမရသေးဘူး"

ကိုချိုကပြောတော့ ရှိနေသူတွေအားလုံး တငွေ့ငွေ့ တိတ်ဆိတ်သွားကြသည်။

"ဟုတ်တယ် . . . ကျွန်တော်တို့လည်း အဲဒါကိုပဲ စိုးရိမ်နေတာ။ ပြပွဲက လေးရက်ပဲလိုတော့တယ်"

"နန်းဝေ . . . မင်းရော ဘယ်လိုလဲ။ ရုပ်တု ပြီးပြီလား"

"ပြီးပြီ။ ဒါပေမဲ့ လုံးဝအားမရဘူး"

နန်းဝေက စိတ်မပါသလိုပြောတော့ အကုန်လုံးက နန်းဝေကို စိုက်ကြည့်ကြသည်။

"ဆယ်ရောက်စာရင်းထဲမှာ ပါပေမဲ့ ငါ့ကိုယ်ငါသိတယ်။ ငါ ဘယ်လိုမှ အကောင်းဆုံး လုပ်နိုင်မှာမဟုတ်ဘူး"

"ခင့်ဗျားကလဲ"

"ဟုတ်တယ်လေ။ ငါ့ပါရမီက သာမန်ပါပဲ"



"ခင်ဗျား ကိုအလင်းအိမ်ရဲ့ရုပ်တုကို ကြည့်ပြီးသွားပြီလား"

"နက္ခတ်ပြတ်တဲ့ညကို ပြောတာလား"

"ဟုတ်တယ်"

"ကြည့်ပြီးပြီ။ အရမ်းကောင်းတယ်"

"ကိုသစ်ရဲ့ နှင်းဆီစောင့်နတ်သမီးကိုရော"

နန်းဝေ ခေါင်းညိတ်ပါသည်။ နောက်တစ်ယောက်ကပါ ဝင်ပြောသည်။

"ကျွန်တော်လည်း ကြည့်ပြီးသွားပြီ။ သိပ်ကောင်းတယ်"

ထိုစဉ်မှာပဲ ရဲဝင်းက . . .

"ဆရာလွမ်းနွယ်သတင်းရော ဘာကြားသေးလဲ"

"ပြီးပြီပြောတယ်ကွ။ သူ့ရုပ်တုကိုတော့ ဘယ်သူမှ မမြင်ရသေးဘူး။ ပြပွဲရောက်မှ တွေ့ရမယ်ပြောတယ်"

"နာမည်က ဘာတဲ့လဲ"

"မြေမှုန့်စားကြသူများတဲ့"

"လှလိုက်တဲ့နာမည်ကွာ"

ထိုင်နေသူတစ်ယောက်က အားမလိုအားမရ ထပြောသည်။ ပြီးတစ်ဆက်တည်းပင် နန်းဝေဘက်ကိုလှည့်၍ . . .

"ခင်ဗျားရုပ်တုကိုရော နာမည်ဘယ်လိုပေးထားလဲ"

"မီးအိမ်လက်ဆွဲ ခရီးသည်လို့"

"ဟာ . . . မိုက်သားပဲဗျ။ အချိန်ရှိပါသေးတယ်ဗျာ။ အားမလျှော့စမ်းပါနဲ့"

ပြောနေသောစကားများကို နားထောင်၍ ကိုချိုတစ်ယောက် မချင့်မရဲတွေဖြစ်နေသည်။

"အေးကွာ . . . အကုန်လုံးက တက်ညီလက်ညီနဲ့ အားရစရာတွေ ကောင်းနေကြပြီ။ ငါကတော့ ငါ့ညီလေးအတွက်ပဲ စိတ်မကောင်းဖြစ်မိတယ်"

"ဟုတ်တယ် ကိုချို။ နေရောင့်ရုပ်တုသာ ပြပွဲမတင်ဖြစ်ရင် သူ့

www.burmeseclassic.com

အတွက်တင်မဟုတ်ဘူး ကျွန်တော်တို့အားလုံးအတွက်ပါနာတာ။ ကျွတ် ဒီလိုအခွင့်အရေးမျိုးက နောက်တစ်ကြိမ် ထပ်မရနိုင်တော့ဘူး"

ထိုစဉ်မှာပင် . . .

"ဘာတွေ ပြောနေကြတာလဲဗျ"

ဟုဆို၍ ပန်းချီဆရာ ဆူးရဲနီနှင့် ဆရာလူဖော်တို့ ဝင်လာသည်။

"အေး . . . နေရောင် အိမ်ကထွက်သွားပြီးကတည်းက အခု အချိန်ထိ သတင်းမရသေးလို့ စိတ်ပူနေကြတာ။ ပြပွဲက နီးနေပြီ"

"အေး . . . ကျွန်တော်တို့နှစ်ယောက်လည်း အဲဒီအကြောင်းပဲ ပြောလာတာ။ ဇွန် (၁၅)ရက်နေ့အမီ ရောက်မလာနိုင်ရင်တော့ ဒီပွဲအတွက် ယူကျုံးမရဖြစ်စရာပဲလို့။ ဒါနဲ့ ဇွန် (၁၅) က သူ့မွေးနေ့ဆို"

"ဟုတ်တယ်"

ဘယ်သူမှန်းမသိ ထောက်ခံသံတစ်ခုကို ကြားရသည်။ ထိုစဉ်မှာပင် ပန်းချီဆရာလူဖော်က သူသိထားသောသတင်းကို ပြောပြချင်ဟန်ဖြင့် . . .

"ခင်ဗျားတို့ သူရိန်ထွန်းရုပ်တုကိုရော တွေ့ပြီးသွားကြပြီလား"

အကုန်လုံး တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်သည်။

"ဟင့်အင်း . . ."

"သူပြန်ရောက်နေပြီလား"

သူရိန်ထွန်းမှာ ယခုပွဲအတွက် ရုပ်တုကို out door ထွက်ထုသည်ဟု သတင်းကြားထားသောကြောင့် မေးလိုက်ခြင်းဖြစ်သည်။

"ရောက်နေပြီ။ ကျွန်တော်တို့နှစ်ယောက် အခုပဲ သွားကြည့်လာကြတာ"

"ဟုတ်လား . . . ဘယ်လိုလဲ"

သိချင်စိတ်တွေကြောင့် အကုန်လုံး ခေါင်းတွေ ထောင်ကုန်ကြသည်။

"ကောင်းတယ် . . . ။ သိပ်ကောင်းတယ်။ ကြောက်စရာပဲ"

"နာ . . . နာမည်ဘာတဲ့လဲ"



ဆရာလူဖော်က စိတ်ကို အနိုင်နိုင်ထိန်းထားရသလို ပုံစံမျိုးဖြင့် တစ်လုံးချင်း ပြောလိုက်တော့ . . .

"နေတာတာမံကျိုးမယ့်နေ . . . တဲ့"

"ဟာ . . ."

"ကျွတ် . . . ကျွတ် . . ."

"နာမည်နဲ့တင် ကြောက်စရာကောင်းနေပြီ"

ထိုစဉ်မှာပင် တစ်စုံတစ်ယောက်က လမ်းမဘက်ကို ကြည့်၍ ဝမ်းသာအားရ ထအော်သည်။

"ဟာ . . . ဟိုမှာ . . . ဟိုမှာ . . . ဆရာငွေ . . . ဆရာငွေ ဆရာငွေဆိုင်"

"ဟင် . . ."

အကုန်လုံးက ညွှန်ပြရာကို ဝိုင်းကြည့်ပြီး လက်ခုပ်တီးသူက တီး၊ မတ်တတ်ထရပ်၍ အော်ခေါ်သူကအော်ခေါ်နှင့် ဝရုန်းသုန်းကား ဖြစ်သွားသည်။ အော်ခေါ်သံကြောင့် ဆရာငွေဆိုင်က လှည့်ကြည့်ကာ လက်ပြသည်။ ပြီးတော့ လမ်းကိုကူးပြီး သူတို့ရှိရာဆီလျှောက်လာသည်။

ဆိုင်ထဲသို့ ရောက်ရောက်ချင်းပင် အားလုံးက . . .

"ဆရာ . . . နေရောင် . . . နေရောင့်သတင်း ဘာကြားလဲ"

ဆရာကြီးက ခေါင်းယမ်းရင်း ခုံတစ်လုံးဆွဲ၍ ဝင်ထိုင်ကာ . .

"မင်းတို့ ငါ့သားအကြောင်း ပြောနေကြတာလား"

အကုန်လုံးက တစ်ပြိုင်တည်းပင် . . .

"ဟုတ်တယ်"

"မပူပါနဲ့။ သူ အချိန်မီ ရောက်လာမှာပါ"

"ဟာ . . . ဆရာနဲ့ အဆက်အသွယ်ရပြီပေါ့"

ခေါင်းယမ်းပါသည်။ ပြီးတော့ မျက်နှာက အလေးနက်ဆုံး တည်ငြိမ်သွားပြီး . . .

"ဘာအဆက်အသွယ်မှ မရပါဘူး။ ဘယ်သောင်ဘယ်ကမ်း ဆိုက်နေမှန်းလည်းမသိဘူး။ ဒါပေမဲ့ ငါ့သားကိုငါယုံတယ်။ ဒီပွဲကို သူ



www.burmeseclassic.com

www.burmeseclassic.com

ရောက်အောင်လာမှာ။ ဒါပေမဲ့ တစ်ခုပဲ။ အသက်ရှင်လျက်နဲ့ ရောက်လာမယ်လို့တော့ ငါ တာဝန်မယူနိုင်ဘူး"

"ဟာ . . ."

"ဘယ်လို . . ."

အကုန်လုံး အာမေဋိတ်သံတွေ ထွက်သွားကြ၏။ မျက်နှာတွေလည်း ပျက်သွားကြသည်။

"သူ အိမ်ကထွက်သွားတော့ စာတစ်စောင်ရေးပြီးထားခဲ့တယ်။ အဲဒီစာကြောင့်ပဲ ငါအခုလိုစကားတွေ ပြောရတာ"

"ဟာ . . ."

ဒုတိယမ္ပိ အံ့သြမှုအသံတွေ ညံသွားပြန်သည်။

"ဘာ . . . ဘာတွေရေးထားခဲ့လို့လဲဟင်။ စာထဲမှာ ဘာတွေရေးထားလို့လဲ"

ဦးငွေဆိုင်က ခေါင်းယမ်းသည်။ ပြီးတော့ . . .

"အချိန်တန်ရင်တော့ သိရမှာပေါ့ကွာ"

အကုန်လုံးမှာ မျက်နှာပျက်ပျက်နဲ့ပင် မချင့်မရဲတွေ ဖြစ်ကုန်ကြ၏။ စာထဲမှာ ဘာတွေရေးထားခဲ့လို့လဲ။ ဘာကြောင့် ဆရာကြီးဦးငွေဆိုင်က အခုလိုစကားတွေ ပြောရတာလဲ"

အကုန်လုံး သိချင်စိတ်တွေ စိုးရိမ်ပူပန်စိတ်တွေဖြင့် ငြိမ်သက်ဆွံ့အသွားကြစဉ်မှာပင် . . .

"ဒါများဆရာရယ် . . . ဘာလို့ နေရောင်သတင်းကို စုံစမ်းပြီးလိုက်မရှာတာလဲ။ မတော်လို့ ဆရာပြောသလိုများ . . ."

ပြောသူမှာ စကားကိုမဆက်ဘဲ တစ်ဝက်တစ်ပျက်နှင့် ရပ်သွားသည်။ သို့ပေမဲ့ ဘာကိုဆိုလိုတယ်ဆိုတာ အကုန်လုံး နားလည်လိုက်ပါသည်။

ဟုတ်ပါရဲ့။ မတော်လို့များ . . .

ဆရာကြီးဦးငွေဆိုင်ကတော့ အေးဆေးပါသည်။

"မရှာပါဘူး။ သူ့စာထဲမှာ အားလုံးရေးပေးသွားတာပဲ။ ရှာစရာ



မလိုပါဘူး။ ရှင်းရှင်းပြောရရင် သူ့အလုပ်ခန်းကိုတောင် ငါအခုထိ ဖွင့်မကြည့်သေးဘူး"

"ဟင် . . ."

"ဘာဖြစ်လို့လဲ"

"မလိုလို့"

နားမလည်နိုင်မှုတွေနဲ့ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကုန်ကြသည်။ ထိုခဏမှာပဲ . . .

"ဒါပေမဲ့ တစ်ခုတော့ရှိပါတယ်။ ပြပွဲနေ့မနက်ရောက်လို့မှ သူ ရောက်မလာခဲ့ဘူးဆိုရင်တော့ သူ့အခန်းကို ဖွင့်ရလိမ့်မယ်။ ပြီးတော့ သူ့အတွက် ငါ အကောင်းဆုံးတစ်ခု လုပ်ပေးရလိမ့်မယ်"

ဘာလဲ . . . ဘာလုပ်ပေးရမှာလဲ။ ဘယ်သူမှ မမေးကြတော့ပါဘူး။

အကုန်လုံးက တွေးထင်မှုများစွာ၊ နားမလည်နိုင်မှုများစွာ၊ စိုးရိမ်မှုများစွာနဲ့ ဝေသီမှုန်မှိုင်းလို့။

ᄌ ᄌ ᄌ



www.burmeseclassic.com

www.burmeseclassic.com

# VI

နားထဲမှာ တဖျောက်ဖျောက်အသံတွေ ကြားနေရတယ်။ ဟုတ်လား။ တကယ်နားစိုက်ထောင်လိုက်တော့ မဟုတ်ပြန်ဘူး။

ကျွန်တော် အသက်ရှူတွေကြပ်ပြီး မောနေတယ်။ မျက်လုံးတွေက အလင်းရောင်ကို လန့်နေကြပြီ။ မျက်လုံးထဲကို အလင်းအဝင်မခံချင်တော့ဘူး။ မျက်လုံးဖွင့်လိုက်တာနဲ့ တိုးဝင်လာတဲ့အရောင်တွေက ကျွန်တော့်ကို ချောက်ကမ်းနက်နက်ကြီးပေါ် ခေါ်ပြီး တွန်းချလိုက်သလိုပဲ။ ခန္ဓာကိုယ်ကို အဝေးကြီး ပစ်ထုတ်လိုက်ရသလို ခံစားရတယ်။

ဒါပေမဲ့ မဖြစ်ဘူး။ ကျွန်တော် မျက်လုံးဖွင့်မှရမယ်။

ပန်းပု၊ ပန်းပုထုရဦးမယ်။ ကျွန်တော့်ရုပ်ထု မပြီးသေးဘူး။ ဘယ်တော့ပြီးမယ်မှန်းလည်း ကျွန်တော်မသိဘူး။ နားထဲမှာတော့ ဘယ်သူပြောနေမှန်းမသိတဲ့အသံတွေ ကြားနေရတယ်။ ဘရသေ့လား။

မဟုတ်ဘူး။ ဘရသေ့ခရီးထွက်သွားတာ တော်တော်ကြာနေပြီ။ ဒါပေမဲ့ ဘရသေ့မသွားခင် ပြောခဲ့တဲ့စကားတွေဖြစ်မယ်။



"ကောင်လေး . . . မင်းဝိညာဉ်ကိုသာ အနုပညာအတွက် ပူဇော်ထားပါ။ အများကြီး အားထုတ်ကြိုးပမ်းစရာမလိုဘူး။ စကြဝဠာကြီးနဲ့ ချိတ်ဆက်မိမယ့် အချိန်ခဏလေးပဲ။ အဲဒီအချိန်မှာသာ ရုပ်တုပေါ်ကို ဆောက်ချက်တင်နိုင်အောင် ကြိုးစား။ တစ်ချက်ပဲ ဖြစ်သွားပါစေ အဲဒီဆောက်တစ်ချက်နဲ့တင် မင်းရဲ့ရုပ်တု အသက်ဝင်သွားပြီ"

ထိုစကားသံတွေက နားထဲမှာ တရစ်ဝဲဝဲ ကြားယောင်လာတယ်။ ကျွန်တော် စိတ်ကိုတင်းရင်း မျက်လုံးကို အားယူဖွင့်လိုက်တော့ . . .

"ပထမ ယောင်ဝါးဝါးပဲ။ မျက်လုံးတွေစပ်ပြီး ချက်ချင်း ပြန်ပိတ်လိုက်ရတယ်။ နောက်တစ်ခါ ထပ်ဖွင့်ကြည့်တော့ စပ်ဖျင်းပူလောင်သွားမှုကြောင့် မျက်ရည်တစ်စက် ပါးပြင်ပေါ် ဖြတ်စီးကျသွားတယ်။ အရာအားလုံးက ဝေဝါးနေရာမှ တဖြည်းဖြည်း ကြည်လင်လာသလိုပဲ။

ပင့်ကူအိမ်တွေ၊ အမှိုက်တွေ၊ ဖုန်တွေ အလိမ့်လိမ့်တက်နေတဲ့ အမိုးတစ်ခုကို တွေ့ရတော့မှ ကျွန်တော် ချက်ချင်းသတိရသွားတယ်။ ငါ . . . ငါအိပ်ပျော်သွားတာပဲ။ မဟုတ်ဘူး။ အိပ်ပျော်သွားတာမဟုတ်ဘူး။ ခန္ဓာကိုယ်က ဒဏ်မခံနိုင်တော့လို့ လဲကျနေတာ။

အသိဝင်ဝင်ချင်း သတိရလိုက်တာ ရုပ်တု။

ဟင် . . . ငါ့ရုပ်တုရော။ ချက်ချင်းကုန်းထလိုက်တော့ ခေါင်းထဲမှာ မိုက်ခနဲ တစ်ချက်ဖြစ်သွားတယ်။ တော်သေးတယ်။ မြေကြီးပေါ် လက်ထောက်လိုက်လို့ ပြန်လဲမကျသွားဘူး။ ကမ္ဘာကြီး ချာချာလည်သွားသလိုပဲ။ ခုန ကျွန်တော်လဲကျနေတဲ့ မြေကြီးက မျက်စိထဲမှာ ချာချာလည်နေတယ်။ ကျွန်တော် ဖင်ထိုင်ချလိုက်ရပါတယ်။

ရင်ထဲမှာ တလှပ်လှပ်နဲ့ ကလီစာတွေ ခြောက်ကပ်နေပြီး ခန္ဓာကိုယ်က ရေဓာတ်နဲ့ အစာအာဟာရကို မျှော်နေပြီ။ ကိုယ့်အသားကိုယ်ပြန်ကိုင်ကြည့်တော့ ထိမိသလို၊ မထိမိသလိုနဲ့ ထုံတိုင်းနေတယ်။ ဘာကြောင့်ရယ်မသိဘူး။ ကျွန်တော့်ခန္ဓာကိုယ်က မီးဟပ်ခံထားရသလို စပ်ဖျင်းဖျင်းနဲ့ ပူလောင်နေတယ်။ ရင်ထဲမှာလည်း မီးပုံမီးထားသလို ပူပြင်းလောင်မြိုက်လို့။



www.burmeseclassic.com

www.burmeseclassic.com

ရုပ်တု . . . ငါ့ရဲ့ရုပ်တု ဘယ်မှာလဲ။

အရူးတစ်ယောက်လို တတွတ်တွတ်ပြောရင်း မျက်လုံးဖွင့်ကြည့်လိုက်တော့ စူးရှရှအလင်းရောင်အောက်မှာ ကျွန်တော့်ကိုယ်ပွားကို ကျွန်တော် ပြန်ရှာတွေ့တယ်။

သွားမယ်။ ရုပ်တုဆီသွားရမယ်။ ဟား . . . ဟား . . . ဟား ကျွန်တော် အော်ရယ်ရင်း ဒယိမ်းဒယိုင်လျှောက်သွားတော့ . . .

"ခလွမ်း"

သံဇလုံတစ်လုံးကို ဝင်တိုက်မိတယ်။ ဘုရားသေ့အချစ်တော် ခွေးကြီးရဲ့ ထမင်းဇလုံ။ အခုတော့ ဒီကောင်ကြီးလည်း ဘယ်ရောက်နေတယ် မသိတော့ဘူး။ သူလည်း ဗိုက်တော်တော် ဆာနေရောမယ်။

ရုပ်တုဆီရောက်သွားသော့ ဝင်အံ့ဆဲဆဲနေလုံးက မိုးတိမ်တွေရဲ့ ကွယ်ဝှက်မှုအောက်မှာ အရောင်ပျောက်နေပြီ။ ကောင်းကင်မှာ မိုးသားတိမ်လိပ်တွေမည်းလို့။ ပြီးတော့ မိုးသက်လေလို့ခေါ်တဲ့ လေတချို့က လည်း တဖွဲဖွဲ တိုက်ခတ်နေတယ်။ ပတ်ဝန်းကျင်က မလင်းချင်တော့ပါဘူး။ အုံ့အုံ့မှိုင်းမှိုင်း ပြာလွင့်နေပြီ။

မကြာခင် မိုးရွာတော့မယ်။ ကျွန်တော်သိတယ်။ လျှပ်စီးနဲ့ မိုးခြိမ်းသံတွေ တစ်လှည့်စီပေါက်ကွဲဖို့ သူတို့အချင်းချင်း တိုင်ပင်နေပြီ။ မကြာခင် ကျွန်တော်တို့ဆီ ရောက်လာတော့မယ်။

ကျွန်တော်လက်ရိုက်နဲ့ ဆောက်ခွတစ်ခုကို ကောက်ကိုင်လိုက်တော့ ပူလောင်နေတဲ့ခန္ဓာကိုယ်က အေးစက်သွားသလိုပဲ။ ကျွန်တော် ထုလုပ်နေတာ နေ့ပေါင်း၊ ညပေါင်းတွေ မရေတွက်နိုင်တော့ပါဘူး။ အိပ်ရေးပျက်မှု၊ အစားအာဟာရပြတ်လပ်မှုတွေကြောင့် ခန္ဓာကိုယ်က တနဲ့နဲ့ တုန်ရီ မောဟိုက်နေပေမဲ့ ကျွန်တော် အားလုံးကို မေ့နေတယ်။

ဒီလိုနဲ့ပဲ ကျွန်တော့်အာရုံမှာ အလင်းအမှောင် သဘောတရားတွေ၊ ကွေးညွတ်မှုသဘောတွေ၊ လိုင်းမာ၊ လိုင်းပျော့ အတိမ်အနက်တွေ ကလွဲပြီး ဘာမှမရှိတော့ဘူး။

ကျွန်တော် တငြိမ့်ငြိမ့် မျောပါသွားတယ်။



ပြီးတော့ ဆောက်ကိုပြန်ချ၊ နောက်တစ်လှမ်းဆုတ်ပြီး ကြည့်လိုက်တော့ ရင်ထဲမှာ ဘယ်လိုမှ မနေဘူး။

"မရသေးဘူး"

ကိုယ့်ကိုယ်ကိုယ်သိပေမဲ့ ခြေထောက်တွေတုန်နေပြီး ခဏအနားပေးရဦးမယ်။ ရုပ်တုရဲ့ ခြေရင်းမှာပဲ ကျွန်တော် လှဲချလိုက်ပါတယ်။ ပက်လက်အနေအထားနဲ့ ကောင်းကင်မည်းမည်းကြီးဆီ မော့ကြည့်ရင်း အသက်ကို မှန်မှန်ရှူနေမိတယ်။ ကောင်းကင်မှာ တိမ်မည်းတိမ်လိပ်တွေ အထပ်ထပ်နဲ့ ပျော့အိကွဲပြိုကျဖို့ အသင့်ဖြစ်နေကြပြီ။

ကြယ်လေးတစ်ပွင့် ကျွန်တော် လှမ်းမြင်လိုက်တယ်။ ကောင်းကင်အက်ကွဲကြောင်းထဲမှာ တိမ်မည်းတွေကို ဖုံးလွှမ်းဖို့ သူ့ကိုယ်သူ အလင်းရောင်ထွန်းညှိ၊ အကောင်းဆုံး နုသစ်လင်းပလို့။

ရုပ်တုရဲ့ခေါင်မိုးစွန်းပေါ်မှာ။

ခေါင်းထဲမှာ ကြယ်တစ်လုံးပွင့်သွားတယ်။ မထင်မှတ်ပဲ အလင်းအမှောင် သဘောတရားသစ်တစ်ခုကို ထပ်တွေ့လိုက်ရပြီ။

ချက်ချင်းပဲ ထထိုင်လိုက်ပါတယ်။ ပြီးတော့ . . .

ကျွန်တော့်ဘဝတစ်ခုလုံးကို ဒီရုပ်တုပေါ်မှာပဲ မြှုပ်နှံထားတဲ့ အတွက်ကြောင့်လားမသိဘူး အနုပညာနဲ့ပတ်သက်တဲ့ ဘယ်သူမှ မတွေ့ရှိသေးတဲ့ သဘောတရားသစ်တွေ တစ်ခုပြီးတစ်ခု တွေ့လို့နေတယ်။

သစ်သားစတချို့ လေစီးထဲမှာ မျောပါသွားကြတယ်။ ကျွန်တော့်ဝိညာဉ်တွေ ရုပ်တုဆီမှာ ပူးကပ်သွားပြန်ပြီ။

တဒုတ်ဒုတ် အော်မြည်သံတစ်ခုကလွဲပြီး အရာအားလုံးက ငြိမ်ကျတိတ်ဆိတ်ကာသွားတယ်။ ကျွန်တော် ဘာမှမသိတော့ပြန်ဘူး။



www.burmeseclassic.com

www.burmeseclassic.com

"ဒိန်း . . . ဂျလိမ်း"

"ဝေါ . . . ဝေါ . . . ဝေါ . . . "

လေတွေက တဝေါဝေါတိုက်ပြီး လျှပ်စီးတွေ တဖျပ်ဖျပ်လက်နေတယ်။ မိုးခြိမ်းသံတွေကတော့ အနီးကပ်ပေါက်ကွဲနေတဲ့ ယမ်းဗုံးတွေလို ကြောက်ခမန်းလိလိပါပဲ။

လူတစ်ယောက် ထိုမိုးသည်းသည်းအောက်မှာ ဒူးနှစ်ဖက်ကို တင်းတင်းထောက်ရင်း တစ်စုံတစ်ရာကို စူးစူးနစ်နစ်ကြည့်နေတယ်။ ပတ်ဝန်းကျင်က ဘာမျှမမြင်ရတော့လောက်အောင် မှောင်မိုက်နေပြီး မိုးစုန်းစုန်းချုပ်နေပြီ။

ဝင်းခနဲ ဝင်းခနဲ လျှပ်စီးရောင်ကြောင့်သာ သူ့ကိုမြင်ရတာ။ သူတစ်ယောက်တည်းမဟုတ်ဘူး။ ရှေ့မှာ သူနဲ့အတူ တစ်ယောက်ရှိနေသေးတယ်။ မိုးတွေ သည်းသည်းမည်းမည်း ရွာနေတာကိုလည်း သတိပြုမိပုံမပေါ်ဘူး။ လျှပ်စီးနဲ့မိုးကြိုးတွေ တဒိုင်းဒိုင်းပစ်နေတာကိုလည်း ဂရုစိုက်ပုံမရဘူး။ သူ့ဆံပင်ပတ်ပတ်လည်မှာ လေတိုက်နှုန်းကြောင့် သစ်ပင်တွေယိမ်းထိုးနေပေမဲ့ သူကတော့ မားမားမတ်မတ် ဒူးထောက်ကာ တည်ငြိမ်နေတယ်။

သူ့ ခေါင်း၊ ဆံပင်၊ အဝတ်အစားတွေအားလုံး ရွှဲရွှဲစိုနေပေမယ့် သူကတော့ . . .

ပြီး နှုတ်ခမ်းမှ တစ်စုံတစ်ရာရွတ်ဆိုသံ တစ်ခုကိုလည်း ကြားရတယ်။



ပထမ တိုးတိုး။ နောက် . . .

"ငါ့ကောင်းကင်ကို ငါမြင်နေရပြီ . . . ငါ့ကောင်းကင်ကို ငါမြင်နေရပြီ . . . ငါ့ကောင်းကင်ကို ငါမြင်နေရပြီ . . . "

"ဒိန်း . . . "

မိုးကြိုးတစ်ချက်က အကျယ်ကြီး ကပ်ပစ်လိုက်တယ်။ လျှပ်စီးတစ်ချက် ဝင်းခနဲလက်သွားတယ်။ ပြီးတော့ ထိုလျှပ်စီးရဲ့အလင်းရောင်အောက်မှာ လူတစ်ယောက် လဲပြိုကျသွားတာကို တွေ့လိုက်ရတယ်။

ဘယ်သူလဲ။

ပတ်ဝန်းကျင်မှာ တစ်ယောက်ထဲပဲရှိနေတာမို့ သူ့ကို ဘယ်သူမှ သတိထားမိလိုက်မှာ မဟုတ်ပါဘူး။

ညကြီးအချိန်မတော်။

မိုးကလည်း သည်းထန်စွာ ရွာသွန်းနေတယ်။

လေတိုက်နှုန်းကလည်း သစ်ပင်တွေ လဲပြိုမတတ်။

ထိုအောက်မှာ . . .

လူတစ်ယောက်နဲ့ အရုပ်တစ်ရုပ်။

ဒါပေမဲ့ ထိုလူရဲ့လက်နှစ်ဖက်က ရုပ်တုကို တင်းတင်းကြပ်ကြပ် ပွေ့ဖက်ကာထားတယ်။

အခုတော့ . . .

လျှပ်စီးရောင်အောက်မှာ လူတစ်ယောက် အသိမဲ့နေပြီ။

ㅈ ㅈ ㅈ



www.burmeseclassic.com

www.burmeseclassic.com

## VII

"မောင် . . . ဘယ်များရောက်နေလဲကွယ်"

မောင် မုယောကို သတိမရဘူးလားဟင်။ မုယောကတော့ မောင့်ကို သတိရလိုက်တာ။ အချိန်တိုင်းပဲ။ မောင် မုယောဆီကို ဖုန်းလည်း မဆက်ဘူးနော်။ နေနိုင်လိုက်တာမောင်ရယ်။ အခုလေ သိလား။ ဖေဖေက မုယောကို ဖုန်းပြောခွင့် ပြန်ပေးထားပြီ မောင်ရဲ့။

မောင်မသိဘူးမလား။ အဲဒါကြောင့်မလို့ မောင်မုယောဆီ ဖုန်းမဆက်တာနဲ့ တူတယ်နော်။ ညနေတိုင်းရောက်လာတဲ့ ဆရာဝန်ကြီးက ပြောတယ် သိလား။ မုယောမှာ နှလုံးရောဂါ ရနေပြီတဲ့။ ပြီးတော့ ဖေဖေတို့ကိုလည်း မှာသွားတယ်။ မုယောကို စိတ်ချမ်းသာအောင် ထားပါ။ မုယောဝမ်းနည်းအောင်၊ စိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့တဲ့။ အဲဒါကြောင့် ဖေဖေက မုယောကို ဖုန်းပြောခွင့်ပြန်ပေးတာ။

ဝမ်းသာလိုက်တာ။ ဒါပေမဲ့ မောင်က မုယောဆီ ဖုန်းမဆက်ဘူး။ မောင် အလုပ်တွေရှုပ်နေတယ်နဲ့တူတယ်။ ကိုကိုလည်း အိမ်ပြန်ရောက်လာပြီ။ ပြပွဲနေ့အမီ ပြန်လာတယ်။ သူ့မှာ ရုပ်တုတစ်ခုလည်း ပါလာတယ်။



ကိုကိုပြန်ရောက်တဲ့နေ့ကလေ မုယော မောင့်ကို အရမ်းသတိရတာပဲ။ မောင်ရော ရုပ်တုလုပ်လို့ ပြီးသွားပြီလားဟင်။ ကိုကိုကတော့ သူ့ရုပ်တုကိုပြတယ်။ ဒါပေမဲ့ မုယောမကြည့်ချင်ပါဘူး။ မုယောက မောင်ကိုယ်တိုင် လက်နဲ့ထွင်းထားတဲ့ ရုပ်တုကိုပဲ ကြည့်ချင်တာ။ မောင် . . . အားလုံးထက် သာရမယ်နော်။

သာမှာမလား။ မောင့်ကို မုယောယုံပါတယ်။ မောင်က အရမ်းတော်တာပဲဥစ္စာ။ သူတို့တွေ မောင့်ရုပ်တုကိုပဲ ရွေးကြမှာပါ။ မုယောလည်း နေ့တိုင်း မောင့်ကိုသတိရတိုင်း ဆုတောင်းပေးနေတယ်။

ဩော် . . . ပြီးတော့ ပြောရဦးမယ် သိလား။ မုယော ထမင်းမစားတာ သုံးရက်ရှိသွားပြီ။ သူတို့က မုယောကို ထမင်းအတင်းကျွေးကြတယ်။ ဘာလို့စားရမှာလဲ။ မောင်မှမစားတာ။ မောင်လည်း ထမင်းမစားဘူးမလား။

မုယောသိပါတယ်မောင်ရဲ့။ မောင်က ပန်းပုထုနေရရင် အားလုံးကို မေ့သွားတာ။ မောင် ထမင်းမစားလို့ မုယောလည်း မစားဘူး။ သူတို့ကတော့ မုယောကို အရိပ်တကြည့်ကြည့်နဲ့ အစားစားဖို့ကိုပဲ ပြောနေကြတာ။ မုယောကတော့ အခန်းတံခါးပိတ်ထားတာပဲ။ ပြတင်းပေါက်ကိုတော့ အမြဲတမ်းဖွင့်ထားတယ် မောင်ရဲ့။ ဒါမှ ဟိုတစ်ခါလို မောင်ရောက်လာရင် ဝင်ရလွယ်မှာ။

မောင် ညဘက်တွေဆို ဘာလုပ်လဲဟင်။ ပန်းပုထုနေတာလား။ မုယောကတော့ ညဘက်ရောက်ရင် အရမ်းပျော်တာပဲ။ မောင်ပေးထားတဲ့ snow's finger လေးနဲ့ စကားပြောရလို့လေ။ သူနဲ့ တစ်ညလုံး စကားတွေပြောတာ။ မနက်မိုးလင်းတော့ သူကအိပ်တယ်။ မုယောကတော့ မအိပ်ပါဘူး။ မောင်ဖုန်းဆက်မယ့်အချိန်ကို မျှော်နေတာ။

မောင့်မွေးနေ့တောင် ရောက်တော့မယ်နော်။ မုယောလေ မောင့်ကို မွေးနေ့လက်ဆောင်ပေးဖို့ စဉ်းစားထားတယ်သိလား။ မုယောပေးတဲ့ မွေးနေ့လက်ဆောင်ကို မောင်ယူရမှာနော်။ မယူလို့မရဘူး။ ဘာပေးမှာလဲဆိုတာကိုတော့ အဲဒီနေ့ရောက်မှပဲ ပြောပြမယ်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေကတော့ စိတ်မပြောင်းသေးပါဘူး မောင်ရယ်။ မယော ကျန်းမာရေးအရ ဖုန်းပြောခွင့်ပြန်ပေးထားပေမဲ့ မောင်နဲ့မယောကို ခါးခါး သီးသီး ငြင်းနေတုန်းပါပဲ။ မယောကတော့ ဂရုမစိုက်ပါဘူး။ မောင်နဲ့ပတ် သက်ရင် မယော အားလုံးကို စွန့်လွှတ်ရဲတယ်။

မဆုံနိုင်အောင် ဝေးသွားပြီဆိုလည်း ဘာအရေးလဲ။ မယောဆီ မှာ မောင်ဆွဲပေးထားတဲ့ အဆိပ်ပုလင်းရှိတယ်။ မောင့်မှာလည်းရှိတယ်။

မယော မကြောက်ပါဘူး။ တကယ်လို့သာ မယောတို့နှစ် ယောက် ဘယ်လိုမှ ဆုံဆည်းခွင့်မရတော့ဘူးဆိုရင် နှစ်ယောက်လုံး အဆိပ် သောက်ပြီး သေကြမယ်နော်။

ဒါမှ နောက်ဘဝမှာ . . .

• • •

အိခနဲကျလာသော မျက်ရည်တွေနဲ့အတူ သူမ စာအုပ်ကိုပိတ် လိုက်သည်။ ဘယ်လိုမှ ဆက်ရေးလို့မရတော့။ ရင်ထဲမှာ တလှပ်လှပ် တုန်လာကာ ရှိုက်ကြီးတငင် ငိုပစ်လိုက်ချင်စိတ်တွေ ထိန်းမရအောင် ဖြစ် လာပြီးသည့်နောက် အားရပါးရ ငိုချလိုက်ပါတော့သည်။

ပြန်လာပါတော့ မောင်ရယ်။ မယောကို အမြန်ဆုံး လာတွေ့ပါ တော့။ မယော မောင့်ကို အရမ်းတွေ့ချင်လှပြီ။

အဆက်မပြတ်ကျဆင်းလာသော မျက်ရည်တွေအောက်မှာပင် သူမအိပ်ရာအောက်တွင် ဝှက်ထားသော ပုလင်းလေးကို ထုတ်ကြည့်မိ သည်။ မောင်ဆွဲပေးထားခဲ့သော အဆိပ်ပုလင်းလေး။

တစ်စုံတစ်ယောက် ရိပ်မိသွားမှာစိုးသောကြောင့် ယခုလို ဝှက် ထားရခြင်းဖြစ်သည်။

"မောင်နဲ့သာ ဝေးရလို့ကတော့ တကယ်သောက်ပစ်မှာ"

ရှိုက်ကြီးတငင် ငိုနေရာမှ သူမ နှုတ်ခမ်းကိုကိုက်ရင်းပြောတော့ ရှိုက်သံရောနေပေမဲ့ သူမစကားတို့က ခိုင်မာရဲတင်းနေမှန်း သူမကိုယ်



သူမ သိ၏။ ဒါသည်ပင် အချစ်၏ ပြတ်သားမှုတွေလား။

မပြောတတ်။

ဒါပေမဲ့ . . . သေချာတာတစ်ခုကတော့ ချစ်သူတိုင်းအတွက် ဝေးကွာခြင်းဆိုတာ ရှိရှိသမျှ အပူတွေအားလုံးထက် ပိုမိုပူလောင်သော လောင်မြိုက်မှုတစ်ခုပင် မဟုတ်ပါလား။

လောကမှာ အဲဒီပူလောင်ခြင်းမျိုး ရှိမနေရင် သိပ်ကောင်းမှာ နော်။



www.burmeseclassic.com

www.burmeseclassic.com

## VIII

ခန္ဓာကိုယ်က လေထဲမှာ မျောနေသလိုပဲ။ နိမ့်ကျလိုက် မြင့်တက်လိုက်နဲ့ လှိုင်းစီးနေရသလို ဦးတည်ရာမရှိ လွင့်ပါးနေတယ်။ တစ်ခါတစ်လေတော့လည်း ဟိုးအမြင့်ကြီးက ကြယ်တာရာတွေဆီတောင် ရောက်မတတ် မြင့်တက်သွားတယ်။ ဒါပေမဲ့ ရောက်ခါနီးမှ အောက်ကို ဒရဟော ပြန်ပြုတ်ကျသွားပြန်ရော။

ကျွန်တော့်ကိုယ်ထဲကို အလင်းရောင်တွေ ပေါင်းစုဝင်လာတယ်။ တစ်ခါမှ မမြင်ဘူးတဲ့ အရောင်အဝါတွေ၊ အညို၊ အပြာ၊ အနီတွေ စုံလို့။ လွင့်နေတယ်။ လေစီးနဲ့ ကျွန်တော် လွင့်နေတယ်။ ဘယ်ကိုရောက်နေမှန်းမသိဘူး။ ဘယ်ကိုသွားနေမှန်းလည်းမသိဘူး။

ဟာ . . . ဟိုမှာ ပင်လယ်ပြာပြာကြီး။ ကျွန်တော့်ခန္ဓာကိုယ်က ပင်လယ်ပြာပြာကြီးပေါ်ကနေ လျှပ်တိုက်မျောပါသွားတယ်။ ရေစီးတွေ၊ လှိုင်းလုံးအနိမ့်အမြင့်တွေ။ ပြီးတော့ ပန်းပွင့်တွေ။ မွှေးလိုက်တာ။

"သားရေ . . . သား . . . မေမေတို့ဒီမှာ"



'ဟင်' . . . ငါ့အမေအသံပါလား။ ကျွန်တော့်ကြည့်လိုက်တော့ ကျွန်းတစ်ကျွန်းပေါ်ကို ရောက်နေပြီ။ မေမေက ကျွန်တော့်ကို လက်ယပ်ခေါ်နေတယ်။ ဖေဖေလည်းပါတယ်။ ဒါပေမဲ့ ဖေဖေ့မျက်နှာက မသဲကွဲဘူး။

ဟာ . . . ပျော်လိုက်တာ။ မေမေနဲ့ ပြန်တွေ့ရပြီ။ ငါ့အမေနဲ့ ပြန်တွေ့ရပြီ။ ပြေးသွားပြီး မေမေ့ကို ပွေ့ဖက်ဖို့ ကြိုးစားတော့ . . .

ခန္ဓာကိုယ်က တစ်စထက်တစ်စ ပူလောင်လာတယ်။ ဟင် . . မီးတွေ . . . မီးတွေ။ ကျွန်တော်နဲ့ မေမေ့ကြားမှာ မီးတွေလောင်နေတယ်။ ကျွန်တော် သွားလို့မရဘူး။ ကြည့်နေရင်းနဲ့ မီးတောက်တွေ များများလာတယ်။ ကျွန်တော်နဲ့မေမေ တဖြည်းဖြည်း ဝေးသွားတယ်။

"မေမေရေ . . . မေမေ . . . "

အော်ခေါ်နေရင်းနဲ့ပဲ ကျွန်တော့်အသံတွေ တိမ်သွားတယ်။ ပြီးတော့ ကျွန်တော့်ခန္ဓာကိုယ်ကို တစ်စုံတစ်ရာက တို့ထိနေသလို ခံစားရတယ်။

"ဟင် . . ."

မျက်လုံးကို ဖွင့်ဖွင့်ချင်းပဲ မြင်လိုက်ရတာက စိုစွတ်စွတ်မြေပြင်က နေပူရှိန်ကြောင့် အငွေ့ထောင်းထောင်းထနေတယ်။ နေပြင်းက ကျောပေါ်ကို ထိုးကျနေလို့ ကျွန်တော့်ကျောပြင် စပ်ဖျင်းပူလောင်နေတယ်။ သားမှာက ကျွန်တော့်ကို တို့ထိတွန်းနှိုးနေသော ဘရသေ့ရဲ့ အချစ်တော်ခွေး။ ရုတ်တရက်ဝင်လာသော အသိတစ်ခုနဲ့အတူ ကျွန်တော် မော့ကြည့်လိုက်တော့ လက်နှစ်ဖက်က ရုပ်တုကို မက်မက်မောမော ဆုပ်ကိုင်ထားလျက်ရှိကြောင်း တွေ့ရတယ်။

ချက်ချင်းပဲ ကျွန်တော် ထထိုင်လိုက်ပါတယ်။ ဒါပေမဲ့ ကျွန်တော့်လှုပ်ရှားမှုတွေက သွက်လက်မနေတော့ဘူး။ ထိုလှုပ်ရှားမှုလေးနဲ့တင် အဆမတန်မောနေပြီ၊ ခေါင်းတစ်ခုလုံးက ထူမတ်ထားလို့မရအောင် လေးလံပြီး တရိပ်ရိပ်မူးနေတယ်။ ငါ ဘာဖြစ်သွားတာလဲ။

ဦးနှောက်ကို ဖျစ်ညှစ်ကြည့်တော့ အကြောင်းအရာတွေချို့က ခပ်



www.burmeseclassic.com

www.burmeseclassic.com

ရေးရေးပေါ်လာတယ်။ မနေ့က တစ်နေ့လုံး ပန်းပုထုနေတယ်။ ညပိုင်းရောက်တော့ မိုးတွေအညို့တကြီး ရွာသွန်းလာတယ်။ ဒါပေမဲ့ ကျွန်တော်မိုးရေတွေအောက်မှာပဲ ရုပ်တုကို အဆုံးသတ်ဖို့ ကြိုးစားခဲ့တယ်။

ဝင်းခနဲ လျှပ်ပြက်စဉ် နောက်ဆုံးအကြိမ် မြင်တွေ့လိုက်ရတဲ့ ကျွန်တော့်ရုပ်တု။ ပြီးတော့ ဒိန်းခနဲ မိုးကြိုးပစ်သံတစ်ချက်။ ဒါပဲ . . .။

အဲဒီနောက်မှာ ကျွန်တော် ဘာမှမသိတော့ဘူး။ ထိုစဉ်မှာပဲ ကျွန်တော့်ကို ချောက်ချားသွားစေတဲ့ အတွေးတစ်ခု ခေါင်းထဲရောက်လာတယ်။

"ဘုရားရေ . . . ဒီနေ့ ဘယ်နှရက်ရှိသွားပြီလဲ"

အလျင်စလိုပင် ဦးနှောက်ကို နောက်တစ်ကြိမ် ပြန်နှိုးကြည့်တော့ . . .

"မနေ့က (၁၃) ရက်။ ဟုတ်တယ် . . . မနေ့က (၁၃)ရက်။ ဒါဆို ဒီနေ့ (၁၄) ရက်နေပေါ့။ ဟင် . . ."

ကျွန်တော့်ခန္ဓာကိုယ် ဆတ်ခနဲ တုန်သွားရပြီ။ မနက်ဖြန် . . . မနက်ဖြန်မှာ . . .

ချက်ချင်းပင် ကောင်းကင်ကိုမော့ကြည့်တော့ နေက တော်တော်မြင့်နေပြီ။ မီပါတော့မလား။



# IX

"ကိုကို . . . မုယောလည်း လိုက်မယ်နော်"

သူမစကားကြောင့် ကိုကိုက စိတ်မသက်သာသလို ကြည့်သည်။ ပြီးတော့ ကားခေါင်းမှာထိုင်နေတဲ့ ဖေဖေ့ကိုပါ သဘောတောင်းခံသလို ကြည့်တော့ . . .

သူမ ကားနားကိုရောက်နေပြီ။ ကားနောက်ခန်းထဲမှာ အဝတ်ဖြူအုပ်ထားတဲ့ ရုပ်တုတစ်ခု။ ထိုရုပ်တုကို ထိန်းကွပ်ကိုင်တွယ်ဖို့ လူတစ်ယောက်လည်း ရှိနေသည်။ ဒီနေ့သည် ဇွန်လ (၁၅)ရက်။ တိတိကျကျပြောရပါက မြန်မာနိုင်ငံ၏ အကောင်းဆုံးလက်ရာရှင် ဆယ်ဦးအတွက် အဆုံးအဖြတ်ပေးမည့်နေ့။

ကိုကို့မျက်နှာက ယုံကြည်ချက်အပြည့်နဲ့ ရှိနေသလောက် သူမကတော့ . . .

"အေးလေ . . . စိတ်ပြေလက်ပျောက်ပေါ့။ လိုက်ချင်လည်း လိုက်ခဲ့ချည်"

တကယ်တော့ အရာအားလုံးကိုသိနေတဲ့ ကိုကိုက ဖေဖေစိတ်မပူရန် လျော့ပေါ့ပြောလိုက်ခြင်းသာ။



www.burmeseclassic.com

www.burmeseclassic.com

ငါလာ နေပြီ။
သင်တို့နှလုံးကို ခိုင်အောင်ထိန်းကြလော့ . . .

ဘာကလေလောက်
ငါ့လက်နဲ့ လှုပ်ခါခွင့်ပြုပါ။

နေရောင်



# X

ပြခန်းထဲသို့ ဝင်ဝင်ချင်းမှာပင် သူမမျက်လုံးတွေက ဟိုဟိုဒီဒီ ဝေ့ဝဲသွား၏။ သူမ တစ်စုံတစ်ယောက်ကို ရှာနေသည်။

'မောင်' ဒီပွဲကို မဖြစ်မနေ ရောက်လာမည်ဟု သူမ ယုံကြည်နေသည်။ ဒါပေမဲ့ သူမတစ်ခန်းလုံးအား စေ့စေ့စပ်စပ် ရှာကြည့်ပြီးသည့်တိုင်အောင် မောင့်ရဲ့အရိပ်အယောင်ကိုမတွေ့။

ပြခန်း၏ရှေ့ဆုံးဆီမှာ စင်မြင့်တစ်ခု။ ထိုစင်မြင့်၏ ထောင့်တစ်နေရာမှာ ခုံတန်းရှည်တစ်လုံးနှင့် ပိတ်ဖြူအုပ်ထားသော ရုပ်တုအချို့ကို နံပါတ်စဉ်အလိုက် စီတင်ထားသည်။ စင်မြင့်၏ နောက်ဆုံးနံရံတွင်တော့ Projector ထိုးပြရန် ပိတ်ဖြူတစ်ချပ်လည်းရှိ၏။

ရှေ့ဆုံးတန်းမှာက အထူးဧည့်သည်တော်တွေအတွက် နေရာနှင့် ထို့နောက်မှာက ရွေးချယ်ခံပညာရှင်ဆယ်ဦး၏ ထိုင်ခုံတွေရှိသည်။ သူမအာရုံရောက်နေသည်ကတော့ ထိုထိုင်ခုံတွေဆီမှာပါပဲ။ မောင်ဘယ်အချိန်ရောက်လာမှာလဲ။



www.burmeseclassic.com

www.burmeseclassic.com

ကိုကို ဝင်ထိုင်ပြီးသွားသည့်နောက်မှာ ထိုင်ခုံလွတ်နှစ်ခုံသာ ကျန်တော့၏။ စင်မြင့်ပေါ်မှ ရုပ်တုနေရာတွင်လည်း ကိုကို့ရုပ်တု နေရာယူပြီးချိန် နေရာလွတ်နှစ်ခုသာရှိတော့သည်။

ဘေးမှာထိုင်နေသော ဖေဖေက သူမကို တစေ့တစောင်း အကဲခတ်နေသည်မို့ လှုပ်လှုပ်ရှားရှား သိပ်မလှုပ်ရဲ။ ရှိနေသူတွေအားလုံးကတော့ အခန်းအနားစတင်မည့်အချိန်ကို ရင်တဖိုဖိုဖြင့် စောင့်မျှော်နေကြသည်။ သူတို့ ကြည့်ချင် မြင်ချင်နေကြပါပြီ။ ဘယ်သူတွေက ဘယ်လိုရုပ်တုမျိုးတွေနဲ့ အရွေးခံဖို့ စောင့်မျှော်နေကြသည်လဲ။

သတင်းထောက်တွေ၊ ရိုက်ကူးရေးကင်မရာသမားတွေ၊ ဖိတ်ကြားထားသော ဧည့်သည်တွေ၊ အနုပညာ အသိုင်းအဝိုင်းမှ ပန်းပုချစ်သူတွေနှင့် ခန်းမကြီးက အုံးအုံးထနေသည်။ သူတို့အားလုံး၏အာရုံတွေက ပိတ်ဖြူအုပ်ထားသော ပန်းပုရုပ်တုတွေပေါ်မှာ။

နာရီကြည့်သူကကြည့်၊ အပေါက်ဝမျှော်သူက မျှော်နှင့် ရင်တဖိုဖိုစုတ်တသပ်သပ်ပင် တချို့တွေ ဖြစ်လို့နေပါပြီ။ မြန်မာ့အနုပညာက ကမ္ဘာကို ဘယ်လိုအစွမ်းအစတွေနဲ့ ပခုံးချင်းယှဉ်မှာလဲ။

ဒီမေးခွန်းက ခန်းမတွင် ရှိနေသူတွေပင် မဟုတ်ပါဘူး။ ခန်းမကြီး၏ ရှေ့တည့်တည့် လက်ဖက်ရည်ဆိုင်လေးထဲတွင် စုရုံးထိုင်နေကြသော အနုပညာရှင်များ၊ တစ်နိုင်ငံလုံးရှိ တိုက်ရိုက်ထုတ်လွှင့်ပြသမည့် TV အစီအစဉ်ကို ကြည့်ရှုအားပေးရန် စောင့်ဆိုင်းနေကြသော ပြည်သူအားလုံး၏ ရင်ထဲမှာ ရှိနေသည်။

ပြခန်း၏ရှေ့ လက်ဖက်ရည်ဆိုင်တွင်းမှာတော့ ပျက်ယွင်းသောမျက်နှာတွေဖြင့် လူတစ်စု ထိုင်ကာနေသည်။ ကိုချို၊ ရဲဝင်းနှင့် သဲဝေ။ ပြီးတော့ ပန်းချီဆရာ ကိုလူဖော်နှင့် ကိုဆူးရဲနီ။ နန်းဝေကတော့ အရွေးချယ်ခံ ဆယ်ယောက်ထဲမှာ ပါသူမို့ ခန်းမထဲရှိ သတ်မှတ်ထိုင်ခုံမှာရှိနေသည်။

သူတို့အားလုံး၏ မျက်နှာတွေက ပြသနေပြီဖြစ်သော TV ဖန်သားပြင်ပေါ်မှရှိပေမဲ့ စိတ်တွေကတော့ တစ်စုံတစ်ယောက်ကို တူညီစွာ မျှော်နေသည်။ ထိုစဉ်မှာပဲ ကိုချို၏ မချိတင်ကဲရေရွတ်သံကို စတင်ကြားရသည်။

"ကျွတ် . . . နေရာင် တစ်ခုခုဖြစ်နေတာ သေချာနေပြီ"

"ဟုတ်တယ် . . . ။ ဘယ်လိုနည်းနဲ့ပဲဖြစ်ဖြစ် နေရောင် ဒီပွဲကို ရောက်အောင်လာမှာ။ အခုချိန်ထိ ရောက်မလာသေးဘူးဆိုတော့ -"

ရဲဝင်း၏ ထောက်ခံစကားဆုံးတော့ . . .

"ငါတို့အားလုံးရဲ့ မျှော်လင့်ချက်တွေတော့ စုန်းစုန်းမြုပ်ပြီနဲ့တူတယ်"

"အားတော့ မလျှော့ကြပါနဲ့ဦးကွာ။ သူ့ရိုန်ထွန်း ရှိပါသေးတယ်။ တို့နိုင်ငံအတွက် နေရောင့်အစား သူ့ရိုန်ထွန်း အကောင်းဆုံး လုပ်နိုင်မှာပါ"

အမှန်ဆို သူတို့တွေက ပြခန်းအတွင်း ဝင်ရောက်ကြည့်ရှုရန်အတွက် အထူးတလည် ဖိတ်ကြားခံထားရတဲ့လူတွေပါ။ ဒါပေမဲ့ သူတို့ ဝင်ချင်စိတ်မရှိဘူး။ အပြင်ကနေပဲ နေရောင်ရောက်အလာကို မျှော်ချင်သေးတယ်။

"ဆရာငွေကိုလည်း မတွေ့ဘူးနော်"

"ဟုတ်တယ် . . . ။ သူလည်း သူ့သားအတွက် တော်တော်ရတက်မအေး ဖြစ်နေလိမ့်မယ်"

ထိုစဉ်မှာပဲ ပြခန်းအတွင်းရှိ အခမ်းအနားမှူး၏ စကားသံကို ကြားရသည်။

"ကြွရောက်လာကြသော အနုပညာချစ်သူ အသိပညာရှင်၊ အတတ်ပညာရှင်၊ ဝါသနာရှင်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား . . . မိမိတို့သတ်မှတ်ရာထိုင်ခုံမှာ နေရာယူပေးကြဖို့ မေတ္တာရပ်ခံပါတယ်။ မကြာခင်အချိန်အတွင်း နိုင်ငံတကာ ပန်းပုအကဲဖြတ် ပညာရှင်အဖွဲ့နဲ့ တာဝန်ရှိသူတချို့ ရောက်လာပါတော့မယ်"

ခန်းမကြီးက မီးကို ရေနဲ့ငြိမ်းလိုက်သလို ခဏတွင်းအပ်ကျသံမကြားရလောက်အောင် တိတ်ဆိတ်သွားသည်။ ထိုစဉ်မှာ အခန်းနားမှူး

www.burmeseclassic.com

www.burmeseclassic.com

ရဲ့အသံက မိုက်ကရိုဖုန်းအတွင်းမှ ထပ်ထွက်လာပါ၏။

"ဆရာအလင်းအိမ် ရောက်လာပါပြီ"

အကုန်လုံး၏ အကြည့်တွေက ဝင်ပေါက်ဝဆီရောက်သွားသည်။ တိုက်ပုံအင်္ကျီကို သေသပ်ကျနစွာဝတ်ထားပြီး ဆံပင်ရှည်ကို နောက်မှာစုသိမ်းချည်နှောင်ထားသည့် ဆရာအလင်းအိမ်။ သတ်မှတ်ထိုင်ခုံမှာ ဝင်ထိုင်ပြီးတော့ နေရာလွတ်ဟူ၍ တစ်ခုံသာကျန်တော့သည်။

မကြာခင်မှာပဲ စင်ပေါ်ရှိ ရုပ်တုများဆီမှာ အသစ်တစ်ခု ထပ်တိုးသွားသည်။ အားလုံးစောင့်မျှော်နေသည့် အရွေးချယ်ခံဆယ်ဦးထဲတွင် အသက်ငယ်ဆုံး နေရောင်ကတော့ ယခုထိ ရောက်မလာသေး။

"ဆရာနေရောင် မလာသေးဘူးလား"

မုယောရှေ့ရှိ လူငယ်လေးတစ်ယောက်က ဘေးမှတစ်ယောက်ကိုမေးသည်။

"မသိဘူး။ ငါလည်း ဆရာလေးနေရောင်ကိုပဲ ရှာနေတာ။ အကဲဖြတ်တွေတောင် ရောက်လာတော့မယ်။ ဘာလို့ ရောက်မလာသေးတာလဲ မသိဘူး"

မုယောရင်ထဲမှာ ကျင်စူးစူး ရသတွေ တဝဲလည်လည် ခံစားနေရသည်။

"မောင်ရယ် . . . ဘာလို့ ရောက်မလာသေးတာလဲ။ မုယောမောင့်ကိုစောင့်နေတာ"

စိတ်ထဲမှာပြောသော စကားဖြစ်ပေမယ့် လက်ကတော့ တစ်နေရာကို စမ်းသပ်ရင်း ရပ်တန့်သွားသည်။ အဲဒါက လည်ပင်းမှာဆွဲထားသော အဆိပ်ပုလင်းလေ။

မောင်နဲ့ အဆုံးစွန်ဝေးရပြီဆို သောက်ဖို့။

"ကျွန်တော်တို့အားလုံးအတွက် ကံဆိုးမှုလို့ ပြောရမှာပါပဲ။ ဆရာလေးနေရောင် သတ်မှတ်ထိုင်ခုံမှာ ရောက်မလာသေးပါဘူး"

အခန်းအနားမှူး၏ စကားဆုံးတော့ အားလုံးရင်ထဲမှာ ဟာတာတာကြီး ခံစားသွားရသည်။ ထိုစဉ်မှာပဲ . . .



"ရောက်လာကြပြီ"

ပြခန်းရှေ့သို့ မည်းပြောင်နေသော ကားအကောင်းစားကြီးသုံးစီး ထိုးစိုက်လာသည်။ ထိုအပေါ်မှ အနောက်တိုင်းဝတ်စုံကို ကျနသေသပ်စွာ ဝတ်ဆင်ထားသော လူတစ်စု ဆင်းလာကြ၏။ ကိုယ်ရံတော်တွေ စကားပြန်တွေလည်းပါလာသည်။

အခမ်းအနားမှူးနဲ့ တာဝန်ရှိသူတွေက အထူးဧည့်သည်တော်များအတွက် သီးသန့်ထိုင်ခုံတွေမှာ ပျာပျာသလဲ နေရာပေးသည်။ မကြာခင်အချိန်အတွင်းမှာပင် ထိုင်ခုံတွေ ပြည့်သွားကြပေမဲ့ ခုံတစ်ခုကတော့ ယခုတိုင် လွတ်နေဆဲ။

"သေချာသွားပြီ။ ဒီပွဲမှာ ဆရာနေရောင် ရုပ်တုမတင်နိုင်တော့ဘူး"

ရှေ့မှကြားလိုက်ရသော စကားတွေနောက်မှာ သူမ 'မဟုတ်ဘူး မဟုတ်ဘူး' ဟုသာ အသံတိတ်ပြောမိသည်။ သူမရင်ထဲမှာ ပူလောင်ကွဲရှနေပါပြီ။

စင်ပေါ်မှာပြောနေသော စကားတွေကိုလည်း မကြားမိတော့။ သူမအသိတွေအားလုံးက ဝင်ပေါက်ဝဆီမှာ။ နားထဲမှာလည်း တစ်ချိန်က မောင်ပြောခဲ့ဖူးသော စကားတွေ ပြန်လည်ကြားယောင်လာသည်။

"မုယောကို ကိုယ့်အသွေးအသားတွေ အားလုံးထက် ပိုချစ်တယ်"

"မုယောဆီကို မောင်ပြန်လာမှာပါ"

"လွမ်းလို့သေကြေးဆို မုယောအရင် မောင်သေသွားမှာပါ။ တမလွန်ကပဲ မုယောရောက်အလာကို မောင်စောင့်နေတော့မယ်"

မျက်ရည်တစ်စက် ပါးပြင်ပေါ် လိမ့်ဆင်းကျသွားတော့ ဖေဖေမြင်အောင် အလျင်အမြန်သုတ်လိုက်မိသည်။ ဒါပေမဲ့ ဖေဖေ့အာရုံက သူမတွေးထင်မိသလို မဟုတ်တော့။

စင်မြင့်ထက်သို့ ရောက်နေပေပြီ။

ထိုအတူ ခန်းမတွင်းရှိ လူအားလုံး၏ အာရုံတွေကလည်း စင်မြင့်

www.burmeseclassic.com

www.burmeseclassic.com

ထက်မှာ။

အကြောင်းကား . . .

ပထမဆုံးရုပ်တု၏ ဖုံးအုပ်မှုပဝါပါးအား ဆွဲဖယ်လိုက်ပါပြီ။

လက်ခုပ်တီးသံတွေ၊ ချီးကျူးအားပေးသံတွေ၊ ရင်သပ်ရှုမော ခံစားမှုတွေနဲ့ တစ်ရုပ်ပြီးတစ်ရုပ်။

Projector ပေါ်မှ ရုပ်တုတစ်ခုချင်းဆီ၏ ကင်မရာအနီးအဝေး ရိုက်ချက်တွေမှာလည်း ဟာခနဲ . . . ဟင်ခနဲ . . . ။

အကဲဖြတ်နှင့် အထူးဧည့်သည်တော်တွေမှာလည်း ပန်းပုရုပ်များ၏ နက်နဲသော လှျို့ဝှက်ချက်တွေကို ရှုစားရင်း မျက်လုံးမှာ အရောင်တွေ လက်နေကြပြီ။

မြန်မာ့အနုပညာ၏ အဆင့်အတန်းကိုလည်း သူတို့ တီးခေါက်မိသွားကြပါပြီ။ ဒီလိုနှင့် . . .

အဲဒီလိုနှင့် . . .



# XI

"အခုနောက်ဆုံး ကျန်ရှိနေတဲ့ ရုပ်တုကတော့ 'နေတာတမံ ကျိုးမဲ့နေ့' ဆိုတဲ့ ရုပ်တုပဲဖြစ်ပါတယ်။ ထုလုပ်သူပညာရှင်ကတော့ သူရိန်ထွန်းဆိုတဲ့ လူငယ်ပန်းပုဆရာလေးပါ"

ကြေညာသူ၏ စကားသံအဆုံးတွင် အကုန်လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြသည်။ အားလုံးစောင့်မျှော်နေကြတာ ဒီရုပ်တုပါပဲ။ ကြည့်ရှုသူ ပရိသတ်တွေပင်မဟုတ်။ အရွေးချယ်ခံဆယ်ဦးစာရင်းတွင် ပါဝင်သူတွေပါ ခါးတွေမတ်ကုန်ပါပြီ။ ရှေ့မှာ ကြည့်ရှုခဲ့ပြီးသော လက်ရာတွေကတော့ ရင်သပ်ရှုမောဖွယ်တွေဖြင့် အတိပြီးခဲ့သည်။ ယခု သူရိန်ထွန်းရဲ့ 'နေတာတမံကျိုးမယ့်နေ့' ကရော . . .

ထိုစဉ်မှာပင် ရုပ်တုမှာဖုံးအုပ်ထားသော ပဝါက တဖြည်းဖြည်း ကွာကျသွားသည်။ ရင်တဒိတ်ဒိတ်ဖြင့် စောင့်မျှော်နေကြသူအားလုံး၏ အမြင်အာရုံဆီသို့ ရုပ်တု၏ ပြတ်သားမှုတစ်ခု ရောက်ရှိသွားစဉ်မှာပဲ . .

"ဟာ . . . "

"အို . . . "

"ဟယ် . . . "



www.burmeseclassic.com

www.burmeseclassic.com

ဟူသော အာမေဋိတ်သံတွေနှင့်အတူ သူရိန်ထွန်း၏ 'နေတာတမံကျိုးမယ့်နေ့' မှာက အားလုံး၏ ရှေ့တည့်တည့်တွင်ရှိသော Projector ကြီးပေါ်၌ ထောင့်ပေါင်းစုံမှ ရိုက်ယူလိုက်သော ကင်မရာရိုက်ချက်တွေနှင့်အတူ ရှင်းခနဲ၊ လင်းခနဲ။

"ဘုရား . . . ဘုရား . . . "

ဘုရားတသံ၊ စုတ်သပ်သံ၊ မချိတင်ကဲ ရေရွတ်သံတွေဖြင့် ခန်းမထဲမှာ ဆူညံသွားသလောက် ခန်းမအပြင်ဘက် ဆိုင်ထဲတွင်လည်း ပွက်လောရိုက်သွားလေပြီ။

"ကျွတ် . . . သူရိန်ထွန်းကွာ"

ရဲဝေက မချင့်မရဲ ရေရွတ်သည်။

"ကောင်းလိုက်တာ။ သူ တကယ်တော်ပါတယ်"

"ဘာပဲပြောပြော ဒါ ငါတို့နိုင်ငံအတွက် ဂုဏ်ယူရမယ်"

ထိုစဉ်မှာပဲ ဘေးဝိုင်းမှ တစ်စုံတစ်ယောက်၏ ကျယ်ကျယ်လောင်လောင် ပြောဆိုသံကို ကြားရသည်။

"သေချာသွားပြီ။ သူရိန်ထွန်းရုပ်တုပဲ အရွေးခံရမှာ။ ကိုးယောက်ထဲမှာ သူ အကောင်းဆုံးပဲ"

ရှိနေသူ အားလုံးလိုလို၏ ထောက်ခံသံတွေကို ဟိုမှသည်မှ ဆူဆူညံညံကြားလိုက်ရသည်။ ခန်းမထဲတွင်လည်း . . .

Projector ပေါ်မှ ပုံစံမျိုးစုံ၊ ထောင့်ပေါင်းစုံ၊ အနီးအဝေးရိုက်ချက်မျိုးစုံဖြင့် ပြသနေသော ရင်သတ်ရှုမောဖွယ် ရုပ်တုကြီးအားကြည့်ရင်း အကုန်လုံး ကြက်သီးဖြိုးဖြိုးဖျင်းဖျင်း ထမိသွားကြ၏။

'ကောင်းလိုက်တာ . . . သူရိန်ထွန်း တော်လိုက်တာ' ဟူသော အသံတွေမှာလည်း ညံစီလျက်ရှိသည်။

အကဲဖြတ်ပညာရှင်တွေ၏ မျက်နှာများမှာလည်း ပြုံးနေသည်။ တာဝန်ရှိသူ ပုဂ္ဂိုလ်တွေမှာလည်း ဆွဲဆောင်အား ပြင်းလွန်းလှသော ရုပ်တု၏ နက်နဲမှုတို့အား ခံစားရင်း ခေါင်းတဆတ်ဆတ် ညိတ်ကာနေ၏ ။



"ခင်ဗျားတို့ မြန်မာပန်းပုအဆင့်အတန်းလည်း တော်တော်ရှိသားပဲဗျ။ ဂုဏ်ယူပါတယ်"

"ဟုတ်ကဲ့ အခုလိုချီးကျူးတဲ့အတွက် ကျေးဇူးတင်ပါတယ်"

အကဲဖြတ်ပညာရှင်တစ်ဦး၏ မှတ်ချက်ကို တာဝန်ရှိသူများက တရိုတသေ ဖြေကြားပေးသည်။

"ခင်ဗျားတို့ရဲ့ အနုပညာအရည်အသွေးက ကမ္ဘာကို ရင်ဘောင်တန်းနိုင်ပါတယ်ဗျာ။ လေးစားစရာပဲ"

"လေးစားပါတယ် မစ္စတာ"

တဖွဖွချီးကျူးမှုတွေ၊ တွေးခေါ်ဝေဖန်မှုတွေကြားမှာပင် အားလုံးရင်ထဲ၌ ထိချက်တစ်ခုက ကြီးစိုးလာ၏။ သူရိန်ထွန်းရုပ်တုကိုပဲ အကောင်းဆုံး ရွေးချယ်လိုက်တော့မှာလား၊ ဒါမှမဟုတ် နေရောင်ကို စောင့်ဦးမှာလား။

ယခုအတိုင်းဆိုလျှင်တော့ သေချာပါသည်။ အကဲဖြတ်ပညာရှင်တွေပင်မဟုတ်၊ လူတိုင်းရဲ့ရွေးချယ်မှုက 'နေတာတမံကျိုးမယ့်နေ့' ပါပဲ။ ရုပ်တုထဲမှာပင် နေဆယ်စင်း အပြိုင်ပွင့်နေသလို၊ လက်ရှိအပူရှိန်ထက် လွန်စွာကြီးမားပြင်းထန်လွန်းသော နေမုန်တိုင်းကြီးတစ်ခု ကမ္ဘာကြီးပေါ်သို့ တလိပ်လိပ် ပြေးဆင်းလာတော့မလို။

"ဘုရား . . . ဘုရား . . . ကြောက်စရာကောင်းလိုက်တာနော်"

တအံ့တသြ မှတ်ချက်တစ်ခု၏နောက်မှာ . . .

"အဲဒါ ကျွန်တော့်သားလေ".

"ဟုတ်လား . . . ။ ဂုဏ်ယူပါတယ်ဗျာ။ ဒီလိုသားမျိုးတွေ မွေးပေးနိုင်တဲ့ အဖေတစ်ယောက်အနေနဲ့ ခင်ဗျားကိုလည်း လေးစားပါတယ်"

ထိုသို့ ချီးကျူးထောပနာသံတွေ ကြားမှာပင် မလှုပ်မယှက်ငြိမ်ကာထိုင်ရင်း တစ်စုံတစ်ယောက်အား နှမြောတသ ဖြစ်နေသူတစ်ယောက်ရှိသည်။ ပြီးတော့ ဤပွဲကြီးကို အချိန်မီ ရောက်မလာနိုင်သူအပေါ်၌လည်း



www.burmeseclassic.com

www.burmeseclassic.com

လွန်လွန်ကျူးကျူး စိုးရိမ်နေသည်။

သူက ဦးကောင်းကင်။

နောက်တစ်ကြိမ်မရနိုင်သော အခွင့်အရေးတစ်ခုအတွက် အလားအလာအကောင်းဆုံး လူငယ်ပညာရှင်လေးတစ်ယောက်ကို နှမြောမိနေတာပါ။

ထိုအခိုက်မှာပဲ ဦးကောင်းကင်တစ်ယောက် မျက်လုံးပြူးသွားလေပြီ။ သူပင်မဟုတ်။ ရှိနေကြသူတွေအားလုံး . . .

ဘယ်လိုမှ ထင်မှတ်မထားသော အပြုအမူတချို့ကို စင်ပေါ်၌ သူတို့တွေ့လိုက်ရပြီ။

စင်ပေါ်သို့ တရွေ့ရွေ့တက်လာနေသော လူတစ်ယောက်။

"ဟင် . . . ဆရာဦးငွေဆိုင်"

သူ့ချည်းပဲမဟုတ်ပါ။ လက်ထဲမှာလည်း ပန်းပုရုပ်တစ်ရုပ်ကို ပွေ့လို့။

"ဟင် . . . ဒါ . . . ဒါ နေရောင့်ရုပ်တုလား။ ဆရာကြီး ပွေ့လာတာဆိုတော့ . . . "

နေရောင်နှင့် ဦးငွေဆိုင်ပတ်သက်မှုကို သိသူတချို့က ဤသို့တွေးထင်ရေရွတ်၍ မသိသူများကတော့ ထူးဆန်းသွားသော အခြေအနေတစ်ခုကိုသာ နားမလည်စွာ စောင့်ကြည့်နေကြသည်။

အကဲဖြတ်ပညာရှင်တွေ၊ တာဝန်ရှိသူတွေနှင့် အရွေးချယ်ခံ ပုဂ္ဂိုလ်များမှာလည်း ကြောင်ငေးလျက်။ ဆရာကြီး ဦးငွေဆိုင်နှင့်အတူ လက်ထဲမှရုပ်တုကို တအံ့တဩဖြင့် ကြည့်နေကြသည်။ ထိုစဉ်မှာပင် ဆရာကြီးက လက်ထဲမှရုပ်တုအား လွတ်နေသောနေရာတစ်ခုသို့ သွားတင်သည်။ ပရိသတ်ဘက်သို့ မျက်နှာမူသည့်ပုံစံမထားဘဲ ကျောပေးအနေအထားတင်လိုက်တာမို့ ရင်ထဲမှာ တစ်မျိုးတစ်မည်လည်း ဖြစ်သွားကြသည်။

ထိုအခိုက်မှာပဲ ဆရာကြီး၏ ဩရှရှအသံဝါကြီးက ခန်းမကြီးတစ်ခုလုံးကို ဖုံးလွှမ်းသွားပါတော့သည်။

"အရွေးချယ်ခံပညာရှင် ဆယ်ယောက်ထဲမှာပါပေမဲ့ ဒီပွဲကို



အချိန်မီရောက်မလာနိုင်တဲ့ ကျွန်တော့်သားလေး နေရောင်နဲ့ပတ်သက်ပြီး စကားနည်းနည်းလောက် ပြောပါရစေ"

စကားဆုံးလျှင် ဆုံးချင်းမှာပဲ နောက်ဘက်ရှိ Projector ပိတ်ကားကြီးမှာ ပုံစံတစ်မျိုး ပြောင်းသွားပါတော့သည်။

ကြည့်နေကြသူတွေမှာ 'ဟာ' ခနဲ၊ 'ဟင်' ခနဲ။

ပိတ်ကားပေါ်မှာ ပေါ်လာသည်က အရင်လို ပန်းပုရုပ်တစ်ခု၏ ပြကွက်မဟုတ်။

ကြက်သီးဖျန်းဖျန်း ထသွားစေလောက်သည့် ခံစားမှုတွေနှင့် အကြောင်းများ။

ဦးလေးငွေ . . .

ကျွန်တော့်ကို လိုက်မရှာပါနဲ့။ သစ်ပင်ရန့်တွေရဲ့ ခေါ်ဆောင်ရာနောက်ကို ကျွန်တော် လိုက်သွားပြီ။ ဘယ်ဆီဘယ်ဝယ်မသိဘူး။ ကျွန်တော်ထွင်းထုရမယ့် ရုပ်တုတစ်ခုအတွက် ဘယ်သူမှမသုံးရသေးတဲ့ သစ်ပင်အမျိုးအနွယ်တစ်ခုအတွက် ကျွန်တော် ထွက်ခွာသွားပြီ။

တစ်ခုပဲ မှာခဲ့ပါရစေ။ ပြပွဲရက်အမီ ကျွန်တော် ပြန်ရောက်ချင်မှ ရောက်လိမ့်မယ်။ ရောက်မလာခဲ့ရင်တော့ ကျွန်တော့်ကို လိုက်ရှာပေးပါ။ ကျွန်တော့်အလုပ်ခန်းထဲက နောက်ဆုံးထွင်းထုခဲ့တဲ့ ရုပ်ပုံရဲ့ခြေရာကို ကောက်ပြီး လိုက်ရှာပေးပါ။

အဲဒီအချိန်မှာ ကျွန်တော် အသက်ရှင်လျက် ရှိချင်မှရှိတော့မယ်။ အကယ်၍ အသက်ရှင်လျက်မဟုတ်ဘဲ ကျွန်တော့်ရုပ်အလောင်းကိုသာ ရှာဖွေတွေ့ခဲ့မယ်ဆိုရင်တော့ အောက်မှာရေးထားတဲ့ အချက်အလက်တွေကို မပျက်မကွက်လုပ်ပေးဖို့ အထူးတောင်းဆိုပါတယ်။

(၁) ကျွန်တော်အသက်ပေးပြီး ထုလုပ်ခဲ့တဲ့ ရုပ်တုပုံတူ ပန်းချီကို ကျွန်တော့်အုတ်ဂူခေါင်းရင်း အပြင်နံရံမှာ ရေးထွင်းပေးပါ။



www.burmeseclassic.com

www.burmeseclassic.com

(၂) ပကတိရုပ်တုလေးကိုတော့ ကျွန်တော်နဲ့အတူ မြေမြှုပ်သင်္ဂြိုဟ်ပေးပါ။

(၃) ကျွန်တော့်လည်ပင်းမှာ မေမေပေးထားတဲ့ လက်စွပ်ဆွဲပေးဖို့ မမေ့ပါနဲ့။

(၄) ကျွန်တော့်ရုပ်ကလာပ် မြေကျချိန်မှာ လိုက်ပါပို့ဆောင်ကြသူတွေအားလုံး လက်ခုပ်တီးပေးကြပါ။

လောကကြီးမှာ ကျွန်တော်ထမ်းရမယ့် တာဝန်ကို ကျေပွန်အောင် အကောင်းဆုံး ထမ်းရွက်သွားနိုင်သူတစ်ယောက်အဖြစ် ဂုဏ်ပြုတဲ့အနေနဲ့ပေါ့။

နေရောင်

ထိုစဉ်မှာပဲ . . .

"ဒါ ကျွန်တော့်သားနေရောင် ရေးသွားခဲ့တဲ့စာပါ။ သူ ဘယ်အရပ်၊ ဘယ်ဌာနေ ရောက်နေလည်းမသိဘူး။ ဘာတွေလုပ်လို့ ဘာတွေဖြစ်နေမှန်းလည်း မသိဘူး။ သူ အရမ်းမျှော်လင့်အားခဲထားတဲ့ ဟောဒီပွဲကိုလည်း အချိန်မီ ရောက်မလာနိုင်ခဲ့ဘူး။

အနုပညာနဲ့ပတ်သက်ပြီး သူ ဘယ်လောက်အထုံ ဝါသနာကြီးတယ်ဆိုတာကို ဟောဒီစာကိုဖတ်ပြီး သိနိုင်ပါတယ်။ ဒါကြောင့် သူလိုလူမျိုးတစ်ယောက်အတွက် ကျွန်တော် လုပ်နိုင်တာတစ်ခုကို လုပ်ပေးဖို့ရောက်လာခဲ့တာပါ"

ဆရာကြီးဦးငွေဆိုင် စကားကို ခဏနားလိုက်တော့ နားထောင်နေကြသူအားလုံး၏ရင်ထဲမှာ မောသွားကြသည်။ ဘာကိုမှန်းမသိ ဝမ်းနည်းမှုလိုလိုကိုလည်း ခံစားလိုက်ရ၏။ လက်ဖက်ရည်ဆိုင်တွင် ထိုင်နေသူ ကိုချိုတို့အုပ်စုမှာလည်း မျက်တောင်မခတ်စတမ်း အစီအစဉ်မှ ထပ်ထွက်လာမည့်စကားတို့ကို နားစွင့်နေသည်။

"တကယ်တော့ . . . နေရောင်က ကျွန်တော့်သားအရင်း မဟုတ်ပါဘူး။ မွေးစားထားတာလို့ ပြောရင်လည်း ရပါတယ်။ သူက ( . . .)



လို့ခေါ်တဲ့ မိဘမဲ့ကလေးထိန်းသိမ်းရေးကျောင်းမှာ မွေးစအရွယ်ကတည်းက နေခဲ့ရတယ်။ အဖေ၊ အမေ ဘယ်သူလဲ မမြင်ဖူးဘူး။ သေသလား၊ ရှင်သလားလည်း မသိဘူး။ အဖေ၊ အမေ ခေါ်ခွင့်လည်း အခုအရွယ်အထိ သူ့မှာမရှိခဲ့ပါဘူး။

ဒါပေမဲ့ သူတစ်ခုကိုတော့ သေသေချာချာ ယုံကြည်နေတယ်။ အဲဒါက သူအရမ်းတွေ့ချင်နေတဲ့ အဖေနဲ့အမေ လောကကြီးထဲမှာ ရှိနေသေးတယ်ဆိုတာကိုပဲ။ ရှိ၊ မရှိ မသေချာပါဘူး။ တကယ်လို့သာ ရှိနေခဲ့မယ်ဆိုရင်တော့ အခု ဒီအခန်းမထဲမှာ ရှိနေသူများအပါအဝင် မြန်မာနိုင်ငံအနှံ့က အခုအစီအစဉ်ကို ရုပ်/သံက ကြည့်ရှုအားပေးနေသူများထဲမှာ သူ့အဖေသော်လည်းကောင်း၊ သူ့အမေသော်လည်းကောင်း ပါဝင်နေပါစေလို့ ကျွန်တော်အရင်ဆုံး ဆုတောင်းလိုက်ပါတယ်။ ဟောဒါက နေရောင်ရဲ့ပုံပါ"

ဆရာကြီးဦးငွေဆိုင်က ပြောပြောဆိုဆို ဓာတ်ပုံတစ်ပုံအား ထုတ်ကာ မြင်သာအောင် ထောင်ပြတော့ ချက်ချင်းပင် Projector ပေါ်မှ စာသားများပျောက်ပြီး နေရောင့်ရုပ်ပုံကြီးက ထင်ရှားစွာ ပေါ်လာသည်။ ခန်းမကြီးထဲမှလူများ လှုပ်လှုပ်ရွရွဖြစ်သွားကြသည်။ ရုပ်သံအစီအစဉ်တွေမှာလည်း နေရောင့်ရုပ်ပုံက မြင်ကွင်းအပြည့်။

"တကယ်တော့ ကျွန်တော့်သားလေးနေရောင်ဟာ သူ့ကို ရက်ရက်စက်စက်စွန့်ပစ်သွားတဲ့ မိဘနှစ်ပါးကို တွေ့ရဖို့ သက္ကရာဇ်ပေါင်းများစွာ ကြိုးစားခဲ့ပါတယ်။ သူ့ရဲ့ကြိုးစားမှုကတော့ ဟောဒီလိုရုပ်တုတွေ ထုလုပ်တာပေါ့"

ဆရာကြီး ဦးငွေဆိုင်က စားပွဲပေါ်မှရုပ်တုအား လက်ညှိုးထိုးရင်းပြောတော့ အကုန်လုံးအကြည့်တွေ ရုပ်တုဆီရောက်ကုန်သည်။ ဒါပေမဲ့ ကျောပေးလျက်မို့ မသဲမကွဲနှင့် မချင့်မရဲ။

"ဒီရုပ်တုနာမည်က 'စွန့်ပစ်သွားတဲ့မေမေ' လို့ခေါ်ပါတယ်။ ဒါဟာ နေရောင့်အလုပ်ခန်းထဲမှာရှိတဲ့ 'အမေ' ရုပ်တုပေါင်းများစွာထဲကမှ ရုပ်တုတစ်ခုပါ။ ဒီလိုရုပ်တုမျိုးတွေ အရွယ်စုံ၊ ပုံသဏ္ဌာန်အစုံ သူ့အခန်း



www.burmeseclassic.com

www.burmeseclassic.com

ထဲမှာရှိတယ်။ ပြီးတော့ ရုပ်တုအားလုံးမှာလည်း ထူးခြားချက်တစ်ခုရှိတယ်။ အဲဒါက ရုပ်တုတစ်ခုနဲ့တစ်ခု မျက်နှာတွေက ဘယ်လိုမှခွဲမရအောင် တူညီနေခြင်းပါပဲ"

"ဟာ . . . "

"အို . . . "

နားထောင်နေသူများ အာမေဋိတ်သံတွေ ထွက်သွားကြသည်။ ပြီးတော့ ရုပ်တုရဲ့မျက်နှာကိုလည်း မက်မက်မောမော ကြည့်ချင်သွားကြ၏။

"တကယ်တော့ သူ့နှလုံးသားထဲမှာရှိနေတဲ့ သူမြင်ချင်တဲ့ သူ့မေမေပုံတူကို စိတ်မှန်းနဲ့ ပုံဖော်ထုလုပ်ထားတာပါ။ ရည်ရွယ်ချက်ကတော့ အကယ်၍များ ဒီရုပ်တုတွေကို သူ့အမေသော်လည်းကောင်း၊ အဖေသော်လည်းကောင်း မြင်တွေ့ခဲ့မယ်ဆိုရင် သူ့ကို သားတစ်ယောက်အဖြစ် အသိအမှတ်ပြုပြီး ဆုံတွေ့ကြဖို့ပါပဲ။ ဒါပေမဲ့ နေရောင့်ရဲ့ရည်ရွယ်ချက် ယနေ့တိုင် မပြည့်ဝသေးပါဘူး"

ပြောပြီး ဆရာကြီးဦးငွေဆိုင်က ပရိသတ်ဆီ ကျောပေးထားသော ရုပ်တုဆီသို့ တစ်လှမ်းချင်း ရွှေ့ကာသွားသည်။ ထို့နောက် ရုပ်တုအား ပရိသတ်ဆီသို့ မျက်နှာမူလိုက်သည့်အခါမှာတော့ . . .

ရှိနေသူအားလုံး၏ အကြည့်တွေက ရုပ်တုဆီသို့အရောက် . .

Projector ပေါ်မှာလည်း နေရောင့်ရုပ်ပုံဖယ်၍ ရုပ်တုမျက်နှာပေါ်သွားစဉ်မှာပဲ ခန်းမကြီးတစ်ခုလုံးက အပ်ကျသံမကြားရလောက်အောင် တိတ်ဆိတ်သွားလေသည်။ အားလုံး၏ရင်ထဲမှာလည်း အမျိုးအမည်မသိသော ခံစားမှုတစ်ခုကို ခံစားလိုက်ရသည်။ အမေတစ်ယောက် ထပ်ရလိုက်ကြသလို။

ပြီးတော့ ဝေါခနဲ ဆူညံသွားကြတော့၏။ စုတ်သပ်သံတွေ၊ မချင့်မရဲ ရေရွတ်သံတွေလည်း ညံသွားသည်။

ထိုစဉ်မှာပဲ ဆူညံသွားသောပွဲရှိန်ကို ဆရာကြီးက နောက်တစ်ဆင့် ထပ်တိုးပေးလိုက်သည်။ အဲဒါက အိတ်ကပ်ထဲမှ တစ်စုံတစ်ရာအား ထုတ်လိုက်ခြင်း။



"ဟောဒါကတော့ နေရောင် မိဘမဲ့ကျောင်းကို ရောက်လာကတည်းက လည်ပင်းမှာဆွဲလျက်ပါလာတဲ့ လက်စွပ်လေးပါပဲ"

ထိုစကားနှင့်အတူ ပိတ်ကားကြီးပေါ်မှာလည်း လက်စွပ်လေးက နေရာယူသွားပြန်သည်။

"ဘယ်သူပေးခဲ့လည်း မသိပေမယ့် နေရောင်ကတော့ ဒီလက်စွပ်ကို သူ့အမေပေးခဲ့တာလို့ တစ်ထစ်ချ ယုံကြည်နေတယ်။ မိဘတွေကို လွမ်းတဲ့အခါတိုင်း၊ အမေခေါ်ချင်တဲ့အခါတိုင်း၊ မိသားစုနဲ့အတူ နေချင်တဲ့အခါတိုင်း ဒီလက်စွပ်လေးကို ထုတ်ထုတ်ကြည့်ပြီး တစ်ယောက်တည်း စကားတွေပြောနေတတ်တယ်။ အရမ်းသနားဖို့ကောင်းပါတယ်ဗျာ။ ကျွန်တော်ဆိုရင် သူ့ကိုကြည့်ပြီး ခဏခဏ စိတ်မကောင်းဖြစ်မိတယ်"

ဆရာကြီးမှာ စို့နင့်သွားဟန်ဖြင့် စကားကိုရပ်လိုက်သည်။ အကုန်လုံး၏ရင်ထဲမှာလည်း စွတ်စွတ်စိုစိုဟာတာလို့။

ခဏကြာသွားပြီးသည့်နောက်မှာတော့ ဆရာကြီး ဦးငွေဆိုင်၏ စကားတွေက တိကျသေချာစွာ တစ်လုံးချင်း ထွက်လာလေတော့သည်။

"ကျွန်တော် မေတ္တာရပ်ခံပါတယ်ဗျာ။ ဒီအချက်အလက်တွေဟာဖြင့် မိဘမဲ့သော သားတစ်ယောက်အနေနဲ့ မိဘတွေနဲ့ ပြန်ဆုံနိုင်ဖို့ အကောင်းဆုံး အထောက်အထားတွေပါ။ အဲတော့ အစီအစဉ်ကို ကြည့်နေသူတွေထဲမှာ နေရောင့်မိဘတစ်ဦးဦးများ ရှိနေခဲ့မယ်ဆိုရင် ကျွန်တော် ထပ်တောင်းပန်ပါတယ်။

နေရောင့်ကို ခင်ဗျားတို့ရဲ့သားတစ်ယောက်အဖြစ် အသိအမှတ်ပြုပေးကြပါဗျာ။ သူ့အတွက် အဖေအမေ ခေါ်ခွင့်ပေးလိုက်ကြပါ။ မိသားစုနဲ့နေချင်တဲ့ သူ့ဆန္ဒလေးတွေကို တစ်ကြိမ်တစ်ခါလောက်ပဲဖြစ်ဖြစ် ဖြည့်ဆည်းပေးလိုက်ကြပါ"

ပြောနေရင်းနဲ့ ဆရာကြီးမှာ အသံတိမ်ဝင်သွားပြီး မျက်ရည်တွေစီးကျလာသည်။ ပြီးတော့ အံကို တင်းတင်းကြိတ်ရင်း နောက်ဆုံးအနေဖြင့် စကားတစ်ခွန်းကို ထပ်ပြောသည်။



www.burmeseclassic.com

www.burmeseclassic.com

"အခု ကျွန်တော့်ရဲ့သားလေး ဘယ်သောင်ဘယ်ကမ်း ဆိုက်နေလဲမသိပါဘူး။ သူမျှော်လင့်ခဲ့တဲ့ သူ့ရဲ့ရည်ရွယ်ချက်တွေလည်း အချိန်လွန် ပျက်စီးသွားပြီ။ မြန်မာနိုင်ငံ အရပ်ရပ်မှာရှိနေကြတဲ့၊ အခုအစီအစဉ်ကို ကြည့်ရှုအားပေးနေကြတဲ့ ပြည်သူမျှားခင်ဗျား . . . ဟောဒီဓာတ်ပုံထဲကအတိုင်း ကျွန်တော့်သားလေးကိုများ တွေ့မြင်မိမယ်ဆိုရင် ကျွန်တော့်ကို အမြန်ဆုံး ဆက်သွယ်ပေးကြဖို့ တောင်းဆိုပါတယ်။ အမြန်ဆုံး ဆက်သွယ်ပေးကြပါဗျာ။ အမြန်ဆုံး ဆက်သွယ်ပေးကြပါ"

ထို့နောက်မှာတော့ ဆရာကြီးဦးငွေဆိုင်၏ အံကြိတ်ငိုရှိုက်သံတွေသာ ထွက်ပေါ်လာတော့သည်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်ရှိ ဖန်သားပြင်များပေါ်တွင်လည်း နေရောင်၏ရုပ်ပုံ၊ သူထွင်းထုခဲ့သော အမေရုပ်တု၊ ပြီးတော့ လက်စွပ်လေးတစ်ကွင်း၊ ဆရာကြီးဦးငွေဆိုင်၏ ဝမ်းပမ်းတနည်း ပူပန်မှုမျက်နှာတွေမှာ တစ်လှည့်စီ တင်ဆက်ပေါ်လွင်လာသည်။

ထို့အတူ ဆရာကြီး၏ သားအရင်းမဟုတ်သော်ငြားလည်း သားအရင်းကဲ့သို့ မေတ္တာကရုဏာကြီးသော စကားစုတွေမှာလည်း ကြည့်ရှုနားထောင်ကြသူအားလုံး၏ ရင်ထဲမှာ နက်နက်နဲနဲ လှုပ်ခါစီးမျောသွားသည်။

ထိုစဉ်မှာပဲ . . .

"ဟာ . . . လုပ်ကြပါဦး၊ လုပ်ကြပါဦး။ အပြင်မှာ ဒုက္ခတွေများကုန်ပြီ"

ထိတ်လန့်တကြားအော်ရင်း လူတစ်ယောက် ခန်းမကြီးထဲ ပြေးဝင်လာသည်။ ထိုအော်သံကြောင့် အားလုံး၏အကြည့်တွေက ထိုလူဆီ ရောက်သွားမိစဉ်မှာပဲ . . .

"အပြင်မှာ . . . အပြင်မှာ လူတွေ အတုံးအရုံး လဲကုန်ကြပြီ"

"ဘာ . . . "

"ဟင် . . . "

ထိတ်ထိတ်ပျာပျာဖြင့် တစ်ယောက်ကိုတစ်ယောက် ကြည့်မိ



သွားကြစဉ် တာဝန်ရှိသူတစ်ယောက်က ထိုင်ရာမှထရပ်ရင်း လှမ်းမေးသည်။

"ဘာဖြစ်တာလဲ . . . ဘာတွေဖြစ်ကုန်လို့လဲ"

"လမ်း . . လမ်းမပေါ်မှာ လူတစ်ယောက် ပန်းပုရုပ်တစ်ရုပ်ကို ကိုင်ပြီး လဲကျနေတယ်။ အဲဒီပန်းပုရုပ်တုကို ကြည့်မိတဲ့လူတိုင်း ဘယ်လိုဖြစ်သွားတယ်မသိဘူး အသိလွတ်ပြီး လဲကျကုန်တော့တာပဲ။ လမ်းတွေလည်း ပိတ်နေပြီ။ ကားတွေလည်း ဆက်သွားလို့ မရတော့ဘူး"

"ဟာ . . . "

"ဟယ် . . . "

"ဘုရား . . . ဘုရား . . . "

"ဗုဒ္ဓေါ . . . ဘာတွေဖြစ်ကုန်တာပါလိမ့်"

ချက်ချင်းပင် ခန်းမကြီးထဲမှလူများ ဝေါခနဲ အပြင်ပြိုဆင်းသွားသည်။ ရှေ့ဆုံးမှ ပြေးထွက်သွားသူက မုယော။

အပြင်ရောက်ရောက်ချင်းပင် တွေ့လိုက်ရတာက . . .

"အို . . . "

သူမတို့ရှိနေရာသည် ဒုတိယထပ်မို့ လမ်းမပေါ်မှမြင်ကွင်းကို ရှင်းလင်းစွာ မြင်နေရသည်။ လမ်းမပေါ်တွင် လူတွေ မြင်မကောင်းအောင် အလဲလဲအပြိုပြို ဖြစ်နေသည်။ ထိန်းမတ်သူ၊ ထူမသူ၊ သတိပေးသလို တောင့်တောင့်ကြီးရပ်နေသူ၊ လဲပြိုကျနေသူများနှင့် မြင်ကွင်းက ရှုပ်ယှက်ခတ်နေသည်။ ကားလမ်းပိတ်သွားသည့်အတွက် ကားဟွန်းသံတွေမှာလည်း ဆူညံပေါက်ကွဲမတတ်။

ဒါပေမဲ့ ထိုအရပ်အထွေးကြားမှာပင် သူမ တစ်စုံတစ်ရာကို ရှာဖွေတွေ့ရှိလိုက်ပြီ။

ထိုအရာက . . .

ယခုအဖြစ်အပျက်တို့၏ စတင်ရာ ရုပ်တုလေး။

ပြီးတော့ ထိုရုပ်တုလေးအား မှောက်လျက်လဲကျနေလေ[illegible]မှပင် ပြင်းပြင်းထန်ထန် ဖက်တွယ်ထားတဲ့ လူတစ်ယောက်။



www.burmeseclassic.com

www.burmeseclassic.com

"မောင် . . . "

နှုတ်ထွက်စကား ဆုံးဆုံးချင်းမှာပင် သူမခန္ဓာကိုယ်က ထိန်းချုပ်မရနိုင်သော ခွန်အားတို့နှင့်အတူ အောက်သို့ ပြေးဆင်းခဲ့လေတော့သည်။

ကားတွေ၊ ရပ်တန့်ကြောင်ငေးနေသူတွေ၊ လဲပြိုမေ့လျော့နေသူတွေကို ဖြတ်ကျော်၍ အနီးဆုံးနေရာသို့ သူမရောက်ရှိသွားစဉ်မှာတော့ . . .

"မောင် . . . "

ကျယ်ကျယ်အော်ဟစ်ရင်း သူမပြေးပွေ့လိုက်သည်။ သို့ပေမဲ့-

အေးစက်နေသော ခန္ဓာကိုယ်နှင့် အရိုးပေါ်အရေတင်နေသော ရုပ်တရားတစ်ခုကသာ သူမလက်တွင်းသို့ ပါလာသည်။

"မောင် . . . မောင် . . . မုယောလေ . . . မောင့်ဆီးမှာ မုယောရောက်နေပြီလေ . . ထပါဦး မောင်ရဲ့။ မောင် . . . မောင် . . "

အေးစက်ပြာညိုနေသော ခန္ဓာကိုယ်အား တဆတ်ဆတ်လှုပ်ခါရင်း မျက်လုံးမှာ မျက်ရည်တို့ မထိန်းနိုင်အောင် ကျလာသည်။

"မောင်ရယ် . . . ဖြစ်မှဖြစ်ရလေ"

ဒီလောက်ပဲ ကိုယ့်ကိုယ်ကိုယ် ပင်ပန်းဆင်းရဲခံရသလား။ မောင်ဟုပင် ထင်စရာမရှိအောင် ရုပ်ရည်က ကျဆင်းလွန်းနေ၏။

ရင်ခွင်ပိုက်ပွေ့ထားလျက်မှ အတိုင်းအဆမရှိ များပြားလာသော ဝမ်းနည်းစိတ်တို့နှင့်အတူ သူမ၏ အော်ဟစ်ငိုယိုသံသာ ဖုံးလွှမ်းသွားလေတော့သည်။ ရုပ်ပျက်ဆင်းပျက်ဖြစ်နေသော မောင့်မျက်နှာကို ကြည့်နေရင်းနဲ့ မျက်ရည်တွေ မောင့်ပါးပြင်ပေါ်သို့ တစ်စက်ချင်း ကျဆင်းသွားသည်။

ရှိနေသူတွေ အားလုံးကလည်း လမ်းပေါ်တွင် တောင့်မတ်နေသော ရုပ်တု၏ ဆွဲငင်အားကို ရုန်းမထွက်နိုင်စွာ သူမနဲ့မောင့်ကို သတိမထားမိကြ။ ထိုစဉ်မှာပဲ သူမရဲ့လက်က မောင့်လည်ပင်းတစ်နေရာကို စမ်းမိသွားလေသည်။



"ဟင် . . . ပုလင်းလေးရော။ သူမတို့နှစ်ယောက် အဝေးဆုံးဝေးကြလျှင် သောက်ဖို့ မောင့်လည်ပင်းမှာ သူမကိုယ်တိုင်ဆွဲပေးထားတဲ့ အဆိပ်ပုလင်းလေးရော။ ဘုရား . . . ဘုရား . . . "

အတွေးတစ်ခုနဲ့အတူ မုယောခန္ဓာကိုယ် တောင့်မတ်သွားသည်။ ပြီးတော့ မောင့်ပုံစံကို သေချာကြည့်သည်။ မျက်ကွင်းတွေညိုနေသည်။ နှုတ်ခမ်းတွေပြာနေသည်။ ပြီးတော့ ခန္ဓာကိုယ်က အလောင်းတစ်လောင်းလို အေးစက်နေသည်။ ချက်ချင်းပဲ မောင့်နှာခေါင်းပေါ် သူမလက်တင်လိုက်တော့ . . .

အသက်ရှုသည့် အထိအတွေ့တစ်ခုကို သူမလက်ဖဝါးမှာမရ။ ထိုစဉ်မှာပဲ သူမ တစ်ချိန်ကပြောခဲ့သည့် စကားတွေကို နားထဲမှာ ပြန်လည်ကြားယောင်လာ၏

"လောကကြီးက အကယ်၍များ မောင်နဲ့မုယောကို ဆုံဆည်းခွင့်မပေးခဲ့ရင် မုယော ဒီပုလင်းထဲက အဆိပ်ကိုသောက်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်မှာ။ ပြီးတော့ မောင့်ကိုလည်း တစ်ယောက်တည်း မထားခဲ့နိုင်ဘူး။ မောင်လည်းသောက်ရမယ်။ ဒီတော့မှ တို့နှစ်ယောက် နောက်ဘဝမှာ အတူတူလူဖြစ်ခွင့်ရပြီး ဆုံဆည်းရမှာလေ"

"ဘာလဲ . . . မောင်က မသောက်ရဲလို့လား"

"သိပ်သောက်ရဲတာပေါ့"

သူမပြောခဲ့သော စကားတွေဖြစ်ပေမယ့် ယခု မောင်က အရင်ရဲရင့်ပြသွားပြီလား။

"လွမ်းလို့သေကြေးဆို မုယောအရင် မောင်သေသွားမှာပါ။ တမလွန်ကပဲ မုယောရောက်အလာကို မောင်စောင့်နေတော့မယ်"

နောက်ဆုံးခွဲခွာခါနီး မောင်ပြောခဲ့သောစကားကို ပြန်လည်ကြားယောင်သွားမိစဉ်မှာပဲ သူမ သဘောပေါက်စပြုခဲ့ပါပြီ။ ထိုစကားတွေဟာ သူ့ကိုယ်သူသိနေတဲ့ မောင့်နိမိတ်စကားတွေလား၊ ဒီရုပ်တုပေါ်မှာသူ့ရဲ့ အသက်ဝိညာဉ်ကို ပူဇော်ခဲ့ရမှာမို့ ဒီလိုစကားတွေ ပြောသွားခဲ့တာလား။

သူမနှလုံးမှာ တဆတ်ဆတ် နာလာပါပြီ။ လည်ပတ်မှုသွေးတွေ

www.burmeseclassic.com

အားလုံး ပွန်းပြီး သွေးကြောတွေတင်းမာလာခဲ့ပြီ။ ဘာပဲပြောပြော မောင်ရဲရင့်ပြသွားခဲ့ပါပြီ။ သူ့ရဲ့နာမည်ကိုလည်း လောကကြီးမှာ အကောင်းဆုံးလွှင့်ထူနိုင်ခဲ့ပြီ။ သူမကရော . . .

ဟင့်အင်း . . . မနေပါဘူး။ မောင်မရှိတဲ့ မြေပြင်ပေါ်မှာလည်း သူမ ခြေစုံမရပ်ချင်တော့ဘူး။ မောင်ပျောက်ကွယ်သွားတဲ့နောက်မှာ သူမဘဝလည်း အဓိပ္ပာယ်မဲ့သွားပြီ။

'မောင်ရယ် . . . မုယောကို ဘာလို့မစောင့်ရတာလဲ။ မုယောတို့ အတူတူသေမှာပေါ့'

မောင်နှင့် ပါးချင်းကပ်ရင်း သူမ တတွတ်တွတ်ပြောနေမိသည်။ အရိုးနှင့်အရေသာ ကျန်တော့သည့် မောင့်ပါးပြင်က အေးစက်လို့။

"မုယောပေးမယ့် မွေးနေ့လက်ဆောင်ကိုတောင် မောင်ဘာလို့စောင့်မယူသွားရတာလဲ ဟင်"

ဒါပေမဲ့ သူမ ယုံကြည်နေသည်။ မောင် ဒီအနီးအနားမှာ ရှိနေလိမ့်ဦးမည်။ ရုပ်ခန္ဓာသာကျန်တော့ပေမယ့် မောင့်ရဲ့စိတ်ဝိညာဉ်က ဒီအနီးအနားမှာပင် သူမကို စောင့်ကြည့်နေလိမ့်မည်။ ပြီးတော့ နောက်ဘဝမှာ အတူတူလက်တွဲဖို့ သူမကို စောင့်နေလိမ့်မည်။

ဟုတ်တယ်။ မောင် ငါ့ကိုစောင့်နေမှာ။

အတွေးနဲ့အတူ သူမလက်က လည်ပင်းဆီရောက်သွားတော့ ပုလင်းလေးတစ်လုံးက သူမဆွဲအဖြုတ်ကို စောင့်နေသည်။ ခပ်ဆတ်ဆတ်ဆွဲလိုက်စဉ်မှာပဲ ကြိုးပြတ်ပြီး လက်တွင်းမှာပါလာ၏။

ပြီးတော့ . . .

'ဖောက်' ခနဲ အဖုံးဖွင့်သံကို ကြားရသည်။ သူမရဲ့လုပ်ရပ်ကို ဘယ်သူတွေတားကြမလဲ။ တားမယ့်သူ မရှိပါဘူး။ လူသားအားလုံးက မောင်အသက်ပေးပူဇော်ခဲ့တဲ့ ရုပ်တုကလွဲပြီး ဘယ်ဆီမှာမှ အာရုံမရှိကြဘူး။ ရုပ်တုလေးကတစ်ဆင့် မောင့်နည်းတူ လဲပြိုနေတဲ့လူတွေလည်း မြင်မကောင်းဘူး။

ထို့နောက်မှာတော့ . . .



စိမ်းပြပြ အရသာတစ်ခုကို ခံစားရသည်။ လည်ချောင်းမှာ ပူဆင်းသွားသည်။ ပြီးတော့ . . .

ပြီးတော့ . . .

အသိတွေ ဝေဝါးသွားတာလား။ မဟုတ်ဘူး။ မျက်လုံးတွေ ဝေဝါးသွားတာ။ အမြင်အာရုံတွေ ဝေဝါးလာတာ။ ဒါပေမဲ့ ကျန်သေးတဲ့ အသိနည်းနည်းကိုထိန်းရင်း တစ်နေရာကိုမြင်အောင် ကြည့်မိသည်။ မောင့်ရဲ့နဖူးပြင်။

မြင်ရပြီ။ မောင်ရဲ့နဖူးပြင်ကို မှုန်ဝါးဝါးကြားမှာပဲ။ သူမမြင်ရပြီ။ ထို့နောက်တော့ တဆတ်ဆတ်တုန်နေတဲ့ နှုတ်ခမ်းနှစ်လွှာကို အားယူ၍ သူမ မောင့်ကိုပြောခဲ့သော နောက်ဆုံးစကားတွေအဖြစ် . . .

"မုယော မောင့်ကို အရမ်းချစ်တယ်။ ဘယ်သူ့ကိုမှ မပေးဘူးတဲ့။ မွေးနေ့လက်ဆောင်လည်း မောင့်ကိုပေးမယ်။ တမလွန်မှ မောင်မြင်နိုင်၊ ကြားနိုင်ပါစေ"

စကားဆုံးသွားတော့ သူမဦးခေါင်းအောက် ငုံ့သွားသည်။ ပြီးတော့ မွေးနေ့ရှင်မောင့်အတွက် ချစ်သူတစ်ယောက်၏ အကောင်းဆုံးမွေးနေ့လက်ဆောင်တစ်ခုကို သူမ ဖန်ဆင်းပေးလိုက်ပါတော့၏။

မောင့်နဖူးပြင်နှင့် သူမနှုတ်ခမ်း ထိတွေ့သွားသည်။ ထိုခဏမှာပဲ . . .

ထိုအတိုင်းလေးပဲ

သူမနဲ့ မောင့်ရဲ့ကမ္ဘာက အမှောင်ကျသွားပါပြီ။

အရာရာသည် သေ့ခြောက်မှောင်မည်းလို့။



www.burmeseclassic.com

www.burmeseclassic.com

# XII

မြင်မြင်သမျှအရာရာတိုင်းက အဖြူရောင် အခိုးအငွေ့တွေဖြင့်သာ ရစ်သိုင်းနေတယ်။ ဘယ်နေရာကိုကြည့်ကြည့် အဖြူရောင်တွေချည်းပဲ။ ကျွန်တော်တို့ နင်းလျှောက်နေတာက မြေပြင်မဟုတ်ဘူး။ ထိုအခိုးအငွေ့တွေပေါ်မှာ။

တိမ်တွေကြားထဲရောက်နေသလို ခံစားနေရတယ်။

ကျွန်တော့်ဘေးမှာက အဖြူရောင် ဂါဝန်ရှည်လေးနဲ့ မုယော။ ခေါင်းမှာ သရဖူလေးဆောင်းပြီး ပခုံးမှာ အဖြူရောင်တောင်ပံဝိုင်းဝိုင်းလေး တစ်စုံ တပ်ထားတယ်။ အရမ်းလှတာပဲ။

ကျွန်တော်ကရော . . .

ကျွန်တော်လည်း ထိုနည်းလည်းကောင်းပါပဲ။ အဖြူရောင်ထက်အောက်ကို ဆင်မြန်းထားပြီး ပခုံးမှတောင်ပံတစ်စုံပါတယ်။ ကျွန်တော်တို့နှစ်ယောက် တစ်ယောက်လက်ကိုတစ်ယောက် မြဲမြဲဆုပ်ကိုင်ထားကြတယ်။ လွတ်ထွက်သွားမှာကို သေမလောက် ကြောက်ရွံ့စိုးရိမ်နေကြပုံပဲ။



ပြီးတော့ နှစ်ယောက်စလုံး ပြေးထွက်သွားကြပါတယ်။

ဘယ်ကိုသွားနေမှန်း မသိဘူး။ အကြာကြီးပဲ။ ဒါပေမဲ့ ကျွန်တော့်တို့ လုံးဝမမောဘူး။ ရပ်တန့်ခြင်းလည်းမရှိဘူး။ ပြေးနေကြတုန်းပဲ။

ပြေးရင်းပြေးရင်းနဲ့ ဟိုးခပ်လှမ်းလှမ်းမှာ တောအုပ်တစ်ခုကို တွေ့ရတယ်။ ကျောက်ဆောင်၊ ကျောက်တုံးတွေနဲ့ စမ်းချောင်းလေးတွေတောင် စီးဆင်းနေတယ်။ လှမ်းမြင်ရကတည်းက ရင်ထဲမှာ အေးချမ်းလိုက်တာ။

ဘာအပူ တစ်စတစ်လေမျှ ရှိမနေသလိုပဲ။

တောအုပ်ဝရောက်တော့ ကျွန်တော်တို့ပြေးတာကို ရပ်လိုက်ကြတယ်။ ပြီးတော့ တစ်ယောက်လက်တစ်ယောက်ကိုင်ပြီး တောအုပ်တွင်းကို ခြေချလိုက်တယ်။

ဘာနံ့လေးလည်း မသိဘူး။ ချိုအီလတ်ဆတ်တဲ့ သစ်သီးရနံ့တစ်မျိုးနဲ့ တောအုပ်လေးက ကျွန်တော်တို့ကို ဆီးကြိုနေတယ်။

ထိုစဉ်မှာပဲ ခပ်လှမ်းလှမ်းက သစ်ပင်ကြီးတစ်ပင်က ကျွန်တော်တို့နှစ်ယောက်ကို စကားလှမ်းပြောတယ်။ ဘာပင်ကြီးလည်း မသိပါဘူး။

"လာကြကွ။ မင်းတို့နှစ်ယောက်ကို စောင့်နေတာ။ ဒါ မင်းတို့ချစ်သူနှစ်ယောက်အတွက် တစ်ဘဝစာ တောအုပ်လေးပဲ"

စမ်းချောင်းလေးကလည်း ပြောတယ်။

"ဒီတောထဲမှာ အပူအပင်တွေ မရှိဘူးဗျ။ ဘာပူလောင်ခြင်းမျှလည်း မဖြစ်ဘူး။ ခင်ဗျားတို့ကြုံတွေ့ရမယ့် အရာအားလုံးက ကျွန်တော့်ကိုယ်လုံးလေးလိုပဲ အေးချမ်းကြည်စင်နေမှာ"

သစ်ပင်က သစ်သီးလေးတွေကလည်း အားကျမခံပါဘူး။

"စားဖို့သောက်ဖို့ကိုလည်း မပူပါနဲ့ဗျာ။ ကျွန်တော်တို့ရှိပါတယ်။ ခင်ဗျားတို့နှစ်ယောက်အတွက် ကျွန်တော်တို့အားလုံး အဆင်သင့်ရှိနေကြတယ်"

သစ်သီးလေးတွေ ပြောအပြီးမှာ တစ်ချိန်လုံး ငြိမ်နားထောင်နေတဲ့ ကျောက်တုံးကြီး လှုပ်ရှားလာတယ်။

"မင်းတို့နှစ်ယောက် တော်တော်ကံကောင်းတယ်ကွ။ ဒီတော



www.burmeseclassic.com

www.burmeseclassic.com

အုပ်လေးထဲမှာ မင်းတို့ကလွဲပြီး သက်ရှိဆိုလို့ ဘယ်သူမှ မရှိကြဘူး။ အဓိက ကတော့ မင်းတို့ချစ်ခြင်းကိုခွဲမယ့် ဂုဏ်ပကာသနတွေမရှိဘူး။ အဆင့်အတန်းကွာဟမှုတွေ မရှိဘူး။ ပြီးတော့ အဲဒါတွေကို မက်မက်မောမော ဖက်တွယ်ထားတတ်တဲ့ မိဘ၊ ဆွေမျိုး၊ အသိုင်းအဝိုင်းတွေ မရှိဘူးပေါ့ကွာ”

ထိုစဉ်မှာပင် တစ်တောလုံး တုန်လှုပ်မြည်ဟည်းသွားတယ်။ ဘယ်လိုအသံ ထပ်ကြားရမလဲ။ နားထောင်ကြည့်တော့ အသံတစ်ခု ထွက်လာတယ်။ ဒီတစ်ခါတော့ တောအုပ်လေးကိုယ်တိုင်ပြောတဲ့ ရင်တွင်းဘာသာ စကားလေးပါ။

“အဲဒါ ဘာဖြစ်လို့လည်းဆိုတော့ ခင်ဗျားတို့နှစ်ယောက်က တစ်ဦးကိုတစ်ဦး တကယ်ချစ်ကြလို့။ အချစ်စစ်သာမှန်ရင် ဘာနဲ့ဖျက်ဖျက် မပျက်ဘူးဗျ။ ဘယ်လိုအနှောင့်အယှက်၊ အဟန့်အတားပဲဖြစ်ဖြစ် အချစ်စစ်ကို မတားဆီးနိုင်ဘူး”

စကားဆုံးသွားတော့ တောအုပ်လေးက မူလအတိုင်း ပြန်လည်ငြိမ်သက်သွားတယ်။ ချစ်သူနှစ်ဦးအတွက် ကံကောင်းမှုအသီးအပွင့်ကို ပွင့်ဖူးမွေးဖွားပေးဖို့ အားယူနေပါပြီ။

ကံကောင်းလိုက်ကြတာ . . . ။ ကျွန်တော်လည်း သူတို့လို ကံကောင်းချင်ပါရဲ့ . . . ။



## XIII

ဆေးရုံကြီးတစ်ခု၏ ရှေ့တွင် လူသူပရိသတ်တွေ ထောင်သောင်းမက များပြားပြည့်နှက်နေကြသည်။ ဆေးရုံ၏ အဝင်ဝတွင် လုံခြုံရေးအစောင့်အကြပ်တွေ တင်းတင်းကြပ်ကြပ် ချထားတာတောင် မျက်စိတစ်ဆုံး များပြားနေသော လူအုပ်ကြီးက ထိန်းသိမ်းမရနိုင်အောင် တိုးဝှေ့အော်ဟစ်နေကြ၏။

ဆေးရုံဝန်းကြီး တစ်ခုလုံးပင်မကဘဲ အပြင်လမ်းမပေါ်တွေမှာပါ ယာဉ်သွားယာဉ်လာလမ်းကြောတွေ ပိတ်ပေးရလောက်အောင် များပြားလွန်းလှသော လူအုပ်ကြီးအားကြည့်ရင်း လူတစ်ယောက် ခေါင်းတဆတ်ဆတ် ညိတ်ကာနေသည်။ သူ၏ မျက်ဝန်းတွေထဲမှာက ဂုဏ်ယူမှုပီတိတွေ ပြည့်လျှမ်းလို့။

သူက ကိုချို။

လွန်ခဲ့သော (၄၈) နာရီခန့်က ကမ္ဘာမှာ သတင်းတစ်ပုဒ်ထွက်ပြန်ခဲ့သည်။ အဲဒါက ဂရိနိုင်ငံ။ ဆန်တိုရင်ကျွန်းမှာ တည်ဆောက်မယ့်



www.burmeseclassic.com

www.burmeseclassic.com

ကမ္ဘာလုံးဆိုင်ရာ ရောမရုပ်ကြီးအတွက် ပမာပြုရုပ်တုကို ရှာတွေ့ခဲ့ပြီဖြစ်ကြောင်း . . .

ထိုရုပ်တုမှာ မြန်မာနိုင်ငံမှဖြစ်ပြီး ထုလုပ်သူပညာရှင်မှာ 'နေရောင်' ဟူ၍ဖြစ်ကြောင်း၊ အသက်အရွယ်မှာ ယခုမှ (၂၃) နှစ်ပင်ရှိသေးကြောင်း စသည့်သတင်းကို ကြေညာပြီးသည့်နောက် (၂၄) နာရီအကြာမှာပင်ယခုကဲ့သို့ ကမ္ဘာအရပ်ရပ်မှ လူသူပရိသတ်တွေ ရောက်ရှိပြည့်နှက်လာရခြင်းဖြစ်သည်။ ကြီး၊ ငယ် ကျားမအရွယ်စုံပါသည်။

နိုင်ငံတကာအသီးသီးမှ သတင်းထောက်တွေ၊ အစီအစဉ်တင်ဆက်သူတွေ၊ ဗီဒီယိုရိုက်ကူးသူတွေ၊ အနုပညာရှင် နေရောင်နှင့် တွေ့ဆုံမေးမြန်းဆွေးနွေးလိုသူတွေ၊ ဝါသနာရှင်၊ ပညာရှင်များနဲ့ အနုပညာကို သည်းသည်းသန်သန် အားပေးလိုသည့် ပရိသတ်တွေ။

အို . . . စုံလို့ပါပဲ။

ပြည့်သိပ်ကြပ်ညပ်စွာ တိုးဝှေ့အော်ဟစ်နေကြသော်လည်း ညည်းညူဟန်မရှိကြ။ အားလုံး၏မျက်ဝန်းတွေမှာ တစ်စုံတစ်ယောက်အား စောင့်မျှော်နေသည့်အရောင်တွေ လက်နေသည်။

ဟုတ်ပါ၏။ ယခုရောက်ရှိနေကြသူတွေအားလုံး 'နေရောင်' ကို မြင်တွေ့ခွင့်ရရန် စောင့်မျှော်နေကြခြင်းပါ။ ကင်မရာချိန်သူကချိန်၊ ဗီဒီယိုကင်မရာ မြှောက်သူတွေကမြှောက်၊ တစ်ခဲနက် အော်ဟစ်နေကြသူများက အော်ဟစ်။

အိုး . . . ကြက်သီးမွေးညင်းထဖို့ ကောင်းလိုက်တာ။

ကိုချိုက ဆေးရုံ၏ အတွင်းတစ်နေရာမှာ ရပ်ရင်း နေရောင့်အတွက် ပီတိလှိုင်းတွေ ဝေနေသလောက် နန်းဝေနှင့် သဲဝေမှာတော့ သတင်းထောက်များအကြား တတ်သလောက်၊ မှတ်သလောက် ဖြေကြားပေးနေရသည်။

"မစ္စတာနေရောင် သတိရနေပြီလား"

ရွှေရောင်ဆံပင်နှင့် မျက်လုံးပြာပြာ သတင်းထောက်တစ်ယောက်ကမေးသည်။



"အင်း . . . အတိအကျတော့ မသိရသေးပါဘူး။ မနက်ကတော့ သတိတစ်ချက် လည်လာတယ်"

"သူသတိလစ်နေတာ ဘယ်နရက်ရှိပြီလဲ မသိဘူး"

"ငါးရက်"

"ဘာလို့ သတိလစ်သွားရတာလဲ"

"အင်း . . . ကမ္ဘာကရွေးသွားခဲ့တဲ့ သူ့ရဲ့ 'ထာဝရရှင်သန်ခြင်း' (Immortality) ဆိုတဲ့ ပန်းပုရုပ်ကို နေ့မအိပ်၊ ညမအိပ် အစားအသောက်မစားဘဲ ထုလုပ်ခဲ့လို့ အာဟာရပြတ်ပြီး သတိလစ်သွားတာ"

"အို . . . "

• • •

နန်းဝေနည်းတူ သဲဝေမှာလည်း ဖင်ကုတ်၊ ခေါင်းကုတ်နှင့် ဖြေကြားပေးနေရ၏။

"သတိလစ်နေတာ နှစ်ယောက်လို့ ကြားတယ်နော်။ မစ္စတာနေရောင်နဲ့ ဘယ်သူလဲမသိဘူး"

"နေရောင်နဲ့ သူ့ချစ်သူပါ"

"မစ္စတာနေရောင်ရဲ့ချစ်သူက ဘာကြောင့် သတိလစ်သွားရတာလဲ"

"နေရောင် အာဟာရပြတ်ပြီး သတိလစ်လဲကျနေတာကို သေဆုံးပြီထင်ပြီး သူကိုယ်သူ အဆိပ်သောက်သတ်သေဖို့ ကြိုးစားခဲ့တာ"

"အို . . . ဘုရားသခင်"

"အခုတော့ အချိန်မီ ဆေးဝါးကုသခဲ့လို့ သတိပြန်ရနေပါပြီ။ စိုးရိမ်စရာ မရှိတော့ပါဘူး"

"သိပ်ချစ်ကြတဲ့ချစ်သူတွေပဲ"

• • •



www.burmeseclassic.com

www.burmeseclassic.com

"မစ္စတာနေရောင်က အသက် (၂၃) နှစ်ဆိုတာ တကယ်လား"

"ဟုတ်ပါတယ်"

"ဒီလောက်အသက်အရွယ်နဲ့ ဘာကြောင့် ပါရမီအရမ်းကောင်းနေရတာလဲ"

"အဲဒါကတော့ သူနဲ့တွေ့မှသာ မေးကြည့်ကြပါတော့"



# XIV

ကျွန်တော့်လက်ဖဝါးမှာ အထိအတွေ့တစ်ခုကို ခံစားနေရတယ်။ အိပ်မက်ထဲမှာပင် မဟုတ်ပါဘူး။ ဘဝပြောင်းသွားတာတောင် ဒီအထိအတွေ့ကို မှတ်မိနေဦးမှာပါ။ ကျွန်တော့်လက်ဖဝါးကို ဆုပ်ကိုင်ထားတာ မုယောရဲ့လက်လေးပါပဲ။

မျက်လုံးဖွင့်ကြည့်လိုက်တော့ ကျွန်တော့်ကို အုပ်မိုးကြည့်နေတဲ့ သူမရဲ့ ဖြူဖြူဝင်းဝင်းမျက်နှာလေးကို တွေ့ရတယ်။ ကျွန်တော့်တစ်ကိုယ်လုံး ဘာဒဏ်ရာဒဏ်ချက်မှ မရှိတော့သလိုကို ပေါ့ပါးသွားတာပါ။

"မောင် . . . သတိရပြီလားဟင်"

ပက်လက်အနေအထားမှပင် ကျွန်တော် ခေါင်းညိတ်ပြတော့ သူမလက်တစ်ဖက်က ကျွန်တော့်ရဲ့ပါးပြင်ပေါ် ရောက်လာတယ်။ ပြီးတော့ နဖူးပေါ်ကျနေတဲ့ ကျွန်တော့်ဆံပင်တွေကို သပ်တင်ပေးတယ်။

"တော်သေးတာပေါ့ မောင်ရယ်။ မုယောတို့ သေကွဲကွဲတော့မလို့"



www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော် ဘာမှ ပြန်မပြောမိပါဘူး။ ထိုအခိုက်မှာပဲ မျက်ဝန်းတစ်စုံက ကျွန်တော့်ပေါ်အုပ်မိုးလို့ ရောက်လာတယ်။ ဦးလေးငွေပါ။

ကျွန်တော် ပြုံးပြလိုက်တော့ . . .

"သား . . . မင်းကို ဂုဏ်ယူပါတယ်ကွာ"

ဘာမှန်းညာမှန်းမသိ ပြောရင်း ဦးလေးငွေက လက်တစ်ဖက်ကို ကျွန်တော့်ရှေ့ထိုးပေးတော့ . . .

ကျွန်တော် ကြောင်တောင်တောင်နဲ့ပင် ဦးလေးငွေလက်ကို ပြန်လည်ဆုပ်ကိုင်ရင်း . . .

"ဘာအတွက်လဲ ဦးလေးငွေ"

ချက်ချင်းမဖြေပါဘူး။ ကျွန်တော့်လက်ကို စိတ်ကျေနပ်လောက်အောင် လှုပ်ရမ်းပြီးတော့မှ အဆင်သင့်ရှိနေတဲ့ TV ခလုတ်ကို သွားဖွင့်တယ်။ ခဏချင်းပင် ပေါ်လာသည်ကတော့ . . .

တစ်ခဲနက်များပြားလှတဲ့ လူအုပ်ကြီး။ အရွယ်စုံ၊ လူမျိုးစုံ၊ တိုးဝှေ့အော်ဟစ်နေကြသံတွေပေါင်းစုံ။ ထိုလူအုပ်ကြီးအား ထိန်းသိမ်းဟန့်တားနေရတဲ့ လုံခြုံရေးဝန်ထမ်းတွေလည်း မနည်းပါဘူး။ ထိုစဉ်မှာပင် TV ဖန်သားပြင်ထဲ၌ နန်းဝေနှင့် သဲဆေကို တွေ့လိုက်ရတယ်။ သူတို့နားမှာ လူတချို့ဝိုင်းနေတယ်။

ပြီးတော့ ကိုချို။

ကျွန်တော် အလျင်စလို ဦးလေးငွေကိုကြည့်၍ . . .

"ဦးလေးငွေ . . . ဒါတွေက . . . "

ဦးလေးငွေက ပြုံးတုံးတုံးဖြင့် ခေါင်းညိတ်ရင်း . . .

"လာ . . . ဒီနေရာကနေကြည့်ရင် မြင်ရတယ်။ ထကြည့်ချည်"

နားမလည်သည်မို့ ကျွန်တော် ကမန်းကတန်းပင် ထဟန်ပြင်တော့ . . .

"မောင် . . . ရရဲ့လား"

ကျွန်တော် ခေါင်းညိတ်လိုက်ပါတယ်။ ခန္ဓာကိုယ်က အနည်း



ငယ် ပေါ့ပါးနေပါပြီ။ ခုတင်ပေါ်က ထရပ်တော့ မယောက ကျွန်တော့်ပခုံးကို မှီတွဲပေးထားတယ်။ ဒါနဲ့ပဲ ဦးလေးငွေရပ်နေရာဆီ လျှောက်လှမ်းသွားကြည့်လိုက်စဉ်မှာတော့ . . .

"ဟာ . . . "

ကျွန်တော့်နှုတ်မှ အာမေဋိတ်သံ ကျယ်ကျယ်လောင်လောင်ပင် ထွက်သွားရပါပြီ။ ကျွန်တော်တို့ရှိရာ ဆေးရုံကြီး၏ ရှေ့တည့်တည့်တွင် မျက်စိတစ်ဆုံး များပြားလှသောလူအုပ်ကြီး ဆေးရုံဝန်းကြီး၏ အပြင်လမ်းမပေါ်တွေမှာပါ ကျိုကျိုတက် ပြည့်နှက်နေကြတယ်။ TV ထဲမှာ မြင်ရတဲ့ အတိုင်းပါပဲ။

"ဒီ . . . ဒီလူတွေက . . . "

ထိုတော့မှ ဦးလေးငွေက ခေါင်းကိုညိတ်ရင်း ပြောတယ်။

"မင်းဖြစ်ချင်တာတွေ တကယ်ဖြစ်လာခဲ့ပြီသားရဲ့။ ကမ္ဘာလုံးဆိုင်ရာ ရုပ်တုကြီးအတွက် ပမာပြုရုပ်တုအဖြစ် မင်းရုပ်တုကို ရွေးချယ်လိုက်ကြပြီ။"

"ဗျာ . . . "

"အခု မင်းမြင်နေရတဲ့ လူတွေကတော့ မင်းကို တွေ့ချင် ကြည့်ချင်လို့ ကမ္ဘာ့အရပ်ရပ်က ဒီကိုရောက်လာကြတဲ့ မင်းရဲ့ပရိသတ်တွေပဲ"

"ဟာ . . . "

ကျွန်တော် ဘယ်လိုဖြစ်သွားမှန်း မသိတော့ပါဘူး။ ကိုယ့်နားကိုယ်တောင် မယုံချင်တော့ဘူး။ ချက်ချင်းပဲ ရင်ထဲမှာ ဘုရားတမိသွားတယ်။ ထိုစဉ်မှာပဲ လူတစ်ယောက် ကျွန်တော်တို့ရပ်နေရာဆီ တစ်လှမ်းချင်း လျှောက်လာပါတယ်။ ထိုသူ့ကိုမြင်တော့ . . .

"ကိုကို . . . "

မယောနှုတ်မှ ထွက်သွားခြင်းပါ။ ထိုသူကတော့ ကျွန်တော့်ကို ဂုဏ်ယူသောအကြည့်ဖြင့် ကြည့်ရင်း . . .

"ကွန်ဂရက်ကျူလေးရှင်း . . . နေရောင်"

ကျွန်တော် ပြန်လည်လက်ဆွဲ နှုတ်ဆက်လိုက်တယ်။

www.burmeseclassic.com

www.burmeseclassic.com

"ကျေးဇူးပါ . . . ကိုသူရိန်ထွန်း"

နောက်ပြီး ကျွန်တော်တို့နှစ်ယောက် အတန်ကြာ မျက်လုံးချင်း ဆုံမိကြတယ်။ ထိုခဏမှာပင် မျက်ဝန်းတွေကတစ်ဆင့် စကားတွေ အများကြီး ပြောဖြစ်လိုက်ကြပါတယ်။ အတော်ကြာသွားတော့ ကိုသူရိန်ထွန်းဆီက စကားတစ်ခွန်း ထွက်ကျလာပါတယ်။

"ငါ့ညီမကို မင်းလက်ထဲ ထည့်လိုက်ပါပြီ" . . . တဲ့။

ဒုတိယမြောက် ကြည်နူးမှုတစ်ခုကို ထပ်ခံစားရတယ်။

"မင်း အခုလိုအခြေအနေရောက်သွားလို့ မဟုတ်ပါဘူး။ မင်းလဲကျနေတာကိုမြင်ပြီး ငါ့ညီမ ကိုယ့်ကိုယ်ကိုယ် အဆိပ်သောက်သတ်သေဖို့ ကြိုးစားကတည်းက မင်းတို့ချစ်ခြင်းကို သဘောပေါက်သွားတာပါ"

ကျွန်တော် မှုယောကိုငုံ့ကြည့်တော့ သူမက နှုတ်ခမ်းကိုက်ရင်း ကျွန်တော့်ကို ပြန်မော့ကြည့်နေတယ်။ ကျွန်တော် သဘောပေါက်လိုက်ပါပြီ။ အမှန်က ကျွန်တော့်လည်ပင်းက အဆိပ်ပုလင်းကို ဘရေသေ့စိတ်မချလို့ ယူသွားတာပါ။ ဒါကို သူမက . . .

ကျွန်တော် သူမလက်ကို တင်းတင်းကြပ်ကြပ် ဖျစ်ညှစ်မိတယ်။ ကြည်နူးလိုက်သည်မှာ ဆိုဖွယ်ရာမရှိပါဘူး။

ထိုစဉ် ထိုအချိန်မှာပဲ ဦးလေးငွေက ကျွန်တော့်စိတ်အာရုံကို လှုပ်နှိုးလိုက်ပါပြီ။

"ကဲ . . . သား မင်းရဲ့ပရိသတ်တွေကို ထွက်နှုတ်ဆက်လိုက်ပါတော့"



အခန်းထဲကထွက်ပြီး ဝရန်တာမှာ ထွက်ရပ်လိုက်စဉ်မှာပဲ . . .

'ဟေး' ဟူသောအော်သံကြီးကို သွေးပျက်မတတ် ကြားရတယ်။ တတိယထပ်မှာရပ်နေတဲ့ ကျွန်တော့်ကိုကြည့်ပြီး လက်ခုပ်တီးသူကတီး၊ လက်ဇွေယမ်းပြသူတွေကပြ၊ လက်ခေါက်မှုတ်သံတွေ၊ ကျွန်တော့်နာမည်အား ဝိုင်းအော်ဟစ်ကြွေးသံတွေမှာလည်း ကြောက်ခမန်းလိလိ ပလ္လပွဲသွားတယ်။

ကင်မရာမီးရောင်တွေ၊ ဗီဒီယိုရိုက်ကူးမှုတွေလည်း ကျွန်တော့်ထံ စုပြုံရောက်လာတယ်။

"နေရောင် . . . မစ္စတာနေရောင်"

"သည်ဂရိတ် နေရောင်"

"ယူအာဖဲရီး ဝမ်းန်ဒါဖူး"

စသော အော်သံတွေအား နားထောင်ရင်း ကျွန်တော် မျက်ရည်တွေ သွင်သွင်စီးကျလာပါတယ်။ ပြီးတော့ လက်တစ်ဖက်ကို ရှေ့သို့ဆန့်ထုတ်ရင်း လက်နှစ်ချောင်းထောင်ပြဖြစ်တယ်။

ယခုတော့ ကျွန်တော်တစ်ယောက်တည်း မဟုတ်တော့ပါဘူး။

နောက်ပြီး လောကရဲ့ နိယာမတစ်ခုကိုလည်း ထိုအခိုက်အတန့်လေးအတွင်းမှာ သဘောပေါက်နားလည်လိုက်တယ်။

"သြော် . . . အောင်မြင်မှုဆိုတာ မဆုတ်မနစ်၊ ထက်သန်စိတ်ပြင်းပြင်းနဲ့ ကြိုးစားသူတွေအတွက်ပဲ ကိုင်းညွှတ်ပေးတတ်တာပါလား"



www.burmeseclassic.com

www.burmeseclassic.com

## နေရောင် ၏ နောက်ဆုံးသတင်း



မိဘတွေနှင့်အတူ နေချင်သောနေရောင်မှာ များမကြာမီအချိန်အတွင်းမှာပင် သူ၏ဆန္ဒ ပြည့်ဝသွားခဲ့ပါတယ်။ ဦးလေးငွေ၏ကောင်းမှုကြောင့် တစ်ချိန်က အကြောင်းကြောင်းကြောင့် သူ့ကိုစွန့်ပစ်ခဲ့ရသော မိဘတွေ ပြန်ပေါ်လာခဲ့တယ်။

သူ အရမ်းကို လိုချင်တောင့်တခဲ့သော မိဘမေတ္တာနှင့် မိသားစုဘဝကို ရရှိပိုင်ဆိုင်ခဲ့တယ်။

နောက်ဆုံးမှာ အဖေ၊ အမေ၊ သူချစ်သော မုယောဆိုသည့် မိန်းကလေးနှင့်အတူ သူ၏ဘဝကို အလှပ၊ အအေးငြိမ်းဆုံး ပျော်ရွှင်ဖွယ်နေ့ရက်တွေဖြင့် ပုံဖော်ခွင့်ရခဲ့ပါတယ်။

ᨕ ᨕ ᨕ



www.burmeseclassic.com

www.burmeseclassic.com

ဒါပေမဲ့ သူထွင်းထုအသက်သွင်းခဲ့သော 'ထာဝရရှင်သန်ခြင်း' (Immortality) ဆိုသည့် ရုပ်တုကတော့ ယခုအချိန်အထိ ကမ္ဘာ့အရပ်ရပ်မှ အနုပညာလေ့လာသူ ပညာရှင်တွေကို လွှမ်းမိုးထားဆဲပါ။



ရုပ်တုအမည် - ထာဝရရှင်သန်ခြင်း၊

သစ်အမျိုးအစား -

ပုံသဏ္ဌာန် - ညာဘက်ခြေထောက်ကိုချ၍ ဘယ်ဘက်ခြေထောက်က ခြေဖျားထောက်ကာ ခန္ဓာကိုယ်ကို ယိမ်းနွဲ့ကာထားသည်။ ဝတ်ရုံရှည်ဝတ်ထားပြီး အနားစတွေက ခြုံထည်လွှမ်းထားသလို လှိုင်းတွန့်လေးတွေဖြင့် အထက်မှအောက်သို့ စီးဆင်းနေသည်။

ဝတ်ရုံပေါ်တွင် ပန်းပွင့် (သို့) ကြယ်လေးရှစ်လုံးက ညာဘက်ပခုံးမှနေ၍ ဘယ်ဘက်ဝတ်ရုံအောက်ဆုံး အနားစအထိ အကွာအဝေးတစ်ခုစီနဲ့ ပုံဖော်ထားသည်။ ဘယ်ဘက်လက်က ကမ္ဘာလုံးပိုက်ထားပြီး ညာဘက်လက်က အပေါ်ကိုဆန့်တန်းကာ အုပ်မိုးသည့်သဏ္ဌာန် လက်ဝါးကို ကားဖြန့်ထားသည်။ မျက်နှာကို ရှေ့တည့်တည့်သို့လှည့်၍ ဆံပင်ကိုဖြန့်ချပြီး နဖူးမှနေ၍ ကြိုးတစ်စဖြင့် နောက်ပိုင်းမှာ ချည်နှောင်ထားသည်။



www.burmeseclassic.com

www.burmeseclassic.com

'ထာဝရရှင်သန်ခြင်း' ဟူသည့် ရုပ်တုအား ပန်းပုအကဲဖြတ် ပညာရှင်များက ဘာကြောင့် ရွေးချယ်ခဲ့တာလဲ?

ထိုရုပ်တုက အနုပညာလေ့လာသူ ပညာရှင်များရဲ့ အာရုံကို ဘာကြောင့် ဖမ်းစားထားနိုင်ရတာလဲ?

* * *



'ထာဝရရှင်သန်ခြင်း' ဟူသောရုပ်တု ကျော်ကြားသွားရခြင်းမှာ အလွန်တရာ အနုပညာလက်ရာမြောက်လှသည်ဟူသော အချက်အပြင် နောက်တစ်ချက်ရှိသေး၏။

ထိုအချက်ကတော့ ထုလုပ်သူအပညာရှင်လေး နေရောင်မှာ သူ၏လက်ရာထဲတွင် လျှို့ဝှက်ချက်များ ထည့်သွင်းထုလုပ်ခဲ့သည်ဟု ယုံကြည်သူအများအပြား ရှိနေခြင်းပင်ဖြစ်ပါသည်။

ထို့အတွက်ကြောင့်ပဲ 'ထာဝရရှင်သန်ခြင်း' ၏ အနုပညာမြောက်မှုများကို ခံစားသူများရှိသကဲ့သို့ ယင်းရုပ်တုအတွင်းမှ လျှို့ဝှက်ချက်များကို ရှာဖွေလေ့လာသူများလည်း အများအပြားရှိခဲ့သည်။

လေ့လာသည့်အတိုင်းပင် ရုပ်တုအတွင်းမှ လျှို့ဝှက်ချက်များကို တစ်ခုပြီးတစ်ခု တွေ့ရှိခဲ့ကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## ထာဝရရှင်သန်ခြင်း ၏ လျှို့ဝှက်ချက်များ

### ပထမ တွေ့ရှိချက်

ထာဝရရှင်သန်ခြင်း၌ ရှေ့ခေါမတိုင်းသားတို့၏ ရွှေဂဏန်းအား ဖောဖောသီသီ သုံးစွဲထားသည်ကို တွေ့ရသည်။

ရွှေဂဏန်းဆိုသည်မှာ (၁.၆၁၈) ဖြစ်ပြီး တင့်တယ်ပြေပြစ်မှုအရှိဆုံး ရုပ်ဝတ္ထုတွေ၌ရှိတတ်သော အချိုးအစားဟု သတ်မှတ်ထားကြသည်။

'ထာဝရရှင်သန်ခြင်း' ၏ မျက်နှာမှ ရွှေအချိုးများကို လေ့လာသူပညာရှင်တွေက မကြာခင်အတွင်းမှာပင် ဖော်ထုတ်နိုင်ခဲ့သည်။

- ရုပ်တု၏မျက်နှာအမြင့်နှင့် ခွင်အကျယ်သည် အချိုးအဆ ၁.၆၁၈ ရှိနေ၏။
- မေးစေ့မှ မျက်ခုံးအထိ အမြင့်သည် မျက်နှာအမြင့်တစ်ခုလုံးကို ၁.၆၁၈ အချိုးအဆအတိုင်း ပိုင်းထားသည်။



- မေးစေ့မှ မျက်လုံးအထိ အကွာအဝေးကို နှာခေါင်းထိပ်က နှစ်ပိုင်းပိုင်းပြန်ရာ ၁.၆၁၈ ပင်ဖြစ်၏။
- မျက်စိမှ မေးစေ့အထိ အကွာအဝေးနှင့် နှုတ်ခမ်းမှ မေးစေ့အထိ အချိုးအဆမှာလည်း ၁.၆၁၈ ဖြစ်သည်။
- နှုတ်ခမ်းမှ မျက်လုံးအထိ အကွာအဝေးနှင့် မေးစေ့မှ နှုတ်ခမ်းအထိ အကွာအဝေးမှာလည်း ၁.၆၁၈ ပါပင်။

မျက်နှာမှာပင်မဟုတ် ခန္ဓာကိုယ်မှာလည်း ရွှေအချိုးပေါင်းမြောက်များစွာကို ရှာဖွေတွေ့ရှိရသည်။



www.burmeseclassic.com

www.burmeseclassic.com

## ဒုတိယ အငြင်းပွားဖွယ်ရာ တွေ့ရှိချက်

'ထာဝရရှင်သန်ခြင်း' ၏မျက်နှာမှာ မည်သူ၏ပုံတူဖြစ်သလဲ ဟူသည့် အချက်ပင်ဖြစ်သည်။

တချို့ကလည်း နေရောင်သည် ဤရုပ်တုကို ထုလုပ်ရာ၌ မိဘတွေနှင့် ပြန်တွေ့လိုစိတ်ဖြင့် သူ့အမေပုံတူကို ထည့်သွင်းထုလုပ်ခဲ့သည်ဟု ဆိုကြသည်။

တချို့ကလည်း 'ထာဝရရှင်သန်ခြင်း' မှာ မည်သူ့ပုံတူမှမဟုတ်။ နေရောင် ကိုယ်တိုင်ပင်ဖြစ်သည်ဟု ဆိုကြသည်။ နေရောင်သည် သူ၏မျက်နှာပုံပန်းအား ရုပ်တုမှာ ထည့်သွင်းထားခဲ့ခြင်းဖြစ်ကြောင်း အငြင်းပွားလျက်ရှိကြ၏။

ထိုအငြင်းပွားဖွယ်ရာ တွေ့ရှိချက်ကို ကာယကံရှင်နေရောင်မှ မည်သို့မှ မဖြေရှင်းပါချေ။



## တတိယ တွေ့ရှိချက်

ရုပ်တုတွင် ညာဘက်ပခုံးမှ ဘယ်ဘက်ဝတ်ရုံအောက်ဆုံးအထိ အတန်းလိုက် ပုံဖော်ထားသော ပန်းပွင့် (သို့) ကြယ်ရှစ်လုံးကို လေ့လာကြည့်ရာ . . .

- ထိုအရာသည် ပန်းပွင့်လော၊ ကြယ်လောဟု မည်သူမျှ ခွဲခြမရနိုင်ပါ။ ထင်မြင်ချက်အမျိုးမျိုးကိုသာ ပေးကြသည်။
- ဘယ်ဘက်လက်တွင် ပိုက်ထားသော ကမ္ဘာလုံးအားဗဟိုပြု၍ ကြယ်တစ်ခုချင်းစီ၏ အကွာအဝေးကို တိုင်းတာကြည့်ရာ ကြောက်မက်ဖွယ် ပဟေဠိတစ်ပုဒ်ဖြစ်နေသည်ကို တွေ့ရသည်။
- ပုံသဏ္ဍာန်အရ ပိုက်ထားသော ကမ္ဘာလုံး၏အထက်တွင် ကြယ်နှစ်လုံးရှိ၍ အောက်ဘက်တွင် ခြောက်လုံးရှိသည်။ တွေ့ရှိချက်အရ ကမ္ဘာအပါအဝင် ကြယ်ရှစ်လုံး၏ တစ်ခုနှင့်တစ်ခု အကွာအဝေးမှာ စကြဝဠာအစုအဝေးအတွင်း နေကို လှည့်ပတ်နေကြသော ကမ္ဘာအပါအဝင် ဂြိုဟ်ကြီးကိုးလုံး၏ အကွာအဝေး အချိုးအစားတစ်ခုဖြစ်နေသည်ကို တွေ့ရသည်။



www.burmeseclassic.com

www.burmeseclassic.com

- ထို့ကြောင့် ရုပ်တုမှ ကြယ်ရှစ်လုံးမှာ မာကျူရီ ဗီးနပ်၊ မား၊ ဂျူပီတာ၊ စေတန်၊ ယူရေးနပ်၊ နက်ပကျွန်း၊ ပလူတို စသော ဂြိုဟ်ကြီးရှစ်လုံးကို ကိုယ်စားပြုသောသဘောဟု ပဟေဠိတွေ ထွက်ပေါ်လာသည်။
- ပြီးတော့ ညာဘက်လက်အား အပေါ်ကိုမြှောက်ဆန့်၍ အုပ်မိုးထားဟန် ပြုလုပ်ထားသည်မှာလည်း တစ်စထက်တစ်စ ပူလောင်လွန်ကဲလာသော နေမင်း၏ အရောင်အဝါတွေ ကမ္ဘာပေါ်ရောက်ရှိမလာအောင် ကာကွယ်အုပ်မိုးပေးထားတာလောဟု ယူဆသူများက ယူဆကြသည်။



BURMESE CLASSIC .com

## စတုတ္ထ တွေ့ရှိချက်

ဝတ်ရုံရှည်၏အနားစမှ လှိုင်းတွန့်လေးများကို လေ့လာကြည့်ပြန်ရာ . . .

- ဂီတသင်္ကေတ (musical note) တစ်ခုဖြစ်နေသည်ကို တွေ့ရှိရသည်။ ထို လှိုင်းတွန့်လေးများအား ရေပြင်ညီချ၍ ခွဲခြမ်းစိတ်ဖြာကြည့် သောအခါ သံစဉ်တစ်ခုဖြစ်နေသည်။
- ထိုသံစဉ်ကို ဘယ်မှညာသို့ တီးခတ်ကြည့်ရာ ကမ္ဘာကျော် ပေါ့ပ်အဆိုတော် မိုက်ကယ်ဂျက်ဆင်၏ (Heal the World) သီချင်းမှ အဝင် intro တီးလုံးဖြစ်နေသည်ကို တွေ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com

## နောင် (၁၀) နှစ်ကြာမှ တွေ့ရှိရသော

### ပဉ္စမ တွေ့ရှိချက်

ဆယ်နှစ်ကြာပြီးနောက် 'ထာဝရရှင်သန်ခြင်း' ရုပ်တုအား အနီးကပ်မှန်ဘီလူးဖြင့် ချဲ့ထွင်၍ လေ့လာကြည့်ပြန်ရာ ရုပ်တု၏ ရင်ဘတ်၊ လက်မောင်း၊ ဦးခေါင်းနှင့် ကျောပြင်တို့တွင် စာသားအချို့ပေါ်နေသည်ကို အံ့သြဖွယ်တွေ့ရသည်။

– ကမ္ဘာလုံး၏ ပတ်ပတ်လည်တွင် ဟိုတစ်စ ဒီတစ်စ ပေါ်လွင်နေသော စာသားများမှာ အောက်ပါအတိုင်းဖြစ်သည်။
This place can be much brighter than tomorrow.

– အုပ်မိုးထားသော လက်မောင်းတွင် ပေါ်လာသည့်စာ။
In this place, we'll feel there's no hurt or sorrow.

– ကျောပြင်မှာ ပေါ်လာသည်ကတော့ . . .
Heal the world. Make it a better place for you and for me and the entire human race.



– နောက်ဆုံး ရှာတွေ့မှုအဖြစ် ရုပ်တု၏ ဦးခေါင်းနှင့် နဖူးတွင် အောက်ပါစာသားများ ပေါ်လာသည်။
We could fly so high let our spirits never die.

ထိုစာသားတွေ ပေါ်လာပြီးသည့်နောက်မှာ အငြင်းပွားဖွယ်ရာတွေ မြောက်မြားစွာ ပေါ်လာတော့သည်။

ထိုစာသားများမှာ မိုက်ကယ်ဂျက်ဆင်၏ ဂန္ထဝင်သီချင်း Heal the World ထဲမှ စာသားများဖြစ်နေသည်။

တချို့က ပညာရှင်နေရောင်မှာ ရုပ်တု ထုလုပ်စကတည်းက လျှို့ဝှက်သော စာရေးနည်းတစ်မျိုးနှင့် ရုပ်တုမှာရေးထားခဲ့ပြီး နောင်ဆယ်နှစ်ကြာမှ ပေါ်လာစေသည်ဟုဆိုသည်။

တချို့ကလည်း ဒါဟာ အနုပညာရှင်အချင်းချင်း မသိစိတ်ဆက်သွယ်မှုဟု ဆိုကြသည်။

တချို့ကျတော့လည်း အနုပညာ၏ လွှမ်းမိုးနက်နဲမှုအရ ဒီစာသားများ သူ့အလိုလို ပေါ်လာခြင်းဖြစ်သည်ဟု ဆိုကြပြန်သည်။

ဘယ်လိုပဲပြောပြော ထုလုပ်သူ အနုပညာရှင်နေရောင်မှာ ဤ 'ထာဝရရှင်သန်ခြင်း' (Immortality) ဟူသော ရုပ်တုထဲ၌ ဆန်းကျယ်မှုများစွာ၊ လျှို့ဝှက်မှုများစွာ၊ ပဟေဠိပေါင်းများစွာ ထည့်သွင်းထုလုပ်သွားခဲ့သည်ဆိုတာတော့ ဘယ်လိုမျှ ငြင်းလို့မရအောင် ရှိနေတော့သည်။ ဖော်ထုတ်မရနိုင်သေးသည့် လျှို့ဝှက်ချက်ပေါင်းများစွာလည်း ဤရုပ်တုထဲ၌ ဆက်လက်ကျန်ရှိနေဦးမယ်ဆိုတာ သေချာပါသည်။

အဲဒါတွေဟာ အနုပညာ၏ ကြီးကျယ်မြင့်မြတ်သော၊ ကျယ်ဝန်းနက်ရှိုင်းသော၊ ဖုံးလွှမ်းသိမ်းယူနိုင်သော . . .

**အနုပညာမြောက်မှုတွေပါပဲ။**



www.burmeseclassic.com

www.burmeseclassic.com

အနုပညာလေ့လာသူ ပညာရှင်များ
လက်မှိုင်ချထားရသော 'ထာဝရရှင်သန်ခြင်း' ၏
အလျှို့ဝှက်ဆုံး ပဟေဠိ

'ထာဝရရှင်သန်ခြင်း' အဖြစ် ပန်းပုပညာရှင် နေရောင်ထွင်းထုခဲ့သော သစ်အမျိုးအစားမှာ ဘာသစ်အမျိုးအစားဖြစ်သည်ဟု မည်သည့်ပညာရှင်မျှ ယနေ့တိုင် ဖော်ထုတ်၍ မရနိုင်သေးပါ။



# ကျွန်တော် ၏ ဝန်ခံမှု



BURMESE CLASSIC .com
www.burmeseclassic.com